လေးဘွဲ့ရ ဓမ္မာစရိယ

ဦးသာဒွေးမြင့်

၏

# ဝိဘောဒထိတိုင်းရှ

ဝိဘောဒထိတိုင်းရှုပုံ ဝတ္ထုစုံချယ်သ တင်ပြထားသဖြင့်
နှုတ်စောင့်စည်းရေးအတွက် ဤကျမ်းက အလေးအနက်
တာဝန်ယူပါလမ့်မည်

သာသနာ • ၂၅၃၇ ကောဇာ • ၁၃၅၅ ခရစ် • ၁၉၉၄

လေးဘုံရ မဟာစရိယ

ဦးသာဒွေးမြင့်

ရေးသားပြုစုအပ်သော

# ပဓိဘောဒထိတိုင်းရှု

ပဓိဘောဒထိတိုင်းရှုပုံ ဝဏ္ဏုစုံခြယ်သ တင်ပြထားသဖြင့်
နှုတ်စောင့်စည်းရေးအတွက် ဤကျမ်းက အဂလေးအနက်
တာဝန်ယူပါလိမ့်မည်

သာသနာ ၂၅၃၈ ကောဇာ ၁၃၅၆ ခရစ် ၁၉၉၄

စာမူ ခွင့်ပြုချက်အမှတ်- ၂၃/၉၄ (၁)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်- ၃၄/၉၄ (၈)

ပုံနှိပ်ခြင်း — (ပထမအကြိမ်)
၁၉၉၄ - ခု၊ စက်တင်ဘာလ

အုပ်ရေ — ၂၀၀၀

တန်ဖိုး — ၈၀ - ကျပ်

မျက်နှာဖုံးပန်းချီ — ဦးစိုးလှိုင်

ထုတ်ဝေသူ

ဦးမြသန်း (၁၀၅၀) အသိုင်းအဝိုင်းစာပေ၊
အမှတ် ၃၅၊ သမာဓိလမ်း၊ ဇဲ့စုံရပ်ကွက်၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

အတွင်းစာသား နှင့် မျက်နှာဖုံးရိုက်

ဒေါ်မြရီ (၀၁၄၁၃) ကျော်စဝင်းဆွေပုံနှိပ်တိုက်
၁၃ (အေ)၊ ၉၈ - လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ပဏာမ | | ၁၃ |
| | **ဝစီဘေဒထိအပိုင်း** | |
| ၁ | ဝစီဘေဒထိ – ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် .... | ၁၅ |
| ၂ | ဝစီဘေဒထိတိုင်းရှု – ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် .... | ၁၅ |
| ၃ | လေညာလွင့်မြူ လွင့်သူ့သို့သာ ကပ်ရောက်လာသည့်ပမာ.... | ၁၆ |
| ၄ | အရှင်ကုဏ္ဍဓာနကို ဗုဒ္ဓ အရေးတကြီး ဆုံးမတော်မူချက် .... | ၁၆ |
| ၅ | အရှင်ကုဏ္ဍဓာန၏ ဖြစ်ရပ်ဆန်း .... | ၁၇ |
| ၆ | ဖရုသဝါစာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် .... | ၂၁ |
| ၇ | ဖရုသဝါစာ၏ အရတရား .... | ၂၁ |
| ၈ | နှုတ်လုံထိုး .... | ၂၂ |
| ၉ | ဆဲကြောင်းဝတ္ထု ၁၀ - မျိုး .... | ၂၂ |
| ၁၀ | ဆဲခြင်း ၁၀ – မျိုး .... | ၂၃ |
| ၁၁ | ဆဲပုံ ၁၀ – မျိုး .... | ၂၃ |
| ၁၂ | ဆဲခြင်း အမျိုး ၂၀ .... | ၂၄ |
| ၁၃ | ဆဲခြင်း အမျိုး ၄၀ .... | ၂၆ |
| ၁၄ | ဆဲပုံဆဲနည်း ၄ – ချက် နမူနာ .... | ၂၆ |
| ၁၅ | ဟုတ်ဟုတ် မဟုတ်ဟုတ် ဆဲခြင်းပင် .... | ၂၇ |
| ၁၆ | စောင်းချိတ်ပြောလျှင်လည်း ဖရုသဝါစာပင် .... | ၂၇ |
| ၁၇ | ကွယ်ရာမှာဆဲလည်း ဖရုသဝါစာ ဖြစ် .... | ၂၈ |
| ၁၈ | ကိုယ်ဖြင့် သိစေလျှင်လည်း ဖရုသဝါစာ ဖြစ် .... | ၂၈ |
| ၁၉ | စကားကြမ်းသော်လည်း စိတ်နူးညံ့လျှင် ဖရုသဝါစာ မဖြစ် .... | ၂၈ |
| ၂၀ | အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ ဝါသနာ .... | ၂၉ |
| ၂၁ | စကားနူးညံ့သော်လည်း စိတ်ကြမ်းလျှင် ဖရုသဝါစာဖြစ် .... | ၃၀ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|---|
| ၂၂ | ဖရုသဝါစာဆက်ါ ၃-ပါး | .... | ၃၁ |
| ၂၃ | ကမ္မပထ မြောက်မှု မမြောက်မှု | .... | ၃၁ |
| ၂၄ | ကမ္မပထ မြောက်သောကံနှင့် မမြောက်သောကံ အကျိုးပေးထူးခြားပုံ | .... | ၃၁ |
| ၂၅ | အပြစ် အကြီး အငယ် | .... | ၃၂ |
| ၂၆ | ကျိန်စာဆိုရာ၌ ဖရုသဝါစာ မဖြစ် | .... | ၃၃ |
| ၂၇ | ရိုးရိုးဆဲမှုနှင့် ကျိန်ဆဲမှု | .... | ၃၃ |
| ၂၈ | ကျိန်ခြင်း ၂-မျိုးနှင့် ဖရုသဝါစာဖြစ်သော ကျိန်ခြင်း | .... | ၃၃ |
| ၂၉ | ကျိန်ခြင်း-၂မျိုး ထူးခြားပုံ | .... | ၃၄ |
| ၃၀ | ကျိန်စာဆိုမှု သတိပြု | .... | ၃၄ |
| ၃၁ | ကုန်သည်၏ချွေးမနှင့် မယား ကျိန်သည့်အတိုင်း၊ ကိုယ့်ကျေးသားနှင့် မစင် စားကြရ | .... | ၃၄ |
| ၃၂ | သူကြွယ်မယားကြီး ကျိန်သည့်အတိုင်း နေ့စဉ် သား(၁၀) ယောက်စားရ | .... | ၃၅ |
| ၃၃ | ဥပါသကာ၏မယားကြီး ကျိန်သည့်အတိုင်း နေ့စဉ် သား (၁၄) ယောက် စားရ | .... | ၃၆ |
| ၃၄ | သောတာပန် ဥပါသကာ၏ ဇနီးနှင့် အဖော်များ ကျိန်သည့်အတိုင်း ခွေးစားခံရ၊ ကျွန်မ ဖြစ်ကြရ | .... | ၃၇ |
| ၃၅ | လိမ်မှုနှင့် ကျိန်စာဆိုမှု အကျိုးသက်ရောက်ပုံ | .... | ၃၈ |
| ၃၆ | ရှေပ်သီးနှင့် ပေါင်း၍ ကြက်သွန်ဖြူ အထောင်းခံရသလို | .... | ၃၈ |
| ၃၇ | လုပ်ပိုင်ခွင့် အာဏာရှိသူနှင့် စာရင်းပေးသွင်းနိုင်သူပမာ | .... | ၃၈ |

---

## ဝစီဘေဒ ထိတိုင်းရှ အပိုင်း

### ဘုရားရှင် ဝစီဘေဒထိတိုင်း အရှခံရမှုများ

၁၀ ဇောတိပါလ ပုဏ္ဏားလုလင် ဖြစ်စဉ်ဘဝက ကဿပ ဘုရားရှင်ကို ''ဒိခေါင်းတုံးပုဟာန်းအား အဘယ်မှာ

| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| | သဗ္ဗညုဘဉာဏ်ကို ရနိုင်ပါမလဲ၊ သဗ္ဗညုတဉာဏ်သည် အလွန်ရခဲသော အရာဖြစ်သည်''ဟု ပြောဆိုပြစ်မှားခဲ့သော ဝစီဘေဒကြောင့် ကျွန်ုပ်တို့ဘုရားရှင်သည် ဘဝများစွာ ငရဲကျခဲ့ရ၍ နောက်ဆုံး ဘုရားဖြစ်ရန် ကျင့်တော်မူသောအခါ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်တော်မူရ | ၄၀ |
| ၃၉ | အရက်သမား ဖြစ်စဉ်ဘဝက နန္ဒ အမည်ရှိသော ရဟန္တာမထေရ်ကို ''သူယုတ်မာ''ဟု စွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ကျွန်ုပ်တို့ဘုရားရှင်သည် ငရဲ၌ နှစ်ပေါင်းများစွာခံခဲ့ရ၍ ဘဝများစွာ အစွပ်စွဲခံခဲ့ရကာ နောက်ဆုံး ဘုရားဖြစ်သည့်ဘဝ၌ စိဉ္စမာဏဝိကာ ပရိဗိုဇ်မ၏ စွပ်စွဲမှုကို ခံရ | ၄၅ |
| ၄၀ | မုနာဠိ အရက်သမားဖြစ်စဉ်ဘဝက သုရဘိအမည်ရှိသော ပစ္စေကဗုဒ္ဓါကို ''ဒုဿီလ''ဟု စွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ကျွန်ုပ်တို့ဘုရားရှင်သည် နှစ်ပေါင်းများစွာ ငရဲ၌ ခံခဲ့ရ၍ နောက်ဆုံး ဘုရားဖြစ်သည့်ဘဝ၌ သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲမှုကို ခံရ | ၅၆ |
| ၄၁ | ဗေဒင်သုံးပုံတတ် ပုဏ္ဏားရသေ့ ဆရာကြီး ဖြစ်စဉ်ဘဝက ဈာန်အဘိညာဉ်ရ ဘီမသေနရသေ့ကို ''ဒီရသေ့ကား ကာမစည်းစိမ်ကို ခံစားသည့် ရသေ့စဉ်းလဲ ဖြစ်သည်''ဟု စွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ကျွန်ုပ်တို့ဘုရားရှင်သည် ငရဲ၌ နှစ်ပေါင်းတစ်ထောင် ခံခဲ့ရ၍ နောက်ဆုံး ဘုရားဖြစ်သည့်ဘဝ၌ လူများ၏ စွပ်စွဲမှုကို ခံရ | ၆၃ |
| ၄၂ | ထိုဗေဒင်သုံးပုံတတ် ပုဏ္ဏားရသေ့ဆရာကြီး၏တပည့်များဖြစ်စဉ်ဘဝက ဆရာနှင့်အတူ ဘီမသေနရသေ့ကို စွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ဘုရားရှင်၏တပည့် ရဟန်းငါးရာတို့လည်း ဘုရားရှင်နှင့်အတူ လူများ၏ စွပ်စွဲမှုကို ခံ ရရ | ၆၃ |

စဉ်     အကြောင်းအရာ     စာမျက်နှာနံပါတ်

၄၃ လူဆိုးလူသွမ်းဖြစ်စဉ်ဘဝက ဖုဿဘုရားရှင်၏ တပည့် ရဟန်းများကို ''သင်တို့ မုယောဆွမ်းကြမ်းကို စားကြ၊ သလေးဆွမ်းနုကို မစားကြနှင့်'' ဟု မထီမဲ့မြင် ပြောဆိုပြစ်မှားခဲ့သော ဝစီဘေဒကြောင့် ကျွန်ုပ်တို့ ဘုရားရှင်သည် ဘဝများစွာ အပါယ်လေးပါး၌ ခံခဲ့ရ၍ နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူ၍ ဝေရဉ္စာ မြို့၌ ဝါကပ်တော်မူသောအခါ ဝါတွင်းသုံးလပတ် လုံး မုယောဆွမ်းကြမ်း ဘုဉ်းပေးတော်မူရ .... ၆၉

ရဟန္တာမထေရ်တို့ ဝစီဘေဒ ထိတိုင်း အရှုံခံရမှုများ

၄၄ အညတရယောကျ်ားဖြစ်စဉ်ဘဝက ရဟန္တာကို ''သီလ မစင်ကြယ်သူဖြစ်သည်'' ဟု စွပ်စွဲခဲ့သော ဝစီဘေဒ ကြောင့် ပဋိသမ္ဘိဒါပတ္တ, ဆဠဘိည, တေဝိဇ္ဇက, တောဒဂ်ဘွဲ့ရ ရဟန္တာ အရှင်ဒဗ္ဗမထေရ် မေတ္တိယာ ရဟန်းမ၏ စွပ်စွဲမှုကို ခံရ .... ၇၈

၄၅ ပါးစပ်သရမ်းသော ယောကျ်ားဖြစ်စဉ်ဘဝက ပစ္စေ- ကဗုဒ္ဓါကို ''ဒီခေါင်းတုံး နူပုံရသည်၊ နူသည့်အတွက် ကြောင့် ခြုံရုံ၍ လှည့်လည်တာဖြစ်မည်'' ဟု လည်း ကောင်း၊ ပရိဗိုဇ်ရဟန်းဖြစ်စဉ်ဘဝက အကျင့်သီလ နှင့် ပြည့်စုံသော ဥပါသကာကို ''လူနူ'' ဟု လည်း ကောင်း ကဲ့ရဲ့စွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ဆဠ- ဘိညရဟန္တာ အရှင်မိဘိဂုတ္တမထေရ် အနူရောဂါ စွဲကပ်ရ .... ၈၈

၄၆ ပန်းရံဆရာကြီးဖြစ်စဉ်ဘဝက စေတီတည်ရန်အတွက် အတိုင်းအရှည် ပမာဏကို တင်ပြရာ၌ အခြားသူများ တင်ပြကြသည့် ပမာဏအောက် အယုတ်ဆုံး ပြောခဲ့ တင်ပြခဲ့သော ဝစီဘေဒကြောင့် တောဒဂ်ဘွဲ့ရ ရဟန္တာအရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ဖြတ် အခြား သူများအောက် ပုကွရ .... ၉၁

## မာတိကာ

စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ်

### ပုထုဇဉ်ရဟန်းယောကျ်ားတို့ ဝစီဘေဒ ထိတိုင်း အရှုခံရမှုများ


၄၇ စာချဘုန်းကြီးဖြစ်စဉ်ဘဝက ဉာဏ်လေးသည့် တပည့်ရဟန်းတစ်ပါးကို စာမရနိုင်သဖြင့် ''ဒါလောက်ဉာဏ်ထိုင်းသူ ရှိမည်တောင်မထင်'' ဟု ပြောင်လှောင်ကဲ့ရဲ့ပြောဆိုခဲ့သောဝစီဘေဒကြောင့် အရှင်စူဠပန္ထကမထေရ် ဉာဏ်အလွန်လေးရ .... ၉၇

၄၈ ရဟန်းဖြစ်စဉ်ဘဝက လူမထွက်ချင်သော သူငယ်ချင်းရဟန်းကို လူထွက်ချင်အောင် ပြောခဲ့သော ဝစီဘေဒကြောင့် အရှင်သပ္ပဒါသမထေရ် လူထွက်ချင်ရ .... ၁၀၄

၄၉ ရဟန်းဖြစ်စဉ်ဘဝက လူထွက်ချင်သော သူငယ်ချင်းရဟန်းကို လူထွက်ဖြစ်အောင်ပြောခဲ့သော ဝစီဘေဒကြောင့် အရှင်စိတ္တမထေရ် ခုနစ်ကြိမ်တိုင်တိုင် လူထွက်လိုက် ပြန်ဝတ်လိုက် ဖြစ်ရ .... ၁၁၁

၅၀ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝကနှစ်ပါးကို စွပ်စွဲပြောသောဝစီဘေဒကြောင့် ကောကာလိကရဟန်း တစ်ကိုယ်လုံး ယားနာပေါက်ကာ ပဒုမငရဲရောက်ရ .... ၁၁၅

၅၁ သာသနာကွယ်အောင် ဟောပြောခဲ့သော ဝစီဘေဒနှင့် ရဟန်းများကို ဆဲခဲ့သော ဝစီဘေဒကြောင့် ပိဋကတ်သုံးပုံဆောင် ကပိလရဟန်း အဝီစိငရဲရောက်ရပြီးနောက် ငါးကြီးဖြစ်ကာ ပါးစပ်မှ အပုပ်နံ့ထွက်ရ .... ၁၂၂

၅၂ ကိုယ်စောင့်စည်း၍ နှုတ်မစောင့်စည်းဘဲ ရဟန်းများကို ဆဲဆိုခြိမ်းခြောက်သော ဝစီဘေဒကြောင့် အညတရ ရဟန်း ပြိတ္တာဖြစ်ကာ ကိုယ်မှာ လူ့ကိုယ်နှင့်တူ၍ ပါးစပ်မှာ ဝက်နှုတ်သီးနှင့်တူရ (ဝက်နှုတ်သီးနှင့်တူသော ပါးစပ်ရှိသည့် ပြိတ္တာဖြစ်ရ) .... ၁၂၈

| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၃ | သီလရှိသည့်ရဟန်းများကို "ဒီလိုမွန်မြတ်သော အစာအာဟာရကို သုံးဆောင်ခြင်းထက် မစင်ကိုစားခြင်းက မြတ်သေးသည်" ဟု ပြောဆိုဆဲရေးခဲ့သော ဝစီဘေဒကြောင့် ကျောင်းထိုင်ဘုန်းကြီးနှင့် ကျောင်းဒါယကာ ကုဋ္ဌိတွင်းထဲမှာ ပြိတ္တာဖြစ်ကာ မစင်စားကြရ .... | ၁၃၀ |
| ၅၄ | သီလရှိသည့်ရဟန်းများကို "ဒီလိုမွန်မြတ်သော အစာအာဟာရကို သုံးဆောင်ခြင်းထက် မစင်ကို စားခြင်းက မြတ်သေးသည်" ဟု ပြောဆိုဆဲရေးခဲ့သော ဝစီဘေဒကြောင့် ကျောင်းထိုင်ဘုန်းကြီးနှင့် ကျောင်းအမ ကုဋ္ဌိတွင်းထဲမှာ ပြိတ္တာဖြစ်ကာ မစင်စားကြရ .... | ၁၃၄ |


## ပုထုဇဉ်ရဟန်းမတို့ ဝစီဘေဒ ထိတိုင်း အရှုံခံရမှုများ


| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၅ | အရှင်အာနန္ဒာ၏ရှေ့မှောက်တွင် အရှင်မဟာကဿပ ကရားမဟာရာ "အပ်လုပ်သူထံ အပ်ရောင်းသလို" ဟု အရှင်မဟာကဿပကို ကဲ့ရဲ့သည့် ဝစီဘေဒကြောင့် ထုလ္လတိဿာရဟန်းမ သင်္ကန်းယားပြီး လူထွက်ရ ... | ၁၃၇ |
| ၅၆ | "အရှင်မဟာကဿပက အရှင်အာနန္ဒာကို 'သူငယ်' ဟု ခေါ်၍ ခေါ်သတဲ့" ဟု ကြားလျှင် "ဘယ်အတွက်ကြောင့် 'သူငယ်' ဟု ခေါ်၍ 'ခေါ်သင့်သည်' ဟု မှတ်ထင်ရတိသလဲ" ဟု အရှင်မဟာကဿပကို ကဲ့ရဲ့သော ဝစီဘေဒကြောင့် ထုလ္လနန္ဒာရဟန်းမ သင်္ကန်းယားပြီး လူထွက်ရ .... | ၁၄၀ |


## ရဟန်း၊ ပရိဗိုဇ်၊ တက္ကတွန်း၊ ပုဏ္ဏားတို့ ဝစီဘေဒ ထိတိုင်း အရှုံခံရမှုများ


| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၇ | အလောင်းတော် မာဏဝဂုဏ်ရသေ့ကို "နေထွက်သော် သင့်ဦးခေါင်း ခုနစ်စိတ်ကွဲပါစေသား" ဟု ကျိန်ဆဲခဲ့သော ဝစီဘေဒကြောင့် ဇာတိမန္တရသေ့ ဦးခေါင်း ခုနစ်စိတ်ကွဲမည့် အခြေအနေသို့ ရောက်ရ .... | ၁၄၃ |

စဉ် အကြောင်းအရာ စာမျက်နှာနံပါတ်

၅၈ အရှင်တိဿ၏ ခမည်းတော်ဖြစ်စဉ်ဘဝက သားတော် အရှင်တိဿ ရဟန္တာမထေရ်ကို "နောက်ပိတ်လူ"ဟု မထီမဲ့မြင် ပြောဆိုကဲ့ရဲ့ ရှုတ်ချသော ဝစီဘေဒ ကြောင့် သုဘဒ္ဒပရိဗိုဇ် နောက်ဆုံးမှ ရဟန္တာဖြစ်ရ .... ၁၅၀

၅၉ ရဟန်းဖြစ်စဉ်ဘဝက လူထွက်ချင်သော သူငယ်ချင်း ရဟန်းကို လူထွက်ဖြစ်အောင် ပြောခဲ့သော ဝစီဘေဒ ကြောင့် သကုလုဒါယီပရိဗိုဇ် ရဟန်းပြုချင်ပါလျက် မပြုဖြစ်ဘဲ ရှိရ .... ၁၅၃

၆၀ ကျောင်းထိုင်ဘုန်းကြီး ဖြစ်စဉ်ဘဝက ရဟန္တာမထေရ် ကို ဆဲရေးခြင်းလေးမျိုးဖြင့် ဆဲရေးခဲ့သော ဝစီ ဘေဒကြောင့် ဇမ္ဗုကတက္ကတွန်း လူမဆန်သည့် ဖောက်ပြန်ခြင်း လေးမျိုးသို့ ရောက်ရ .... ၁၅၇

၆၁ အရှင်မဟာကစ္စည်း ရဟန္တာမထေရ်ကို "ဒီရဟန်း မျောက်နှင့် တူသည်" ဟု ကဲ့ရဲ့ခဲ့သော ဝစီဘေဒ ကြောင့် ဝေဿကာရပုဏ္ဏား ဝေဠုဝန်ဥယျာဉ်မှာ မျောက်ဖြစ်ရ .... ၁၆၇

၆၂ ရဟန်းများကို "ဒီမစင်များကို စားလဲစားကြပါ၊ ယူလဲယူကြပါ"ဟု ရိုင်းပျစော်ကား ပြောခဲ့သော ဝစီဘေဒကြောင့် ပုဏ္ဏားပျက် ရေကျပြီးနောက် မစင် တွင်းထဲ ပြိတ္တာဖြစ်ကာ မစင်စားနေရ .... ၁၇၀

၆၃ ရဟန်း, သူတော်စင်တို့ကို ဆဲရေးသော ဝစီဘေဒ ကြောင့် ပုဏ္ဏားလင်မယား ပြိတ္တာဖြစ်ကာ ဝါးရင်း တုတ်ဖြင့် အပြန်အလှန်ရိုက်၍ သွေးများကို ဖောက် သောက်နေကြရ .... ၁၇၄


လူဝတ်ကြောင် ယောကျ်ားတို့ ဝစီဘေဒထိတိုင်းအရှုံးရမှုများ


၆၄ စေတီတည်ရာ၌ လုပ်အားပေးခဲ့သည့် ဇနီးမောင်နှံ ဖြစ်စဉ်ဘဝက ရဟန္တာမထေရ်ကို ဇနီးဖြစ်သူက "ကျွန်မတို့ အရှင်မြတ်အသည် ပုံးကောင်းမှု၏ ကာခြသည် တစ်ဦး ဖြစ်ပေလိမ့်မည်"ဟု ..င်ဖြစ်သူက "ရှင်မ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| | ပြောသည့်အတိုင်း ကခြေသည် ဖြစ်ပေလိမ့်မည်''ဟု ကဲ့ရဲ့စွပ်စွဲ ပြောဆိုခဲ့ကြသော ဝစီဘေဒကြောင့် ဥဂ္ဂသေန ဇနီးမောင်နှံ ကခြေသည် ဖြစ်ကြရ .... | ၁၀၀ |
| ၆၅ | ရွှေပန်းထိမ်သည်သားဖြစ်စဉ်ဘဝက ရဟန္တာမထေရ် တစ်ပါးက စေတီတော်အတွက် ရွှေသားအတုတ်လှူဖို့ တိုက်တွန်းသည့်အခါ ''သင့်ဘုရားကို ရေထဲသာ မျှောပစ်သွားပေတော့''ဟု ရိုင်းရိုင်းစိုင်းစိုင်း ပြော ခဲ့သော ဝစီဘေဒကြောင့် ဇမ္ဗုလသေဌေး ရေမျော ခံရ .... | ၁၀၉ |
| ၆၆ | သေဌေးသားဖြစ်စဉ်ဘဝက မြို့ထဲဆွမ်းခံဝင်လာသော တဂရသိခိပစ္စေကဗုဒ္ဓါကို မြင်လျှင် ''ခေါင်းတုံးတုံး ပြီး သင်္ကန်းဆိုး အဝတ်ကို ခြုံရုံထားသည့် ဒီလူ ဟာ ဘယ်သူလဲ၊ အနူဖြစ်လိမ့်မည်''ဟု မရိုမသေ မထီမဲ့မြင် ကဲ့ရဲ့ပြောဆိုခဲ့သော ဝစီဘေဒကြောင့် သုပ္ပဗုဒ္ဓသည် ဘဝပေါင်းများစွာ ငရဲ၌ ခံရ၍ ကျွန်ုပ်တို့ ဘုရားရှင်လက်ထက် လူဖြစ်လာသောအခါ နူရ .... | ၁၉၀ |
| ၆၇ | လယ်သမားဖြစ်စဉ်ဘဝက မျက်စိလည်လမ်းမှား၍ လမ်းမေးသော ရဟန်းကို ''ရဟန်း.... ကျွန်တွေဟာ အလွန်နှုတ်ကြမ်းတမ်းသည်၊ သင်ဟာ ကျွန်ဖြစ်မည် ထင်သည်၊ အလွန်နှုတ်ကြမ်းသည်'' ဟု ရိုင်းပျစွာ ပြောဆိုပြစ်မှားခဲ့သော ဝစီဘေဒကြောင့် ဗိဇက အမျိုးသား ကျွန်ဖြစ်ရ | ၂၀၂ |
| ၆၈ | နှမြောသည့် ယောကျ်ားဖြစ်စဉ်ဘဝက သူတစ်ပါး မွန်မွန်မြတ်မြတ်လှူဒါန်းပူဇော်မှုကိုမကျေမနပ်ဖြစ်ကာ ''ဒီအလှူဝတ္ထု ပစ္စည်းအားလုံးကို အမှိုက်သရိုက် စွန့် ရာ သုသာန်မှာ စွန့်ပစ်တာက ကောင်းသေးသည်၊ ဒီ ခေါင်းတုံးတွေကို လှူဒါန်းသည်မှာ မကောင်းသည် သာ''ဟု ကဲ့ရဲ့ပြစ်မှားသော ဝစီဘေဒကြောင့် သူငယ်တစ်ယောက် မွေးပြီးပြီးချင်း သုသာန်မှာ စွန့် ပစ်ခံရ .... | ၂၁၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၉ | မိခင်ဖြစ်သူ ရဟန္တာပထေရ်တို့အား ဆွမ်းကပ်သည်ကို "ငါတို့ဥစ္စာကို ဘယ်အတွက်ကြောင့် ရဟန်းတို့အား ပေးလှူရသလဲ၊ သင် ပေးလှူအပ်သော ဆွမ်းကို စားသော ရဟန်းတို့အား ပါးစပ်မှ သွေးနက်သွေးပုပ်များ ယိုစီးကျကြပါစေ" ဟု ကျိန်ဆဲကြသော ဝစီဘေဒကြောင့် နံ့သာကုန်သည် ညီအစ်ကိုနှစ်ယောက် ငရဲကျပြီးနောက် ပြိတ္တာဖြစ်ကာ ပါးစပ်မှ သွေးနက်သွေးပုပ်များ အမြဲယိုစီးကျရ .... | ၂၁၅ |
| ၇၀ | အရှင်ပိလိန္ဒဝစ္ဆရဟန္တာမထေရ်မြတ်က ပိတ်ချင်းသီးသည်ကို "သူယုတ်.... သင့်ခွက်ထဲမှာ ဘာတွေလဲ" ဟု မေးတော်မူရာ "တပည့်တော်၏ ခွက်ထဲမှာ ကြွက်ချေးတွေပါဘုရား" ဟု ကြမ်းတမ်းရိုင်းပျစွာ ပြန်ပြောသော ဝစီဘေဒကြောင့် ပိတ်ချင်းသီးသည်၏ ပိတ်ချင်းသီးများ ကြွက်ချေးတွေ ဖြစ်ရ .... | ၂၁၈ |
| ၇၁ | မိတ်ဆွေဖြစ်သူက "ကဿပဘုရားရှင် ကြွလာတော်မူသည်၊ ပူဇော်ပါ" ဟု လယ်ထွန်ထွက်သူကို တိုက်တွန်းသည့်အခါ "ကဿပဘုရားရှင်သည် အကယ်၍ ငါ့လယ်ကို ထွန်ပေးလျှင် ငါ ပူဇော်မည်၊ ထွန်မပေးလျှင် မပူဇော်နိုင်" ဟု လွန်လွန်ကျူးကျူး ပြောခဲ့သော ဝစီဘေဒကြောင့် လယ်ထွန်သမား ပြိတ္တာဖြစ်ကာ နေ့ရောညဥ့်ပါ အမြဲလယ်ထွန်နေရ .... | ၂၂၂ |

သူဝတ်ကြောင်မိန်းမတို့ ဝစီဘေဒထိတိုင်းအရှုံခံရမှုများ

| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၂ | ရဟန်းမဖြစ်စဉ် ဘဝက ရဟန္တာထေရီမ တစ်ပါး နှာချေသဖြင့် စေတီရင်ပြင်ပေါ် အမှတ်တမဲ့ကျသွားသော နှာရေပေါက်ကို မြင်လျှင် "ဘယ်က ပြည့်တန်ဆာမ ဒီနေရာ တံတွေးထွေးခဲ့သလဲ" ဟု ဆဲရေးတိုင်းထွာခဲ့သော ဝစီဘေဒကြောင့် အမှုပါလီသူငယ်မ ငရဲ၌ ခံရ၍ လူဖြစ်လာသောအခါ ပြည့်တန်ဆာမ ဖြစ်ရ။ .... | ၂၂၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၇၃ | ရဟန်းမဖြစ်ရဉ်ဘဝက ရဟန္တာထေရီကို "ပြည့်တန်ဆာမ" ဟု ဆဲရေးခဲ့သော ဝစီဘေဒကြောင့် ဓသဌေးသမီး အစုကာသိသည် ငရဲ၌ ခံရ၍ လူဖြစ်လာသောအခါ ပြည့်တန်ဆာမ ဖြစ်ရ။ | .... ၂၃၀ |
| ၇၄ | ပြည့်တန်ဆာမဖြစ်စဉ်ဘဝက ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူရန် သူတို့ဟ အလှူကို ဝမ်မြောက်ဖို့ ပြောသောအခါ "ခေါင်းတုံ ရဟန်းတွေအား လှူသဖြင့် ဘာအကျိုးရှိမှာလဲ" ဟု မထီမဲ့မြင် ပြောဆိုခဲ့သော ဝစီဘေဒကြောင့် သေရိကာ ပြည့်တန်ဆာမ ပြိတ္တာဖြစ်ကာ ဘာကောင်းကျိုးကိုမျှ မရဘဲရှိရ။ | .... ၂၃၃ |
| ၇၅ | ရဟန်းများကို ကဲ့ရဲ့စုပ်စွဲဆဲရေးခြိမ်းခြောက်ခဲ့သော ဝစီဘေဒကြောင့် နန္ဒိယ၏ဇနီး ရေဝတီ အရှင်လတ်လတ် ငရဲရောက်ရ။ | .... ၂၃၆ |
| ၇၆ | သားဖြစ်သူ ဥတ္တရလုလင်ကို "မင်းဟာ ငါ သဘောမတူဘဲ ရဟန်းများအား ဆွမ်းစသည်ကို ပေးကမ်းလှူဒါန်းလေ့ရှိသည်၊ မင်းလှူဒါန်းသည့် ဆွမ်းစသည်သည် တမလွန်ဘဝတွင် မင့်အတွက် သွေးဖြစ်ပါစေ" ဟု ကျိန်ဆဲခဲ့သော ဝစီဘေဒကြောင့် ဥတ္တရလုလင်၏ မိခင်ဖြစ်သူသည် ပြိတ္တာဖြစ်ကာ "ရေသောက်မည်" ဟု ရည်ရွယ်၍ ဂင်္ဂါမြစ်ထဲ ဆင်းတိုင်းဆင်းတိုင်း ဂင်္ဂါမြစ်ရေ သွေးဖြစ်သွားရ။ | .... ၂၄၂ |
| ၇၇ | လင်ဖြစ်သူ ရက်ကန်းသည်ကို "ရဟန်းအား နင်လှူသည့် ထမင်း, အဖျော်သည် နင့်အတွက် နောက်ဘဝ၌ ကျင်ကြီး, ကျင်ငယ်, သွေးပြည် ဖြစ်ပါစေ၊ သင်္ကန်းလဲ အလျှံပြောင်ပြောင်တောက်သောသံပြားဖြစ်ပါစေ" ဟု ကျိန်ဆဲသည့် ဝစီဘေဒကြောင့် မယားဖြစ်သူ ရက်ကန်းသည်မ ပြိတ္တာဖြစ်ကာ လင်ဟောင်းက ပေးသော ထမင်း, အဖျော်, အဝတ်များ သည် ကျင်ကြီး, ကျင်ငယ်, သွေးပြည်, သံပြားများ ဖြစ်ရ။ | .... ၂၄၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|

၇၈ အလှူခံများကို "သင်တို့ လာ မ တောင်း ကြ နှင့်၊ ကျင်ကြီးကို စားကြ ကျင်ငယ်ကို သောက်ကြ၊ သွေးပြည်ကို **သောက်**ကြ၊ သင်တို့မိခင်၏ ဦးနှောက်ကို **စား**ကြ"ဟု **ကြမ်း**ကြမ်းတမ်းတမ်းပြောသော ဝစီ-ဘေဒကြောင့် ပုဏ္ဏားမ ပြိတ္တာဖြစ်ကာ ပြောသည့် အတိုင်း ကျင်ကြီး, ကျင်ငယ်, သွေးပြည်, ဦးနှောက် ကို စားသောက်ရ။ .... ၂၄၉

နိဂုံး .... ၂၅

မာတိကာ ပြီး၏။

# နိဒါန်း

## ဤကျမ်းရေးသားရခြင်း အကြောင်း

### အပြစ်မမြင် မဆင်ခြင်

ပုထုဇဉ်လူသားတို့သည် ကြမ်းကြမ်းတမ်းတမ်းပြောဆိုမှု ဖရုသဝါစာကို အလေးထား၍ မဆင်ခြင်ကြ၊ မရှောင်ကြဉ်ကြ၊ အလေးထား၍ မဆင်ခြင်ကြ မရှောင်ကြဉ်ကြသည်မှာ မကြောက်ခြင်းကြောင့် ဖြစ်၏။ မကြောက်ခြင်းမှာ "မျက်စိကန်း တစ္ဆေမကြောက်" ဆိုသလို အပြစ်ကို မမြင်ခြင်းကြောင့် ဖြစ်၏။

### စွမ်းအင်ထက်လှ ဝစီဘေဒ

အပြစ်မမြင်၍သာ ဖရုသဝါစာကို မကြောက်ကြခြင်း ဖြစ်၏၊ အပြစ်မြင်က ဖရုသဝါစာသည် ကြောက်မက်ဖွယ်အတိသာ ဖြစ်၏။ ဝစီဘေဒ ထိတိုင်းရှ–ဟူသော စကား၌ "ဝစီဘေဒထိ" ဟူသည် ထိပါးသော ဝစီဘေဒတည်း။ ထိပါးသော ဝစီဘေဒကို "ထိပါးဝစီဘေဒ" ဟု အတိုကောက် မှတ်သားရာ၏၊ ထို "ထိပါးဝစီဘေဒ" ဟူသည် ထိပါးပြောမှုတည်း။ "ထိပါးပြောမှု" ဟူသည် ဤဖရုသဝါစာပင်တည်း။ "ဖရုသဝါစာ"ဟု ဆိုအပ်သော ဤထိပါးဝစီဘေဒ၏ စွမ်းအင်ကား ခပ်တုံးတုံးမဟုတ်ပါချေ၊ ထိပါးပြောသည့်အတိုင်း ပြောသူမှာ အရှုံခံရ၊ ထိပါးပြောသည့် စကားလုံးနှင့် လိုက်လျောညီထွေ ဖြစ်ရ၊ ဘေးဒုက္ခနှင့် ရင်ဆိုင်ရသဖြင့် ထိပါးဝစီဘေဒ၏စွမ်းအင်သည် အင်မတန်မှ ထက်မြက်စူးရှလှလေသည်။

## ဘုရားရှင်နှင့် သာဝကကြီးများပင် ဝစီဘေဒ အရှုံခံကြရ

ကျွန်ုပ်တို့ ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီဖြည့်ပြီးမှ ဘုရားဖြစ်တော်မူခဲ့ရ၏။ ဤမျှ ပါရမီထုထည်ကြီးမားလှသည့် ဗုဒ္ဓရှင်တော်မြတ်နှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီဖြည့်ရသော မဟာသာဝကကြီးများပင် ထိပါးဝစီဘေဒ၏ စူးရှမှုကို ခံကြရ၏၊ ထိပါးပြောသည့် စကားလုံးနှင့် လိုက်လျောညီထွေ ဖြစ်ကြရ၊ ဘေးဒုက္ခနှင့် ရင်ဆိုင်ကြရ၏။ ပါရမီထုထည်ကြီးမားလှသည့် ဗုဒ္ဓရှင်တော်မြတ်နှင့် မဟာသာဝကကြီးများပင် ထိပါးဝစီဘေဒ၏စူးရှမှုကို ခံကြရ၊ ထိပါးပြောသည့်စကားလုံးနှင့် လိုက်လျောညီထွေ ဖြစ်ကြရ၊ ဘေးဒုက္ခနှင့် ရင်ဆိုင်ကြရသေးလျှင် ပါရမီသေးနုတ်ပုထုဇဉ်အစုတ်ပလုတ်တို့မှာမူ ပြောဖွယ်ရာမရှိတော့ပြီ။

## ပုဂ္ဂိုလ်မရွေး အဆင့်အတန်းမရွေး အရှုံခံကြရ

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီဖြည့်ပြီးမှ ဘုရားဖြစ်တော်မူခဲ့ရသော ဤမျှပါရမီကြီးမားလှသော ဗုဒ္ဓရှင်တော်မြတ်ပင် တစ်ခုသော အလောင်းတော်ဘဝတုန်းက အရက်သမားဖြစ်၍ ရဟန္တာမထေရ်တစ်ပါးကို ''သူယုတ်မာ''ဟု ထိပါးစွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံရ၏။ ငရဲ၌ နှစ်ပေါင်းများစွာခံရပြီးနောက် ဘဝများစွာ စွပ်စွဲခံရကာ နောက်ဆုံး ဘုရားဖြစ်တော်မူသည့် ဘဝ၌ စိဉ္စမာဏဝိကာ၏ စွပ်စွဲမှုကို ခံရ၏။

ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီဖြည့်ခဲ့ရသော ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်အခါက ... ရဟန္တာမထေရ်မြတ်သည် ဝိပဿီဘုရားရှင် လက်ထက်တော်အခါက ရဟန္တာတစ်ပါးကို ''သီလမစင်ကြယ်သူ ဖြစ်သည်''ဟု ထိပါးစွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ပေတ္တိယအမည်ရှိသော ရဟန်းမ၏ စွပ်စွဲမှုကို ခံရ၏။

ပစ္စေကဗုဒ္ဓါကို ''ဒီခေါင်းတုံး နူပုံရသည်''ဟု ကဲ့ရဲ့ထိပါးခဲ့သော ဝစီဘေဒကြောင့် ဆဠဘိညရဟန္တာ အရှင်သမိတိဂုတ္တမထေရ် နူရ၏။ သားဘော် အရှင်တိဿရဟန္တာမထေရ်ကို ''နောက်ပိတ်လူ''ဟု မထိမဲ့မြင်ပြောဆိုကဲ့ရဲ့ရှုတ်ချထိပါးသော ဝစီဘေဒကြောင့် သုဘဒ္ဒပရိဗိုဇ် နောက်ဆုံးမှ ရဟန္တာဖြစ်ရ၏။

''ဒီရဟန်း မျောက်နှင့်တူသည်''ဟု ကဲ့ရဲ့ထိပါးမိသော ဝစီဘေဒကြောင့် ဝေဿကာရပုဏ္ဏား ဝေဠုဝန်ဥယျာဉ်မှာ မျောက်ဖြစ်ရ၏။

''သင့်ဘုရားကို ရေထဲသာ မျှောသွားပေတော့''ဟု ထိပါးခဲ့သော ဝစီဘေဒကြောင့် ဇင့္ဂိလသေဌေး ရေမျှောခံရ၏။

ရဟန်းတစ်ပါးကို ''ကျွန်ဖြစ်မည် ထင်သည်၊ အလွန်နှုတ်ကြမ်းတမ်းသည်''ဟု ရှိုင်းပြစွာထိပါးခဲ့သော ဝစီဘေဒကြောင့် ဗိဇကဉာမျိုးသား ကျွန်ဖြစ်ရ၏။

ရဟန္တာထေရီမတစ်ပါးကို ''ဘယ်က ပြည့်တန်ဆာမ ဒီနေရာတံတွေးထွေးခဲ့သလဲ''ဟု ဆဲရေးတိုင်းထွာထိပါးခဲ့သော ဝစီဘေဒကြောင့် အမ္ဗပါလီသူငယ်မ ပြည့်တန်ဆာမ ဖြစ်ရ၏။

ဤသို့စသည်ဖြင့် ပုဂ္ဂိုလ်မရွေး အဆင့်အတန်းမရွေး ထိပါးကဝစီဘေဒ၏အရှု ခံကြရ၏။

## ပြောတော့ ခဏ ခံရတော့ ဘဝနှင့်ချီခံရ

စက္ကန့်ပိုင်းလောက်သာကြာသည့် စကားကြမ်း တစ်ခွန်း ပြောမှားမှုကြောင့် ဘဝနှင့်ချီ၍ ဘေးဒုက္ခနှင့် တွေ့ကြုံရင်ဆိုင်ကြရ၏။ ''ဝစီဘေဒ ထိတိုင်းရှ'' ဆိုသည့်အတိုင်း ထိပါးပြောသည့်အတိုင်း ပြောသူမှာ ဘဝနှင့်ချီ၍ ဘေးဒုက္ခနှင့် ရင်ဆိုင်ကြရ၏။

## သံသရာသာမက ပစ္စုပ္ပန်ပါ ခံကြရ

''ဖရုသဝါစာ''ဟု ဆိုအပ်သော ထိပါးဝစီဘေဒကြောင့် သံသရာ၌သာ ဘေးဒုက္ခနှင့် ရင်ဆိုင်ကြရသည် မဟုတ်ပေ၊ ပစ္စုပ္ပန်ဘဝ၌လည်း ''နှုတ်ချို ပွင့်လမ်း နှုတ်ကြမ်း လူမုန်း'' ဆိုသည့်အတိုင်း လူမုန်းခံရခြင်း၊ ''နှုတ်အာကြမ်းမူ ဘေးရန်ထူ၊ ငြူစူစောင်းမြောင်း ဆင်းရဲကြောင်း'' ဆိုသည့်အတိုင်း ဘေးရန်များစွာ တွေ့ရခြင်း၊ ဆင်းရဲရခြင်း စသည်ဖြင့် ဘေးဒုက္ခခံကြရ၏။

## တိရစ္ဆာန်များပင် ကြမ်းတမ်းသည့်စကားကို မနှစ်သက်ကြ

ကေနိပါတ် နန္ဒိဝိသာလဇာတ်တော်၌ ''နန္ဒိဝိသာလ အမည်ရှိသော နွားလားသည် ''နွားကောက်ကျစ်....သွား၊ နွားကောက်ကျစ်....

ဝန်ရုံး''ဟု ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခိုင်းသဖြင့် မသွားဘဲ ရပ်နေပြီး ''နွားကောင်း....သွား နွားကောင်း...ဝန်ရုံး'' ဟု ချိုချိုသာသာ နူးညံ့သိမ်မွေ့စွာ ပြောဆိုခိုင်းမှ သွားကြောင်း တိရစ္ဆာန်များပင် ကြမ်းတမ်းသည့် စကားကို မနှစ်သက်ကြ''ဟု ဘုရားရှင် ဟောတော်မူသည်။

## တိရစ္ဆာန်တို့၏အသံကိုပင် မကြားလိုကြ

တိကနိပါတ် သုဇာဘဇာတ်တော်၌ ''လူများသည် တိတီတူးငှက်ဆိုး၏အသံကို ကြားသောအခါ နားပိတ်ကြ၍ ဥဩငှက်၏အသံကို ကြားသောအခါ နားစွင့်ထောင်ကြလေသည်။ တိရစ္ဆာန်တို့၏ အသံကိုပင် ကြမ်းတမ်းသည့်အသံကို မည်သူမျှ မကြားလိုကြ''ဟု ဘုရားအလောင်းတော်က ဆုံးမတော်မူသည်။

## ပါဠိစပ်မဟာရဲလောက်အောင်ပင် ကြောက်ဖွယ်ကောင်း

ဤသို့ စသည်စသည်ဖြင့် ဝစီဘေဒထိတိုင်းရှ အပိုင်း၌ အကျယ်ရေးသားဖော်ပြထားသော သက်သေသာဓက ဝတ္ထုများအတိုင်း ဖရုသဝါစာခေါ် ထိပါးပစီဘေဒ၏အပြစ်မှာ အင်မတန်မှ ကြီးမားထက်မြက်စူးရှလှ၍ ပါးစပ်မဟာရဲလောက်အောင်ပင် အင်မတန်မှ ကြောက်ဖွယ်ကောင်းလှလေသည်။

## လူသွားနှင့် နှိုင်းခဲ့ကြ

ထိပါးဝစီဘေဒသည် အင်မတန်မှ ထက်မြက်စူးရှ၍ ထက်မြက်စူးရှသော လှသွားနှင့်ပင် ရှေးပညာရှင်ကြီးများ နှိုင်းခဲ့ကြလေသည်။ ထက်မြက်စူးရှလှသော်လည်း လူအများစုသည် ထက်မြက်စူးရှမှန်း မသိကြချေ။ မသိကြခြင်းကြောင့် ကြောက်ရ ရှောင်ရမှန်းပင် မသိဘဲ လွယ်လွယ်ဖြင့် မိုးမွန်အောင် ပြောဆိုနေကြလေသည်။

## အပြစ်မြင်မှ ဆင်ခြင်ကြ

ထိပါးဝစီဘေဒ၏အပြစ်ကို သိသူများမှာ အင်မတန်မှ ကြောက်လန့်ကြကာ သူတစ်ပါးကို ထိပါးမပြောမိအောင် နည်းအမျိုးမျိုးဖြင့် ကြိုတင်ဆပ်ခြင် ရှောင်ကြလေသည်။

## ဝေးဝေးက ရှောင်ကြ

အချို့သော လူဝတ်ကြောင်များသည် မတတ်သာ၍ လူ့ဘောင်မှာ နေရစေကာမူ အိမ်နေလျှင် သူတစ်ပါးတိပါး ကြမ်းတမ်းသည့် စကားကို မပြောချင်ဘဲ ပြောပြောနေရ၍ မပြောမိအောင် ကျောင်းကန်ဘုရား သွားရောက်၍ ဥပုသ်စောင့်ခြင်း၊ တ ု းနာခြင်း၊ တရားအားထုတ်ခြင်း စသည်ဖြင့် ကြမ်းတမ်းသည့် စကားကို မပြောမိအောင် ကြိုတင်၍ ဝေးဝေးက ရှောင်ကြလေသည်။

## ရေငုံ၍ပင် နေခဲ့ကြ

ရှေးအခါက အချို့သော ရဟန်းတော်များသည် စကားပြောပါက ကြမ်းတမ်းသည့်စကား ပါမည်ဖြစ်၍ စကားပြောမိမှာ စိုးရိမ်သောကြောင့် ရေငုံထားကြကြောင်း မြို့တွင်းရွာတွင်း ဆွမ်းခံကြလျှင်လည်း ရေငုံကြကြကြောင်းဖြင့် မူလပဏ္ဏာသ သတိပဋ္ဌာနသုတ် စတုသမ္ပဇညသုတ်အဖွင့် အဋ္ဌကထာ၊ မဟာဝဂ္ဂ သတိပဋ္ဌာနသံယုတ် သတိသုတ်အဖွင့် အဋ္ဌကထာတို့၌ မိန့်ဆို၏။

သက္ကရာဇ် (၈၄၄) ခုနှစ်သ္မင် ထူပါရုံ ဒါယကာ နရပတိကြီး ရတနာပုရ အဝမြို့၌ မင်းပြုတော်မူသည်။ ထိုနရပတိမင်းကြီး လက်ထက်ကလည်း ရေငုံဘုန်းတော်ကြီးတစ်ပါး ပေါ်ထွန်း ့ ေလသည်။

နရပတိမင်းကြီး လက်ထက်က စစ်ကိုင်း ပုညာရှင်စေတီတော်၏ မြောက်ဘက် မလှမ်းမကမ်းရှိ ကျောင်းတစ်ကျောင်း၌ ကျမ်းဂန် အလွန်တတ်သော ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးတော်မူသည်။ ထို ဘုန်းတော်ကြီးသည် တစ်နေ့ စသုံးဝါ ပိုချသည်။ စာဝါပို့ချပြီး အားလပ်ချိန်တွင် ပေါက်ကရ အလဟဿစကား, ကြမ်းဘမ်းသည့် စကားများကို ပြောမိမည် စိုးသဖြင့် စကားမပြောမိအောင် ရေငုံ၍သာ နေလေ့ရှိသတဲ့။ ရေငုံ၍သာ နေလေ့ရှိသောကြောင့် နောင်တွင် "ရေငုံဘုန်းတော်ကြီး"ဟု ထင်ရှားခဲ့လေသည်။

ရဟန်းတစ်ပါးသည် စာဝါတက်လို၍ ရေငုံဘုန်းတော်ကြီးထံ သွားရောက် ဆည်းကပ်ရာတွင် နှစ်ရက်တိုင်တိုင် စကားမပြောရဘဲ ဝတ်ဖြည့်ရုံဖြည့်ကာ ပြန် ပြန်လာခဲ့ရလေသည်။ သုံးရက်မြောက် နေ့၌ကား ရဟန်းက ပြန်ကာနီးတွင် ထိုင်ာည့်သားရေအခင်းကို အသံမြည်အောင်

ခေါက်သိမ်းလေရာ ထိုအခါကျမှ အသံကြားသဖြင့် လှည့်ကြည့်ပြီး ရေ ထွေး၍ မေးမြန်းတော် မူလေသတဲ့။

ယခုလို နရပတိကြီး လက်ထက်က စစ်ကိုင်းတွင် ရေငုံဘုန်းတော်ကြီး ပေါ်ထွန်းခဲ့သည့် မှတ်တမ်းကို သသနာလင်္ကာရနှင့် မဏိသာရ မဥ္ဇူသာ ဋီကာတို့၌ တွေ့ရသည်။

တိရစ္ဆာန်များပင် ဝေးဝေးက ရှောင်ကြ

ပကိဏ္ဏကနိပါတ် စန္ဒကိန္နရီဇာတ်တော်၌ ဗာရာဏသီပြည်သား မုဆိုးတစ်ယောက်သည် ဟိမဝန္တာမှ ကိန္နရာမောင်နှံကို ဖမ်းပြီး ဗြဟ္မဒတ်မင်းအား ဆက်သလေသည်။ ကိန္နရာမောင်နှံတို့သည် စကားပြောက "စကားများ အမှားပါ" ဆိုသည့်အတိုင်း မင်းမကြိုက်သည့်စကား အမှားပါမည် စိုးသောကြောင့် မင်းက အပြောခိုင်းသော်လည်း မပြောဘဲ နေကြလေသည်။ စကားမပြောသဖြင့် မင်းက "သတ်ချက်ကြ"ဟု အသတ်ခိုင်းမှ အသက်သေရမည်မှ ကြောက်သောကြောင့် စကားပြောခဲ့ကြသည်။ တိရစ္ဆာန်များပင် စကားပြောလျှင် သူတစ်ပါးမနှစ်မြို့ဖွယ် ကြမ်းတမ်းသည့်စကား, မှသားစကားများ ပါမည်ကို ကြောက်၍ စကားမပြောဘဲ နေကြကြောင်း၊ ဝေးဝေးက ရှောင်ကြကြောင်း မိန့်ဆိုထားလေသည်။

ဝစီဘေဒ ပထမရ

ထိုဖရုသဝါစာခေါ် ထိပါးဝစီဘေဒသည် ဒေါသကြောင့်ဖြစ်သောရာ ဒေါသထွက်စရာနှင့် တွေ့တိုင်း ဒေါသထွက်ကာ လွတ်ခနဲ ကြမ်းတမ်းသည့် စကားကို ပြောမိတတ်ကြလေသည်။ အဓိပ္ပာယ်မရှိ ပြိန်ဖျင်းသော စကားပြောမှု သမ္ဖပ္ပလာပပင်၊ ကြင်းကြမ်းတမ်းတမ်း ပြောမှု ဖရုသဝါစာလောက် များမည်မဟုတ်ပေ။

လူ့ဘဝ နေ့စဉ် ပြောနေကြသည့် စကားများတွင် လူအများစုကို ကြည့်ပြောပါက ဖရုသဝါသစာက ပထမ ရရှိပေမည်။ ဝစီဒုစရိုက်လေးပါးအနက် အပြောများရာအားလိုက် စဉ်လျှင် ဖရုသဝါစာက ပထမ၊ သမ္ဖပ္ပလာပက ဒုတိယ၊ လိမ်လည်မှု မုသာဝါဒက တတိယ၊ ကုန်းတိုက်မှု ပိသုဏဝါစာက စတုတ္ထနေရာ ရရှိပေမည်။

## အိမ်တွင်း ဝစီဘေဒပင် နည်းလှပည်မထင်

မိခင်ဖြစ်သူ တစ်ယောက်အနေဖြင့် ကြည့်ပါ။ တစ်နေ့ တစ်နေ့တွင် တစ်ပါးသူများကို ပြောရသည့် ဖရုသဝါစာကို ထားပါဦး၊ သားသမီးများ မတော်တာလုပ်သည်ကို တွေ့မြင်ရ၍ စိတ်အလိုမကျ ဖြစ်ကာ ဒေါသထွက်ပြီး ငေါက်ငန်း ကြိမ်းမောင်း ဆဲဆို မြည်တွန်နေကြရသည့် အိမ်တွင်းဖရုသဝါစာ အိမ်တွင်းဝစီဘေဒပင် နည်းမည်မဟုတ်ပေ။ ဒုန္ဒေး ရှိပေမည်။

## အကောင်းဆုံးနည်းလမ်း

ဒေါသထွက်စရာနှင့် အတွေ့များလေ ဖရုသဝါစာ ပြောရလေ ဖြစ်၏။ ဒေါသထွက်စရာနှင့် တွေ့သာတွေ့ပစေ မနေ၊ ဖရုသဝါစာ ပြောမိမည်သာ ဝစီဘေဒထိမည်သာ ဖြစ်သောကြောင့် ဒေါသထွက်စရာနှင့် မတွေ့အောင် ကြိုတင်ရှောင်ခြင်းသည်သာ အကောင်းဆုံးသော နည်းလမ်း ဖြစ်၏။

## အကြောင်းရင်းမှာ ကရုဏာ

အပြစ်မမြင် မကြောက်လန့် မဆင်ခြင် မထိန်းချုပ်ဘဲ ကြမ်းတမ်းသည့်စကား ထိပါးဝစီဘေဒ ဒလဟော ပြောဆိုနေကြပါက ထိပါးဝစီဘေဒ၏ အရှုံခံရမည့်အရေး ထိပါးဝစီဘေဒ၏ အကျိုးတရားခါးသည်းလှသည့် ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်ကြရမည့်ဘေး မျှော်တွေးမြင်ကာ ကရုဏာဖြစ်မိပါသောကြောင့် "ဖရုသဝါစာ" ခေါ် ထိပါးဝစီဘေဒ၏ အရှုမခံရအောင် ထိပါးဝစီဘေဒ၏ အကျိုးတရား ခါးသည်းလှသည့် ဘေးဒုက္ခများနှင့် ရင်မဆိုင်ရအောင်၊ ရင်ဆိုင်ရစေကာမူ ရင်ဆိုင်မှု နည်းနိုင်သမျှနည်းအောင် ဖရုသဝါစာ အမည်ရသော ထိပါးဝစီဘေဒ၏ အပြစ်ပြကျမ်းတစ်စောင်ကို ရေးသားရပါမူ ကောင်းလေစွဟု အကြံဖြစ်ကာ ဖရုသဝါစာ အမည်ရသော ထိပါးဝစီဘေဒ၏ သဘောအစိပ္ပာယ်နှင့် တကွ ထိပါးဝစီဘေဒ၏ အပြစ်ပြ သက်သေသာဓက ဝတ္ထုများကို နိကာယ်ငါးရပ် ပိဋကတ်သုံးပုံမှ အတတ်နိုင်ဆုံး ဖွေရှာသုတ်နုတ်၍ ကျွန်ုပ် "ဝစီဘေဒ ထိတိုင်းရှ" ခေါ် ကျမ်းမြတ်တော်ကို ရေးသားပြုစုလိုက်ရပါသတည်း။

## ဤကျမ်းရေးသားပုံ

### ၂-ပိုင်းခွဲ ရေးသား

ဤကျမ်းကို ရေးသားရာ၌ "(၁) ဝစီဘေဒထိအပိုင်း၊ (၂) ဝစီဘေဒထိတိုင်းရှုအပိုင်း"ဟု အပိုင်းနှစ်ပိုင်း ခွဲခြား ရေးသားထား သည်။

### ဝစီဘေဒထိ အပိုင်း

ဝစီဘေဒထိအပိုင်း၌ ဝစီဘေဒထိ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဝစီဘေဒ ထိတိုင်းရှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဖရုသဝါစာ၏ အဓိပ္ပာယ်ဖွင့်ဆို ချက်၊ ဖရုသဝါစာ၏ အရတရား၊ ဆဲကြောင်းဝတ္ထု၊ ဆဲခြင်းအမျိုး မျိုး၊ ဆဲပုံအမျိုးမျိုး၊ ဖရုသဝါစာဖြစ်မှု မဖြစ်မှု အဆုံးအဖြတ်များ၊ ဖရုသဝါစာ၏ အင်္ဂါ၊ ကမ္မပထ မြောက်မှု မမြောက်မှု၊ အပြစ်အကြီး အငယ် စသည်နှင့်တကွ ကျိန်ဆိုခြင်းဆိုင်ရာများကို ရေးသားဖော်ပြထား သည်။

### ဝစီဘေဒထိတိုင်းရှု အပိုင်း

ဝစီဘေဒထိတိုင်းရှုအပိုင်း၌ သူတစ်ပါးကို ထိပါးပြောခဲ့သည့် ပုဂ္ဂိုလ်။ ထိုပုဂ္ဂိုလ်တို့ ထိပါးပြောခဲ့ပုံ၊ ထိပါးပြောသည့်အတွက်ကြောင့် ထိပါးပြောသည့် စကားလုံးအတိုင်း မိမိမှာ ဖြစ်ရ၊ မိမိမှာ ဘေးဒုက္ခ နှင့် တွေ့ကြုံရင်ဆိုင်ရပုံ (ဝဋ်လိုက်ပုံ) စသည်များကို ရေးသားဖော်ပြ ထားသည်။

ထိပါးဝစီဘေဒ (ဝစီဘေဒထိ)၏ အပြစ်ပြ သက်သေသာဓက ဝတ္ထုများကို ဖော်ပြပါက ထိုအားလုံးပါဝင်ပြီးဖြစ်၍ ထိုအားလုံးကို ဖော်ပြရာရောက်သောကြောင့် အချုပ်အားဖြင့် "ဝစီဘေဒထိတိုင်းရှု" အပိုင်း၌ ထိပါးပြောမှုဟူသော ထိပါးဝစီဘေဒ၏အပြစ်ပြ သက်သေ သာဓက ဝတ္ထုများကို ရေးသားဖော်ပြသည်"ဟု ဆိုလိုပေသည်။

### ပုဂ္ဂိုလ်လိုက်၍ ရွေးနောက်စဉ်

ရေးသားဖော်ပြသည့် သက်သေသာဓကဝတ္ထုမှာ (၄၀)ဖြစ်ပြီး ထိုဝတ္ထုများကို ဖော်ပြရာဝယ် ရွေးနောက်စဉ်ရာ၌ ပုဂ္ဂိုလ်လိုက်၍ ရွေး နောက်စဉ်ထားသည်။

ပုဂ္ဂိုလ်ကိုလိုက်၍ ရှေးနောက်စဉ်ဆက်၌ (၁) ဘုရားရှင်ကို ပထမ၊ (၂) ရဟန္တာကို ဒုတိယ၊ (၃) ပုထုဇဉ်ကို တတိယ စဉ်သည်။

''ရဟန္တာ''ဟုဆိုရာ၌ ဝစိဝင်္ကြေးခံရသည့်အခါ ရဟန္တာ ဖြစ်နေသည့် ရဟန္တာကိုသာ ဆိုသည်။ တစ်နည်းအားဖြင့်ဆိုသော် ရဟန္တာအဖြစ်ဖြင့် ဝင်္ကြေးခံရသည့် ရဟန္တာကိုသာ ဆိုသည်။ ဝစိဝင်္ကြေးခံရပြီးမှ ရဟန္တာဖြစ်သည့် ရဟန္တာနှင့်၊ ရဟန္တာဖြစ်သည်နှင့်တစ်ပြိုင်နက် ဝင်္ကြေးမှလွတ်သည့် ရဟန္တာကို မဆိုလိုပေ။

ထို (၃)မျိုးတို့တွင် ပုထုဇဉ်ကို စဉ်ရာ၌ (၁) ရဟန်းကို ပထမ၊ (၂) ရဓသေ့၊ ပရိဗိုဇ်၊ တက္ကတွန်း၊ ပုဏ္ဏားတို့ကို ဒုတိယ၊ (၃) ကျန်လူဝတ်ကြောင်များကို တတိယ စဉ်သည်။

ထို (၃) မျိုးတို့တွင် ရဟန်းကို စဉ်ရာ၌ (၁) ရဟန်းယောကျ်ားကို ပထမ၊ (၂) ရဟန်းမိန်းမကို ဒုတိယ စဉ်သည်။

ထို (၂) မျိုးတို့တွင် ရဟန်းယောကျ်ားကို စဉ်ရာ၌ ဤဘဝတွင် နောင်အချိန် ရဟန္တာဖြစ်မှု၊ ပဋိသမ္ဘိဒါရမှု၊ အဘိညာဉ်ရမှု စသည့်ဂုဏ်အကြီးအငယ် အများအနည်း လိုက်၍ ရှေးနောက် စဉ်သည်။

လူဝတ်ကြောင်ကို စဉ်ရာ၌ (၁) ယောကျ်ားကို ပထမ၊ (၂) မိန်းမကို ဒုတိယ စဉ်သည်။

ယောကျ်ားကို စဉ်ရာ၌ ဤဘဝတွင် နောင်အချိန် ရဟန္တာဖြစ်မှု စသော ဂုဏ်အကြီးအငယ် အများအနည်း လိုက်၍ ရှေးနောက် စဉ်သည်။ မိန်းမကိုစဉ်ရာ၌လည်း နည်းတူပင်။

ယခုလို မှတ်သားလွယ်ကူစေရန် သူ့အုပ်စုနှင့်သူ အကန့်လိုက် အကန့်လိုက် စဉ်ထားသည်။

## ထေရဝါဒပိဋကတ်မှ ထုတ်နုတ်ရေး

ဘုရားရှင် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူအပ်သော စကားတော်များကို ''ပါဠိတော်''ဟု ခေါ်သည်။ ထိုပါဠိတော်သည် နိကာယ်အားဖြင့် (၅) ငါးရပ်၊ ပိဋကတ်အားဖြင့် (၃) သုံးပုံ၊ စာအုပ်အားဖြင့် (၄၀) လေးဆယ် အရေအတွက်ရှိလေသည်။

ထိုနိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်ကို ဉာဏ်နှံ့သူတို့ ထင်ရှားနားလည် သဘောပေါက်အောင် ဘုရားရှင်၏အလိုတော်ကို

သိသော အရှင်မဟာကဿပမထေရ် စသော ပထမ သင်္ဂါယနာတင် ရဟန္တာမထေရ်မြတ်များသည် ထိုပါဠိတော်ကို အကျယ်ဖွင့်ဆို ပြုစု ရေးသားတော်မူခဲ့ကြသည်။ ထိုပါဠိတော်၏အဖွင့်ကို "အဋ္ဌကထာ"ဟု ခေါ်သည်။

ထိုရဟန္တာမထေရ်မြတ်ကြီးများ ပြုစုရေးသားတော်မူအပ်သော အဋ္ဌကထာကို အခြေခံ၍ သီဟိုဠ်ခေတ် အရှင်မဟာဗုဒ္ဓဃောသ စသော မထေရ်မြတ်များ အဋ္ဌကထာအသစ် ရေးသားတော်မူခဲ့ကြပြန်သည်။ ထိုအဋ္ဌကထာအသစ်သည် အုပ်အရေအတွက်အားဖြင့် ငါးဆယ့်နှစ်အုပ် ရှိလေသည်။

ထိုအဋ္ဌကထာအသစ်ကို ဉာဏ်နှံ့သူတို့ ထင်ရှားနားလည် သဘောပေါက်အောင် အဋ္ဌကထာဆရာများ၏အလိုကိုသိသော အရှင်ဓမ္မပါလ စသော မထေရ်မြတ်များသည် ကိုအဋ္ဌကထာအသစ်ကို ထပ်မံဖွင့်ဆို ရေးသားတော်မူခဲ့ကြပြန်သည်။ ထိုအဋ္ဌကထာအသစ်၏ အဖွင့်ကို "ဋီကာ"ဟု ခေါ်သည်။ ထိုဋီကာသည် အုပ်အရေအတွက်အားဖြင့် နှစ်ဆယ့်ခုနစ်အုပ် ရှိလေသည်။

ထိုထေရဝါဒ (အရှင်မဟာကဿပ စသော ပထမသင်္ဂါယနာတင် ရဟန္တာမထေရ်မြတ်ကြီးများ၏ အယူမှန်မှုရင်းအလိုကျ) ဖြစ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းများကို မှီငြမ်းနောက်၍ "ဖျသံသါစာခေါ် ထိပါးဝစီဘေဒဆိုင်ရာပကျန်" ဟု ဆိုရမလောက် ဖွေရှာထုတ်နုတ် ရေးသားထားသည်။

ပိဋကတ် အာဘော်ကျမှုကိုသာ အလေးထား

ထိုသို့ရေးသားရာ၌ ထေရဝါဒဖြစ်သော ပါဠိတော်, အဋ္ဌကထာ, ဋီကာဟူသော ကျမ်းဂန်ပိဋကတ် အာဘော်ကျမှုကိုသာ အလေးထား၍ ရေးသားသည်။ ကျမ်းဂန်ပိဋကတ် အာဘော်ကျမှုကိုသာ အလေးထား၍ ရေးသားသည့်အလျောက် စကားလုံးအဆန်းသုံးလွန်းက ပါဠိတော်, အဋ္ဌကထာ, ဋီကာ အာဘော်လွဲဘတ်သဖြင့် စကားလုံးဆန်းမှုကို ဦးစားမပေး၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာပိဋကတ် အာဘော်ကျမှုကိုသာ အလေးထား၍ ရေးသားထားသည်။

ကြိုးပမ်းချက်

သီပ်သည်းကျစ်လျစ် ခိုင်ခန့်စုံရှင်းစေသချာ၍ အသင့်အတန်းမှီ ကျမ်းမြတ်တစ်ဆူဖြစ်စေအောင် ကြိုးပမ်းထားသည်။

## လိုချင်ဖွယ်ရာ အပျိစင်ကညာပမာ

ဤကျမ်းကို ရေးသားပြုစုထားသည်မှာ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံမှ ထုတ်နုတ်ရေးသားပြုစုထားခြင်း ဖြစ်သောကြောင့် ဤကျမ်းသည် အင်မတန်မှ တည်ငြိမ်ခံ့ညားဂုဏ်ရှိလှသော်လည်း ပါဠိစကားလုံးများကို နည်းနိုင်သမျှနည်းစေပြီး ချန်၍မရသဖြင့် ထည့်ရသည့် ပါဠိစကားလုံးများကိုလည်း နားလည်အောင် နောက်က လက်သည်းကွင်းဖြင့်ဆိုလိုရင်းကို ဖော်ပြထားကာ လူငယ်လူရွယ်များပင် နားလည်အောင် ရေးသားပြုစုထားသောကြောင့် ဤကျမ်းသည် တည်ငြိမ်ခံ့ညားဂုဏ်ရှိလှသော်လည်း မာန်မာနမထား လူတိုင်းနှင့်ဝင်ဆံ့အောင် ဆက်ဆံတတ်သည့် လိုချင်ဖွယ်ရာ အပျိစင်ကညာပမာသာ ဖြစ်လေသည်။

## ဤကျမ်းပြုသူ၏ ယုံကြည်ချက်

ဤကျမ်းကို ဘေးဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်ကာ ကြိုးပမ်းရေးသားပြုစုခဲ့ပါ၏။ သို့သော် ရိုးရိုးသားသားပြောရလျှင် ဤကျမ်းကို ရေးသားပြုစုရခြင်း၏ရည်ရွယ်ချက်တွင် မိမိအကျိုးအတွက် တစ်စုံတစ်ရာမျှ မပါ၊ ပုထုဇဉ်လူသားတွေ ဖရုသဝါစာခေါ် ဝစီဘေဒ၏ အကျိုးတရား၊ ခါးသည်းလှသည့် ဘေးဒုက္ခများနှင့် ရင်မဆိုင်ရရေးဟူသော ပရဟိတအတွက် တစ်ခုတည်းဟူသော ရည်ရွယ်ချက်ပင် ဖြစ်ပါ၏။

အသင် စာရှုသူများသည် ဤကျမ်းပြုသူ၏ ဤမှန်မြတ်သော တစ်ခုတည်းသောရည်ရွယ်ချက်ကို တွေ့ရှိရပါက ဤကျမ်းပြုသူ၏ မွန်မြတ်သော ရည်ရွယ်ချက်ကို အသိအမှတ်ပြုကာ တုံ့ဆပ် အကောင်အထည်ဖော်သည့်အနေဖြင့် ဤကျမ်းပြုသူ၏ရည်ရွယ်ချက်နှင့် လိုက်လျောညီထွေ "ဖရုသဝါစာခေါ် ထိပါးဝစီဘေဒ၏ အကျိုးတရား ခါးသည်းလှသည့် ဘေးဒုက္ခများနှင့် ရင်မဆိုင်ရအောင်၊ ရင်ဆိုင်ရစေကာမူ ရင်ဆိုင်မှု နည်းနိုင်သမျှ နည်းအောင်၊ ဖရုသဝါစာခေါ် ထိပါး ဝစီဘေဒကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြလိမ့်မည်"ဟု ယုံကြည်ပါကြောင်း။

လေးဆွဲရ ဓမ္မာဝရိယ ဦးသာဋ္ဌေးမြင့်
၁၃၅၄ - ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့
၁၆ - ၅ - ၁၉၉၂

# ဝစိဘောဒ္ထိတိုင်းရှ

## ပ ဏာ မ

### နမော ဖရုသဝါစာဝိရမဒေသကဿ

ဖရုသဝါစာဝိရမဒေသကဿ = ကြားရသူမှာ၊ မခံသာလောက်၊ ခြိမ်းခြောက်မောင်းမဲ၊ ဆိုဆဲသရမ်း၊ စကားကြမ်းကို၊ မဆိုဖို့ရာ၊ မိန့်မှာဟောကြား၊ မြတ်ဘုရားအား။

အဟံ (ထည့်) = ကြားရသူမှာ၊ မခံသာအောင်၊ ခြိမ်းခြောက်မောင်းမဲ၊ ဆိုဆဲသရမ်း၊ စကားကြမ်းကို၊ မဆိုဖို့ရာ၊ မိန့်မှာဟောမြွက်၊ အချက်လက်ကို၊ ထိုထိုကျမ်းမြတ်၊ ပိဋကတ်မှ၊ ကျနဖွေရှာ၊ ထုတ်ကာဖော်ဆို၊ ရေးသားလိုသော၊ ရုပ်ရောနာမ်လေး၊ သာဒွေးမြင့်ဟု၊ မည်ပြုသမုတ်၊ အကျွန်ုပ်သည်။

# ပဏာမ

နမော = လာဘ်ကိုမျှော်ကိုး၊ မျိုးရိုးစဉ်လာ၊ တစ်ဖြာကြောက်ခြင်း၊ ကဲ့ခြင်းခံရ၊ စိုးလှတရေး၊ အကြောင်းလေးကြောင့်၊ မဖြောင့်တုပ၊ ခိုးရခြင်းမျိုး၊ မဟုတ်နိုးဘဲ၊ နက်နဲများစွာ၊ ဘုရာ့ဂုဏ်ရည်၊ ယုံကြည်လေးစား၊ တစ်အားမြတ်နိုး၊ ရှိခိုးခြင်းဖြင့်၊ ဝတ်စင်ဦးခိုက်၊ ရှိခိုးကန်တော့လိုက်မပါ၏ဘုရား။

—

# ဝစီဘေဒထိအပိုင်း

—

## ဝစီဘေဒထိ -၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

''ဝစီဘေဒ''ဟူသည် နှုတ်မြွက်မှုဘည်း။ ''နှုတ်မြွက်မှု''ဟူသည် ၂ စကားပြောမှုတည်း။ ''ထိ''ဟူသည် ထိပါးမှုဘည်း။ ''ဝစီဘေဒ''ဟူသည် နှုတ်မြွက်၍ ထိပါးမှုဘည်း။ ''နှုတ်မြွက်၍ ထိပါးမှု'' ဟူသည် ဆိုလိုရင်းအားဖြင့် ထိပါးပြောမှုတည်း။ ''ထိပါးပြောမှု''ဟူသည် ဖော်ပြလတ္တံ့ဖြစ်သော ဆဲမှုအမျိုးမျိုးဖြင့် ဆဲခြင်းပင်တည်း။

## ဝစီဘေဒထိတိုင်းရှ -၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

''တိုင်း''သည် ပြောတိုင်း-ဟူသော တိုင်း-မှလာသော ''တိုင်း'' မဟုတ်၊ ပြောသည့်အတိုင်း-ဟူသော အတိုင်း-မှ လာသော ''တိုင်း'' ဖြစ်သည်။ ''ရှ''ဟူသည် ဖြစ်ရမှုဘည်း။ သူတစ်ပါးကို ထိပါးပြောသည့် စကားသည် အင်မတန်မှ ထက်မြက်လှသောကြောင့် အင်မတန်မှ ထက်မြက်သည်ကို ပေါ်လွင်ထင်ရှားစေရန် ထက်သော လှသွား၊ ခေါင်းရိတ်ဓားသွား စသည်တို့၏ ရှမှုနှင့် နှိုင်းခိုင်း၍ သူတစ်ပါကို ထိပါးပြောခြင်းကြောင့် ထိပါးပြောသည့် စကားလုံးအတိုင်း မိမိမှာ ဖြစ်ရမှု ဘေးဒုက္ခနှင့် တွေ့ကြုံရင်ဆိုင်ရမှုကို ''ရှ''ဟု ဆိုသည်။

ဤစကားအရ ''ဝစီဘေဒထိတိုင်းရှ''ဟူသည် ထိပါးပြောခြင်းကြောင့် ထိပါးပြောသည့်စကားလုံးအတိုင်း မိမိမှာ ဖြစ်ရမှု၊ ဘေးဒုက္ခနှင့် တွေ့ကြုံရင်ဆိုင်ရမှုတည်း။ ထို့ကြောင့် သူတစ်ပါးကို ထိပါးပြောက ထိပါးပြောသည့်အတွက်ကြောင့် ထိပါးပြောသည့်စကားလုံးတိုင်း မိမိ

မှာ ဖြစ်ရမှု၊ အေးဒုက္ခနှင့် တွေ့ကြုံရင်ဆိုင်ရမှု၊ ဝဋ်လိုက်မှုကို "ဝစီဘေဒ ထိတိုင်းရှ" ဟု ဆိုကြောင်း ကောင်းကောင်းကြီး သဘောပေါက်ကြရာ၏။

အချို့ဆရာတို့ကမူ "ထိ"ဟူသည် "ပြောမှုပင်ဖြစ်သည်" ဟု ယူပြီးလျှင်၊ "တိုင်း"ကို ပြောတိုင်း-မှုလာသော "တိုင်း"ဟု ယူ၍ ဝစီဘေဒထိတိုင်းရှ-ဆိုသည်မှာ "ဒုစရိုက်စကား ပြောတိုင်းပြောတိုင်း အပြစ်ရသည်။ အေးဒုက္ခနှင့် ရင်ဆိုင်ရသည်ကို ဆိုခြင်းဖြစ်သည်" ဟု ဝစီဘေဒထိတိုင်းရှ-၏ အဓိပ္ပာယ်ကို ဖွင့်ဆိုကြကုန်၏။ ဖော်ပြလတ္တံ့သော ဘုရားရှင် ကုဏ္ဍဓာနမထေရ်ကို ဆုံးမသည့်စကားနှင့် လိုက်လျောညီထွေ ဖြစ်ပါ၏လော။ မိုဒုစရိုက်လေးပါးလုံးနှင့် သက်ဆိုင် ပျံ့နှံ့နေလေရာ မြိုင်ဖျင်းသောစကားကို ပြောတိုင်းပြောတိုင်း အေးဒုက္ခနှင့် ရင်ဆိုင်ရပါ၏လော။ စသည်စသည်ဖြင့် စဉ်းစားကြပါကုန်။

## လေညာလွှင့်မြူ လွှင့်သူသို့သာ ပြန်ရောက်လာသည့်ပမာ

လေညာသို့ ပစ်လွှင့်အပ်သောမြူသည် ပစ်လွှင့်သည့်နေရာသို့ မသွား၊ ပစ်လွှင့်သူထံသို့သာ ပြန်ရောက်လာဘိသကဲ့သို့ ထို့အတူ မိမိ ဆဲသော ယုတ်မာကြမ်းကြုတ်သော ဖရုသဝါစာ စိတ်စေတနာသည် မိမိရည်ညွှန်းအပ်သော တစ်ပါးသူထံသို့ကား မသွား၊ မိမိထံသို့သာ မိမိ နှုတ်က ထုတ်ဖော်ရေရွတ်ဆဲရေးသော အမည်သညာ စကားလုံးအတိုင်း မိမိသာ ဆင်းရဲဒုက္ခရောက်ကြလေသည်။

## အရှင်ကုဏ္ဍဓာနမထေရ်ကို ဗုဒ္ဓ အရေးတကြီး ဆုံးမတော်မူချက်

ဘုရားရှင်သည် ကုဏ္ဍဓာနမထေရ်ကို "ချစ်သား ကုဏ္ဍဓာန လူသားပမာ ကြမ်းတမ်းသောစကားကို အယ်သူ့ကိုမျှ သစ်ချစ်သား မပြောလေနှင့်၊ သင်က သူတစ်ပါးကို ဒုသီလ(သီလမရှိသူ) စသည်ဖြင့် ကြမ်းတမ်းသောစကားကို ပြောလျှင် အလားတူပင် သင်ချစ်သားကိုလည်း သင်ချစ်သားပြောအပ်သူ တစ်ပါးလူက ဒုသီလ စသည်ဖြင့် ကြမ်းတမ်းသောစကားကို ပြန်ပြောပေမည်။ ချုပ်ချယ်ပစ်တင်ကဲ့ရဲ့ ရှုတ်ချ ကြမ်းတမ်းသည့် အနိုင်ယူ ပြောကြားခြင်းသည် အင်မတန်မှ ဆင်းရဲလှပါ၏။

သင်ချစ်သား သူတစ်ပါးကို ထိပါးပုတ်ခတ် ပြောဆိုပြုမူမှုဒဏ်တို့သည် လေညာသို့ ပစ်လွှင့်အပ်သောမြူမှုန်သည် ပစ်သူထံ ပြန်ရောက်သကဲ့သို့ ထို့အတူ သူတစ်ပါးကို ထိပါးပုတ်ခတ် ပြောဆိုပြုမူသော သင် ချစ်သားထံ အဖို့အလည့်အနေဖြင့် ပြန်ရောက်လာကြပေမည်''ဟု အနေရှးဟကြီး ဆုံးမတော်မူခဲ့လေသည်။

## အရှင်ကုဏ္ဍဓာနမထေရ်၏ဖြစ်ရပ်ဆန်း

### စိတ်ဝမ်းကွဲအောင် ဘုမ္မာစိုးနတ် လုပ်

အရှင်ကုဏ္ဍဓာနမထေရ်သည် ကဿပဘုရားရှင် လက်ထက်တော်အခါက ဘုမ္မစိုးနတ် ဖြစ်ခဲ့သည်။ တစ်နေ့သောအခါ အလှန်ငေးသည့်အရပ်မှ အမိဝမ်းတွင်းမှ ဆင်းခဲ့သည့် ညီအစ်ကိုအရင်းပမာ အလွန်ချစ်ခင်သည့် ဦးတိဿနှင့် ဦးဓမ္မ သူငယ်ချင်းရဟန်းနှစ်ပါးသည် ကဿပဘုရားရှင်ထံ သွားကြသော် ဘုမ္မစိုးနတ်သည် ဦးတိဿနှင့် ဦးဓမ္မ အင်မတန် ချစ်ခင်ကြသည်ကို သိ၍ ''ကွဲအောင်လုပ်လျှင် ကွဲမည်လား၊ မကွဲမည်လား''ဟု စဉ်းစားကာ ဦးတိဿနှင့် ဦးဓမ္မ စိတ်ဝမ်းကွဲအောင် လုပ်နိုင်ဖို့ အခွင့်အလမ်းကိုရှာလျက် ဦးတိဿနှင့် ဦးဓမ္မ ရဟန်းနှစ်ပါး၏ မနီးမဝေးမှ လိုက်လေသည်။

တစ်နေ့ရာရောက်သော် ဦးဓမ္မသည် လမ်းအနီး မလှမ်းမကမ်း၌ ချုံပုတ်တစ်ခုကိုတွေ့၍ သပိတ်နှင့်သင်္ကန်းကြီးကို ဦးတိဿလက်သို့ ပေးအပ်ခဲ့ပြီး ချုံပုတ်ထဲသွား အညစ်အကြေးစွန့်လေသည်။ အညစ်အကြေးစွန့်၍ ချုံပုတ်မှထွက်သောအခါ ဘုမ္မစိုးနတ်သည် တန်ဆာစုံဆင်ယင်ထားသော လှပသည့် မိန်းမပျိုအသွင်ဖန်ဆင်းလျက် မေထုန်မှုစဲပြီးထွက်လာသည်ထင်အောင် ချုံပုတ်မှထွက်ပြီး ထိုရဟန်းနောက်မှ ကပ်လိုက်ကာ ဆံပင်များကိုခါပြီး ပြင်ထုံးဟန်၊ ထဘီကိုပြင်ဝတ်ဟန် လုပ်ကာ ဦးဓမ္မနောက်က ထက်ကြပ်မကွာ လိုက်ပါလေသည်။

### ရဟန်း၂-ပါး အယင်လွဲကာ စိတ်ဝမ်းကွဲ

ရပ်စောင့်နေရင်းက ထိုအခြင်းအရာကို ဦးတိဿ မြင်သော် စိတ်မချမ်းမသာဖြစ်ကာ ''ငါ့ သူ့အပေါ် ကြာမြင့်စွာက ထားရှိခဲ့သည့် မေတ္တာသည် ပျက်လေပြီ၊ ငါ အကယ်၍ ခုလို သူယုတ်မာမှန်းသိခဲ့လျှင်

ဒီမျကြာအောင် အပေါင်းအသင်း ပြုခဲ့မည်မဟုတ်''ဟု စဥ်းစား၍ ဦးဓမ္မ မိမိအနီးရောက်လျှင်ရောက်ချင်း ''သူယုတ်မာ....ရော့၊ သင့်သိပိတ် သက်နီးကို ယူ၊ သင်လိုယုတ်မာသော သူငယ်ချင်းနှင့်အတူ တစ်လမ်း တည်း ဘယ်နည်းနှင့်မှ မသွားနိုင်တော့ဘူး''ဟု လမ်းခွဲစကား ပြော ကြားလေသည်။

ထိုလမ်းခွဲ မိတ်ကွဲစကားကို ကြားရလေလျှင် ဦးဓမ္မ၏စိတ်နှလုံးမှာ အင်မတန်ထက်လှသောလှံကို ဆုပ်ကိုင်၍ တစ်အားထိုးလိုက်ဘိသကဲ့သို့ ဖြစ်ကာ ''ငါ့ရှင်....သင် ဘယ်လိုစကားပြောလိုက်သလဲ၊ ငါ ဒီမျကြာ အောင် ဒုက္ကဋ်အာပတ်မျှပင် မသင့်ခဲ့ပါ၊ သို့ပါလျက် ငါ့ကို ယနေ့ 'သူယုတ်မာ'ဟု ခေါ်ဝေါ်ပြောဆိုဘိ၏၊ သင် ဘာမြင်လို့လဲ'ဟု မေး လေလျှင် ဦးတိဿက ''ငါ့ရှင်....အခြားဝေးဝေးပြောနေစရာမလိုပါ၊ သင်ဟာ အခုပင် တန်ဆာစုံလင် ဆင်ယင်ထားသော မာတုဂါမနှင့်အတူ ချုံထဲဖြစ်ပြီးမှ ထွက်လာတာမဟုတ်လား''ဟု မိမိမြင်သည့်အတိုင်း အပြစ်တင်ပြောလေသည်။

ဦးဓမ္မက ''ငါ့ရှင်....ဒီဖြစ်ရပ်မျိုး ငါ့မှာ လုံးဝမရှိပါ၊ ငါ ခု သင်ပြောသောမာတုဂါမကို လုံးဝမတွေ့ပါ''ဟု ရိုးသားစွာ သုံးကြိမ် တိုင်တိုင်ပြောသော်လည်း ဦးတိဿသည် ထိုစကားကို လုံးဝမယုံကြည်ဘဲ မိမိမြင်အပ်သော အကြောင်းအရာကိုသာ ''အမှန်''ဟု တစ်ယူသန် ယူပြီးလျှင် ဦးဓမ္မနှင့်အတူ တစ်လမ်းတည်းမသွားတော့ဘဲ လမ်းခွဲပြီး ကဿပဘုရားရှင့်ထံ သွားလေသည်။ ဦးဓမ္မလည်း အခြားတစ်လမ်းဖြင့် ကဿပဘုရားရှင့်ထံ သွားလေသည်။

ဘုမ္မစိုးနတ် ငရဲကျ

ဘုမ္မစိုးနတ်သည် ထိုမကောင်းမှုအကုသိုလ်ကံကြောင့် ကဿပ ဘုရားရှင်နှင့် ကျွန်ုပ်တို့ဘုရားရှင်တို့၏အကြား ကာလမရေမတွက်နိုင်သော နှစ်ပရိစ္ဆေဒပတ်လုံး အပါယ်မှာ ဖြစ်၍ ရံခါရံခါသာ လူဖြစ်လာသည်။ လူဖြစ်လာသော်လည်း အခြားသူများ ပြုအပ်သမျှအပြစ်များသည် သူ့ အပေါ်မှာသာ ကျရောက်လေတော့၏။

ဝဋ်လိုက်လေပြီ

ကျွန်ုပ်တို့ဘုရားရှင်လက်ထက်ဝယ် သာဝတ္ထိပြည်၌ ပုဏ္ဏားမျိုး ဖြစ်လာလေသည်။ ''ခါန''ဟု မိဘများက မှည့်ခေါ်ကြပြီးလျှင် အရွယ်

ရောက်သော် ဗေဒင်သုံးပုံသင်ကြားတတ်မြောက်၍ အသက်အရွယ်ကြီးသောအခါ သာသနာ့ဝန်ထမ်းရဟန်းပြုလေသည်။

ရဟန်းပြုသောနေ့မှစ၍ တန်ဆာစုံလင် ဆင်ယင်ထားသော မိန်းမတစ်ယောက် (ထကာယ်မိန်းမမဟုတ်၊ ပိပါက်ဝင့်ကြွေးချပ်)သည် မထေရ် ရွာတွင်းဝင်လျှင် အတူဝင်၍ မထေရ် ထွက်လာလျှင် အတူထွက်လာ၏။ စသည်ဖြင့် အမြဲ မထေရ်၏နောက်က တင်ယောက်ယောက်လိုက်ပါနေသည့်အသွင် ထင်ရလေသည်။ ထိုမိန်းမရုပ်ကို ခေနမထေရ် မမြင်ရ၊ ရှေးမကောင်းမှုအကုသိုလ်ကံကြောင့် အခြားသူတို့သာ ထိုမိန်းမရုပ်ကို မြင်နေလေသည်။ အကုသိုလ်ကံကား ကြောက်မက်ဖွယ်ကောင်းလေစွ။

မြို့တွင်းရွာတွင်းဆွမ်းခံ၍ အမျိုးသမီးများက ယာဂုဆွမ်းလှူဒါန်းကြသောအခါ "အရှင်ဘုရား.... ဒီယာဂုတစ်ယောက်ချိုသည် အရှင်ဘုရားအတွက် ဖြစ်ပါသည်။ ဒီယာဂုတစ်ယောက်ချိုကား တပည့်တော်မတို့၏သူငယ်ချင်းမ အရှင်ဘုရား၏နောက်ကပါလာသော ဒီအမျိုးသမီးအတွက် ဖြစ်ပါသည်ဘုရား"ဟု ပြက်ရယ်ပြောင်လှောင်ကြလေသည်။

ကျောင်းတိုက် ပြန်ရောက်သောအခါမှာလည်း ခေနမထေရ်ကို သာမဏေများ ရဟန်းငယ်များက ဝိုင်း၍ "အရှင်ခေနသည် မိန်းမကြူးသူဖြစ်၏"ဟု ပြက်ရယ်ပြောင်လှောင်ကြလေသည်။ ထို့ကြောင့်ပင် ထိုအချိန်မှစ၍ "ကုဏ္ဍ (မိန်းမကြူး) ခေနမထေရ်"ဟု ခေါ်လေသည်။

## ကုဏ္ဍခေန ကြမ်းကြမ်းတမ်းတမ်းပြော

ကုဏ္ဍခေနမထေရ်သည် သာမဏေငယ်များ ရဟန်းငယ်များ ခဏခဏ စုရုံးရောက်ရှိလာကြကာ ခုလို ပြက်ရယ်ပြောင်လှောင်ကြသည်ကို သည်းမခံနိုင်တော့သဖြင့် "သင်တို့သာ မိန်းမကြူးဖြစ်ကြ၏၊ သင်တို့၏ ဥပဇ္ဈာယ်များသာ မိန်းမကြူးသူများဖြစ်ကြ၏၊ သင်တို့၏ဆရာများသာ မိန်းမကြူးသူများဖြစ်ကြ၏"ဟု ကြမ်းကြမ်းတမ်းတမ်း ကြိမ်ကျိန်ပြောလေသည်။

## ဗုဒ္ဓက ကုဏ္ဍခေနကို ဆုံးမ

ရဟန်းတို့က မြတ်စွာဘုရားကို ကုဏ္ဍခေနမထေရ် ခုလို ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောသည့်အကြောင်း လျှောက်ကြလေလျှင်

ဘုရားရှင်က ကုဏ္ဍဓာနကို "ရဟန်း.... မှန်သလား"ဟု မေးတော်မူလေသည်။ "မှန်ပါသည် ဘုရား"ဟု ဝန်ခံသော် ဘုရားရှင်က "တစ်ဖန် ထင်၍ အဘယ့်ကြောင့် ခုလို ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောရဘိသလဲ"ဟု မိန့်တော်မူလေသည်။

ကုဏ္ဍဓာနမထေရ်က "မြတ်စွာဘုရား.... အမြဲမပြတ် စိတ်ဆင်းရဲအောင် ညှဉ်းဆဲသည်ကို သည်းမခံနိုင်၍ ခုလို ပြောမိပါသည် ဘုရား" ဟု လျှောက်ထားလေလျှင် ဘုရားရှင်က "ချစ်သား.... သင်သည် ရှေးက ပြုလုပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံကို ယနေ့တိုင်အောင် ကြေကျက်စေခြင်း (ငြိမ်းအေးစေခြင်း) ငှာ မတတ်နိုင်သေး၊ နောင် ခုလို ကြမ်းတမ်းသော စကားကို မပြောနှင့်"ဟု မိန့်တော်မူပြီးလျှင် အထက် ဖော်ပြပါအတိုင်း ဟောတော်မူခြင်း ဖြစ်သည်။

## ကုဏ္ဍဓာနမထေရ် ရဟန္တာဖြစ်

ကုဏ္ဍဓာနမထေရ်သည် နောင် ဝိပဿနာတရား လုံ့လ ကြိုးကုတ် အားထုတ်လေလျှင် ရဟန္တာဖြစ်လေသည်။ ရဟန္တာဖြစ်သည့်အခါမှစ၍ ဝိပါက်ဝဋ်ကြွေးရုပ်မိန်းမ အပြီးတိုင် ပျောက်ကွယ်လေသည်။

ဘုရားရှင် ရဟန်းတော်များကို ဧတဒဂ်ဘွဲ့တူး ချီးမြှင့်တော် မူသောအခါ ကုဏ္ဍဓာနမထေရ်သည် ရှေးဦးစွာ မဲ့ကျလာ ရရှိနိုင်ကြသည့် ရဟန်းတို့တွင် အမြတ်ဆုံး၊ အသာဆုံး ဧတဒဂ်ဘွဲ့တူး ချီးမြှင့်တော်မူရလေသည်။ (ကုဏ္ဍဓာနဝတ္ထုဓမ္မပဒါနု၊ ဓမ္မပဒ ကုဏ္ဍဓာနတ္ထေရ ဝတ္ထု)

## ပါရမီဝါဒကို ရှောင်ဖို့ မလွယ်

အရှင်ကုဏ္ဍဓာနမထေရ်သည် သာမန်သာဝက မဟုတ်ပေ။ မဟာသာဝက (တပည့်ကြီး) ရှစ်ကျိပ်တွင် တစ်ပါးပါဝင်သည့် သာဝက ဖြစ်၏။ မဟာသာဝက အလောင်းလျာတို့သည် ကမ္ဘာတစ်သိန်းကာလ ကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရသည်။ ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ မဟာသာဝက ဖြစ်နိုင်သည်။ အရှင်ကုဏ္ဍဓာနသည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်၍ မဟာသာဝက ဖြစ်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်လေရာ မထေရ်၏ ပါရမီဟုဆိုသည်သည် မသေးလှပေ။ ကြီးမားလှပေသည်။ မထေရ်ထက် ပါရမီဟုဆိုသည်ကြီးမားသည့် သာဝကများမှာ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်နှစ်ပါးသာ ရှိလေသည်။ ဤမျှ ပါရမီ

ထုထည် ကြီးမားသည့် ပုဂ္ဂိုလ်များပင် ကြမ်းတမ်းသည့် စကားကို ပြောမိလေသည်။ ဤကုဋ္ဌခါနမထေရ် ကြမ်းတမ်းသည့်စကား ပြောမိသည်ကို ကြည့်က ကြမ်းတမ်းသည့်စကား မပြောမိအောင် စောင့်ထိန်းဖို့ ဖရုသဝါစာကို ရှောင်ကြဉ်ဖို့ မလွယ်ကူလှသည်မှာ ထင်ရှားလှလေသည်။

နည်းနိုင်သမျှနည်းအောင် ကြိုးပမ်းရမည်သာ

ဖရုသဝါစာသည် ဒေါသကြောင့်ဖြစ်လေရာ ဒေါသကို အနာဂါမ်ကျမှ ပယ်နိုင်၍ အနာဂါမ်ဖြစ်မှ ဖရုသဝါစာကို ပယ်နိုင်ပေမည်။ ကျွန်ုပ်တို့ ပုထုဇဉ်တို့အဖို့ အရင်း မပယ်နိုင်သော်လည်း နည်းနိုင်သမျှ နည်းအောင် ကြိုးပမ်းကြရမည်သာ ဖြစ်သတည်း။

## ဖရုသဝါစာ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်

ကြမ်းတမ်းသော စကားကို ပြောခြင်းကို "ဖရုသဝါစာ" ဟု ဆိုသည်။ "ကြမ်းတမ်းသော စကားကို ပြောခြင်း" ဟူသည် ဆဲကြောင်း ဝတ္ထုတို့ဖြင့် ဆဲမှုပင်တည်း။

ဆဲသည့်အခါ ဒေါသဖြင့် ဆဲသည့်အလျောက် သဘာဝအားဖြင့်ပင် ဖရုသဝါစာ ကိုယ်တိုင်ကလည်း ကြမ်းတမ်းလျက်ရှိလေသည်။ ကြမ်းတမ်းသည့် စကားဖြစ်သောကြောင့် ကြားရသူကိုလည်း နားမချမ်းသာ၊ အကျိုးမဲ့ကို ဖြစ်စေတတ်သော စကားဖြစ်သောကြောင့် စိတ်လည်း မချမ်းသာ၊ နှစ်သက်မှုလည်း မရှိ။ ယခုသို့ ဖရုသဝါစာသည် ပြောသူရော ကြားရသူပါ နှစ်ဦးသားလုံးကို လွှသွားကဲ့သို့ ကြမ်းတမ်းအောင် ဆင်းရဲအောင် ပြုလုပ်လေသည်။ မိမိသူတစ်ပါး နှစ်ဦးသားလုံးကို ကြမ်းတမ်း ဆင်းရဲအောင် ပြုလုပ်တတ်သောကြောင့် ဆဲရေးသော စကားလုံး စကားသံသည် မုချအားဖြင့် "ဖရုသဝါစာ"ဟူသော နာမည်ကို ရရှိလေသည်။

## ဖရုသဝါစာ၏ အရတရား

ဖရုသဝါစာအရ တရားကိုယ်အားဖြင့် ထိပါးပုတ်ခတ်သောအခါ သေလုမတတ် အင်္ဂါချက်အောင် နာသော အနာဆိုး ဖနာပျက်နှင့် သေလုမတတ် အင်္ဂါချက်အောင် နာသော ဝေဒနာတို့နှင့် တူသော

၇။ "ပုံသဏ္ဍာန် ထိပါးဆဲခြင်း" ဟူသည် လံဗားကြီး၊ ငပု၊ ညှပ်စိ စသည်ဖြင့် ပြောခြင်းတည်း။

၈။ "ကိလေသာ ထိပါးဆဲခြင်း" ဟူသည် ဒိဋ္ဌိကြီး၊ မာနခဲ၊ လောဘကူး စသည်ဖြင့် ပြောခြင်းတည်း။

၉။ "အပြစ် ထိပါးဆဲခြင်း" ဟူသည် မုသားအိုး၊ မိန်းမကြူး စသည်ဖြင့် ပြောခြင်းတည်း။

၁၀။ "ထို (၉) မျိုးမှ ကြွင်းသည့် ယုတ်မာသည့် အရာဝတ္ထု ပါးဆဲခြင်း" ဟူသည် ခွေး၊ ခွေးသား၊ ငါ့လခွေး စသည်ဖြင့် ပြောခြင်းတည်း။

## ဆဲခြင်းအမျိုး ( ၂၀ )

ဆဲခြင်း ၁၀-မျိုးတွင် တစ်မျိုးတစ်မျိုး၌ အယုတ်, အမြတ်အား ဖြင့် ၂-မျိုးစီ ကွဲပြား၏။

၁။ စဏ္ဍာလမျိုး၊ မုဆိုးတံငါမျိုး စသောအမျိုးသည် ယုတ်နိမ့်သော အမျိုး မည်၏။ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သေဋ္ဌေးမျိုး စသောအမျိုး သည် မြင့်မြတ်သောအမျိုး မည်၏။

၂။ ကိုစဏ္ဍာလ၊ ကိုခွေး စသောအမည်သည် ယုတ်နိမ့်သော အမည် မည်၏။ ကိုသေဋ္ဌေး ကိုမျိုးမြင့် စသောအမည်သည်မြင့်မြတ်သော အမည် မည်၏။

မိမိတို့ နေထိုင်သည့် အရပ်ဒေသ အလျောက် ယုတ်နိမ့်သော မယိမ်းမြင် ပြုအပ်၊ ကဲ့ရဲ့ရှုတ်ချအပ်သော အမည်မှန်သမျှသည် ယုတ်နိမ့် သော အမည် မည်၏၊ ဘုရားနှင့်စပ်သော အမည်၊ တရားနှင့်စပ်သော အမည်၊ သံဃာနှင့် စပ်သော အမည်များနှင့် အရပ်ဒေသ အလျောက် မြင့်မြတ်သော မယိမ်းမြင် မပြုအပ် မကဲ့ရဲ့ မရှုတ်ချအပ်သော အမည် မှန်သမျှသည် မြင့်မြတ်သော အမည် မည်၏။

တစ်ဂိုဏ်းတစ်ရာသော အရပ်ဒေသ၌ အများက တစ်ဂိုဏ်းတစ်ရာသော အမျိုးကို "ယုတ်နိမ့်သည့်အမျိုး" ဟု သတ်မှတ်ထားလျှင် ထိုအရပ်ဒေသ အလျောက် ထိုသတ်မှတ်ထားသော အမျိုးသည် ယုတ်နိမ့်သည့်အမျိုး မည်၏။ ဤသို့ စသည်ဖြင့် သိပါ။

၃။ ဘာရဒွါဇအနွယ်၊ တိတ္တိအနွယ် စသောအနွယ်သည် ယုတ်နိမ့်သော အနွယ်မည်၏။ ဂေါတမအနွယ်၊ ကဿပအနွယ်၊ မောဂ္ဂလာန်အနွယ် စသောအနွယ်သည် မြင့်မြတ်သော အနွယ်မည်၏။

ဤအနွယ်၌လည်း အမျိုးနည်းတူ အရပ်ဒေသအလျောက် သတ်မှတ်ထားချက်အားဖြင့်လည်း အယုတ်, အမြတ်ကို သိရာ၏။

၄။ ချေးကြုံးသည့်အလုပ်၊ အမှိုက်ပစ်သည့်အလုပ် စသော အလုပ်အကိုင်သည် ယုတ်နိမ့်သော အလုပ်အကိုင်မည်၏။ လယ်ထွန်သည့်အလုပ်၊ ရောင်းဝယ်သည့်အလုပ် စသော အလုပ်အကိုင်သည် မြင့်မြတ်သော အလုပ်အကိုင်မည်၏။

ဤအလုပ်အကိုင်၌လည်း ရှေးအတူ အရပ်ဒေသ အလျောက် အများသတ်မှတ် ယူဆထားချက်အားဖြင့်လည်း အယုတ်, အမြတ်ကို သိရာ၏။

၅။ ကျူထရံရက်အတတ်၊ ခုံအတတ် စသော အတတ်ပညာသည် ယုတ်နိမ့်သော အတတ်ပညာမည်၏။ ကျမ်းပြုအတတ်၊ နက္ခတ်အတတ် စသော အတတ်ပညာသည် မြင့်မြတ်သော အတတ်ပညာမည်၏။

ဤအတတ်ပညာ၌လည်း အယုတ်, အမြတ်ကို အရပ်ဒေသအလျောက် လူအများ သတ်မှတ် ယူဆထားချက် အားဖြင့်လည်း သိရာ၏။

၆။ အနာရောဂါ၌ အနာရောဂါမှန်သမျှ ယုတ်နိမ့်သည်သာလျှင်ဖြစ်၍ အနာရောဂါမှ လွတ်ကင်းသည်ကို ''အမြတ်''ဟု ယူရမည်။ မောင်ကျန်းမာ စသည်ဖြင့် ပြောခြင်းမျိုးတည်း။

၇။ ပုံသဏ္ဌာန်၌ အရပ်ရှည်လွန်းခြင်း၊ အရပ်ပုလွန်းခြင်း စသော ပုံသဏ္ဌာန်သည် ယုတ်နိမ့်သော ပုံသဏ္ဌာန် မည်၏။ အရပ် မရှည်လွန်း မပုလွန်း (အနေတော်ဖြစ်)ခြင်း စသော ပုံသဏ္ဌာန်သည် မြင့်မြတ်သော ပုံသဏ္ဌာန်မည်၏။

၈။ ကိလေသာ၌လည်း ကိလေသာမှန်သမျှ ယုတ်နိမ့်သည်သာလျှင် ဖြစ်သောကြောင့် အမြတ်ဖက်၌ ကိလေသာမှ လွတ်ကင်းသည်ကို ယူရမည်။ ဒိဋ္ဌိပယ်ပြီး သောတာပန် အရိယာကြီး စသည်ဖြင့် ပြောခြင်းမျိုးတည်း။

၉။ **အပြစ်၌လည်း** အပြစ်မှန်သမျှ ယုတ်နိမ့်သည်ချည်းဖြစ်၍ အပြစ်မှ လွတ်မြောက်သည်ကို "အမြတ်"ဟု ယူရမည်။ မုသားမပါတဲ့ သစ္စာဆရာကြီး စသည်ဖြင့် ပြောခြင်းမျိုးတည်း။

၁၀။ "ရွှေကိုးမျိုးမှ ကြွင်းသော ရန့်ရင်းကြမ်းတမ်းသည့် **အရာဝတ္ထု၌လည်း** ရန့်ရင်းကြမ်းတမ်းသည့် အရာဝတ္ထုမှန်သမျှ ယုတ်နိမ့်သည် ချည်းဖြစ်သောကြောင့် ထိုရန့်ရင်းကြမ်းတမ်းသည့် အရာဝတ္ထုမှ လွတ်မြောက်သည်ကို "အမြတ်"ဟု ယူရမည်။ ရွှေ, ငွေ စသော အရာဝတ္ထု ကို အယုတ်ယူ၍ လူ, နတ်စသော အရာဝတ္ထုကို "အမြတ်" ဟုယူရာ၏။

## ဆဲခြင်းအမျိုး (၄၀)

ဆဲခြင်း (၁၀) မျိုးတွင် တစ်မျိုး တစ်မျိုး၌ အယုတ်, အမြတ် နှစ်မျိုးစီ ကွဲပြားကြသကဲ့သို့ ထို့အတူ အဆဲခံရသည့် ပုဂ္ဂိုလ်လည်း မင်း စသော မြတ်သော ပုဂ္ဂိုလ်၊ စဏ္ဍာလစသော ယုတ်နိမ့်သော ပုဂ္ဂိုလ်အား ဖြင့် နှစ်မျိုးပင် ကွဲပြား၏။ ဤအကွဲအပြားကို အခြေခံ၍ ဆဲရေးခြင်း အမျိုးပေါင်း (၄၀) ရှိသည်။

**အကျဉ်းပြအံ့**– အမျိုးဖြင့် ဆဲခြင်းသည် (၁) ယုတ်နိမ့်သော ပုဂ္ဂိုလ်ကို ယုတ်နိမ့်သော အမျိုးဖြင့် ဆဲခြင်း၊ (၂) မြင့်မြတ်သော ပုဂ္ဂိုလ်ကို ယုတ်နိမ့်သော အမျိုးဖြင့် ဆဲခြင်း၊ (၃) ယုတ်နိမ့်သော ပုဂ္ဂိုလ်ကို မြင့်မြတ်သော အမျိုးဖြင့် ဆဲခြင်း၊ (၄) မြင့်မြတ်သော ပုဂ္ဂိုလ်ကို မြင့်မြတ်သောအမျိုးဖြင့် ဆဲခြင်း၊ ဤသို့အားဖြင့် (၄) မျိုး ကွဲပြား၏။

အမည်ဖြင့် ဆဲခြင်း စသည်တို့၌လည်း ဤနည်းအတူ (၄) မျိုး စီပင် အသီးသီး ကွဲပြားလေသောကြောင့် ဆဲခြင်းအမျိုးအစားပေါင်း (၄၀) ရှိရသတည်း။

ဆဲခြင်း (၁၀) မျိုးကို အယုတ်, အမြတ် (၂) မျိုးနှင့် မြှောက် (၂၀) ဖြစ်၏။ ထို(၂၀)ကို အဆဲခံရသော အယုတ်, အမြတ်ပုဂ္ဂိုလ် (၂) မျိုးနှင့် မြှောက် (၄၀) ဖြစ်၏။

## ဆဲပုံဆဲနည်း (၄) ချက် နမူနာ

၁။ ဆဲလိုသောစိတ်ဖြင့် စဏ္ဍာလကို "စဏ္ဍာလမျိုး"ဟု ပြော ခြင်းသည် ယုတ်နိမ့်သော ပုဂ္ဂိုလ်ကို ယုတ်နိမ့်အမျိုးဖြင့် ဆဲခြင်းမျိုး ဖြစ်၏။

၂။ မင်းကို "စဏ္ဍာလမျိုး"ဟု ပြောခြင်းသည် မြင့်မြတ်သော ပုဂ္ဂိုလ်ကို ယုတ်နိမ့်သော အမျိုးဖြင့် ဆဲခြင်းမျိုး ဖြစ်၏။

၃။ စဏ္ဍာလကို "မင်းမျိုး"ဟု ပြောခြင်းသည် ယုတ်နိမ့်သော ပုဂ္ဂိုလ်ကို မြင့်မြတ်သောအမျိုးဖြင့် ဆဲခြင်းမျိုး ဖြစ်၏။

၄။ မင်းကို "မင်းမျိုး"ဟု ပြောခြင်းမျိုးသည် မြင့်မြတ်သော ပုဂ္ဂိုလ်ကို မြင့်မြတ်သောအမျိုးဖြင့် ဆဲခြင်းမျိုး ဖြစ်၏။

အမည်ဖြင့် ဆဲခြင်း စသည်တို့၌လည်း ဤနည်းအတူ သိရာ၏။

## ဟုတ်ဟုတ် မဟုတ်ဟုတ် ဆဲခြင်းပင်

ဆဲလိုမှုဖြင့် စဏ္ဍာလမျိုးဖြစ်သူကို "စဏ္ဍာလမျိုး"ဟု၊ မင်းမျိုးဖြစ်သူကို "မင်းမျိုးကြီး"ဟု ပြောခြင်းသည် ဟုတ်မှန်သော ဆဲကြောင်းဝတ္ထုဖြင့် ဆဲခြင်းဖြစ်၏။

စဏ္ဍာလမျိုးဖြစ်သူကို "မင်းမျိုး" ဟု၊ မင်းမျိုးဖြစ်သူကို "စဏ္ဍာလမျိုး"ဟု ပြောခြင်းသည် မဟုတ်မမှန်သော ဆဲကြောင်းဝတ္ထုဖြင့် ဆဲခြင်းဖြစ်၏။

ယုတ်နိမ့်သူကို ယုတ်နိမ့်သောအမျိုး စသည်ဖြင့်၊ မြင့်မြတ်သူကို မြင့်မြတ်သောအမျိုး စသည်ဖြင့် ပြောခြင်းသည် မှန်ရာကို ပြောခြင်းကား ဟုတ်၏။ သို့ရာတွင် ဆဲလိုမှုဖြင့် ပြောသည့်အတွက် ဖရုသဝါစာ ဖြစ်ရ၏။

ထို့ပြင် ယုတ်နိမ့်သူကို မြင့်မြတ်သောအမျိုး စသည်ဖြင့်၊ မြင့်မြတ်သူကို ယုတ်နိမ့်သောအမျိုး စသည်ဖြင့် ပြောခြင်းမှာကား မုသာဝါဒလည်း ဖြစ်လေသည်။

## စောင်းချိတ်ပြောလျှင်လည်း ဖရုသဝါစာပင်

ယခုလိုဆဲရာ၌ တိုက်ရိုက်တဲ့တိုးပြောမှု၊ စောင်းချိတ်ပြောမှုအားဖြင့် ဆဲပုံအခြင်းအရာလည်း (၂)မျိုး ပြားပြန်သည်။

"သင် စဏ္ဍာလပဲ"ဟု ပြောခြင်းသည် တိုက်ရိုက်ဆဲခြင်းမျိုး ဖြစ်သည်။ စောင်းချိတ်၍ ဆဲမှုသည် (၃)မျိုး ရှိ၏။ (၁) ဒီနေရာမှာ စဏ္ဍာလအချို့ ရှိ၏။ (၂) ဒီနေရာရှိသူတို့သည် စဏ္ဍာလတို့ဖြစ်ကုန်၏။

(၃) ငါတို့သည် ကျွဲလတ်တို့ မဟုတ်ကုန်၊ ယာခုကို ခါခြင်းမျိုးတည်း။ ထို့ကြောင့် စောင်းချိတ်ပြောလျှင်လည်း ဖရုဝါစာပင်။

## ကွယ်ရာမှာဆဲလျှင်လည်း ဖရုသဝါစာပင်

"ဤဖရုသဝါစာသည် ဆဲအပ်သူ၏ မျက်မှောက်ဖြစ်ပါမှ ကမ္မပထမြောက်၏" ဟု အချို့ဆရာတို့ ဆိုကြ၏။

ငါတို့အလိုကား "သူတစ်ပါးကိုဆဲရေးပြီးမှ မှားမှန်းသိသဖြင့် ကန်တော့သောပုဂ္ဂိုလ်သည် ကန်တော့ခံရသူ အဝေး၌တည်နေ၍ မျက်ကွယ်ဖြစ်သော်လည်းကောင်း၊ သေပြီးမှသော်လည်းကောင်း ကန်တော့စေကာမူ ကန်တော့ခြင်းကိစ္စ ထမြောက်အောင်မြင်သကဲ့သို့ ထို့အတူ မျက်ကွယ်၌တည်သောသူကို ဆဲသော်လည်းကောင်း၊ သေပြီးသူကို ဆဲသော်လည်းကောင်း ဖရုသဝါစာကံထိုက်၏" ဟူ၍ ဒီဃနိကာယ် ဋီကာဆရာ, မဇ္ဈိမနိကာယ်ဋီကာဆရာတို့ အလိုရှိတော်မူကြကုန်၏။ ထို့ကြောင့် ရှေ့မှာ ဆဲမှ မဟုတ်၊ ကွယ်ရာမှာဆဲလည်း ဖရုသဝါစာကမ္မပထမြောက်၏" ဟု ယူကြပါကုန်၏။

## ကိုယ်ဖြင့် သိစေလျှင်လည်း ဖရုသဝါစာဖြစ်

ဆဲရာ၌ ပါးစပ်ဖြင့် ပြောမှ မဟုတ်ပေ၊ ဆဲသည့်အဓိပ္ပာယ်ကို သိအောင် လက်ဖြင့် ကြမ်းကြမ်းတမ်းတမ်းလုပ်ပြမှု၊ စာရေးပြမှု စသည် များလည်း ပါဝင်သည်။ သို့သော် များသောအားဖြင့် နှုတ်ဖြင့်ပြောသည့် ဖရုသ (ကြမ်းကြမ်းတမ်းတမ်း)က များသောကြောင့် ဖရုသကို "ဝစီကံ" ဟု ဆိုခြင်းဖြစ်၏။ အနည်းငယ်အားဖြင့် "ကိုယ်ဖြင့်ပြုသည့် ဖရုသလည်း ရှိသည်" ဟု မှတ်သားရာ၏။

## စကားကြမ်းသော်လည်း စိတ်နူးညံ့လျှင် ဖရုသဝါစာ မဖြစ်

သူငယ်တစ်ယောက်သည် မိခင့်စကားကို နားမထောင်ဘဲ တောသွားလေလျှင် မိခင်ဖြစ်သူက တားလို့မရသဖြင့် "သင် သားမိုက်ကို တောကျွဲမကြမ်းကြီး လိုက်ခတ်ပါစေဟယ်" ဟု ကျိန်ဆဲလေသည်။ ထိုသို့ ဆဲရာ၌ နှုတ်ထွက်စကားကြမ်းတမ်းသော်လည်း စိတ်နူးညံ့သောကြောင့်

''ဖရုသဝါစာ မဖြစ်''ဟု သီလက္ခန်ဗြဟ္မဇာလသုတ်အဋ္ဌကထာ၊ အဋ္ဌ-သာလိနီဒွါရကထာ စသည်တို့၌ မိန့်ဆိုထားလေသည်။

ထို့အတူ မိဘတို့သည် သားငယ် သမီးငယ်တို့ကို ပြောဆိုမရသည့်အခါ ''မြွေပွေးကိုက်သေပါစေ၊ ကားတိုက်သေပါစေ'' စသည်ဖြင့် ကြမ်းကြမ်းတမ်းတမ်း ပြောတတ်ကြလေသည်။ ပြောကြသော်လည်း သားသမီးတို့ကို ခြင်ကလေးမျှပင် မကိုက်စေလိုကြ၊ စက်ဘီးကလေးမျှပင် မတိုက်စေလိုကြ၊ သားသမီးတို့အပေါ် ကြာဖက်ကလေးမျှပင် မကျစေလိုကြ။

ဆရာတို့သည် တပည့်များကို ရံခါရံခါ ''ခွေးမသားတွေ.... ထွက်သွားကြ'' စသည်ဖြင့် ကြမ်းကြမ်းတမ်းတမ်း ပြောတတ်ကြလေသည်။ ပြောကြသော်လည်း တပည့်များ ပညာတတ်မှုကို လိုလားလျက် ရှိကြလေသည်။

ယခုလို မိဘဆရာတို့က သားသမီး တပည့်များကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုဆဲရာ၌ နှုတ်ထွက်စကားကြမ်းသော်လည်း စိတ်မှာ လွန်စွာမှ အကျိုးလိုလားသည်ဖြစ်၍ နူးညံ့သောကြောင့် ဖရုသဝါစာ မဖြစ်။

ဤအဆိုမှာ သီလက္ခန်ဗြဟ္မဇာလသုတ်အဋ္ဌကထာ၊ အဋ္ဌသာလိနီ ဒွါရကထာ စသည်တို့အလို ဖြစ်၏။ သို့သော် အမျက်ဒေါသထွက်သည့် စိတ် မပါပါမူ၊ ဒေါသမဖြစ်ပါမူ ဖရုသဝါစာနှင့် လွတ်သည်။ ဒေါသ စိတ်ဖြင့် ပြောမှု၊ ဒေါသဖြစ်မှု မလွတ်ပေ၊ ဖရုသဝါစာ ဖြစ်သည်သာ။

## အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ဝါသနာ

အရှင်ပိလိန္ဒဝစ္ဆရဟန္တာမထေရ်သည် လူတို့နှင့်ဖြစ်စေ၊ ရဟန်းတို့နှင့်ဖြစ်စေ စကားပြောလျှင် ''သူယုတ်လာ၊ သူယုတ်သွား'' စသည်ဖြင့် စကားဝါကျခွန်းတိုင်းမှာပင် ''သူယုတ်''စကားလုံး ထည့်၍ ပြောလေ့ ရှိလေသည်။

တစ်နေ့သ၌ ရဟန်းတို့က အရှင်ပိလိန္ဒဝစ္ဆ နှုတ်ထွက်ကြမ်းမှုနှင့် ပတ်သက်ပြီး ဘုရားရှင်ကို ''မြတ်စွာဘုရား... အရိယာတို့မည်သည် ရှန့်ရင်းကြမ်းတမ်းသောစကားကို မပြောဘူးမဟုတ်လား''ဟု မေးလျှောက်ကြလေသည်။

မြတ်စွာဘုရားက "ရဟန်းတို့.... အရိယာပုဂ္ဂိုလ်တို့သန္တာန်မှာ သူတစ်ပါးကို ရှုတ်ချသော ဒေါသစိတ်ဖြင့် ပြောသည့် ရုန့်ရင်းကြမ်းတမ်းသော စကားဟူ၍ မရှိချေ၊ အမှန်အားဖြင့် အတိတ်ဘဝ အဆက်ဆက်က လေ့ကျက်ထုံခဲ့သော ကိလေသာ၏ အငွေ့သတ္တိတည်းဟူသော ဝါသနာ၏အစွမ်းဖြင့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောခြင်းဖြစ်လေသည်"ဟု မိန့်တော်မူလျှင် ရဟန်းတို့က "မြတ်စွာဘုရား.... အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် လူတို့နှင့်ဖြစ်စေ၊ ရဟန်းတို့နှင့်ဖြစ်စေ စကားပြောလျှင် 'သူယုတ်၊ သူယုတ်'ဟု ပြောပါသည်၊ ဘယ်အတွက်ကြောင့် ခုလို ပြောရပါသလဲ ဘုရား''ဟု မေးမြန်းလျှောက်ထားကြလေသည်။

မြတ်စွာဘုရားက "ရဟန်းတို့.... ငါ့သား ပိလိန္ဒဝစ္ဆ ခုလို နှုတ်ထွက်ကြမ်းမှုသည် ခုမှသာဖြစ်သည့် အလေ့အကျက်မဟုတ်ပေ၊ လွန်ခဲ့သော ဘဝငါးရာ တစ်ဆက်တည်းမှာပင် လူတစ်ဖက်သားကို 'သူယုတ်' ဟု ပြောလေ့ရှိသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့သည်၊ ငါ့သားပိလိန္ဒဝစ္ဆသည် ဘဝအလေ့အကျက် အထုံဝါသနာကြောင့်သာ ခုလို နှုတ်ထွက်ကြမ်းသောစကားကို ပြောလေသည်၊ ကြမ်းတမ်းသည့်စိတ်စေတနာဖြင့် ပြောသည်မဟုတ်၊ အရိယာတို့ပြောသော စကားသည် နှုတ်ထွက်ပင်ကြမ်းသော်လည်း စိတ်စေတနာက မကြမ်းသောကြောင့် စင်ကြယ်သည်သာ ဖြစ်၏။ ခုလို အရိယာပုဂ္ဂိုလ်တို့ နှုတ်ထွက်ကြမ်းမှု၌ အနည်းငယ်မျှသာပင် မကောင်းမှုအကုသိုလ် မဖြစ်''ဟု မိန့်တော်မူလေသည်။

ယခုလို အရှင်ပိလိန္ဒဝစ္ဆမထေရ် နှုတ်ထွက်ကြမ်းသော်လည်း စိတ်စေတနာ မကြမ်းသောကြောင့် ဖရုသဝါစာ မဖြစ်ကြောင်းကို အင်္ဂုတ္တိုရ်ပိလိန္ဒဝစ္ဆဝတ္ထု၊ အဋ္ဌကထာ၌ မိန့်ဆိုထားလေသည်။

ရဟန္တာဖြစ်က ဒေါသကိုပယ်ပြီးဖြစ်သောကြောင့် ရဟန္တာတို့အဖို့ ဒေါသစိတ်ဖြင့် ပြောသည့်စကား အဘယ်မှာ ရှိပါတော့မည်နည်း။ ဒေါသစိတ်ဖြင့် ပြောသည့်စကား မရှိတော့သည်သာ။

## စကားနူးညံ့စေကာမူ စိတ်ကြမ်းလျှင် ဖရုသဝါစာ ဖြစ်

တရားသူကြီးက သတ်ဖို့ရန် အမိန့်ချရာ၌ ပြုံးရွှင်သောမျက်နှာဖြင့် "ဒီရာဇဝတ်သားကို ချမ်းချမ်းသာသာ သိပ်ထားလိုက်ပါ"ဟု ပြောလေသည်။ ထိုစကားသည် နူးညံ့သိမ်မွေ့ချိုသာလှသော်လည်း အတွင်းစိတ်က အင်မတန်ကြမ်းတမ်းသောကြောင့် ဖရုသဝါစာ ဖြစ်လေသည်။

ယခုလို စကားကာ နူးညံ့သိမ်မွေ့ ချိုသာသောစကားမှု စိတ်ကြမ်းက ဖရုသဝါစာဖြစ်ကြောင်း သီလက္ခန်ဗြဟ္မဇာလသုတ်၊ အဋ္ဌသာလိနီဋ္ဌကထာ အဋ္ဌကထာတို့၌ ဆိုထားလေသည်။

## ဖရုသဝါစာ အင်္ဂါ ၃-ပါး

(၁) အဆဲခံရသူက သူတစ်ပါးဖြစ်ခြင်း၊

(၂) အမျက်ထွက်သည့် စိတ်ရှိခြင်း (စိတ်ဆိုးခြင်း)၊

(၃) ဆဲခြင်း၊

ဤအင်္ဂါ ၃-ပါးသည် ဖရုသဝါစာ၏ အင်္ဂါဖြစ်၏။

## ကမ္မပထ မြောက်မှု မမြောက်မှု

ဖော်ပြခဲ့ပြီးသော ဆဲခြောင်းဖြစ်သော စေတနာသည် အင်္ဂါညီမှသာ ကမ္မပထမြောက်သည်။ "အပါယ်ရောက်ကြောင်း လမ်းကြောင်းဖြစ်သော ကံ၊ အပါယ်ရောက်စေနိုင်သောကံ ဖြစ်သည်"ဟု ဆိုလိုပေသည်။ အင်္ဂါမညီက ကမ္မပထမမြောက်။

ကမ္မပထမြောက်မှသာ ဖရုသဝါစာကံ အထမြောက်သည်။ "ဖရုသဝါစာကံ"ဟု ဆိုရသည်။ ကမ္မပထမမြောက်က ဖရုသဝါစာကံ အထမမြောက်၊ "ဖရုသဝါစာကံ"ဟု မဆိုရ။ ဝစီကံသာမညသာ ဖြစ်သည်။ သာမညအားဖြင့် "ဝစီကံ"ဟုသာ ဆိုရသည်။ (ပရမတ္ထဒီပနီ)။ "ဝစီဒုစရိုက်"ဟုသာ ဆိုရသည်။ (အဋ္ဌသာလိနီ)။ ယခုလို ဖရုသဝါစာ အထမြောက်သည်ကိုပင် "ဖရုသဝါစာကံထိုက်သည်" ဟု ဆိုသည်။

## ကမ္မပထမြောက်သောကံနှင့် မမြောက်သောကံ အကျိုးပေးထူးခြားဟန်

ကမ္မပထမြောက်သောကံနှင့် မမြောက်သောကံ ၂-မျိုးတို့ အကျိုးပေး ထူးခြားချက်မှာ— ကမ္မပထမြောက်သောကံသည် အပါယ် ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။ ကမ္မပထမမြောက်သောကံမှာ အပါယ် ပဋိသန္ဓေအကျိုး ပေးနိုင် မပေးနိုင် ကိန်းသေမကျ၊ အချို့ ပေးနိုင်သည်၊ အချို့ မပေးနိုင်။ ပဋိသန္ဓေအကျိုးကို မပေးနိုင်သော်လည်း မိမိဆဲသည့်အတိုင်း မိမိမှာ ပြန်ဖြစ်ခြင်းစသော ဝဋ်လိုက်သည့်အနေဖြင့် ဖြစ်သော

ပဝတ္တိကျိုးကို မပေးသည်မှုကား ဖယချှာလှလေသည်။ (အင်္ဂုတ္တရ သာလိနီနှင့် ယင်းအဖွင့်ဋီကာများ)

## အပြစ် အကြီး, အငယ်

အဆဲခံရသူ၏ သီလစသောဂုဏ် အကြီး,အငယ်လိုက်၍ အပြစ် အကြီးအငယ် ကွာလေသည်။ အဆဲခံရသူက သီလစသောဂုဏ်ကြီးလျှင် အပြစ်ကြီးသည်။ အဆဲခံရသူက သီလစသောဂုဏ် ငယ်လျှင် အပြစ် ငယ်သည်။

သီလမရှိသူကို ဆဲခြင်းထက် သီလရှိသူကို ဆဲခြင်းက ပိုအပြစ်ကြီး သည်။ ပုထုဇဉ်ကို ဆဲခြင်းထက် သောတာပန်ကို ဆဲခြင်းက၊ သောတာပန် ကို ဆဲခြင်းထက် သကဒါဂါမ်ကို ဆဲခြင်းက၊ သကဒါဂါမ်ကို ဆဲခြင်း ထက် အနာဂါမ်ကို ဆဲခြင်းက၊ အနာဂါမ်ကို ဆဲခြင်းထက် ရဟန္တာကို ဆဲခြင်းက ပိုအပြစ်ကြီးသည်။ ပုထုဇဉ်တွင်လည်း ငါးပါးသီလမလုံသူကို ဆဲခြင်းထက် ငါးပါးသီလလုံသူကို ဆဲခြင်းက၊ သီလတစ်ပါးလုံသူကို ဆဲခြင်းထက် နှစ်ပါးလုံသူကို ဆဲခြင်းက၊ နှစ်ပါးလုံသူကို ဆဲခြင်းထက် သုံးပါးလုံသူကို ဆဲခြင်းက၊ သုံးပါးလုံသူကို ဆဲခြင်းထက် လေးပါးလုံ သူကို ဆဲခြင်းက၊ လေးပါးလုံသူကို ဆဲခြင်းထက် ငါးပါးလုံသူကို ဆဲခြင်း က၊ ငါးပါးလုံသူကို ဆဲခြင်းထက် ရှစ်ပါးသီလစောင့်သူကို ဆဲခြင်းက ပိုအပြစ်ကြီးသည်။ ဤသို့ စသည်ဖြင့်သိရာ၏။

ထို့ပြင် ဆဲသူ၏ ဒေါသအကြီး, အငယ်လိုက်၍ လည်းကောင်း၊ ဆဲသည့်စကား အများ, အနည်းလိုက်၍ လည်းကောင်း အပြစ်အကြီး, အငယ် ကွာလေသည်။

ထို့ပြင် ကမ္မပထမြောက်, မမြောက်လိုက်၍လည်း အပြစ်အကြီး, အငယ် ကွာလေသည်။ ကမ္မပထမြောက်လျှင် အပြစ်ကြီးသည်။ ကမ္မပထ မမြောက်လျှင် အပြစ်ငယ်သည်။

(အင်္ဂုတ္တရသာလိနီဒွါရကထာ၊ သီလက္ခန်ဗြဟ္မဇာလသုတ် အင်္ဂုကထာ၊ ယင်းဋီကာဟောင်း၊ ဋီကာသစ်၊ ပါစိတ်ဩမသဝါဒသိက္ခာပုဒ်ပါဠိ၊ အင်္ဂုကထာနှင့် ဋီကာကျော်၊ မဏိသာရမဉ္ဇူသာဋီကာ၊ ပရမတ္ထဒီပနီ စသော သင်္ဂြိုဟ်အဖွင့်ကျမ်းများကို ကြည့်၍ ညှိရေးသည်။)

## ကျိန်စာဆိုရာ၌ ဖရုသဝါစာ မဖြစ်

ဖရုသဝါစာ၏ အင်္ဂါတွင် အဆဲခံရသူက သူတစ်ပါးဖြစ်ခြင်း အင်္ဂါပါလေရာ အဆဲခံရသူက သူတစ်ပါးဖြစ်မှ ဖရုသဝါစာဖြစ်သော ကြောင့် မိမိအတွက် ကျိန်သည့် ကျိန်စာဆိုရာ၌ ''ဖရုသဝါစာမဖြစ်''ဟု မှတ်။

သို့သော် မုသားပြော၍ ကျိန်စာဆိုရာ၌ ကျိန်စာဆိုသည့်အတိုင်း ဖြစ်ရတတ်သောကြောင့် မုသားပြော၍ ကျိန်စာဆိုခြင်းကိုလည်း ရှောင် သင့်လှ၏။

## ရိုးရိုးဆဲမှုနှင့် ကျိန်၍ဆဲမှု

''သင်သားမိုက်ကို တောကျွဲမကြမ်းကြီး သိုက်ခတ်ပါစေဟယ်''ဟု ကျိန်ခြင်းကို ''ဆဲခြင်း''ဟု အက္ကောသသဒ္ဒါဖြင့် (အဋ္ဌသာလိနီ ဒွါရ ကထာ)၌ ဆိုသည်။ ထို့ကြောင့် ဆဲခြင်းသည် (၁) ယခုကာလ၌ ဆဲသကဲ့သို့ ရိုးရိုးဆဲခြင်း၊ (၂) ကျိန်ဆဲခြင်းအားဖြင့် ၂-မျိုးရှိသတည်း။

## ကျိန်ခြင်း ၂-မျိုးနှင့် ဖရုသဝါစာဖြစ်သော ကျိန်ခြင်း

ရသေ့၏ သရက်ဥယျာဉ်အတွင်း သေဌေးသမီးလေးပေါက် ဝင်ရောက်ကြည့်ရှုကြသည့်အခါ ရသေ့မြင်၍ ရသေ့က ''သရက်သီး သူခိုး''ဟု စွပ်စွဲလေသည်။ သေဌေးသမီးများက အရှင်ရသေ့၏ သရက် သီးများကို မခိုးကြောင်း ပြောသော်လည်း ရသေ့က မယုံသဖြင့် အကျိန် ခိုင်းလေလျှင် သေဌေးသမီးတစ်ယောက်က ကျွန်မ ခိုးပါက အိပ်ရာ၌ ချစ်လင်မပါ တစ်ကိုယ်တည်းသာ အိပ်ရပါစေသား''ဟု ကျိန်လေသည်။

(စတုက္ကနိပါတ် အမ္ဗဇာတ်)

ဤကျိန်ခြင်း၌ အက္ကောသသဒ္ဒါဖြင့် မသုံးစွဲမရေးသားဘဲ သပထ သဒ္ဒါဖြင့် အဋ္ဌကထာဆရာ သုံးစွဲရေးသားထားသည်။ ဤကျိန်ခြင်းက တစ်မျိုးဖြစ်သည်။

ဤကျိန်ခြင်းကို ''ကျိန်စာဆိုခြင်း''ဟု မှတ်ပါ။ ရှေ့ကျိန်ခြင်းကို ''ကျိန်ဆဲခြင်း''ဟု မှတ်ပါ။ ထို့ကြောင့် ကျိန်ခြင်းသည် (၁) ကျိန်စာ ဆိုခြင်း၊ (၂) ကျိန်ဆဲခြင်းအားဖြင့် ၂-မျိုးရှိ၏။ ၂-မျိုးတွင် ''ကျိန် စာဆိုခြင်းမှာ ဖရုသဝါစာ မဖြစ်၊ ကျိန်ဆဲခြင်းသာ ဖရုသဝါစာ ဖြစ်သည်''ဟု မှတ်သားရာ၏။

## ကျိန်ခြင်း ၂-မျိုး ထူးခြားပုံ

ကျိန်စာဆိုခြင်းနှင့် ကျိန်ဆဲခြင်းသည် အဓိပ္ပာယ်ခပ်ဆင်ဆင်ပင် ဖြစ်သော်လည်း ကျိန်စာဆိုခြင်းမှာ မိမိအတွက်ဖြစ်ပြီး ကျိန်ဆဲခြင်းမှာ သူတစ်ပါးအတွက် ဖြစ်၏။

ထို့ပြင် ကျိန်စာဆိုခြင်းမှာ သူတစ်ပါး ယုံကြည်စေလို၍ ဖြစ်၏။ ကျိန်ဆဲခြင်းမှာ သူတစ်ပါး ဒုက္ခရောက်စေလို၍ ဖြစ်၏။ ဤသို့ ထူးခြားကြလေသည်။ (ဤကျိန်ဆဲခြင်းနှင့် ကျိန်စာဆိုခြင်းဆိုင်ရာကို အာဏာတျာ သိဒ္ဓေနတ္တကာလေ ပဉ္စမီ-သုတ်အဖွင့် သဒ္ဒါကျမ်းများကို မှီငြမ်းရေးသည်။)

## ကျိန်စာဆိုမှု သတိပြု

ဤကျိန်စာဆိုခြင်း--ဟူသော ကျိန်မှုသည် ဖရုသဝါစာ မဖြစ်သော်လည်း ကျိန်သည့်အတိုင်း ဖြစ်ရတတ်၊ ခံရတတ်သောကြောင့် ကျိန်စာဆိုမှုလည်း သတိပြုစရာပင်။ သို့ဖြစ်၍ ကျိန်စာဆိုသည့်အတွက် ကျိန်စာဆိုသည့်အတိုင်း ဖြစ်ရ၊ ခံရသော သက်သေသာဓကဝတ္ထုများကို ဖော်ပြပါဦးမည်။

## ကုန်သည်၏ချွေးမနှင့် မယား ကျိန်သည့်အတိုင်း ကိုယ့်ကျောသားနှင့် မစပ် စားကြရ

သာဝတ္ထိမြို့အနီး ရွာတစ်ရွာမှ ကုန်သည်၏ချွေးမသည် အိမ်သားအားလုံးအတွက် ချက်ထားသော အမဲသားဟင်းကို ခိုးစားလေသည်။ အမဲဟင်း ဘိုပ်နည်းသဖြင့် အိမ်သားများက ''နင် အမဲသားဟင်း ခိုးစားသလား''ဟု မေးမြန်းကြလေလျှင် ''ကျွန်မ ခိုးမစားပါ၊ ခိုးစားခဲ့လျှင် ဖြစ်လေရာဘဝတိုင်း ကိုယ့်ကျောသားကို ကိုယ်ကိုယ်တိုင် ခြစ်ယူ၍ စားရပါစေရဲ့''ဟု မုသားပြော ကျိန်ဆိုလေသည်။

ကုန်သည်၏ မယားဖြစ်သူလည်း အဖိုးတန်သည့် ပတ္တည်းကိုပင် ဖြစ်စေ သူတစ်ပါးက တောင်းလျှင် မပေးလိုသဖြင့် ''မရှိ''ဟု လိမ်ပြောလေ့ရှိ၏။ တစ်နေ့သ၌ တောင်းသူက အကျွမ်းဝင်သူ ဖြစ်၍ အတင်းတောင်းလေသည်။ 'မရှိ''ဟု ထပ်တလဲလဲပြောသော်လည်း မယုံသဖြင့် ''အကယ်၍ ရှိပါလျက် 'မရှိ'ဟု ငါပြောလျှင် ဖြစ်လေရာဘဝတိုင်း မစင်ကို စားရပါစေရဲ့''ဟု မုသားပြော ကျိန်ဆိုလေသည်။

ထိုဘဝမှ သေကြသော် ချွေးမနှင့် မယားတို့သည် မုသာဝါဒ အကုသိုလ်ကံကြောင့် “ဝိဠျာ”အမည်ရှိသော တောအုပ်၌ ပြိတ္တာဖြစ်ကြလေသည်။ ကျိန်သည့်အတွက်ကြောင့် ချွေးမဖြစ်သူသည် ကျိန်သည့်အတိုင်း အလွန်ထက်မြက်သည့် လက်သည်းရှည်ကြီးများဖြင့် ကိုယ့်ကျောသားကို ကိုယ်ကိုယ်တိုင် ခြစ်ခြစ်ခွာယူပြီး စားရကာ ဆင်းရဲဒုက္ခကြီးစွာခံရလေသည်။

မယားဖြစ်သူလည်း ကျိန်သည့်အတိုင်း မစင်များကို လက်နှစ်ဖက်ဖြင့် ယူကာယူကာ လွေးလျက် အတိုင်းထက်အလွန် ဆင်းရဲဒုက္ခခံရလေသည်။ ကောင်းမွန်သော သလေးထမင်းကိုပေးစေကာမူ သူ့ဆီရောက်လျှင် သလေးထမင်းသည် မစင်သာဖြစ်ရလေသတဲ့။ (ဘုသပေတဝတ္ထု)

## သူကြွယ်၏မယားကြီး ကျိန်သည့်အတိုင်း နေ့စဉ် သား(၁၀)ယောက် စားရ

သာဝတ္ထိမြို့အနီး ရွာတစ်ရွာ၌ သူကြွယ်၏မယားသည် အမြုံဖြစ်သည်ဖြင့် နောက်ထက် မိန်းမတစ်ယောက်ယူဖို့ ဆွေမျိုးများကလည်း တိုက်တွန်း၊ မယားကိုယ်တိုင်ကလည်း အတင်းတိုက်တွန်းသဖြင့် နောက်မိန်းမ ယူလေသည်။

နောက်မိန်းမ မယားငယ် ကိုယ်ဝန်ရလျှင် မယားကြီးသည် “ဒီမိန်းမ သားသမီးရလျှင် အိမ်ကိုအုပ်စိုးလိမ့်မည်”ဟု မနာလိုစိတ် ဖြစ်ကာ ပရိဗိုဇ်ဆေးဆရာတစ်ယောက်ကို လက်ဆောင်ပေးပြီး မယားငယ်ကို လှည့်ဖြားပြော၍ ကိုယ်ဝန်ပျက်ကျဆေးတိုက်ဖို့ အကူအညီတောင်းလေသည်။ ဆေးဆရာသည် မယားကြီးပြောသည့်အတိုင်း မယားငယ်ကို လှည့်ဖြားပြောပြီး ကိုယ်ဝန်ပျက်ကျဆေး တိုက်လေသည်။ မယားငယ်၏ နှစ်လသားကိုယ်ဝန် ပျက်ကျလေသည်။

မိခင်ဖြစ်သူသည် ထိုအကြောင်းကို သိလျှင် မခံမရပ်နိုင်ဖြစ်ကာ ဆွေမျိုးများခေါ်၍ မယားကြီးထံသွားပြီးလျှင် “နင် ငါ့သမီးကို ကိုယ်ဝန်ပျက်ကျအောင် လုပ်တယ်”ဟု စွပ်စွဲလေသည်။ “ကျွန်မ မလုပ်ဘူး”ဟု လိမ်ပြောသော် “နင် မလုပ်လျှင် ကျိန်”ဟု အကျိန်ခိုင်းသဖြင့် “ကျွန်မ အကယ်၍ အဒေါ်၏သမီးကို ကိုယ်ဝန်ပျက်ကျအောင် လုပ်ခဲ့လျှင် သေသော် မကောင်းသည့်ဘဝရောက်၍ ဝင်မွတ်လျက် နေ့စဉ် မနက် သားငါးယောက်၊ ညနေ သားငါးယောက် မွေး၍ ကိုယ့်သား

ဆယ်ယောက်ကို ကိုယ်ပြန်စားရပါစေသား၊ စားသော်လည်း မဝ၊ အဆာပင် မပြေပါစေသား၊ ယင်းတလောင်းလောင်းဖြင့် အပုပ်နံ့ ထွက်ပါစေသား''ဟု မုသားပြော ကျိန်လေသည်။

ထိုမိန်းမ မကြာမီသေသော် ကိုယ်ဝန်ဖျက်သတ်ခဲ့သည့် ပါဏာတိ-ပါတကံဖြင့် လိမ်ပြောသည့် မုသာဝါဒ အကုသိုလ်ကံကြောင့် ထိုရွာ အနီး တောအစ်ဘောဝယ် ပြိတ္တာမ ဖြစ်လေသည်။ ကျိန်သည့်အတွက် ကြောင့် ကျိန်သည့်အတိုင်း ငတ်မွတ်လျက် နေ့စဉ် မနက် သားငါး ယောက်၊ ညနေ သားငါးယောက် မွေးဖွား၍ မွေးဖွားလာတိုင်းသော သားများကို စားရလေသည်။ စားသော်လည်း မဝ၊ အဆာပင်မပြေဘဲ ယင်တလောင်းလောင်းဖြင့် အပုပ်နံ့ထွက်ကာ ဆင်းရဲဒုက္ခ ခံစားနေရ သတဲ့။ (ပဉ္စပုတ္တခါဒပေတဝတ္ထု)

## ဥပါသကာ၏မယားကြီး ကျိန်သည့်အတိုင်း နေ့စဉ် သား(၁၄)ယောက် စားရ

သာဝတ္ထိမြို့အနီး တောရွာတစ်ရွာ၌ ဥပါသကာတစ်ယောက် သည် မယားဖြစ်သူက မထိမ်မြင် ပြုလုပ်လေ့ရှိသဖြင့် စိတ်ပျက်ကာ နောက်မိန်းမယူလေသည်။

နောက်မိန်းမ ကိုယ်ဝန်ရသော် မယားကြီးသည် မနာလိုဝန်တို ကာ ဆေးဆရာကို ငွေပေးပြီး မယားငယ်ကို ကိုယ်ဝန်ပျက်ကျအောင် ဆေးကျွေးခိုင်းလေသည်။ ဆေးဆရာသည် ဆေးကျွေးလေလျှင် မယား ငယ်၏ သုံးလရှိကိုယ်ဝန် ပျက်ကျလေသည်။

လင်ဖြစ်သူနှင့် မယားငယ်၏ဆွေမျိုး များက မယားကြီးကို ''နင် သူ့ကိုယ်ဝန်ပျက်ကျအောင် လုပ်သည်''ဟု စွပ်စွဲကြသည့်အခါ ''ကျွန်မ မလုပ်ပါ''ဟု ငြင်းလေသည်။ မယုံသဖြင့် အကျိန်ခိုင်းကြလေလျှင် ''ကျွန်မ အကယ်၍ သူ့ကိုယ်ဝန်ပျက်ကျအောင်လုပ်လျှင် နေ့စဉ် မနက် သားခုနစ်ယောက်၊ ညနေ သားခုနစ်ယောက် မွေးဖွား၍ သားတစ်ကျိပ် လေးယောက်၏အသားကို စားရပါစေသား၊ စားသော်လဲ အာသာပင် မပြေဘဲ ရှိပါစေသား''ဟု မုသားပြော ကျိန်လေသည်။

ထိုမယားကြီး သေသော် ပါဏာတိပါတကံနှင့် မုသာဝါဒကံ ကြောင့် ပြိတ္တာမဖြစ်ကာ ကျိန်သည့်အတွက်ကြောင့် ကျိန်သည့်အတိုင်း

မနက် သားခုနစ်ယောက်၊ ညနေ သားခုနစ်ယောက် မွေး၍ ကိုယ့်သားများကို ကိုယ်ပြန်စားရကာ နေ့စဉ်စားသော်လည်း ငြိမ်ဆိုထား နှင့် အာသာပြေမပြေဘူးတဲ့။ (သတ္တပုတ္တခါဒပေတဝတ္ထု)

## သောတာပန် ဥပါသကာ၏ ဇနီးနှင့် အဖော်များ ကျိန်သည့်အတိုင်း ဖြစ်စားခံရ ကျွန်မဖြစ်ကြရ

ကဿပဘုရားရှင်လက်ထက်က သောတာပန်ဥပါသကာ တစ်ယောက်၏ဇနီး ဥပါသိကာမသည် အဖော်မိန်းမများနှင့်အတူ မကြာမကြာ ကျောင်းဥပုသ်စောင့်သွားရာမှ တစ်နေ့တွင် အရက်သမား တစ်ယောက်နှင့် ဖောက်ပြားလေသည်။

ထိုအကြောင်းကို အခြားအရက်သမားများက လင်ဥပါသကာကို ပြောကြသဖြင့် လင်က "မင်း အရက်သမားများ ပြောသည့်အတိုင်း အရက်သမားတစ်ယောက်နှင့် ဖောက်ပြားသည်မှာ ဒမှန်ပင်လား"ဟု မယားကို မေးလေသည်။ "ကျွန်မ မဟုတ်ပါ"ဟု မုသားပြော ငြင်းလေသည်။ လင်ဖြစ်သူက မယုံသဖြင့် အနီးရှိ နားရွက်ပြတ်နေသော ခွေးနက်ကြီးကို လက်ညှိုးထိုးပြ၍ "ကျွန်မ အကယ်၍ ယောကျ်ား တစ်ပါးနှင့် ဖောက်ပြားခဲ့သော် ဤနားရွက်ပြတ်ခွေးနက်ကြီးသည် ဘဝ များစွာလိုက်၍ ကျွန်မအသားကို စားပါစေသား"ဟု ကျိန်လေသည်။

မယားဖြစ်သူက ကျိန်သော်လည်း လင်ဖြစ်သူကမယုံပြင် တရား အတူသွားသွားနေသော အဖော်မိန်းမများကို "ငါ့မိန်းမ အရက်သမား တစ်ယောက်နှင့် ဖောက်ပြားသည်ကို သင်တို့ သိကြပါသလား"ဟု မေးလေသည်။ "ကျွန်မတို့ မသိကြပါ"ဟု လိမ်ပြောကြသော်လည်း ဥပါသကာက မယုံသဖြင့် "ကျွန်မတို့ အကယ်၍ သိကြပါလျှင် ဘဝ များစွာ ရှင့်မိန်းမ၏ကျွန်မများ ဖြစ်ကြရပါစေသား"ဟု ကျိန်လေသည်။

ထိုမိန်းမတို့ သေကြသော် အရက်သမားနှင့် ဖောက်ပြားသော မိန်းမသည် ဖောက်ပြားသည့် ကာမေသုမိစ္ဆာစာရကံနှင့် လင်ကိုလိမ်လည် သည့် မုသာဝါဒကံကြောင့် ဟိမဝန္တာတောတွင် နေ့စံ ညခံသည့် ဝေမာနိကပြိတ္တာဖြစ်ကာ ကျိန်ဆဲသည့်အတွက်ကြောင့် ညဉ့်ရောက်လျှင် ကျိန်သည့်အတိုင်း အနီးရှိရေကန်ဘေးသွားရောက်ကာ ကြောက်မက်ဖွယ် ရာ ဆင်ငယ်ပမာဏရှိသော နားရွက်ပြတ် ခွေးနက်ကြီးတစ်ကောင်သည် အလွန် ဆာလောင် မွတ်သိပ်သောအသွင်ဖြင့် လာလေပြီး ထိုပြိတ္တာမ၏

အသားမှန်သမျှကို အတင်းကိုက်ဖဲ့စားကာ အရိုးချည်းကျန်မှ ပြန် ပြန်သွားလေသည်။ ထိုမိန်းမသည် ထိုအကုသိုလ်ကံမကုန်မချင်း ပင်ကို အတိုင်းပြန်ပြန်ဖြစ်ကာ ညဥ့်ရောက်တိုင်း ခွေးစားခံရလေသည်။

အဖော်မိန်းမတို့မှာ မုသာဝါဒကံကြောင့် ပြိတ္တာဖြစ်ရပြီး ကျိန်သည့်အတွက်ကြောင့် ကျိန်သည့်အတိုင်း ထိုမိန်းမ၏ကျွန်များ ဖြစ်ကြရလေသည်။ ဥပုသ်စောင့်ကျင့်ခဲ့သည့် ကုသိုလ်ကံကြောင့် ပြိတ္တာရိုးရိုးမဖြစ်ရဘဲ ဗိမာန်ရှိသည့် နေ့ခံရသည့် ဝေမာနိကပြိတ္တာ ဖြစ်ရလေသည်။

(ကင်္ခါမုဉ္စပေတိဝတ္ထု)

## လိမ်မှုနှင့် ကျိန်စာဆိုမှု အကျိုးသက်ရောက်ပုံ

လိမ်သည့်အတွက်ကြောင့် ပြိတ္တာဖြစ်ကာ ဆင်းရဲဒုက္ခကို ခံရသည်။ ကျိန်စာဆိုသည့်အတွက်ကြောင့် ကျိန်စာဆိုသည့်အတိုင်း ဖြစ်ရခံရသည်။ လိမ်မှုနှင့် ကျိန်မှုသည် အကျိုးသက်ရောက်မှု၌ ယခုလို ဆက်စပ်လျက်ရှိကြလေသည်။

## ဧရပ်သီးနှင့်ပေါင်း၍ ကြက်သွန်ဖြူ အစောင်းခံရသလို

''ဘာရက်သီး သူခိုး''ဟု ရသေ့က စွပ်စွဲသဖြင့် သေငွေးသမီးက ကျိန်စာဆိုခြင်းသည် အမှန်ပြော၍ ကျိန်စာဆိုခြင်းဖြစ်၏။ ယခုလို အမှန်ပြော၍ ကျိန်စာဆိုရာ၌ ကျိန်စာဆိုမှုအတွက် အကျိုးသက်ရောက်မှု မရှိသော်လည်း မုသားပြော၍ ကျိန်စာဆိုရာ၌ကား ကျိန်စာဆိုမှုအတွက် ကျိန်ဆိုသည့်အတိုင်း ဖြစ်ရသည်။

ကျိန်စာဆိုမှုသည် ဖရုသဝါစာမဖြစ်သော်လည်း မုသာဝါဒကံ၏ အဖော်သဟဲဖြစ်၍ ကျိန်စာဆိုသည့်အတိုင်း ဖြစ်ရ၏။ ဧရပ်သီးနှင့်ပေါင်း၍ ကြက်သွန်ဖြူ အထောင်းခံရသကဲ့သို့ မုသားနှင့်ပေါင်းမိ၍ ကျိန်စာဆိုမှုသည် အကျိုးသက်ရောက်မှုရှိရလေသည်။

## လုပ်ပိုင်ခွင့်အာဏာရှိသူနှင့် စာရင်းပေးနိုင်သူပမာ

တစ်နည်း အားဖြင့်ဆိုသော် မုသာဝါဒသည် လုပ်ပိုင်ခွင့်ရှိသူနှင့်တူ၏။ ကျိန်စာဆိုမှုသည် လုပ်ပိုင်ခွင့်အာဏာမရှိသော်လည်း စာရင်းပေးနိုင်သူနှင့်တူ၏။ မုသာဝါဒကံက ခုလို ပြိတ္တာဆင်းရဲပကောင်းကျိုးကို

ဖန်တီးပေးလိုက်ခြင်းဖြစ်သော်လည်း ကျိန်စာဆိုမှုက စာရင်းမပေးလိုက်သည့်အတိုင်း၊ ကိုယ့်ကျောသားကို ကိုယ်ဖဲ့စားရခြင်း စသည်ဖြင့် ဖန်တီးပေးရသည်။

စာရင်းပေးသူသည် သူ့ဟာသူအနေဖြင့် ဘာမျှ မဖန်တီးနိုင်သော်လည်း လုပ်ပိုင်ခွင့်အာဏာရှိသူနှင့် တွဲရမှုကြောင့် ခုလို အကျိုးသက်ရောက်မှုရှိရလေသည်။ ခုလို လူတွင်ကျယ်ဖြစ်ရလေသည်။ ဆင်းရဲခံရသည့်မှာ မုသာဝါဒအကုသိုလ်ကံကြောင့် ဖြစ်သော်လည်း ကျိန်စာဆိုသည့်အတွက်ကြောင့် ကျိန်စာဆိုသည့်အတိုင်း ဖြစ်ရလေသည်။

သူ့အသက်သတ်ပြီး မုသားပြော၍ ကျိန်စာဆိုရာ၊ ဖောက်ပြားပြီး မုသားပြော၍ ကျိန်စာဆိုရာတို့၌လည်း နည်းတူပင်။ သူ့အသက်သတ်မှု မုသားပြောမှုကြောင့်၊ ဖောက်ပြားမှု မုသားပြောမှုကြောင့် ပြိတ္တာဖြစ်ကာ ဆင်းရဲဒုက္ခခံရခြင်းဖြစ်သော်လည်း ကျိန်စာဆိုသည့်အတွက်ကြောင့် ကျိန်စာဆိုသည့်အတိုင်း ဖြစ်ရလည်၊ ခံရသည်။

ကျိန်စာဆိုမှုသည် ကိုယ်ခံရမည့်ဆင်းရဲကို ကိုယ်တိုင် စာရင်းပေးလိုက်သကဲ့သို့ဖြစ်သဖြင့် ကြောက်လန့်ဖွယ်ရာသာဖြစ်၍ ကျိန်စာဆိုမှုကိုလည်း ရှောင်ကြရာ၏။

ယခုလို ကျိန်မှုသည် (၁) ကျိန်ဆဲမှု၊ (၂) ကျိန်စာဆိုမှုဟု ၂ မျိုးရှိပြီး၊ ကျိန်ဆဲမှုမှာ ဖရုသဝါစာဖြစ်ကြောင်း ကောင်းကောင်းကြီး မှတ်သားရာသတည်း။

## စကားတစ်ရပ် လက်စသပ်

ဤတွင် ထိပါးပြောမှုနှင့် စပ်ဆိုင်သမျှ စကားရပ်ကို ပြဆိုရာဖြစ်သော ဝစီဘေဒထိအပိုင်း စကားတစ်ရပ် လက်စသတ်သတည်း။

---

# ဝစီဘေဒထိတိုင်း၍ အပိုင်း

---

ဇောတိပါလ ပုဏ္ဏားလုလင် ဖြစ်စဉ်အခါက ကဿပဘုရားရှင်ကို
“ဒီခေါင်းတုံးရဟန်းကား အဘယ်မှာ သဗ္ဗညုတဉာဏ်ကို
ရနိုင်ပါမလဲ၊ သဗ္ဗညုတဉာဏ်သည် အလွန်ရခဲသောအရာ
ဖြစ်သည်” ဟု ပြောဆိုပြစ်မှားခဲ့သော ဝစီဘေဒကြောင့်
ကျွန်ုပ်တို့ဘုရားရှင်သည် ဘဝများစွာ ငရဲကျခဲ့ရ၍
နောက်ဆုံး ဘုရားဖြစ်ရန်ကျင့်တော်မူသောအခါ
ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်တော်မူရ

---

## ဝစီဘေဒထိခဲ့ပုံ
## (ယုတ်ပါးပြောခဲ့ပုံ)

ဇောတိပါလပုဏ္ဏားလုလင်ဖြစ်

ကဿပဘုရားရှင် လက်ထက်တော်အခါက ကျွန်ုပ်တို့ ဘုရားအလောင်းတော်သည် ဇောတိပါလအမည်ရှိသော ပုဏ္ဏားလုလင် ဖြစ်လေသည်။

ဇာတိမာန်ဖြင့် ကြမ်းတမ်းစွာ ပြော

ဇောတိပါလလုလင်သည် အများ၏ လေးစားရသော ပုဏ္ဏားမျိုးနွယ် ဖြစ်၍ ဇာတိမာန်ဖြင့် ကဿပဘုရားရှင်ကို “ဒီခေါင်းတုံးရဟန်းကား အဘယ်မှာ သဗ္ဗညုတဉာဏ်ကို ရနိုင်ပါမလဲ၊ သဗ္ဗညုတဉာဏ်သည်

အလွန်ရခဲသောအရာ ဖြစ်သည်'' ဟု နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆို ပစ်မှားခဲ့လေသည်။ (ဒီခေါင်းတုံး သဗ္ဗညုတဉာဏ်ရဖို့နှင့် ဝေးပါသေးရဲ့) ဟု ဆိုလိုပေသည်။

ဤကား ကျွန်ုပ်တို့ဘုရားရှင် ဇောတိပါလ ဖြစ်တော်မူလင် ဘဝ တုန်းက ပြောဆိုပစ်မှားခဲ့သော မကောင်းမှုကံ (ဝစီဘေဒထိခဲ့ပုံ)တည်း။

## ဝစီဘေဒထိကိုင်းရှုံ
## (ထိပါးပြောခဲ့သည့်အတွက် ဘုရားဒုက္ခနှင့် ရင်ဆိုင်ရပုံ)

ငရဲခံရပြီးနောက် ဒုက္ကရစရိယာ (၆)နှစ်ကြာကျင့်ရ

ထိုဝစီဘေဒမကောင်းမှုကံကြောင့် ဘဝများစွာ ငရဲ၌ ဆင်းရဲခံ ရ၍ ဤနောက်ဆုံးဘဝဝယ် ဘောထွက်၍ ဘုရားဖြစ်ရန် ဒုက္ကရစရိယာ (ဆင်းဆင်းရဲရဲဖြင့် ကျင့်အပ်သောအကျင့်-သာမန်လူတို့ ကျင့်နိုင်ရန် ခဲယဉ်း သည့် အကျင့်)ကို ကျင့်တော်မူသောအခါ အခြားဘုရားအလောင်းတို့မှာ အချို့ ခြောက်ရက်၊ အချို့ ခုနစ်ရက်၊ အချို့ ဆယ့်ငါးရက်၊ အချို့ တစ်လ စသည်ဖြင့် အများဆုံး ဆယ်လကျင့်ကြရသော်လည်း ကျွန်ုပ်တို့ ဘုရားရှင်အလောင်းတော်မှာမူ ထိုဝစီဝိပါက် ဝင်ရောက်လိုက်မှုကြောင့် ခြောက်နှစ်ကြာအောင် ဒုက္ကရစရိယာကို ကျင့်တော်မူရလေသည်။

အလောင်းတော် တောထွက်တော်မူခြင်း

ခုံပါဦးမည်—ကျွန်ုပ်တို့ ဘုရားအလောင်းတော်သည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်လေးပါးတို့ကို မြင်၍ မဟာသက္ကရာဇ် ကိုးဆယ့်ခုနစ်နှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညဉ့် သန်းခေါင်ယံ အချိန်၌ တောထွက်တော်မူသည်။

ရသေ့ရဟန်းပြု

အနော်မာမြစ်တစ်ဖက်ကမ်းရောက်သော် သံလျက်ဖြင့် ဆံတော် ကို ကိုယ်တော်တိုင် ရိပ်ပယ်သေသည်။ ဆံတော်ကို ရိပ်ပယ်ပြီးသောအခါ အကနိဋ္ဌဗြဟ္မာ့ဘုံက ကဿပဘုရားရှင်လက်ထက်က မိတ်ဆွေဟောင်း ဖြစ်သော ဃဋီကာရဗြဟ္မာကြီးသည် ပရိက္ခရာရှစ်ပါး လာရောက်ဆက်

ကပ်လေသည်။ အလောင်းတော်သည် ထိုပရိက္ခာရှစ်ပါးကို ဆင်မြန်းဝတ်ရုံတော်မူ၍ ရသေ့ရဟန်းပြုလေသည်။

## သမာပတ် (၇)ပါးရ

ရသေ့ရဟန်းပြုပြီးနောက် ဆက်လက်ကြွသော် တောအုပ်တစ်ခုသို့ ရောက်လျှင် အာဠာရဂိုဏ်းဆရာကြီးကို တွေ့လေသည်။ ထိုဂိုဏ်းဆရာကြီးထံ နည်းခံဆွေးနွေးအား ထုတ်လေလျှင် လောကီဈာန်သမာပတ်ခုနစ်ပါးကို ရရှိတော်မူလေသည်။

## နောက်ဆုံး သမာပတ်ရ

ထိုဂိုဏ်းဆရာကြီးထံမှ ထို့ထက်အလွန် မျှော်လင့်ချက်မရှိသဖြင့် ထိုဆရာကြီးထံမှ ဖဲခွာပြီးနောက် ဆက်လက်ကြွလတ်သော် ဥဒကဂိုဏ်းဆရာကြီးကို တွေ့လေသည်။ ဥဒကဂိုဏ်းဆရာကြီးထံမှ နည်းခံဆွေးနွေးအားထုတ်သော် နောက်ဆုံးဖြစ်သော နေဝသညာနာသညာယတနသမာပတ်ကို ရရှိကာ လောကီသမာပတ်ရှစ်ပါးကို ရရှိတော်မူလေသည်။

## ဥရုဝေဠတောအုပ်ကြွ

ထိုဂိုဏ်းဆရာကြီးသည် ထို့ထက်အလွန် မဟုတ်နိုင်သဖြင့် ထိုဆရာကြီးထံမှ ဖဲခွာတော်မူ၍ ဥရုဝေဠတောအုပ်သို့ ကြွတော်မူလေသည်။

## ဒုက္ကရစရိယာ ကျင့်တော်မူ

ဥရုဝေဠတောအုပ်ရောက်လျှင် ဒုက္ကရစရိယာကို ကျင့်တော်မူရန် ကြံစည်တော်မူ၍ "ဒုက္ကရစရိယာကို အထွတ်အထိပ်ရောက်အောင် ကျင့်မည်" ဟု ဆုံးဖြတ်တော်မူလေသည်။

ဆုံးဖြတ်ပြီးနောက် ဆုံးဖြတ်သည့်အတိုင်း တစ်နေ့လုံးအတွက် ဆွမ်းတစ်လုတ်မျှဖြင့်လည်းကောင်း၊ သစ်သီးတစ်လုံးမျှဖြင့်လည်းကောင်း၊ ဆန်ကစ်ဆေ့ နှမ်းကစ်ဆေ့မျှဖြင့်လည်းကောင်း မျှတတော်မူခြင်း၊ အလျှင်းပင် မစားခြင်း စသည်ကို ပြု၍ အရေမျှကြွင်းပစေ၊ အကြောမျှ ကျန်ပစေ၊ အရိုးမျှ ရှိပစေ၊ အသားအသွေးတို့ ခမ်းခြောက်ပစေ—ဟူသော

အင်္ဂါလေးပါးရှိသော ဇွဲလို့လဖြင့် ဆုတ်နစ်ခြင်းအလျင်းမရှိ ပြင်းပြင်းထန်ထန် ကျင့်တော်မူလေသည်။

အစာအာဟာရ ဆုတ်ယုတ်ခြင်း၊ အလွန်အမင်းအားထုတ်သဖြင့် ဆင်းရဲငြိုငြင်ပင်ပန်းခြင်းသို့ ရောက်ခြင်းကြောင့် အဆစ်များ ကျောရိုး နံရိုးများ ငေါ်ကာ တင်ပါးတို့သည် ရှုံ့တွလျက် ဝမ်းရေနှင့်ကျောသား ကပ်နေလေသည်။ မျက်လုံးများလည်း ရေတွင်းနက်ကြီးထဲက ရေပွက်ကလေးများပမာ မျက်လုံးအိမ်အတွင်းသို့ ဝင်လျက်ရှိကာ ဦးခေါင်း အရေများလည်း ဘူးခါးသီးနုနုကလေးကို ခူး၍ နေလှမ်းသည့်ပမာ ရှုံ့တွလျက်ရှိလေသည်။

စအိုသည် အတွင်းသို့ ကြုံ့ဝင်နေသဖြင့် ကျင်ကြီးစွန့်လိုသည့်အခါ အလွယ်တကူ မစွန့်နိုင်ဘဲ ခဲခဲယဉ်ယဉ်းဖြင့် စွန့်ရလေသည်။ ထွက်သောအခါ၌ ကွမ်းသီးတစ်လုံးနှစ်လုံးခန့်မျှ စာမြီးဖြစ်ကာ ခဲခဲယဉ်းယဉ်းဖြင့် ထွက်ရလေသည်။ ခဲခဲယဉ်းယဉ်းဖြင့် စွန့်ရသဖြင့် တစ်ကိုယ်လုံး ချွေးများ ဖြိုင်ဖြိုင်ကျ မူးမိုက်မျောမေ့ကာ ကိုယ်တော်သည် ညိုမည်းခြောက်ကပ် နေလေတော့၏၊ အသွေးအသားဟူ၍ မရှိတော့ဘဲ အရိုးနှင့်အရေသာ ကျန်လေတော့သည်။ လက္ခဏာတော်များပင် ပျောက်ကွယ်တော့၏။

တစ်ခါတစ်ရံ အာနပါန (ထွက်လေ့ဝင်လေကို အာရုံပြု၍ မှတ်ခြင်း)ကို ရှုမှတ်စဉ် ကြီးစွာသောဝေဒနာသည် အလွန်အမင်း ထိုးဆွ နှိပ်စက်အပ်သည်ဖြစ်၍ မေ့မျောသွားကာ ထိုင်လျက်သား တိမ်းလဲ သွားတော်မူလေသည်။ ဤနည်းဖြင့် ခြောက်နှစ်ပတ်လုံး ဒုက္ကရ-စရိယာကို ကျင့်တော်မူလေသည်။ ယခုလိုကျင့်ရသည်မှာ ယင်းဝစီဘေဒ အကုသိုလ်ကံကြောင့် ဖြစ်၏။ ဤကား ဝစီဘေဒတိတိုင်းရှုပုံ (ထိပါး ပြောသည့်အတိုင်း ဘေးဒုက္ခနှင့် ရင်ဆိုင်ရပုံ) တည်း။

## ကိုယ်တော်တိုင် ရှေးမကောင်းမှုကံကို မိန့်တော်မူ

ဘုရားရှင်ကိုယ်တော်တိုင်ပင် အနောတတ္တ (အနဝတတ်)အိုင်အနီး နေတော်မူစဉ်အခါက ရဟန်းအပေါင်းကို "ငါသည် ဇောတိပါလ လုလင်ဖြစ်သောအခါက ကဿပဘုရားရှင်ကို 'ဒီဦး ပြည်းရဟန်း သဗ္ဗညုတ ညာဏ်ကို အဘယ်မှာရနိုင်ပါမလဲ၊ သဗ္ဗညုတညာဏ်သည် အလွန်ရခဲသော အရာဖြစ်သည်'ဟု ပြောဆိုမိခဲ့၏။ ထိုအကုသိုလ်ကံကြောင့် ဥရုဝေဠ တောအုပ်၌ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်ပြီးမှသာ သဗ္ဗညုတ

ညက်သို့ ရောက်ခဲ့ရ၏''ဟု မိမိ၏ ရှေးမာကောင်းမှုက်ကို မိန့်တော်မူလေသည်။

## ရှေးပညာရှင်တို့ ကဗျာ

ဤကိုရည်၍ ရှေးပညာရှင်တို့က ''ဇောတိပါလ၊ ဖြစ်စဉ်ကလျှင်၊ ကဿပဘုန်းရှိ၊ စောမုနိကို၊ ဖော်မိဉာဏ်ရေး၊ အလွန်ဝေးဟု၊ နှုတ်ကြွေးတင်သစ်၊ ဝစီပြစ်ကြောင့်၊ ခြောက်နှစ်ဒုက္ကရ၊ ကျင့်လှဲ့ရ၏''ဟု စပ်ဆိုတော်မူခဲ့ကြလေသည်။

## လယ်တီဆရာတော်၏ ကဗျာ

လယ်တီဆရာတော်ကလည်း အမေး-အဖြေပုံစံဖြင့် ကဗျာလင်္ကာ စပ်ဆိုရေးသားတော်မူခဲ့လေသည်။

### အမေး

ဥရုဝေဠ တောဝမြိုင်ခွင်၊
ခြောက်နှစ်ပတ်လုံး ကျင့်သုံး အရှင်၊
အားကုန်ခန်းလို့ ညှိုးနွမ်းပြိုပြင်၊
ပင်ပန်းရေး ဝဋ်ကြွေး ဘယ်ကြောင့်တင်။

### အဖြေ

ကဿပဘုရား ထင်ရှားပွင့်သော်၊
ဇောတိပါလ နာမအမော်၊
ပုဏ္ဏားမာန်တက် နှုတ်ကြွက်အာဘော်၊
ဝစီပြင်း ရှိရင်း ဝိပါက်တော်။

## ဒုက္ကရစရိယာ

ဆင်းဆင်းရဲရဲဖြင့် ကျင့်အပ်သော အကျင့်၊ သာမန်လူတို့ ပြုကျင့်နိုင်ခဲသော အကျင့်ကို ''ဒုက္ကရစရိယာ''ဟု ခေါ်သည်။ ''ဒုက္ကရစရိယာ''ဟု ပြောရိုးပြုကြသည်မှာ ကျမ်းဂန်လာမဟုတ်။

## ပဓာနအလုပ်

အရေမျှ ကြွင်းပစေ၊ အကြောမျှ ကျန်ပစေ၊ အရိုးမျှ ရှိပစေ၊ အသားအသွေးတို့ ခမ်းခြောက်သွားမူ သွားပစေ၊ ငါ ဖြစ်အောင်လုပ်မည်ဟူသော အင်္ဂါ(၄)ပါး ရှိသည့် ဇွဲလုံ့လဝီရိယကို "ပဓာနဝီရိယ" ဟု ခေါ်၏။ ဒုက္ကရစရိယာ အလုပ်ကား ထိုပဓာနဝီရိယ ဇွဲလုံ့လမျိုးဖြင့် လုပ်အပ်သောအလုပ်မျိုးဖြစ်၍ ဒုက္ကရစရိယာကို "ပဓာနအလုပ်" ဟုလည်း ခေါ်သည်။

## ကျီးသဲလေးထပ်ဆရာတော်အဆို

ကျီးသဲလေးထပ် ဆရာတော်က မူကား စွယ်စုံကျော်ထင်ကျမ်း စာမျက်နှာ (၁၂၅)၌ "ကဿပဘုရား ပွင့်တော်မူသောအခါ ငါတို့ ဘုရားအလောင်းတော်သည် ဇောတိပါလ မည်သော ပုဏ္ဏားလုလင် ဖြစ်တော်မူ၏၊ တစ်ပါးသူတို့က 'ငါတို့ဘုရား ခြောက်ရက် ဒုက္ကရစရိယာကျင့်သဖြင့် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသည်'ဟု ချီးမွမ်းပြောဆိုကြသည်ကို ကြားလျှင် 'သင်တို့၏ဘုရားသည် ခြောက်ရက်မျှ ကျင့်သဖြင့် ဘုရားမဖြစ်နိုင်ရာ၊ သင်တို့ မလိမ်မာ၍သာ ယုံလေသည်၊ ဤဦးပြည်းအား အဘယ်မှာ သဗ္ဗညုတဉာဏ် ရှိအံ့နည်း၊ ငါမူကား ဘုရားဖြစ်မည်မှန်လျှင် ခြောက်နှစ်ပင် ဒုက္ကရစရိယာ ကျင့်ဝံ့သေး၏' ဤသို့စသည်ဖြင့် ရှုတ်ချ၍ ဆိုလေပြီ၏"ဟု ရေးသားထားတော်မူလေသည်။

သို့သော် ထိုအဆိုမှာ ထေရာပဒါပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ မလာရုံသာမက ကဿပဗုဒ္ဓဝံသ အဋ္ဌကထာ၌ "ကဿပ ဘုရားရှင် ခုနစ်ရက် ဒုက္ကရစရိယာကျင့်၍ ဘုရားဖြစ်တော်မူသည်"ဟု မိန့်ဆိုထားသဖြင့် ကဿပဘုရားရှင် ဒုက္ကရစရိယာ ကျင့်သည့်ရက်လည်း မှားနေလေသည်။ ထို့ကြောင့် ထိုအဆိုကို စဉ်းစားကြရာ၏။

## လမ်းစဉ်ပြောင်းကျင့်မှ ဘုရားဖြစ်

အလောင်းတော်သည် ဒုက္ကရစရိယာကို ခြောက်နှစ်ကြာကျင့်၍ (မအိပ်မစား ဘုရားမဖြစ် -ဆိုသည့်အတိုင်း) မအိပ်မစား ဆင်းရဲခံ ကျင့်သော်လည်း ဘုရားမဖြစ်လေလျှင် "ဤဒုက္ကရစရိယာ အကျင့်လည်း သဗ္ဗညုတဉာဏ်ကို ရကြောင်းမဟုတ်"ဟု စဉ်းစားကာ (မလျော်မကင်း

စောင်းကြီးညှင်း ဆိုသည့် အတိုင်း) မလျော့မတင်း အလယ် အလတ် လမ်းစဉ် (မဇ္ဈိမပဋိပဒါ)သို့ လိုက်တော်မူလျက် သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ မျှစေရန် အလွန်ကြီးမဝေးလှသော သေနာနိဂုံး၌ ဆွမ်းခံ၍ အာဟာရကို မှီဝဲပြန်လေသည်။

အာဟာရမှီဝဲသော် မကြာမီ အားအင်တိုးပွားလာကာ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းလေလျှင် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူလေသည်။ အလောင်းတော်သည် ၂၉-နှစ်အရွယ်၌ တောထွက်တော်မူ၍ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူပြီးလျှင် ၃၅-နှစ်အရွယ်တွင် ဘုရားဖြစ်တော်မူသတည်း။

## ကြောက်လန့်ဖွယ်ရာသာ

ဝစီဘေဒထိတိုင်းရှ၍ ထိပါးပြောမှုသည် ကြောက်လန့်ဖွယ်ရာသာ ဖြစ်လေသည်တကား။

(ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပဒါန ပါဠိတော်၊ ဗုဒ္ဓအပဒါနဋ္ဌကထာ၊ ဗုဒ္ဓဝံသဋ္ဌကထာ၊ ဇာတကဋ္ဌကထာနိဒါန၊ ဇိနလင်္ကာရဋီကာ တို့မှ တုတ်နုတ် ညှိနှိုင်းရေးသည်။

အရက်သမားဖြစ်စဉ် ဘဝက နန္ဒအမည်ရှိသော ရဟန္တာမထေရ်ကို
"သူယုတ်မာ" ဟု စွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ကျွန်ုပ်တို့
ဘုရားရှင်သည် ငရဲ၌ နှစ်ပေါင်းများစွာ ခံခဲ့ရ၍
ဘဝများစွာ အစွပ်အစွဲခံခဲ့ရကာ နောက်ဆုံး
ဘုရားဖြစ်သည့်ဘဝ၌ စိဥ္စမာဏဝိကာ
ပရိဗိုဇ်မ၏ စွပ်စွဲမှုကို ခံရ

——

# ဝစီဘေဒထိ ခဲ့ပုံ

## အရက်သမားဖြစ်

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ၏ ဟိုဖက် နိယတဗျာဒိတ်မခံရမီ တစ်ခုသောဘဝဝယ် ကျွန်ုပ်တို့ဘုရားအလောင်းတော်သည် အရက်သမား ဖြစ်ခဲ့လေသည်။

## အရိယူပဝါဒကံကြီး ပြုမှား

ထိုစဉ်အခါက ဘုရားအလောင်းတော်သည် ထိုအချိန်က ပွင့်ထွန်းတော်မူသော သဗ္ဗာဘိဘူ-အမည်ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကနန္ဒအမည်ရှိသော ရဟန္တာမထေရ်မြတ်ကို "သူယုတ်မာ" ဟု ပြောဆိုစွပ်စွဲမှု အရိယူပဝါဒ အကုသိုလ်ကံကြီးကို ပြုမှားခဲ့လေသည်။

ဤကား စိဥ္စမာဏဝိကာပရိဗိုဇ်မ စွပ်စွဲမှုကို ခံရဖို့အတွက် ပြုလုပ်ခဲ့သော ဝစီဘေဒမကောင်းမှုအကုသိုလ်ကံ (ဝစီဘေဒ ထိခဲ့ပုံ) တည်း။

## ဝစီဘေဒထိတိုင်းရှပုံ

**ငရဲ၌ နှစ်ပေါင်း များစွာခံရပြီးနောက် ဘဝများစွာစွပ်စွဲခံရ**

ထိုဝစီဘေဒအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီးနောက် လူ့ဘဝပေါင်းများစွာတို့၌လည်း မဟုတ်မဟာရား အစွပ်စွဲခံရလေသည်။

**စိဉ္စမာဏဝိကာ၏ စွပ်စွဲမှုကိုခံရ**

ထိုအကုသိုလ်ကံကြွင်းကြောင့်ပင် ဤ နောက်ဆုံး ဘုရားဖြစ်သောဘဝ၌လည်း တာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ ဝါကျွတ်လတ်သော် လူ့ပြည်သင်္ကဿမြို့တံခါးဝ၌ သက်ဆင်းတော်မူပြီးလျှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ကြွရောက်သီတင်းသုံးတော်မူစဉ် ပရိသတ်လေးပါးအလယ်၌ ရှက်ဖွယ်လိလိ စိဉ္စမာဏဝိကာမိန်းမယုတ်၏ မဟုတ်မတရား လုပ်ကြံစွပ်စွဲမှုကို ခံတော်မူရလေသည်။

**ရဟန်းသံဃာများ လာဘ်လာဘပေါများ**

ချုပါဦးမည် မဟာဗောဓိခေါ်သော ဝါတော်နှစ်ဆယ်အတွင်း၌ မြတ်စွာဘုရား၏ဘပည့်သာဝကများ ဒီရေအလား တစ်နေ့တခြား တိုးပွားကြသည်နှင့်အမျှ နိုင်းယှဉ်ရေတွက်၍ မရနိုင်လောက်အောင် လူ နတ်ဗြဟ္မာ သတ္တဝါ အများအပြား မိမိတို့ ပါရမီကုသိုလ် အားလျော်စွာ သောတာပန်စသော အရိယာပုဂ္ဂိုလ်အဆင့်သို့ ရောက်ကြလေသည်။

အရိယာပုဂ္ဂိုလ်အဆင့်သို့ရောက်ကြသောကြောင့် မြတ်စွာဘုရား၏ ပူဇော်အထူးကိုခံတော်မူထိုက်ခြင်း စသော ဂုဏ်တော်တို့သည် ပျံ့နှံ့လေလျှင် ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်များအား လာဘ်လာဘရေ အရှိအသေပြုမှုများကိုပါ အကြီးအကျယ် ခံယူရရှိကြလေသည်။

**တိတ္ထိများ လာဘ်လာဘကျဆင်း**

တိတ္ထိတို့မှာမူကား နေ့ဝန်းတက်လာသောအခါ ပိုးစုန်းကြူးများပမာ လာဘ်လာဘရေ အရှိအသေပြုမှုများပါ ကျဆင်းဆိတ်သုဉ်းသွားလေသည်။

မရှက်မကြောက်ဟောပြောကြသော်လည်း မရ

ထိုအခါ တိတ္ထိတို့သည် လာဘ်လာဘနှင့် အရိုအသေပြုမှုများ ရရှိရေး ရည်သန်တွေးကာ လမ်းကနေ၍ လမ်းသွားလမ်းလာများကို ''ဒါယကာတို့.... ရဟန်းဂေါတမသာ ဘုရားဖြစ်သလား၊ ငါတို့လဲ ဘုရားဖြစ်ပါကုန်၏၊ ရဟန်းဂေါတမအား လှူသည့်အလှူသာ အကျိုးကြီးသလား၊ ငါတို့အား လှူသည့်အလှူလဲ အကျိုးကြီးပါ၏၊ သို့ဖြစ်၍ ငါတို့အားလဲ လှူဒါန်းကြပါ''ဟု မရှက်မကြောက် ပြောဟောကြလေသည်။ မရှက်မကြောက် ပြောဟောကြသော်လည်း လာဘ်လာဘနှင့် အရိုအသေပြုမှုများကို မရရှိကြကုန်။

ဘုရားရှင်မကောင်းသတင်းထွက်အောင်လုပ်ရေး တိတ္ထိများစည်းဝေး

မရရှိကြသော် လူတို့မမြင်သည့်နေရာ၌ စည်းဝေးကြပြီးလျှင် ''ငါတို့သည် ဘယ်နည်းဖြင့် ရဟန်းဂေါတမ၏ မကောင်းသတင်းကို လူတို့စိတ်ထဲ ရောက်အောင်လုပ်၍ လာဘ်လာဘနှင့် အရိုအသေပြုမှုများကို ဖျက်ဆီးပစ်ကြရပါမလဲ''ဟု ဆွေးနွေးတိုင်ပင်ကြလေသည်။

စိဉ္စမာဏဝိကာ၏အကူအညီဖြင့် လုပ်ဖို့ ဆုံးဖြတ်

ထိုအချိန်၌ သာဝတ္ထိမြို့ဝယ် စိဉ္စမာဏဝိကာ အမည်ရှိသော ပရိဗိုဇ်မတစ်ယောက် ရှိလေသည်။ သူမသည် မန်ကျည်းပင်၌ သံသေဒဇ ပဋိသန္ဓေနေသူ ဖြစ်သောကြောင့် စိဉ္စမာဏဝိကာ (မန်ကျည်းပင်သန္ဓေသူ မိန်းမပျို)ဟု နာမည်တွင်၍ နတ်သမီးတမျှ လှပချောမောသူ ဖြစ်၏။ သူမ၏ကိုယ်မှ အရောင်များပင် ထွက်လျက်ရှိ၏။

တိတ္ထိများ ဆွေးနွေးတိုင်ပင်ကြသည့် ထိုစည်းဝေးပွဲကျင်းပ ကြပ်းကြုတ်သော အကြံအစည်ရှိသည့် တိတ္ထိတစ်ဦးက 'စိဉ္စမာဏဝိကာ ပရိဗိုဇ်မ အကူအညီဖြင့် ရဟန်းဂေါတမ မကောင်းသတင်းထွက်အောင် လုပ်ပြီးလျှင် ရဟန်းဂေါတမ၏ လာဘ်လာဘနှင့်အရိုအသေပြုမှုများကို ဖျက်ဆီးကြစို့''ဟု အကြံပေးတင်ပြသေလျှင် ကျန် တိတ္ထိ အားလုံးက ''ဒီနည်းလမ်းသည် လာဘ်လာဘနှင့် အရိုအသေပြုမှုများ ပျက်ပြားကြောင်း နည်းလမ်းကောင်းဖြစ်ပေသည်''ဟု တစ်ညီတစ်ညွတ်တည်း သဘောတူလက်ခံ ဆုံးဖြတ်ကြလေသည်။

စိဥ္စမာဏဝိကာကို တာဝန်ပေး

ထို့နောက် စိဥ္စမာဏဝိကာပရိဗိုဇ်မသည် တိတ္ထိတို့ကျောင်းတိုက် သွားရောက်ကာ ရှိခိုး၍ ထိုင်နေသေသည်။ ရှေ့တွင်ထိုင်နေသော်လည်း တိတ္ထိတို့သည် စကားမပြောဘဲနေကြသဖြင့် စိဥ္စမာဏဝိကာက "ငါ့မှာ ဘာအပြစ်များ ရှိပါလိမ့်မလဲ"ဟု ကြံစည်အောက်မေ့ကာ "အရှင်ကောင်းတို့.... အရှင်ကောင် တို့ကို ရှိခိုးပါ၏"ဟု သုံးကြိမ်တိုင်အောင် ပြောဆိုပြီးလျှင် "အရှင်ကောင်းတို့ တပည့်တော်မမှာ ဘာအပြစ် ရှိပါသလဲ၊ ဘယ်အတွက်ကြောင့် တပည့်တော်မနှင့် စကားမပြောဘဲ နေကြပါသလဲ"ဟု တဲ့ဘိုးပင် မေးလေတော့၏။

တိတ္ထိများက "နှမ.... ရဟန်းဂေါတမသည် ငါတို့ကို နှိပ်စက် ညှဉ်းပန်းကာ လာဘ်လာဘနှင့် အရိုအသေပြုမှုများ ကျဆင်းဆိတ်သုဉ်း အောင် လုပ်လျက် လှည့်လည်သွားလာနေသည်ကို သင် မသိဘူးလား" ဟု အပြစ်တင်စကား ပြောကြားလေသော် "အရှင်ကောင်းတို့.... ဒီအကြောင်းကို တပည့်တော်မ မသိရပါ၊ တပည့်တော် ဒီကိစ္စမှာ ဘာလုပ်ရပါမလဲ"ဟု မေးလေသည်။ တိတ္ထိများက "နှမ....အကယ်၍ သင် ငါတို့ချမ်းသာမှုကို အလိုရှိပါက မိမိခန္ဓာကိုယ်ကို အကြောင်းပြု၍ ရဟန်းဂေါတမ မကောင်းသတင်း ဖြစ်ပေါ်အောင် လုပ်ပြီး လျှင် လာဘ်လာဘနှင့် အရိုအသေပြုမှုများကို ဖျက်ဆီးပါ"ဟု တာဝန်ပေး ကြလေသည်။

စိဥ္စမာဏဝိကာက တာဝန်ယူ

သူမသက "ကောင်းပြီ၊ အရှင်ကောင်းတို့....ခုလိုပြုလုပ်ရန်အတွက် တပည့်တော်မ၏ တာဝန်ထားလိုက်ပါ၊ အရှင်ကောင်းတို့သည် ထွေရာ လေးပါး အကြံများမနေကြပါနှင့်"ဟု ရဲရဲတောက်တောက် တာဝန်ယူ လျှောက်ထားပြီးလျှင် ထိုတိတ္ထိတို့ကျောင်းတိုက်မှ ထွက်ခဲ့လေသည်။

သူတစ်ပါးအထင်လွဲအောင် စိဥ္စမာဏဝိကာ ပြောဆိုပြုလုပ်

သူမသည် မိန်းမမာယာ၌ လိမ္မာပါးနပ်သူ ဖြစ်သောကြောင့် ထိုအချိန်မှစ၍ သာဝတ္ထိမြို့သူမြို့သားတို့ တရားနာပြီး ဇေတဝန်ကျောင်း တိုက်မှ ထွက်ကြသည့်အချိန်၌ ပိုးပမွှားအရောင်း နှိမ်ထွေးသော အဆင်းရှိသော

ခဝတ်ကို ဝတ်ခြုံကာ ပန်း, အမွှေးတိုင် စသည်ကို ကိုင်လျက် ဇေတဝန် ကျောင်းတိုက်သို့ တည့်တည့်သွားလေသည်။

တရားနာပြီးပြန်လာကြသူများနှင့် တွေ့၍ ထိုလူများက "ဒီအချိန် ကျမှ ဘယ်သွားမလို့လဲ"ဟု မေးကြသော် သူမက "ကျွန်မ သွားမည့် နေရာကို သိသဖြင့် ရှင်တို့မှာ ဘာအကျိုး ရှိမလဲ"ဟု အထင်မှားအောင် ပြောလေသည်။

သူမသည် ဇေတဝန်ကျောင်းတိုက် အနီး တိတ္ထိတို့ ကျောင်းတိုက်မှာ ညဉ့်အိပ်ပြီးလျှင် စောစောစီးစီးထ၍ ဘုရားရှင်ကို လျှောက် (အရင်) ဦးအောင်ဖူးမြော်ရန် သာဝတ္ထိမြို့မှ ဥပါသကာများ ထွက်လာသော အချိန် မှာ ဇေတဝန်ကျောင်းတိုက်တွင် ညဉ့်အိပ်နေ သည့် ပုံ ဟန်ပြုလုပ်၍ သာဝတ္ထိမြို့တွင်းဝင်လေသည်။ ထိုဥပါသကာများနှင့်တွေ့၍ ဥပါသကာ များက "သင် ဘယ်နေရာမှာ ညဉ့်အိပ်နေခဲ့သလဲ"ဟု မေးကြလေလျှင် "ကျွန်မ အိပ်ခဲ့သည့်နေရာကို သိသဖြင့် သင်တို့မှာ ဘာအကျိုးရှိသလဲ၊ ကျွန်မအိပ်ခဲ့သည့်နေရာကို သိသော်လဲ ရှင်တို့မှာ ဘာအကျိုးမှမရှိပါဘူး၊ မသိချင်ပါနှင့်"ဟု အထင်မှား အမြင်မှားဖြစ်အောင် ပြောကြားလေ သည်။

ဝိဉ္စမာဏဝိကာ စွပ်စွဲဆဲရေးစကား စတင်ပြောသာ

ဤနည်းဖြင့် နေ့စဉ်သွားလာပြောဆို၍ တစ်လကျော်သောအခါ လမ်းတွေ့သူများက ရှေးနည်းအတူ မေးမြန်းကြသော် "ကျွန်မ ဇေတဝန် ကျောင်းတိုက်အတွင်းမှာ ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋိကျောင်း တစ်ခုတည်းမှာ ညဉ့်အိပ်နေရပါသည်"ဟု စွပ်စွဲဆဲရေးစကား စတင် ပြောကြားလာလေသည်။

ယခုလို စွပ်စွဲစကားပြောဆို၍ ထိုစကားကို ကြားရသည့် ပုထုဇဉ် လူသာမန်တို့စိတ်ထဲတွင် "ဟုတ်များ ဟုတ်နေမလား၊ မဟုတ်ဘဲများ နေလေမလား"ဟု သံသယဖြစ်စေပြီးနောက် လေးလကျော်သောအခါ အဝတ်များဖြင့် မှင်ကို ပတ်၍ မိမိကိုယ်ကို ကိုယ်ဝန်ဆောင်မိန်းမသဏ္ဌာန် ပေါက်အောင် လုပ်ပြီးလျှင် အပေါ်က အဝတ်နီကို ခြုံကာ "ရဟန်း ဂေါတမကို အကြောင်းပြု၍ ကျွန်မကိုယ်ဝန်ရှိပါပြီ"ဟု ဉာဏ်ပညာ မဲ့သူများကို အထင်အမြင်လွဲမှားအောင် စွပ်စွဲဆဲရေးစကား ပြောကြား ပြန်လေသည်။

ဗိုက်တုလုပ်၍ စွပ်စွဲ

ကိုးလကျော်သောအခါ သူမသည် တကယ့်ကိုယ်ဝန်အရင့်အမာ ပုံဟန်ပေါက်အောင် သစ်သားကို ဘဲဥထက်ခြမ်းပုံလုပ်ကာ ရင်မှာ ကပ်ချည်၍ ဗိုက်အတု ပြုလုပ်ပြီး လျှင် လက်ဖမိုး ခြေဖမိုးတို့ကို နွားမေးရိုးဖြင့် ထုရိုက်ကာ ခြေလက်များ မွေးခါနီး၍ အမ်းနေသည့်ဟန် ဖန်တီးလေသည်။ ဖန်တီးပြီးနောက် အဝတ်နီကို ခြုံကာ မျက်စိ၊ နား၊ နှာ၊ ဣန္ဒြေများ ပင်ပန်း နွမ်းနယ်နေသည့်ဟန်ဖြင့် သနေချမ်း ဘုရားရှင် တရားဟောနေသည့်အချိန်တွင် တရားဟော ဓမ္မာရုံသို့ သွားရောက်လေသည်။

ဓမ္မာရုံရောက်လျှင် ဘုရားရှင်၏ ရှေ့တည့်တည့်မှ ရပ်၍ "ရဟန်းကြီး သင် သူများကို တရားဟောနေဘိ၏ သင့်အသံသည် သာယာလှသည့်ပြင် နှုတ်ခမ်းများလဲ စေ့စပ်လှဘိ၏၊ ကျွန်မမှာတော့ သင်ရဟန်းကြီးကို စွဲ၍ ကိုယ်ဝန်ရရှိကာ ခုအခါ ကိုယ်ဝန်အရင့်အမာ ဖြစ်ရလေပြီ သင် ရဟန်းကြီးမူကား ကျွန်တော်မ အတွက် သားဖွားဖို့ အိမ်ကိုလဲ မစဉ်းစား၊ ထောပတ်ဆီ စသည်များကိုလဲ မစဉ်းစား၊ နေနိုင်ဘိ၏၊ ထိုကိစ္စများကို ကိုယ်တိုင် မလုပ်လျှင်လဲ မိမိ၏ အလုပ်အကျွေး ဒါယကာ ဒါယိကာမများအနက် ကောသလမင်းကို ဖြစ်စေ၊ အနာထပိဏ်သဌေးကို ဖြစ်စေ၊ ဝိသာခါကျောင်းအမကို ဖြစ်စေ၊ တစ်ဦးဦးကို " ဒီ စိဉ္စမာဏဝိကာအတွက် ပြုလုပ်သင့်သည်ကို ပြုလုပ်စောင့်ရှောက်လိုက်ပါ" ဟု ခိုင်းသင့်၏၊ ခုသို့လဲ မခိုင်းနဲ့၊ သင်ရဟန်းကြီးကား မွေ့လျော်ပျော်ပါးဖို့လောက်သာ သိ၍ ကိုယ်ဝန်စောင့်ရှောက်ဖို့ကိုမူ မသိတတ်ဟု" မစင်တုံးကို ကိုင်ကာ လဗိမာန်ဝန်းကို ဖျက်ဆီးရန် အားထုတ်သော မိန်းမကဲ့သို့ ပရိသတ်လေးပါး အလယ်မှာ အကြီးအကျယ် စွပ်စွဲဆဲရေးစကား ပြောကြားလေတော့၏။

ဘုရားရှင်သည် ဟောနေရင်းစွဲတရားကို ခေတ္တရပ်၍ ခြင်္သေ့မင်းကဲ့သို့ ရဲဘင်းသော အသံဖြင့် "နှမ.... သင် ခု ပြောသည့်စကား မှန်, မမှန်ကို သင်နှင့် ငါသာ သိ၏"ဟု မိန့်တော်မူလေလျှင် "ဩော်.... ဟုတ်လှပေသည်၊ ရဟန်းကြီး သင်နှင့် ငါ နှစ်ယောက်ထည်းသာ သိသောကြောင့်ပင် ခုလို ကိုယ်ဝန် အရင့်အမာဖြစ်ရ၏"ဟု ထပ်မံ စွပ်စွဲဆဲရေးပြန်လေသည်။

နတ်မင်း ဆင်း၍ ပြဿနာကို ဖြေရှင်းပေး

ထိုခဏ၌ နတ်တို့၏ မင်းဖြစ်သော သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူနွေးသော အခြင်းအရာကို ပြလေသည်။ သိကြားမင်းသည် ဆင်ခြင်ကြည့်ရှုသည်ရှိသော် "စိဉ္စမာဏဝိကာသည် မြတ်စွာဘုရားကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲဘိ၏"ဟု သိ၍ "ဒီဖြစ်ရပ်ကို ပရိသတ်အလယ်မှာ အမှန်အတိုင်း ပေါ်အောင် ငါ ဖြေရှင်းမည်"ဟု စဉ်းစားဆုံးဖြတ်ကာ နတ်သားနှစ်ယောက်ကို ခေါ်လာပြီးလျှင် "တစ်ယောက်က ကြွက်ငယ်ယောင်ဖန်ဆင်း၍ သစ်သားချပ်ချည်ထားသော ကြိုးကို ကိုက်ဖြတ်ရမည်။ တစ်ယောက်က သူမဝတ်ရုံထားသော အဝတ်ကို အထက်လန်အောင် လေတိုက်လွှင့်ပေးရမည်"ဟု ခိုင်းလေသည်။ နတ်သားနှစ်ယောက်တို့သည် သိကြား ခိုင်းသည့်အတိုင်း လုပ်ကြလေလျှင် သစ်သားပျဉ်ချပ်ပြုတ်ပြီး သူမ၏ ခြေဖမိုးများပေါ် ကျ၍ နှစ်ဖက်လုံးကွဲပြတ်လေသည်။ ("နတ်သားနှစ်ယောက်"ဟု ဆိုသည်မှာ ဗုဒ္ဓအပဒါန် အဋ္ဌကထာ အလိုဖြစ်၏။ ဓမ္မပဒအဋ္ဌကထာ၌ကား "နတ်သားလေးယောက်"ဟု ဆို၏။)

စိဉ္စမာဏဝိကာကို တရားနာပရိသတ်က ဆွဲထုတ်

တရားနာသူလူအများက "ထွီ....ဟယ်....သူယုတ်မ... နင်ကား မြတ်စွာဘုရားကို စွပ်စွဲဆဲရေးဘိ၏"ဟု ပြောဆိုကာ ဦးခေါင်းပေါ် ဝိုင်းတံတွေးထွေးကြပြီးလျှင် ခဲ၊ တုတ် စသည်ကို ကိုင်လျက် သူမကို ဇေတဝန်ကျောင်းတိုက်အတွင်းမှ ဆွဲထုတ်ကြလေသည်။

စိဉ္စမာဏဝိကာ မြေမျိုကာ အဝီစိကျ

သူမ၏ ဘုရားရှင်ကိုမဟုတ်မမှန် လုပ်ကြံစွပ်စွဲသည့် ဝစီဘေဒ မကောင်းမှုအကုသိုလ်ကံကြောင့် ဘုရားရှင်မြင်လောက်သည့် နေရာကို လွန်လျှင်ပင် မဟာပထဝီမြေကြီးသည် ကွဲအက်လာကာ ထိုအပေါက်မှ အဝီစိမီးလျှံတက်လာလေသည်။

သူမသည် ဆွေမျိုးများက လက်ဆောင်ပေးသည့် ကမ္ဗလာနီကို ခြုံသည့်အလား ကြောက်မက်ဖွယ်ကောင်းသည့် အဝီစိငရဲမီးလျှံ ဝန်းရံဖုံးလွှမ်းကာ ထိုအပေါက်ကနေ အဝီစိငရဲ ကျရောက်လေတော့သတည်း။

သူမသည် ဘုရားရှင်ကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ဆဲရေးသော ဝစီဘေဒကြောင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရလေသည်။

မုသားပြောဝံ့သူ မလုပ်ဝံ့ကာ မရှိ

ဘုရားရှင်က "အမှန်စကား ပြောမှု တရားတစ်ခုကို စွန့်ပယ်၍ မဟုတ်မမှန်ပြောကြားသော မုသာဝါဒီသမားတို့အဖို့ မပြုဝံ့သော မကောင်းမှုမည်သည် မရှိ။ (မုသားပြော ဒုစရိုက်မှုကို ပြုဝံ့သူသည် မည်သည့် ဒုစရိုက်မှုမျိုးကိုမဆို လုပ်ဝံ့တော့သည်) ဟု ဟောတော်မူသည်။

အရိယူပဝါဒ အင်မတန် အပြစ်ကြီးလှ

ယခုလို စွပ်စွဲခံရသည်မှာ အရိယာပုဂ္ဂိုလ်ကို "သူယုတ်မာ" ဟု စွပ်စွဲခဲ့သော အကုသိုလ်ဝစီကံကြောင့် ဖြစ်၏။ အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲပြောဆိုသည့် ဝစီဘေဒအကုသိုလ်ကံသည် အင်မတန် အပြစ်ကြီးမား လှပေ၏။ ထို့ကြောင့် မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ် (၂၅၇)၌— "အရိယာစစ် ဖြစ်သာ ဘစ်မူ၊ မြတ်လေသူကို၊ အရိယူပဝါ၊ ယုတ်မာစကား၊ ဒေါသအားဖြင့်၊ ပြစ်မှားချွတ်သွဲ၊ စွပ်စွဲဖရုသ်၊ ဆဲဆိုခုတ်သား၊ ကြမ်ကြုတ်ဝဝန၊ နှုတ်ကပါလည်း၊ သူများကိုယ်မှာ၊ အရာမရှိ၊ မိမိကိုယ်သာ၊ ဖြတ်ဘာခွာ၏။ အရိယာပြစ်မှား၊ ဆိုးဝါး မိုက်ပြစ်၊ ထိုကံပြစ်ကား၊ စင်စစ်ကြီးမား၊ ဟူဝါဒ်ငြား၏" ဟု စပ်ဆိုတော်မူသည်။ ဤကား ဝစီဘေဒထိပါးရှုပုံပင်တည်း။

ကိုယ်တော်တိုင် ရှေးမကောင်းမှုကံကို မိန့်တော်မူ

ဘုရားရှင်ကိုယ်တော်တိုင်ပင် အနောတတ္တအိုင်အနီး နေတော်မူစဉ်အခါကပင် ရဟန်းအပေါင်းကို "ငါသည် ရှေးအခါက တစ်ခုသော ဘဝ၌ သမ္ဘဘိဘူ–အမည်ရှိသော မြတ်စွာဘုရားအား နန္ဒ–အမည်ရှိသော တပည့်သည် ရှိ၏။ ငါသည် ထိုနန္ဒအမည်ရှိသောရဟန်းကို စွပ်စွဲ မိခြင်းကြောင့် ငရဲ၌ ကြာမြင့်စွာကျင်လည်ခဲ့ရ၏။

အနှစ်တစ်သောင်းကိုပတ်လုံး ငရဲ၌ ကြာမြင့်စွာကျင်လည်ခဲ့ရ၏။ ငါသည် လူ့ဘဝကို ရသည်ရှိသော် စွပ်စွဲမှုကို များစွာခံရပြန်၏။

ထိုကံအကြွင်းကြောင့် စိဉ္စမာဏဝိကာ ပရိဗိုဇ်မသည် လူအပေါင်း၏ရှေ့၌ မဟုတ်မမှန်လုပ်ကြံ၍ ငါ့ဘုရားကို စွပ်စွဲလေ၏'' ဟု မိမိ၏ ရှေးမကောင်းမှုကံကို မိန့်တော်မူလေသည်။

## လယ်တီဆရာတော်၏ ကဗျာ

ဤကိုရည်၍ လယ်တီဆရာတော်က အမေးအဖြေပုံစံဖြင့် အောက်ပါ ကဗျာလင်္ကာကို စပ်ဆိုရေးသားတော် မူခဲ့လေသည်။

### အမေး

စိဉ္စမာဏ မိန်းမစောကျွန်၊
ကိုယ်ဝန်ရှိသသာ သိပြောအလွန်၊
လက်သယ်ထားသို့ ဘုရားကိုသွန်၊
စွပ်စွဲခဲ့ အဘယ့်ဝိပါက်ဝန်။

### အဖြေ

သောက်စား လွန်ကြူး ယစ်မူး ပျော်ရွှင်၊
သေသောက်သမား ဖြစ်ငြား ယခင်၊
ရဟန္တာမြတ် ဆွမ်းရပ်သည်မြင်၊
အကျင့်ယုတ် ဖွင့်ပုတ်စွပ်စွဲအင်။

## ကြောက်လန့်ဖွယ်ရာသာ

စွပ်စွဲ ဆဲရေး ထိပါးပုတ်ခတ်ပြောသည့် ဝစီဘေဒ အကုသိုလ်ကံသည် ဘုရားရှင်ဟူ၍ပင်မနေ နောက်ဆုံး အထွတ်အထိပ်ရောက်သည့် ဘဝတိုင်အောင် လိုက်၍ အကျိုးပေးသောကြောင့် စွပ်စွဲဆဲရေးထိပါး ပုတ်ခတ်ပြောသည့် ဝစီဘေဒအကုသိုလ်ကံကား ကြောက်လန့်ဖွယ်ရာသာ ဖြစ်လေသည်တကား။

(ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပဒါန ပါဠိတော်၊ ဗုဒ္ဓအပဒါန အဋ္ဌကထာ၊ ဒွါဒသကနိပါတ် မဟာပဒုမဇာတ်၊ ဓမ္မပဒ စိဉ္စမာဏဝိကာ ဝတ္ထု-တို့မှ ထုတ်နုတ်ညှိနှိုင်းရေးသည်။)

မုနာဠ္ဌိ အရက်သမားဖြစ်စဉ်ဘဝက သုရဘိပစ္စေကဗုဒ္ဓါကို "ဒုဿီလ"ဟု စွပ်စွဲခဲ့သော ဝစီဘေဒကြောင့် ကျွန်ုပ်တို့ဘုရားရှင်သည် နှစ်ပေါင်းများစွာ ငရဲ၌ ခံခဲ့ရ၍ နောက်ဆုံးဘုရားဖြစ်သည်ဘဝ၌ သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲမှုကို ခံရ

—

# ဝစီဘေဒထိခဲ့ပုံ

## အရက်သမားဖြစ်

ကျွန်ုပ်တို့ဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် အတိတ်တစ်ခုသောဘဝက မုနာဠ္ဌိအမည်ရှိသော အရက်သမားဖြစ်ခဲ့လေသည်။ မုနာဠ္ဌိအရက်သမားသည် သူယုတ်မာတို့ကိုသာ ပေါင်းသင်းမှီဝဲလျက် မသင့်မတင့် နှလုံးသွင်းခြင်း (အယောနိသောမနသိကာရ) များသူဖြစ်ကာ လှည့်လည်ခဲ့လေသည်၊

## ပစ္စေကဗုဒ္ဓါကို မဟုတ်မမှန် စွပ်စွဲ

တစ်နေ့သ၌ မုနာဠ္ဌိအရက်သမားသည် မြို့တွင်းဆွမ်းခံဝင်ရန် သက်န်းရုံနေသော သုရဘိအမည်ရှိသော ပစ္စေကဗုဒ္ဓါကို တွေ့မြင်လေသည်။ ထိုအခိုက်တွင် မိန်းမတစ်ယောက်ကလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်၏အနီးမှ ဖြတ်သန်းသွားလေသည်။ မုနာဠ္ဌိ အရက်သမားသည် အယောနိသောမနသိကာရများသူ ဖြစ်၍ "ဒုဿီလ (သီလမရှိသူ)" ဟု မဟုတ်မတရား စွပ်စွဲခဲ့လေသည်၊

ဤစွပ်စွဲချက်ကား သုန္ဒရီ ရိဗိုဇ်မစွပ်စွဲမှုကို ခံရဖို့အတွက် ပြုအပ်သော ဝစီဘေဒမကောင်းမှုအကုသိုလ်ကံ (ဝစီဘေဒထိခဲ့ပုံ)တည်း။

## ဝစီဘေဒ ထိတိုင်းရှပုံ

### ငရဲ၌ နှစ်ပေါင်းများစွာ ခံရ

ဘုရားရှင်သည် ထိုမကောင်းမှု ဝစီဘေဒအကုသိုလ်ကံကြောင့် နှစ်ပန်စွေဒ သိန်းပေါင်းများစွာကာလပတ်လုံး ငရဲ၌ ကျက်ခဲ့ရ၏။

### နောက်ဆုံးဘဝ၌ သုန္ဒရီပရိဗိုဇ်မ၏စွပ်စွဲမှုကို ခံရ

ထိုသို့ပဲ့ခဲ့သည့် မကောင်းမှုဝစီဘေဒအကုသိုလ်ကံအကြွင်းကြောင့် ယခုနောက်ဆုံး ပစ္ဆိမဘဝ၌ ဘုရားဖြစ်ပြီး၍သည်း သုန္ဒရီပရိဗိုဇ်မ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုကို ခံဘော်မူရခလသည်။

### ရဟန်းသံဃာများ လာဘ်လာဘပေါများ

ချဲ့ပါဦးမည်....။ ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာအပေါင်းမှာ လူနတ်တို့၏ အရိုအသေပြုခံရ၊ အလေးအမြတ်ပြုခံရ၊ မြတ်နိုးခံရ၊ ပူဇော်ခံရ၊ လေးစားခံရလျက် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ ပေါများလေသည်။

### တိတ္ထိများ လာဘ်လာဘကျဆင်း

တစ်ဖက်ကပေါများကြသလောက်ပင် တစ်ဖက်က ချိန်ခွင်ပေါင်ကဲ့သို့ သာသနာပြင်ပ အယူရှိကြသည့် တိတ္ထိတို့မှာ ပစ္စည်းလေးပါး ရှားပါးကြလေသည်။ လူတို့ အရိုအသေပြုမှုများ ဆုတ်ယုတ်ကြလေသည်။

### တိတ္ထိများ စည်းဝေး၍ ဘုရားရှင် လာဘ်လာဘပေါများခြင်း၏ အကြောင်းကို ရှာ

တိတ္ထိတို့သည် ဘုရားရှင်နှင့် ရဟန်းသံဃာများ ပစ္စည်း လေးပါး လာဘ်လာဘ ပေါများမှုကို မရှုစိမ့် မနာလိုဖြစ်ကာ စည်းဝေး၍ "ငါတို့ ရဟန်းဂေါတမ ပေါ်ပေါက်လာသည့်အချိန်ကစ၍ ပျက်စီးခြင်းမလှ ပျက်စီး၍ လာဘ်လာဘများ တစ်နေ့ထက်တစ်နေ့ ခေါင်းပါးဆုတ်ယုတ်လာခဲ့မျှက တစ်ဦးတစ်ယောက်ကမျှ ငါတို့ကို 'ရှိသေး၏'ဟုပင်

မသိကြတော့ပေ၊ အဘယ်ကို အကြောင်းပြု၍ လူအပေါင်းက ရဟန်းဂေါတမအပေါ် အလွန်အမင်း ကြည်ညိုပြီးလျှင် အလွန်ကောင်းမြတ်သော လာဘ်လာဘနှင့် အရိုအသေပြုမှုများကို ပြုကြလေသလဲ''ဟု ဘုရားရှင်၏ ပစ္စည်းလေးပါး လာဘ်လာဘပေါများမှု၌ အခြေခံ အကြောင်းရင်းကို ရှာဖွေဆွေးနွေးကြလေသည်။

ထိုအစည်းအဝေး၌ တိတ္ထိဆရာကြီးတစ်ယောက်က ''သင်္ကိဝင် မင်းမျိုးဖြစ်သောကြောင့်''ဟု တင်ပြလေသည်။ အခြားတိတ္ထိတစ်ယောက်က ''မွေးဖွားစဉ်က အံ့သြဖွယ်များ ထူးထူးခြားခြား ဖြစ်ပေါ်သောကြောင့်''ဟု တင်ပြလေသည်။ အခြားတိတ္ထိတစ်ယောက်က ''အဆင်းအလွန်လှသောကြောင့်''ဟု တင်ပြလေသည်။ အခြားတိတ္ထိတစ်ယောက်က ''ရောက်မည့်ဆဲဆဲဖြစ်သော စကြာမင်း စည်းစိမ်ကို စွန့်၍ ရဟန်းပြုသောကြောင့်''ဟု တင်ပြလေသည်။

ဤသို့ စသည်ဖြင့် တိတ္ထိဆရာကြီး အသီးသီးတို့သည် မြတ်စွာဘုရား၏ အတုမရှိသော ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယသုံးပါး ဂုဏ်ကျေးဇူးများကို မသိကြသောကြောင့် ကိုယ်ထင်ရာ မြင်ရာ အကြောင်းများကို တစ်ယောက်တစ်ပေါက် ပြောဆို တင်ပြကြလေသည်။

ဘုရားရှင့်အပေါ် လူများ အကြည်ညိုမဲ့မည့်အကြောင်း ရှာဖွေ

ဘုရားရှင် ပစ္စည်းလေးပါး လာဘ်လာဘ ပေါများမှု၌ အခြေခံ အကြောင်းရင်းကို ရှာဖွေကြပြီးသော် ဘုရားရှင့်အပေါ်၌ လူအများ အကြည်ညိုမဲ့မည့် အခြေခံအကြောင်းအချက်များကို ရှာဖွေကြံကြလေသည်။

ဘုရားရှင် မကောင်းသတင်းထွက်အောင် လုပ်ဖို့ အကြံယူ

ရှာကြံသော်လည်း မတွေ့မမြင်လေလျှင် ''ငါတို့သည် ဘယ်နည်းဖြင့် ရဟန်းဂေါတမ မကောင်းသတင်းထွက်ပေါ်အောင် လုပ်၍ လာဘ်လာဘနှင့် အရိုအသေပြုမှုများကို ဖျက်ဆီးပစ်ကြရပါမလဲ''ဟု အကြံယူ တိုင်ပင်ကြလေသည်။

## ဘုရားရှင် မကောင်းသတင်းထွက်အောင် သုန္ဒရီကို လွှတ်ဖို့ဆုံးဖြတ်

ထိုအချိန်၌ သာဝတ္ထိမြို့ဝယ် ပရိဗိုဇ်မ တကာတို့ထက် အချိုး အဆစ် ပြေပြစ် ရုပ်ရေအဆင်းလှပတင့်တယ် ရှုချင်စဖွယ်ရှိသောကြောင့် ''သုန္ဒရီ''ဟု အမည်ရသော ပရိဗိုဇ်မတစ်ယောက် ရှိ၏။ ထိုသုန္ဒရီပရိဗိုဇ် မသည် အရွယ်ကောင်း ရုပ်ရေအဆင်း လှပတင့်တယ်လှပသလောက် အကျင့်တန်သူ ကိုယ်နှုတ်နှလုံး မစောင့်စီး မထိန်းချုပ်သူ ဖြစ်လေသည်။

ယခုလို အကြံယူတိုင်ပင်ကြသည့်အထဲတွင် ရက်စက်ကြမ်းကြုတ် အင်မတန်ယုတ်မာသော အကြံရှိသည့် တိတ္ထိဆရာတစ်ယောက်က ''အို အရှင်တို့....မိန်းမချမ်းသာ၌ မတပ်မက် မငြီးငွေ့သူဟူ၍ ဒီလောကမှာ တစ်ယောက်မျှ မရှိ၊ ဒီရဟန်းဂေါတမကား နတ်တမျှလှပနုပျိုသူ ဖြစ် သည်။ မိမိလို လှပနုပျိုသည့် မိန်းမကိုရလျှင် ကောင်း တပ်မက်ငြီးတွယ် လိမ့်မည်။ မတပ်မက်မငြီးတွယ်လျှင်လဲ လူများ သံသယဖြစ်ကြပေလိမ့် မည်။ ကိုင်း.... ငါတို့ ရဟန်းဂေါတမ မကောင်းသတင်းထွက်အောင် မကောင်းသတင်း မြေတစ်ဝန်းလုံး ပြန့်နှံ့အောင် သုန္ဒရီပရိဗိုဇ်မကို ရဟန်း ဂေါတမဆီ လွှတ်ကြစို့''ဟု အကြံပေးလေသည်။

ထိုတိတ္ထိဆရာ၏ အကြံပေးတင်ပြချက်ကို ကျန်တိတ္ထိအားလုံးက ''သင့်အကြံ အလွန်ကောင်းသည့် အကြံဖြစ်သည်၊ ဒီအကြံအတိုင်းလုပ် လျှင် ရဟန်းဂေါတမသည် မကောင်းသတင်း နှိပ်စက်ခံရသည်ဖြစ်၍ ဦးခေါင်းမထောင်နိုင်တော့ဘဲ ဦးတည်မိရာ တစ်နေရာသို့ ထွက်ပြေး သွားလိမ့်မည်''ဟု သဘောတူ လက်ခံဆုံးဖြတ်ကြလေသည်။

## သုန္ဒရီကို တာဝန်ပေး

သဘောတူ လက်ခံဆုံးဖြတ်ပြီးသော် တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မ လွှတ်ဖို့ရန် သုန္ဒရီပရိဗိုဇ်မထံ တစ်စုတစ်ဝေးတည်း သွားရောက်ကြလေ သည်။ သုန္ဒရီပရိဗိုဇ်မသည် ထိုတိတ္ထိများကို မြင်လျှင် ''ဘယ်အတွက် ကြောင့် အရှင်တို့ တစ်စုတစ်ဝေးတည်း လာကြသလဲ''ဟု မေးလေ သည်။ တိတ္ထိတို့သည် တစ်ခွန်းတစ်လေမျှ အဖြေမပေးဘဲ ကျောင်းတိုက် အစွန်အဖျားတစ်နေရာမှာ စုဝေးထိုင်နေကြလေသည်။

သုန္ဒရီပရိဗိုဇ်မသည် အထပ်ထပ်ခေါ်ဝေါ် ပြောဆိုပါသော်လည်း စကားတုံ့မရလေလျှင် ''အရှင်တို့ကို တပည့်တော်မ ဘာပြစ်မှားမိလို့

လဲ။ ဘယ်အတွက်ကြောင့် စကားတို့မပေးကြသလဲ''ဟု မေးမြန်းလေသည်။ တိတ္တိများက ''ငါတို့ ညှဉ်းဆဲနှိပ်စက်ခံနေကြရသည်ကို သင်လျစ်လျူရှုနေသောကြောင့် စကားတို့မပေးကြခြင်း ဖြစ်သည်''ဟု ပြောကြလေသော် သုန္ဒရီက ''အရှင်တို့ကို ဘယ်သူ ညှဉ်းဆဲနှိပ်စက်သလဲ''ဟု မေးလေသည်။

တိတ္တိများက ''ငါတို့ကို လာဘ်လာဘနှင့် အရှိအသေပြုမှုများ ဆုတ်ယုတ်ပျက်စီးအောင် ပြုလုပ်နှိပ်စက်ညှဉ်းပန်းကာ လှည့်လည်သွားလာနေသော ရဟန်းဂေါတမကို သင် မမြင်ဘူးလား''ဟု အပြစ်တင်စကားပြောကြလျှင် သုန္ဒရီက ''ဒီကိစ္စမှာ တပည့်တော်မ ဘာလုပ်ရမလဲ၊ တပည့်တော်မ အဘယ်မှာ မပြုစွမ်းနိုင်ဘဲ ရှိပါမလဲ၊ ဆွေမျိုးတို့အကျိုးအတွက်ဆိုလျှင် အသက်ကိုပင် စွန့်နိုင်ပါသည်''ဟု နောက်ဆုံးစကား ပြောကြားလေသည်။

တိတ္တိများက ''နှမ... သင်သည် ဆွေမျိုးတို့အတွက်ဆိုလျှင် အသက်ကိုပင် စွန့်နိုင်ပါသည်ဟု ရဲရဲတောက်စကားကိုလဲ ပြောပေ၏။ သင်နှမကား ပဌမအရွယ် အလွန်လှပတင့်တယ် ကျက်သရေရှိနေသူ ဖြစ်၍ သင့်ကို အကြောင်းပြု၍ ရဟန်းဂေါတမ မကောင်းသတင်းထွက်အောင် အကယ်နိုင်ဆုံး လုပ်ပါ''ဟု ပြောဆိုပြီးလျှင် ''ဇေတဝန်ကျောင်းတိုက်သို့ အမြဲမပြတ် ဝင်ထွက်သွားလာပါ''ဟု နည်းလမ်းညွှန်ပြ၍ တာဝန်ပေးလေသည်။

ယင်းတို့များသည် စိဉ္စမာဏဝိကာ၏ အကူအညီကို ယူ၍ ဘုရားရှင်အရှက်ကွဲ အကျိုးနည်းဖြစ်အောင် လုပ်သကဲ့သို့ သုန္ဒရီ၏ အကူအညီကို ယူ၍ ဘုရားရှင် အရှက်ကွဲအကျိုးနည်းဖြစ်အောင် လုပ်ကြပြန်လေသည်။

## သုန္ဒရီ တာဝန်ယူ

သုန္ဒရီ ရိုဗိုဇ် အဝိုက်သည် လူသွားပေါ်မှာ ပန်းကုံးကစားလိုသူကဲ့သို့ သည်းကောင်း၊ အမွှန်သစ်သော ကင်ကြမ်းကို နှာမောင်းမှဆုပ်ကိုင်မ် ယူသူကဲ့သို့ လည်းကောင်း၊ သေမင်းကို နဖူးဖြင့် ခံယူလိုသူကဲ့သို့လည်းကောင်း တိတ္တိတို့စကားကို ''ကောင်းပါပြီ အရှင်ဘုရားတို့''ဟု ဝန်ခံပြီး ပြန်သွားလေသည်။

လူများ အထင်လွဲအောင် သုန္ဒရီ ပြောဆိုပြုလုပ်

သူမသည် ပြန်ရောက်၍ ခဏနေပြီးသော် ပန်းနံ့ သာလိမ်းကျံ ခြယ်သကာ အာခံတွင်းမွှေးသည့် ကွမ်းအထုံဆေးများကိုစား၍ လူအများ ဘုရားရှင်၏ တရားကိုနာပြီး မြို့တွင်းပြန်ဝင်ချိန်၌ အခွင့်မကောင်းယူကာ ဇေတဝန်ကျောင်းတိုက် သွားလေသည်။

လမ်းတွေ့သူများက "ဘယ်သွားမလဲ"ဟု မေး ကြလေလျှင် "ရဟန်းဂေါတမဆီ သွားရပါမည်၊ ငါ ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋီ တစ်တိုက်တည်းမှာ နေရသူဖြစ်ပေသည်"ဟု ထင်ယောင်ထင်မှားဖြစ် အောင် ပြောလေသည်။

သုန္ဒရီ စွပ်စွဲဆဲရေးစကားပြော

ဇေတဝန်ကျောင်းတိုက် ရောက်သောအခါ ကျောင်းတိုက်တွင်း မဝင်ဘဲ တိတ္ထိတို့ကျောင်းတိုက်ထဲ ဝင်အိပ်ပြီးလျှင် နံနက်စောစောထ၍ ဇေတဝန်ကျောင်းလမ်းကနေ ပြန်လာလေသည်။

လမ်းတွေ့သူများက "သုန္ဒရီပရိဗိုဇ်မကလေး.... ဘယ်လိုလဲ၊ သင် ဘယ်သွားနေသလဲ"ဟု မေးမြန်းကြလေလျှင် "ကျွန်မသည် ရဟန်း ဂေါတမနှင့်အတူ ဂန္ဓကုဋီတစ်တိုက်တည်းမှာ နေထိုင်ပြီး ရဟန်းဂေါတမ ကို ကိလေသာအပျော်ထူးဖြင့် ပျော်မြူးအမွှေ့ပျော်စေ၍ ပြန်လာခဲ့ပါ သည်"ဟု စွပ်စွဲဆဲရေးစကား ပြောကြားလေတော့သည်။

ယခုလို သုန္ဒရီစွပ်စွဲမှုကို ခံရသည်မှာ ပစ္စေကဗုဒ္ဓါကို စွပ်စွဲဆဲရေး ခဲ့သည့် ဝစီဘေဒလက်ချက်ပင် ဖြစ်၏။ ဤကား ဝစီဘေဒထိတိုင်းရှုပုံ တည်း။

ကိုယ်တော်တိုင် ရှေးမကောင်းမှုကံကို မိန့်တော်မူ

ဘုရားရှင်ကိုယ်တော်တိုင်ပင် အနောတတ္တအိုင်အနီး သီတင်းသုံး တော်မူစဉ်အခါဝယ် ရဟန်းအပေါင်းကို "ငါသည် ရှေး မုနာဠိအမည် ရှိသော အရက်သမားဖြစ်စဉ် တစ်ခုသောဘဝ၌ မပြစ်မှားထိုက်သော သုရဘိအမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါကို စွပ်စွဲခဲ့မိ၏။

ထိုစွပ်စွဲခဲ့သောကံကြောင့် ငါသည် ငရဲ၌ ကြာမြင့်စွာ ကျင်လည် ခဲ့ရ၏။ ထောင်ပေါင်းများစွာသော နှစ်တို့ပတ်လုံး ဆင်းရဲဝေဒနာကို ခံစားခဲ့ရပေ၏။

ငါသည် ထိုင်းအကြွင်းအကျန်ဖြင့် ဤနောက်ဆုံးဘဝ၌လည်း သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို ခံရပေ၏”ဟု မိမိ၏ ရှေးမကောင်းမှုကံကို မိန့်တော်မူလေသည်။

## လယ်တီဆရာတော်၏ ကဗျာ

ဤကိုရည်၍ လယ်တီဆရာတော်က အမေးအဖြေ ပုံစံဖြင့် အောက်ပါလင်္ကာကို စပ်ဆိုရေးသားထားတော်မူခဲ့ လေသည်။

### အမေး

တိတ္ထိစေခိုင်း မိုက်ရိုင်းဒုဿီ၊
ထင်ယောင်ထင်မှား ပြုငြားသုန္ဒရီ၊
လူရှင်အပေါင်း ယုံကြောင်းပွေလီ၊
ရှင်တော်ထွင့် ဘယ်ဝင့်ရှေးကမှီ။

### အဖြေ

မုနာဠိဟု မည်ရှိလောင်းတော်၊
မောက်ကြွား မှောက်မှား သောက်စားအပျော်၊
ရှင်ပစ္စေက ဗုဒ္ဓမြင်သော်၊
ဒုဿီဘဲ စွပ်စွဲဝင့်ကြွေးပေါ်။

## ကြောက်မက်ဖွယ်အတည့်သာ

သုံးလောကထွတ်တင် ဘုရားရှင်ပင် ဝစီဘေဒကြောင့် ဝဋ်လိုက် ရသေးလျှင် အခြားလူများ ငါ မှားတို့မှာမူကား အဘယ်မှာ ပြော ဖွယ်ရာ ရှိပါတော့မည်နည်း။ ပြောဖွယ်ရာ မရှိတော့ပြီ။ ဝစီဘေဒ လက်ချက်မှာ ကြောက်မက်ဖွယ်အတည့်သာ ဖြစ်လေသည်တကား။

(ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပဒါန ပါဠိတော် ဗုဒ္ဓအပဒါန-ဋ္ဌကထာ၊ ဥဒါနဋ္ဌကထာ သုန္ဒရီသုတ်—တို့မှ ထုတ်နုတ်ညှိနှိုင်းရေးသည်။)

ဗေဒင်သုံးပုံတတ် ပုဏ္ဏားရသေ့ဆရာကြီးဖြစ်စဉ်ဘဝကဈျာန် အဘိညာဉ်ရ
ဘီပသေနရသေ့ကို ''ဒီရသေ့ကား ကာမစည်းစိမ်ကို ခံစားသည့်
ရသေ့စဉ်းလဲ ဖြစ်သည်'' ဟု စွပ်စွဲခဲ့သော ဝစီဘေဒကြောင့်
ကျွန်ုပ်တို့ဘုရားရှင်သည် ငရဲ၌ နှစ်ပေါင်း တစ်ထောင်
ခံခဲ့ရ၍ နောက်ဆုံး ဘုရားဖြစ်သည့် ဘဝ၌
လူများ၏စွပ်စွဲမှုကို ခံရ

ထိုဗေဒင်သုံးပုံတတ် ပုဏ္ဏားရသေ့ဆရာကြီး၏ တပည့်များ ဖြစ်စဉ်ဘဝက
ဆရာနှင့်အတူ ဘီမသေနရသေ့ကို စွပ်စွဲခဲ့သော ဝစီဘေဒကြောင့်
ဘုရားရှင်၏ တပည့် ရဟန်းငါးရာတို့လည်း
ဘုရားရှင်နှင့်အတူ လူများ၏ စွပ်စွဲမှုကို ခံကြရ

---

# ဝစီဘေဒ ထိခဲ့ပုံ

**ဗေဒင်သုံးပုံတတ် ပုဏ္ဏားဆရာကြီးဖြစ်**

ကျွန်ုပ်တို့ဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသော ဘဝဝယ် လူအများလေးစားကော်ရော် ပူဇော်အပ်ရသော ဗေဒင်သုံးရပ်ကမ်းဆုံးခပ်အောင် တတ်မြောက်သည့် ပုဏ္ဏားရသေ့ဆရာကြီး ဖြစ်၍ မဟာစုန်တော၌ တပည့်ငါးရာတို့ကို ဗေဒင်ကျမ်းများကို သင်ကြားပြသလေသည်။

**ဘီမသေနရသေ့ကို ကိုယ်တိုင်လည်း စွပ်စွဲ၊**
**တပည့်များကိုလည်း စွပ်စွဲခိုင်း**

တစ်နေ့သ၌ တပည့်ငါးရာတို့ကို ဗေဒင်ကျမ်းများကို သင်ကြားပြသနေစဉ် ဟိမဝန္တာမှ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော တန်ခိုးရှင် ဘီမသေနအမည်ရှိသော ရသေ့သူမြတ် မိမိတို့ထံ

ကြွရောက်လာသည်ကို မြင်လျှင် ပြုံးစူစောင်းမြောင်းမှု (ဣဿာတရား) နှိပ်စက်ကာ "ဒီရသေ့ကား ကာမစည်းစိမ်ခံစားသည့် ရသေ့စဉ်းလဲ ဖြစ်သည်"ဟု စွပ်စွဲဆဲရေးလေသည်။ တပည့်များကိုလည်း ထို့အတူ စွပ်စွဲဆဲရေးခိုင်းလေသည်။

တပည့်များကလည်း စွပ်စွဲ

တပည့်ငါးရာတို့သည်လည်း ဆရာကြီး၏စကားကို အားရဝမ်းသာ လက်ခံကြကာ မြို့တွင်းရွာတွင်း ဆွမ်းခံကြသော ထိုဘီမသေနရသေ့ကို "ဒီရသေ့ကား ကာမစည်းစိမ်ကို ခံစားသည့် ရသေ့စဉ်းလဲ ဖြစ်သည်" ဟု အိမ်တိုင်းအိမ်တိုင်းရှိ လူများအား ကဲ့ရဲ့စွပ်စွဲဆဲရေးစကား ပြောကြားကြလေသည်။ ဤကား ဝစိဘောဒထိ ခဲ့ပုံတည်း။

## ဝစိဘောဒ ထိတိုင်းရှပုံ

ငရဲ၌ ခံရပြီးနောက် ရဟန်းငါးရာနှင့်တကွ စွပ်စွဲမှုကို ခံရ

ထိုဝစိဘောဒ မကောင်းမှုကံကြောင့် ငရဲ၌ နှစ်ပေါင်း တစ်ထောင် တ်လုံး ဆင်းရဲဒုက္ခ ခံရပြီးနောက် နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူသော ကာလ၌လည်း ထိုတပည့်ငါးရာတို့သည် တပည့်ရဟန်း ငါးရာ ဖြစ်လာကြကာ ဘုရားရှင်ရော ထိုရဟန်းများပါ သုန္ဒရီပရိဗိုဇ်မ သေမှုကို အကြောင်းပြု၍ လူအများ၏ မဟုတ်မတရား စွပ်စွဲ ကဲ့ရဲ့ခြင်းကို ခံရလေသည်။

တိတ္ထိတို့ အရက်သမားများကို ငွေပေးပြီး သုန္ဒရီကို အသတ်ခိုင်း

ချဲ့ပါဦးမည်— တိတ္ထိတို့သည် ရှေးဝင့်ကျေး၌ ဖော်ပြခဲ့သည့် အတိုင်း သုန္ဒရီပရိဗိုဇ်မ စွပ်စွဲပြီးနောက် နှစ်ရက် သုံးရက်ကျော်၍ သုန္ဒရီ ပရိဗိုဇ်မ ဇေတဝန်ကျောင်းတိုက်သို့ အမြဲမပြတ် ခဏခဏသွားသည်ကို လူအများ တွေ့မြင်ကာ အထင်လွဲလောက်သည့်အခါ၌ အရက်သမားတို့ အား ငွေပေးပြီး "သွားကြ၊ သုန္ဒရီကို သတ်၍ ရဟန်းဂေါတမ၏ ဂန္ဓကုဋီကျောင်းအနီး ပန်းအမှိုက်များ စွန့်ပစ်ရာ မြောင်းထဲ ပန်းအမှိုက် များအကြား ပစ်ချပြီး ပြန်ခဲ့ကြ"ဟု ခိုင်းကြလေသည်။

**အရက်သမားများ သုန္ဒရီကို သတ်**

အရက်သမားများသည် တိတ္ထိတို့ ခိုင်းသည့်အတိုင်း သုန္ဒရီကို သတ်ပြီး မြောင်းထဲ အမှိုက်များအကြား ပစ်ချကြလေသည်။

**သုန္ဒရီကို ရှာမတွေ့ကြောင်း မင်းကြီးကို တိတ္ထိများ တိုင်**

သုန္ဒရီကို သတ်ပြီးနောက် တိတ္ထိတို့သည် "ငါတို့တပည့်မကလေး သုန္ဒရီမကို မတွေ့ရ"ဟု အုတ်အုတ်ကျက်ကျက်ဖြစ်အောင် ပြောဆို ပြုလုပ်ကြကာ ကောသလမင်းကြီးထံ သွားရောက်၍ "မင်းကြီး.... ငါတို့ တပည့်မသုန္ဒရီပရိဗိုဇ်မကလေး ပျောက်ချင်းမလှ ပျောက်နေပါသည်၊ ရှာမတွေ့ပါ"ဟု တိုင်တန်းကြလေသည်။

**ဇေတဝန်ကျောင်းတိုက်ကို အရှာခိုင်း**

မင်းကြီးက "အရှင်တို့.... ဘယ်နေရာမှာ သံသယရှိကြပါသနဲ့" ဟု မေးလေလျှင် တိတ္ထိတို့က "မင်းကြီး.... ဇေတဝန်ကျောင်းတိုက်မှာ သံသယရှိပါသည်"ဟု ပြောသဖြင့် မင်းကြီးက "ဒီလိုဆိုလျှင် ဇေတဝန် ကျောင်းတိုက်ကို ရှာဖွေကြ"ဟု အရှာခိုင်းလေသည်။

**တိတ္ထိများသည် ရှာဖွေဟန်ဖြင့် အလောင်းယူပြ**

တိတ္ထိတို့သည် မိမိတို့၏ ဒါယကာများကို ခေါ်ပြီး ဇေတဝန် ကျောင်းတိုက် သွားရောက်ကာ သုန္ဒရီပရိဗိုဇ်မကို ရှာဖွေဟန်ဖြင့် မြောင်း ထဲဆင်း၍ ပန်းအမှိုက်များကို ဖယ်ပြီး သုန္ဒရီပရိဗိုဇ်မ၏ ဥဘုဇရုပ်ကလာပ် ကို မြောင်းထဲမှ ထုတ်ယူကြလေသည်။ ထုတ်ယူပြီးနောက် ခုတင်ပေါ် တင်သမ်းကာ သာဝတ္ထိမြို့တွင်းသွင်းပြီး နန်းတော် ကောသလမင်းကြီးထံ သွားပြ၍ "ရဟန်းဂေါတမ၏ တပည့်များသည် 'သူတို့ဆရာ ပြုလုပ် သည့် မကောင်းမှုကို ဖုံးလွှမ်းကြမည်'ဟု ကြံစည်ကာ သုန္ဒရီပရိဗိုဇ်မ ကလေးကို သတ်ပြီး မြောင်းတွင်း ပန်းအမှိုက်တွေကြားမှာ ပစ်ချထား ကြပါသည်"ဟု ကောသလမင်းကြီး ယုံအောင် ပြောကြလေသည်။

**တစ်မြို့လုံး လှည့်လည်ပြသ ကြွေးကြော်ရန် အမိန့်ချ**

ကောသလမင်းကြီးက "ဒီလိုဆိုလျှင် သွားကြ၊ တစ်မြို့လုံး အနှံ့ လှည့်လည် ဟစ်အော် ပြသ ကြွေးကြော်ကြ"ဟု ပရမ်းမစမ်း မဆင်မခြင် တစ်ချက်လွှတ် အမိန့်ချမှတ်လိုက်လေသည်။

**တစ်မြို့လုံး လှည့်လည်၍ ကဲ့ရဲ့ကြဖို့ လူများကို တိုက်တွန်း**

တိတ္ထိတို့သည် မင်းကြီး၏ မစူးမစမ်း မဆင်မခြင်ဘဲ အမိန့်ထုတ်ပြန်ချက်ကို ကြားရလျှင် အားတက်ကာ သုန္ဒရီ၏ ရုပ်အလောင်းကို ခုတင်ပေါ် တင်ထမ်းပြီးလျှင် တစ်လမ်းဝင် တစ်လမ်းထွက် သာဝတ္ထိတစ်မြို့လုံး လှည့်လည်လျက် "မြို့သူမြို့သား အပေါင်းတို့... သာကီဝင်မင်းသား ရဟန်းတို့၏ အမှုကို ကြည့်ကြကုန်လော့။ သာကီဝင်မင်းသား ရဟန်းတို့သည် အရှက်မရှိကြကုန်။ သီလ မရှိကြကုန်။ ယုတ်ညံ့သောသဘော ရှိကြကုန်၏။ မဟုတ်မမှန် ပြောဆိုကြကုန်၏။ သို့ဖြစ်လျက် ဒီရဟန်းတို့သည် သူတော်ကောင်းယောင်ဆောင်ကာ 'တရားကျင့်ကုန်၏၊ ကိုယ်ကျင့်ကောင်းကုန်၏ မြတ်သောအကျင့်ကို ကျင့်ကြကုန်၏။ အမှန်ကို ပြောဆိုကြကုန်၏။ သီလရှိကြကုန်၏။ ကောင်းသော သဘော ရှိကြကုန်၏' ဟု ဝန်ခံကြကုန်ဘိသေး၏။ ဒီရဟန်းတို့အား ရဟန်း၏ အကျင့်မရှိ၊ မြတ်သော အကျင့်မရှိ။ ရဟန်းအကျင့် ပျောက်ကင်း၏။ မြတ်သောအကျင့် ပျောက်ကင်း၏။ ဒီရဟန်းတို့အား ရဟန်းအကျင့်သည် ဘယ်မှာရှိတော့မလဲ။ မြတ်သောအကျင့်သည် ဘယ်မှာရှိတော့မလဲ။ ဒီရဟန်းတို့သည် ရဟန်းအကျင့်မှ ကင်းကုန်၏၊ မြတ်သောအကျင့်မှ ကင်းကုန်၏။ ယောကျ်ားသည် ယောကျ်ား၏အမှုကို ပြုလုပ်ပြီးလျှင် အားနွဲ့သူမိန်းမကို ဘာကြောင့် သတ်ရဘိသလဲ"ဟု ဘုရားရှင်နှင့်တကွ ရဟန်းတို့ကို ကဲ့ရဲ့ကြရန် လူများကို ဟစ်အော် ပြောဆို တိုက်တွန်းကြလေသည်။

**မြို့သူမြို့သားများက ကဲ့ရဲ့**

သာဝတ္ထိ မြို့သူမြို့သားတို့သည် ရဟန်းတို့ကိုမြင်လျှင် ကြမ်းကြမ်းတမ်းတမ်း ဆဲရေး၍ "ဒီသာကီဝင်မင်းသား ရဟန်းများသည် အရှက်မရှိကြကုန်" စသည်ဖြင့် တိတ္ထိတို့ ဝါဒဖြန့်သည့်အတိုင်း ဘုရားရှင်နှင့် တပည့်များကို ကဲ့ရဲ့ကြလေသည်။

**ရဟန်းများက ဘုရားရှင်ကို ထိုအကြောင်း လျှောက်**

ရဟန်းများ ဆွမ်းခံပြန်ရောက်ကြသည့်အခါ ဘုရားရှင်ထံမှောက် သွားရောက်၍ သာဝတ္ထိမြို့သူမြို့သားတို့သည် ရဟန်းတို့ကို မြင်လျှင် ကြမ်းကြမ်းတမ်းတမ်းဆဲရေး၍ "ဒီသာကီဝင်မင်းသားရဟန်းတို့သည် အရှက်မရှိကြကုန်" စသည်ဖြင့် ဘုရားရှင်နှင့် တပည့်တော်တို့ကို စွပ်စွဲဆဲရေးကြောင်းကို အကျယ်တဝင့် လျှောက်ထားကြလေသည်။

**ဘုရားရှင်က ပြန်ပြောဖို့ ရဟန်းများကို သင်ပေး**

ဘုရားရှင်က "ရဟန်းတို့... ဒီကဲ့ရဲ့သံသည် ကြာရှည်မဖြစ်နိုင်၊ ခုနစ်ရက်သာ ဖြစ်လိမ့်မည်။ ခုနစ်ရက်လွန်လျှင် ပျောက်ကွယ်လိမ့်မည်၊ ရဟန်းတို့... ဒီလိုဖြစ်လျှင် ထိုဆဲရေးကဲ့ရဲ့ကြသူတို့ကို မဟုတ်မမှန် ပြောလေ့ရှိသူသည် ငရဲရောက်ရ၏၊ မကောင်းမှုကို ပြုပြီးလျှင် 'ငါမပြု'ဟု ပြောသူလည်း ငရဲရောက်ရ၏၊ ယုတ်ညံ့သောအမှုရှိကြသည့် ထိုသူ နှစ်ယောက်တို့သည် ဒီဘဝမှ စုတေသော် တမလွန်လောကဝယ် ငရဲ၌ တူမျှစွာ ဖြစ်ကြရကုန်၏'ဟု ပြောကြ"ဟု သင်ပေးတော်မူသတဲ့။

ဤကား ဝစီဘေဒထိတိုင်းရှုပုံတည်း။

## စွပ်စွဲခံရမှု ၂-ခု အထူး

ရှေ့စွပ်စွဲခံရမှုမှာ ဘုရားရှင်သာ သုန္ဒရီ၏စွပ်စွဲခံရမှု ဖြစ်သည်။ နောက်စွပ်စွဲခံရမှုမှာ ဘုရားရှင်ရော ရဟန်းများပါ သုန္ဒရီသေမှုကို အကြောင်းပြု၍ လူများ၏စွပ်စွဲခံရမှု ဖြစ်သည်။

## ကိုယ်တော်တိုင် ရှေးမကောင်းမှုကံကို မိန့်တော်မူ

ဘုရားရှင်ကိုယ်တော်တိုင်ပင် အနောတတ္တအိုင်အနီး နေတော်မူစဉ်အခါကပင် ရဟန်းအပေါင်းကို "ငါသည် အကြားအမြင်များသည် ဖြစ်၍ ရှိသေအပ် ပူဇော်အပ်သော ဗြဟ္မဏလုလင် ဖြစ်ခဲ့၏၊ မဟာဝုန်တော၌ လုလင်ငါးရာတို့အား ဗေဒင်တို့ကို ပို့ချလျက်ရှိ၏။

တန်ခိုးကြီးမားသော ကြောက်မက်ဖွယ်ဖြစ်သော အဘိညာဉ်ရ ရသေ့သည် ထိုတောသို့ ရောက်လာ၏၊ ငါသည် ရောက်လာသော ထိုရသေ့ကို မြင်၍ မပြစ်မှားထိုက်ဘဲလျက် စွပ်စွဲပြစ်မှားခဲ့၏။

ထိုအခါ ငါသည် တပည့်လုလင်တို့ကို "ဤရသေ့ကား ကာမစည်းစိမ် ခံစားသူ'ဟု ပြောဆိုခဲ့၏၊ ငါ ပြောသည်ကိုလည်း တပည့်လုလင်တို့သည် ဝမ်းသာအားရ ဖြစ်ကြကုန်၏။

ထို့နောက် လုလင်အားလုံးတို့သည် အိမ်တိုင်းအိမ်တိုင်း၌ ဆွမ်းခံသော ရသေ့ကို "ဤရသေ့သည် ကာမဂုဏ်စည်းစိမ် ခံစားသူ"ဟု သူများအပေါင်းအား ပြောဆိုကြကုန်၏။

'ထိုမကောင်းမှုကံကြောင့် ငါဘုရားနှင့်အတူ ဤရဟန်းငါးရာအားလုံး သုန္ဒရီပရိဗိုဇ်မ ဟူသောအကြောင်းကြောင့် စွပ်စွဲခြင်းကို ခံကြရကုန်၏''ဟု မိမိ၏ ရှေးမကောင်းမှုကံကို မိန့်တော်မူလေသည်။

## လယ်တီဆရာတော်၏ ကဗျာ

ဤကိုရည်၍ လယ်တီဆရာတော်က အမေးအဖြေပုံစံဖြင့် အောက်ပါ ကဗျာလင်္ကာကို စပ်ဆိုရေးသားတော်မူခဲ့လေသည်။

အမေး

သုန္ဒရီမိုက် သတ်လိုက်မလေရာ၊
တိတ္ထိအသင်း သတင်းလွှင့်ကာ၊
တပည့်များနှင့် ဘုရားကိုသာ၊
လူအများ ယုံမှား ဘယ်တွက်တာ။

အဖြေ

လောင်းတော်ရသေ့ ပျော်မွေ့စံရာ၊
ရသေ့တစ်ဦး ဈာန်မြူးကွန့်လာ၊
ငြူစူစိတ်ဇော မနောဂူဏ္ဍာ၊
ကျင့်ယုတ်ကြီး နှုတ်သီးချွန်သည့်တာ။

## ကြောက်လန့်ဖွယ်ရာသာ

ထိုပါးပြောမှုပစီဘေဒသည် ဘုရားရှင်ကိုပင် လွှတ်လပ်ခွင့်မပေး အကျိုးပေးသည်သာ ဖြစ်သောကြောင့် ထိုပါးပြောမှု ပစီဘေဒသည် ကြောက်လန့်ဖွယ်ရာသာ ဖြစ်လေသည်တကား။

(ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပါဒါန ပါဠိတော်၊ ဗုဒ္ဓအပါဒါန အဋ္ဌကထာ၊ ဥဒါနဋ္ဌကထာ သုန္ဒရီသုတ် တို့မှ ထုတ်နုတ် ညှိနှိုင်းရေးသည်။)

---

လူဆိုးလူသွမ်း ဖြစ်စဉ်ဘဝက ဖုဿဘုရားရှင်၏ တပည့်ရဟန်းများကို "သင်တို့ မုယောဆွမ်းကြမ်းကို စားကြ၊ သလေးဆွမ်းနုကို မစားကြနှင့်" ဟု မထိမဲ့မြင် ပြောဆိုပြစ်မှားခဲ့သော ဝစီဘေဒကြောင့် ကျွန်ုပ်တို့ဘုရားရှင်လည်း ဘဝများစွာ အပါယ်လေးပါး၌ ခံခဲ့ရ၍ နောက်ဆုံးဘဝ ဘုရား ဖြစ်တော်မူ၍ ဝေရဉ္စာမြို့၌ ဝါကပ်တော်မူသော အခါ ဝါတွင်းသုံးလပတ်လုံး မုယော ဆွမ်းကြမ်း ဘုဉ်းပေးတော်မူရ

---

# ဝစီဘေဒထိခဲ့ပုံ

**လူဆိုးလူသွမ်းဖြစ်ရ**

လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာသက်၌ ဖုဿဘုရားရှင် ပွင့်တော်မူသည်။ ဖုဿဘုရားရှင်လက်ထက်တော် အခါက ကျွန်ုပ်တို့ ဘုရားအလောင်းတော်သည် မကောင်းသည့်မိတ်ဆွေများနှင့်ပေါင်းမိ၍ လူဆိုး လူသွမ်း လူပျက်ဖြစ်လေသည်။

**ရဟန်းများကို မထိမဲ့မြင် ပြောဆိုပြစ်မှား**

**အလောင်းတော်** လူဆိုး လူသွမ်း လူပျက်သည် ဖုဿဘုရားရှင်၏ **တပည့်ရဟန်းသာဝကတို့ကို** "သင်တို့...မုယောဆွမ်းကြမ်းကို စားကြ၊ သလေးဆွမ်းနုကို မစားကြနှင့်"ဟု မထိမဲ့မြင် ပြောဆိုပြစ်မှားခဲ့လေသည်။ ။**ဤကား** ဝစီဘေဒထိခဲ့ပုံ (ထိပါးပြောခဲ့ပုံ)တည်း။

## ဝစီဘေဒ ထိတိုင်းရှပုံ

**အပါယ်လေးပါးခံရပြီးနောက် ဘုရားဖြစ်သည့်ဘဝ၌ ဆွမ်းကြမ်းစားရ**

ဤဝစီဘေဒကြောင့် ဘဝပေါင်းများစွာ အပါယ်လေးပါး၌ ခံရပြီးနောက် နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူ၍ ဝေရဥ္စာမြို့၌ ဝါကပ်တော်မူသောအခါ ဝါတွင်းသုံးလပတ်လုံး မုယော (ဂျုံ) ဆွမ်းကြမ်းကို ဘုဉ်းပေးတော်မူရလေသည်။

**ဝေရဥ္စာပုဏ္ဏားက ဝေရဥ္စာမြို့၌ ဝါဆိုဖို့လျှောက်**

ခဲ့ပါဦးမည်– ဘုရားရှင် ဝေရဥ္စာမြို့ နဠေရုအမည်ရှိသော ဘီလူးသည် သိမ်းဆည်းအပ်သော တမင်ပင်အနီး၌ ရဟန်းငါးရာနှင့်အတူ သီတင်းသုံးနေတော်မူသောအခါ၌ ဝေရဥ္စာမြို့မှာမွေးဖွားသောကြောင့် "ဝေရဥ္စာ"ဟု အမည်ရသော ပုဏ္ဏားသည် ရဟန်းငါးရာနှင့်အတူ ဘုရားရှင် နဠေရုအမည်ရှိသော ဘီလူးသည် သိမ်းပိုက်အုပ်စိုးအပ်သော တမာပင်အနီးမှာ နေထိုင်တော်မူလျက်ရှိကြောင်းသတင်းနှင့် ဘုရားရှင်၏ ဂုဏ်သတင်းကို ကြားသိရလေလျှင် ဘုရားရှင့်ထံမှောက် အမြန်သွားရောက်လေသည်။

ဝေရဥ္စာပုဏ္ဏားသည် ဘုရားရှင်နှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်စကားဆိုပြီးသော် ကဲ့ရဲ့ရှုတ်ချစကားပြောလေသည်။ ထိုအခါ ဘုရားရှင်က မိမိကိုယ်ကို မြှောက်ပင့်ခြင်း၊ သူတစ်ပါးကို နှိမ်ချခြင်း အပြစ်နှစ်ပါးသို့ မကပ်ရောက်မူ၍ မဟာကရုဏာတော်ဖြင့် ဝေရဥ္စာပုဏ္ဏားအား ကိုယ်တော်မြတ်၏ အရိယာဇာတ်အားဖြင့် အကြီးဆုံး အမြတ်ဆုံးဖြစ်တော်မူပုံကို အကျယ်အားဖြင့် ဟောတော်မူလေသည်။

ထိုအခါ ဝေရဥ္စာပုဏ္ဏားသည် လောက၌ ဘုရားရှင် အကြီးအမြတ်ဆုံးဖြစ်သည်ကို လက်ခံ၍ သရဏဂုံ ခံယူလေသည်။ သရဏဂုံ ခံယူပြီးသော် ဝေရဥ္စာမြို့၌ ဝါကပ်တော်မူပါရန် တောင်းပန်လျှောက်ထားလေသည်။ ဝေရဥ္စာမြို့၌ ဝါကပ်ရန် ဘုရားရှင်က လက်ခံတော်မူလေလျှင် ဝေရဥ္စာပုဏ္ဏားသည် ဘုရားရှင်ကို ရှိခိုးပြီး ပြန်လေသည်။

**၁၂-ခုမြောက်ဝါကို ဝေရဥ္စာမြို့၌ ဆို**

ဘုရားရှင်သည် ဝေရဥ္စာပုဏ္ဏား တောင်းပန်လျှောက်ထားချက်အရ (၁၂) ဆယ့်နှစ်ခုမြောက်ဝါကို ဝေရဥ္စာမြို့၌ ရဟန်းငါးရာနှင့်အတူ ဝါကပ်တော်မူသည်။

## ဝေရဉ္စာမြို့ တော်မွတ်ခေါင်းပါး

ဘုရားရှင် ဝါကပ်သည့်အချိန်၌ ဝေရဉ္စာမြို့သည် တော်မွတ်ခေါင်းပါးအစာရှားး၏။ အသက်မွေးဖို့မလွယ်။ ဆာလောင်ရဲသူများ သေ၍ ဖွေးဖွေးဖြူသော အရိုးများရှိလျက် မဲလက်မှတ်ဖြင့် အသက်မွေးရ၏။ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတဖို့မလွယ်ကူပေ။ အနီးတစ်ဝိုက်ရှိ ခုနစ်ရွာ ရှစ်ရွာ လှည့်လည်ဆွမ်းခံသော်လည်း တစ်ဇွန်းမျှတရုံပင် မရကြဘူးတဲ့။

## မြင်းကုန်သည်တို့က မုယောဆန် လှူ

ထိုအခါ ဥတ္တရပထတိုင်းသား မြင်းကုန်သည်တို့သည် မြင်းငါးရာတို့နှင့်အတူ ဝေရဉ္စာမြို့သို့ မိုးကာလ၌ရောက်၍ မိုးအလွန်များသောကြောင့် ဝေရဉ္စာမြို့အနီး ကုန်းမြင့်ပေါ်မှာ မြင်းတဲများဆောက်လုပ်ပြီး မိုးခိုကြလေသည်။ မြင်းကုန်သည်တို့သည် မြင်းကျွေးဖို့ ပြုတ်ပြီးယူလာသော ရိက္ခာမုယောဆန်များကို ရဟန်းတို့အား ရဟန်းတစ်ပါးတစ်ပါးလျှင် တစ်စလယ်တစ်စလယ်စီ ဝတ်ထားလှူဒါန်းကြလေသည်။

## ရဟန်းများ ရေနှင့်ဖျော်၍ ဘုဉ်းပေး

ရဟန်းများသည် နံနက်အခါ ဝေရဉ္စာမြို့တွင် ဆွမ်းခံဝင်၍ ဆွမ်းမရသော် မြင်းတဲတို့၌ ဆွမ်းလှည့်လည်၍ တစ်ပါးလျှင် တစ်စလယ်စီ ရရှိသော မုယောဆန်ကို ကျောင်းတိုက်သို့ ယူဆောင်လာကြလေသည်။ ကျောင်းရောက်လျှင် ကြိတ်ချက်ပေးမည့် ကပ္ပိယကာရကလည်း မရှိ။ ကိုယ်တိုင်ကျိုချက်၍လည်း မအပ်သဖြင့် ဆုံထဲ၌ထည့်ထောင်းကာ ရေနှင့်ဖျော်၍ ဘုဉ်းပေးတော်မူကြလေသည်။

## ဘုရားရှင်ကို အရှင်အာနန္ဒာ ဆက်ကပ်

မြင်းကုန်သည်တို့သည် ဘုရားရှင်တို့အတွက် မုယောဆန် တစ်စလယ်နှင့် [illegible]စလယ်နှင့်လျော်အောင် ထောပတ်, ပျား, သကာများကို [illegible]လေသည်။ ထိုမုယောဆန်နှင့် ထောပတ်, ပျား, သကာကို အရှင်[illegible]မထေရ်သည် ယူဆောင်ခဲ့၍ ကျောက်ပြင်ပေါ်မှာ ကြိတ်ပြီးလျှင် ထောပတ်, ပျား, သကာတို့နှင့်ရောစပ်၍ ဘုရားရှင်အား ဆက်ကပ်လေသည်။

## မာရ်နတ်က မြို့ မြို့သားများကို လှည့်ပတ်

ဝေရဥ္စပုဏ္ဏား ဘုရားရှင်ကို ပင့်ဖိတ်၍ ဘုရားရှင့်အထံတော်မှ ထွက်ခွာသွားလျှင်ထွ ခွာ ားခြင်း ဝေရဥ္စပုဏ္ဏားကို လည်းကောင်း၊ ဝေရဥ္စမြို့သူမြို့သားများကိုလည်းကောင်း၊ဝေရဥ္စမြို့ပတ်ဝန်းကျင် တစ်ယူဇနာအတွင်း၌နေသူ လူများကိုလည်းကောင်း၊ နံ့နက်ငေး ဆွမ်းခံ လှည့်လည်သွားနိုင် ပြန်ရိုသော အရပ်အတွင်းရှိ လူများကိုလည်း ကောင်း ဝင်လှည့်ပတ်၍ ထိုသူတို့အား ဘုရားရှင်နှင့် သံဃာတော်များကို သတိမရအောင် လုပ်သွားလေသည်။ ယခုလို လှည့်ပတ်သွား သောကြောင့် ဝေရဥ္စပုဏ္ဏားသည် ကိုယ်တိုင်ပင့်ခဲ့သော်လည်း ဘုရားရှင် ဝေရဥ္စမြို့၌ ရှိနေ ်း ် မ သိ။ မြို့သူမြို့သားများလည်း ဆွမ်းတစ်ဇွန်းမျှ ပင် မလှူဒါန်းကြ အောက်အစ်ဆုံး အရိုအသေပြုရမှန်းပင် မသိ။ "ကန်တော့ဆွမ်း"ဟု ် ခေါ်မည့်သူပင် မရှိချေ။ မြင်းသည်ဘို့ကား မာရ်နတ်မှဝင်လှည့် တ်ပြီးမှ ဝေရဥ္စမြို့ရောက်ရှိလာကြ၍ လှည့်ပတ်မခံရခြင်းကြောင့် ဖြစ်လေသည်။

## အရှင်မဟာမောဂ္ဂလာန်က 'မြေကြီးကို လှန်ပါ စေ' ဟု လျှောက်

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဘုရားရှင်ထံ ချဉ်းကပ်ပြီးလျှင် ရှိသေစွာကိုရို၍ "အရှင်ဘုရား...ယခုအခါ ဝေရဥ္စမြို့သည် တော် မွတ်ခေါင်းပါး အစာရှား ၊ အသက်မွေးဖို့မလွယ်၊ သင်းရဲသူများ သော၍ ဖွေးဖွေးဖြူသောအမိုးများရှိလျက် မဲလက်မှတ်ဖြင့် အသက်မွေး ရ၏၊ သပိတ်ကိုင်၍ လှည့်လည်ခြင်းဖြင့် မျှတဖို့မလွယ်ကူချေ။ အရှင် ဘုရား ဒီမြေကြီး၏ အောက်အပြင်သည် 'ပျား ကောင်ပျားဥမရှိသော ပျားရည်ကဲ့သို့ ချိုမြိန်ခ ေဝင်းမြိုက်၍ သာယာဖွယ် ရှိပါသည်။ အရှင် ဘုရား...တော ်ပန်း၊ သာ ၍ တပည့်တော် ဒီမြေကြီးကို ထက်အောက် ပြောင်းပြန်လှန်ပါစေ၊ ထက်အောက်ပြောင်းပြန်လှန်လျှင် ရဟန်းများ အောက်အပြင်၌ ရှိသိမ်မြေသွာမြေဩဇာကို သုံးဆောင်ကြရပါလိမ့်မည်" ဟု လျှောက်လေသည်။

## ဘုရားရှင်က ခွင့်ပြုတော်မမူ

ဘုရားရှင် ် 'မောဂ္ဂလာန်...မလုပ်လျှော်ပေ မြေကြီးကိုလှန်ဖို့ သင် ပ ါ့ ား ါ့ ာ ကို ိကိုသည် ထင်းသမြင်လှဲမှားကြလိမ့်မည်" ဟု မိန့်ဆ ်ူ ၁ ခွင့်ပြုတော်မမူချေ။

မောဂ္ဂလာန်...ဒီဝတ်မှတ်ခေါင်းပါး အစာရှားခြင်းသည် ခုအခါမှာသာ ဖြစ်သည်မဟုတ်။ နောက်နောက်အနာဂတ်ကာလမှာလဲ ဖြစ်လိမ့်မည်။ ထိုအခါ သင်ချစ်သားသိ တင်ရှိအာနုဘော်ကြီးသော ရဟန်းကို ဘယ်နေရာမှ ရှာ၍ ရလိမ့်မည်မဟုတ်၊ ထိုနောင်လာနောင်သား ရဟန်းများသည် ဈာန်ရ ရဟန္တာ ဖြစ်သည်ဒါပကာ ရဟန္တာများပင် ဖြစ်ကြသော်လည်း အဘိညာဉ်မရသဖြင့် တန်ခိုးအာနုဘော်အား မရှိကြသောကြောင့် ဒါယကာတို့အိမ်သို့ ဆွမ်းခံ၍ ပင်ပန်းကြရလိမ့်မည်။

ခုလိုဆွမ်းခံကပ်ကြသည့်အခါ သူတို့ဒိဋ္ဌိကသည့် ပြောဆိုကြလိမ့်မည်။ "ဘုရားရှင်လက်ထက်တော်အခါက ရဟန်းတို့သည် ဝတ်မှတ်ခေါင်းပါးတိုင်း ပြည့်စုံအောင် ဖြည့်ကျင့်တော်မူလေ့ရှိကြ၏။ ဘုရားရှင် လက်ထက်တော်အခါက ရဟန်းများသည် အဘိညာဉ်တန်ခိုးအာနုဘော်ကြီးထွား၍ ဝတ်မှတ်ခေါင်းပါး အစာရှားသည့်အခါ၌ မြေကြီးကို ထက်အောက်ပြောင်းပြန်လှန်၍ မြေဆီ မြေလွှာ မြေသြဇာကို ဘုဉ်းပေးဖူးကြတော်မူကြကုန်ပြီ။ ခုအခါ၌ကား သိက္ခာသုံးပါးကို ပြည့်စုံအောင် ဖြည့်ကျင့်ကြသော ရဟန်းများ မရှိကြတော့ကုန်။ အကယ်၍ရှိကြလျှင် ဘုရားရှင်လက်ထက်တော်ကလိုပင် မြေကြီးကိုထက်အောက်ပြောင်းပြန်လှန်ကြလေရာ၏။ ငါတို့အား မြေဆီ မြေလွှာ မြေသြဇာကိုသာ ကျွေးကြလိမ့်မည်။ ခုလို ကြံစည်ဝေဖန်းစားကြလိမ့်မည်။

ခုလို ကြံစည်စဉ်းစားပြီး အရိယာတို့အပေါ်မှာ "အရိယာတို့မဟုတ်"ဟု အထင်အမြင် လွဲမှားကြလေရာ၏။ အထင်အမြင် လွဲမှားသဖြင့် အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ရှုတ်ချစွပ်စွဲ၍ အပါယ်လေးပုံကျရောက်ကြလေရာ၏။ ထို့ကြောင့် "မြေကြီးကို လှန်ဖို့ သင် မလိုလားပါနှင့်" ဟု မိန့်တော်မူကာ ခွင့်ပြုတော်မမူခြင်း ဖြစ်သည်။

"ရဟန်းအားလုံး မြောက်ကျွန်းဆွမ်းခံကြွပါစေ"ဟု
**တစ်မျိုးပြောင်းလျှောက်**

**အရှင်မဟာမောဂ္ဂလာန်**မထေရ်မြတ်သည် ကျိုတောင်းပန်ချက်ကို **ခွင့်မပြုသော်** "မဟာသမုဒ္ဒရာကို ခြေတစ်လှမ်းဖြင့်ကျော်နိုင်လောက်သည့် မြောင်းငယ်မျှဖြစ်အောင် ဖန်ဆင်းပြီးလျှင် နာဠိဂိရိတမာပေဝ်မှ သည် **မြောက်ကျွန်းသို့တည့်တည့်** လမ်းအသစ်ဖန်ဆင်း၍ မြောက်ကျွန်းကိုလည်း ရဟန်းတော်များ၏ ဆွမ်းခံနေကျရွာကဲ့သို့ အလွယ်တကူ ချမ်း

သာစွာ ဆွမ်းခံဝင်နိုင်တွက်နိုင်လောက်သည့် အသွားအပြန်လမ်းနှင့်ပြည့်စုံသော အရပ်ဖြစ်အောင် တန်ခိုးဖြင့် ဖန်ဆင်းမည်”ဟု ကြံ၍ “မြတ်စွာဘုရား....တောင်းပန်ပါသည်၊ ရဟန်းသံဃာအားလုံး မြောက်ကျွန်းဆွမ်းခံကြပါစေ”ဟု အခြားတစ်နည်းဖြင့် တောင်းပန် လျှောက်ထားပြန်လေသည်။

## ဘုရားရှင်က ခွင့်မပြုဘဲရှိပြန်

ဘုရားရှင်က သတ္တဝါတို့ ယုံကြည်အတူ အထင်အမြင်လွဲမှားပြီး ကဲ့ရဲ့စွပ်စွဲ၍ အပါယ်ရောက်ကြရလတ္တံ့သောအကြောင်းကြောင့် “မောဂ္ဂလာန်....မသင့်လျော်ပေ၊ ရဟန်းသံဃာအားလုံး မြောက်ကျွန်းဆွမ်းခံသွားခြင်းကို သင် မလိုလားပါနှင့်”ဟု မိန့်တော်မူပြန်ကာ ခွင့်မပြုဘဲ ရှိပြန်လေသည်။

## ဒေသစာရီကြွမည့်အကြောင်း ဝေရဉ္ဇာပုဏ္ဏားကို အသိပေး

ဘုရားရှင်သည် ဝါကျွတ်သော် ဝါဆိုရာအရပ်မှ ပင့်ဖိတ်သူတို့ကို အသိမပေးဘဲ ဒေသစာရီ ကြွချီတော်မူခြင်း မပြုတော်မူသည့်အတိုင်း ပင့်ဖိတ်သူ ဝေရဉ္ဇာပုဏ္ဏားကို အသိပေးရန် အရှင်အာနန္ဒာကို ခေါ်၍ ဝေရဉ္ဇာပုဏ္ဏားအိမ် ကြွတော်မူလေသည်။ ထိုအခါကျမှ မာရ်နတ်သည် မိမိ၏လှည့်ပတ်ချက်ကို ပြန်လည်ရုပ်သိမ်းလေသည်။

ဝေရဉ္ဇာပုဏ္ဏားအိမ် ရောက်လျှင် ဘုရားရှင်က “ပုဏ္ဏား....သင် ပင့်ဖိတ်ချက်အရ ငါကို ဝါကပ်ခဲ့ကြပြီ၊ သင့်ကို ငါတို့ အသိပေးပါကုန်၏။ ငါတို့ ဒေသစာရီ ကြွချီလိုပါသည်”ဟု မိန့်တော်မူလေသည်။

## ဝေရဉ္ဇာပုဏ္ဏား သတိရကာ ဆွမ်းစားပင့်

ထိုအခါကျမှ ဝေရဉ္ဇာပုဏ္ဏားသည် သတိရကာ ထိတ်ထိတ်ပြာပြာဖြင့် “အရှင်ဂေါတမ....မှန်ပါသည်။ တပည့်တော် ပင့်ဖိတ်ချက်အရ အရှင်ဂေါတမတို့ ဝါကပ်တော်မူခဲ့ကြပါသည်၊ သို့ရာတွင် လှူစရာများကို မလှူရသေးပါ။ ခုလို မလှူရခြင်းမှာ လှူမည့်ပစ္စည်းမရှိ၍လည်း မဟုတ်ပါ၊ မပေးလှူလို၍လည်း မဟုတ်ပါ။ လူ့ဘောင်မှာနေသော သူတို့သည် ကိစ္စများလှပါကုန်၏၊ ပေးလှူခွင့်ကို မရကြပါ။ အရှင်ဂေါတမသည် နက်ဖြန် တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ”ဟု လျှောက်ထားလေသည်။

ပုဏ္ဏားကြီးသည် မာရ်နတ် လှည့်ပတ်ထားသည်ကို မသိရှာ။ "အိမ်နေသူ လူဘိုကိစ္စ နှောင့်ယှက်ရှုပ်ထွေးမှုကြောင့် ငါ့ သတိမေ့လျော့ခြင်း ဖြစ်သည်" ဟု အောက်မေ့၍ ယခုလို လျှောက်ထားခြင် ဖြစ်ပေ၏။

ဘုရားရှင်သည် ပုဏ္ဏား၏ပင့်ဖိတ်ချက်ကို လက်ခံတော်မူ၏၊ တရားစကားဖြင့် ရွှင်လန်း ဝမ်းမြောက်စေပြီးလျှင် ကျောင်းပြန်ကြွတော်မူလေသည်။

## ဝါတွင်းသုံးသော လူ့ရည်ဘွဲ့များကို တစ်ရက်ဘည်းဖြင့် အပြီးလှူ

ဘုရားရှင် ကျောင်းပြန်ကြွသွားတော်မူသော် ဝေရဉ္ဇပုဏ္ဏားကြီးသည် အိမ်သူအိမ်သား သားမယားများကို ခေါ်၍ "ငါဘို မြတ်စွာဘုရားကို ဝါဆိုရန် ပင့်ဖိတ်ပြီးလျှင် ဘွဲ့ ဘစ်သပ်မျှပင် မလှူမိခဲ့ကြ၊ ကိုင်း....ခု ဝါတွင်းသုံးလ လှူဒါန်းရမည့် အလှူဝတ္ထုများကို နက်ဖြန် တစ်ရက်ဘည်းဖြင့် အပြီးလှူနိုင်အောင် ပြင်ကြ" ဟု ခိုင်းလေသည်။ အိမ်သူအိမ်သား သားမယားများသည် အလွန်မွန်မြတ်သော အလှူဝတ္ထုများကို စီမံကြလေသည်။

နောက်တစ်နေ့နံနက် ရဟန်းသံဃာငါးရာနှင့်အတူ ဘုရားရှင် ကြွရောက်တော်မူလာလေလျှင် ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်ကြလေသည်။ ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားရှင်အား ကစ်ခုံလျှင် တစ်ထောင်တန်သော သင်္ကန်းသုံးစုံကို လှူဒါန်းလေသည်။ ရဟန်းတစ်ပါးပါးအားလည်း ငါးရာတန် တစ်စုံစီ လှူဒါန်းလေသည်။

## ဝေရဉ္ဇပုဏ္ဏား အားမရ၍ ထပ်လှူ

ပုဏ္ဏားကြီးသည် အဖိုးငါးသိန်းသုံးထောင်တန် သင်္ကန်းများကို လှူဒါန်းရသော်လည်း အားမရသေးဘဲ နောက်ထပ် တစ်အုပ်လျှင် ခုနစ်ထောင် ရှစ်ထောင်တန်သော ကမ္ဗလာအုပ်ဓပါင်းများစွာနှင့်တကွ ရဟန်းအသုံးအဆောင်များကို လှူဒါန်းလေသည်။

## တရားဟောတော်မူပြီး ပြန်ကြွ

လှူဒါန်းပြီးနောက် ဘုရားရှင်သည် တရားဟောတော်မူလေသည်။ တရားဟောတော်မူပြီးသော ဘုရားရှင်သည် ရဟန်းများနှင့်အတူ ဖဲခွာကြွသွားတော်မူလေသည်။

ဝေရဥ္စပုဏ္ဏား မျက်ရည်ကျကာ ပြန်လာရှာ

ဝေရဥ္စပုဏ္ဏားကြီးသည် သံဃာမယားနှင့်အတူ ဘုရားရှင်နှင့် ရဟန်းသံဃာကို "မြတ်စွာဘုရား....တပည့်တော်တို့အား နောက်တစ်ကြိမ် ချီးမြှောက်တော်မူကြပါဦး ဘုရား" စသောစကားများကို လျှောက်ထား လျက် လိုက်ပါပို့ဆောင်ပြီးလျှင် မျက်ရည်များကျကာ ပြန်ရှာလေ သတဲ့။ ။ဤကား ဝစီဘေဒထိတိုင်းရှုံ့တည်း။

## ကိုယ်တော်တိုင် ရှေးမကောင်းမှုကံကို မိန့်တော်မူ

ဘုရားရှင် ကိုယ်တော်တိုင် ဝ် အနောတတ္တအိုင်အနီး သီတင်း သုံးတော်မူသည့်အခါကပင် ရဟန်းအပေါင်းကို "ငါသည် ဖုဿမြတ်စွာ ဘုရား၏ သာသနာတော်၌ ဖုဿဘုရား၏ တပည့်သာဝကတို့ကို "မုယော (ဂျုံ)ကို ခဲကြ စားကြကုန်လော့။ သလေးတို့ကို မစား ကြကုန်လင့်"ဟု ဆဲရေးမိခဲ့၏။

ထိုကံ၏အကြွင်းအကျန်ကြောင့် ဝေရဥ္စပုဏ္ဏား ပင့်ဖိတ်အပ် သည်ဖြစ်၍ ဝေရဥ္စာမြို့၌ နေသောအခါဝယ် ဝါတွင်းသုံးလပတ်လုံး မုယောဆန်ကို စားခဲ့ရ၏"ဟု မိမိ၏ ရှေးမကောင်းမှုကံကို မိန့်တော်မူ ခဲ့လေသည်။

## လယ်တီဆရာတော်၏ ကဗျာ

ဤသည်ကိုရည်၍ လယ်တီဆရာတော်က အမေးအဖြေပုံစံဖြင့် အောက်ပါ ကဗျာလင်္ကာကို စပ်ဆိုတော်မူခဲ့လေသည်။

အမေး

ဝါတော်ကပ်တော့ ပာရာနတ်နိုးဆော်
ဝေရဥ္စာတိုင်း သမိုင်းအကျော်၊
မုယောဆွမ်းမို့ ကြမ်းကြမ်းထော်ထော်၊
ဘုဉ်းပေးရ ရှေးက ဘယ်ဝဋ်တော်။

ပြေ

မထင်မရှား မျိုးသားဖြစ်တုံ၊
ရဟန်းတော်များ ဆွမ်းစားခိုက်ကြုံ၊
ဆွမ်းကြမ်းစားဟု ပြစ်မှားဆိုပုံ၊
ဝစီထွက် ဝိပါက်တော်တဲ့ ယုံ။

ကြောက်မက်ဖွယ်ရာသာ

ထိပါးပြောသည့် ဝစီဘေဒမကောင်းမှုကံသည် မျက်နှာကြီးငယ် မရွေး အကျိုးပေးသည်သာဖြစ်သောကြောင့် ထိပါးပြောသည့် ဝစီဘေဒ မကောင်းမှုကံသည်ကား ကြောက်လန့်ဖွယ်ရာသာ ဖြစ်လေသည်တကား။

(ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပဒါန ပါဠိတော် ဗုဒ္ဓအပဒါန- ဋ္ဌကထာ၊ ပါရာဇိကကဏ္ဍ ဝေရဉ္ဇကဏ္ဍအဋ္ဌကထာ—တို့မှ ထုတ်နုတ် ညှိနှိုင်းရေးသည်။)

ဝိပါက်တော် ၅-ပါး စဉ်မှုံ

ဤဘုရားရှင် ခံရသော ဝဋ်ဒုက္ခ ၅-မျိုးကို "ဝိပါက်တော် ၅- ပါး"ဟု ခေါ်၏။ ဤဝိပါက်တော် ၁၂-ပါးအနက်မှ ဝစီဘေဒကြောင့် ဖြစ်သော ဝိပါက်တော် ၅-ပါး ဖြစ်၏။

ဤဖော်ပြထားသည့်အစဉ်မှာ အပဒါန်ပါဠိတော်၌ ဝိပါက် တော် ၁၂-ပါးကို ဟောထားသည့် ဟောစဉ် (ဒေသနက္ကမ) အားဖြင့် စဉ်ထားသည့်အစဉ် မဟုတ်။

ဖြစ်စဉ် (ပဝတ္တိက္ကမ) အားဖြင့် ဖော်ပြထားသည့် အပဒါန် အဋ္ဌကထာ အလိုအားဖြင့် စဉ်ထားသည့်အစဉ် ဖြစ်၏။

ဤဖော်ပြခဲ့သည့် ငါးဝတ္ထုကား ဘုရားရှင် ဝစီဘေဒထိခဲ့ပုံ၊ ဝစီဘေဒထိတိုင်းရှုပုံ၊ ဝဋ်ကျွေးခံရပုံတည်း။

အညတရ ယောကျ်ားဖြစ်စဉ်ဘဝက ရဟန္တာကို
"သီလမစင်ကြယ်သူ ဖြစ်သည်" ဟု စွပ်စွဲခဲ့သော ဝိဘောဒကြောင့်
ပဋိသမ္ဘိဒါပတ္တ၊ အဋ္ဌဘိည၊ တေဝိဇ္ဇက၊ တေဇဂ်ဘွဲ့ရ
ရဟန္တာအရှင် ဒဗ္ဗမထေရ် မေတ္တိယာရဟန်းမ၏
စွပ်စွဲမှုကို ခံရ

# ဝိဘောဒ ထိခွဲ့ပုံ

## အညတရယောကျ်ားဖြစ်

အရှင်ဒဗ္ဗသည် လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်ဝယ် ဝိပဿီ ဘုရားရှင် ပွင့်တော်မူစဉ်အခါက အညတရ (မထင်ရှားသော) ယောကျ်ား ဖြစ်လေသည်။

## ရဟန္တာတစ်ပါးကို လုပ်ကြံစွပ်စွဲ

တစ်နေ့သ၌ ဝိပဿီဘုရားရှင်၏ တပည့်သာဝက ရဟန္တာတစ်ပါး ကို "သီလစင်ကြယ်သောပုဂ္ဂိုလ်" ဟု သိလျက် အမျိုးသမီးတစ်ဦးနှင့် သမုတ်ပြီး "သီလမစင်ကြယ်သူ ဖြစ်သည်" ဟု လုပ်ကြံစွပ်စွဲပြောဆိုလေ သည်။ ။ဤကား ဝိဘောဒထိခွဲ့ပုံတည်း။

### ဝိဘောဒထိတိုင်းရှုပုံ

## မေတ္တိယာရဟန်းမ၏စွပ်စွဲမှုကို ခံရ

ဤဝိဘောဒမကောင်းမှုကံကြောင့် မေတ္တိယ အမည်ရှိသော ရဟန်းနှင့် ဘုမ္မဇက အမည်ရှိသောရဟန်းတို့ ခေါင်းဆောင်သော ရဟန်း

ဆိုးတစ်စုခါ စေခိုင်းချက်အရ "အရှင် ဒဗ္ဗသည် ဘပည့်တော်မကို ဖျက်ဆီး ပါသည် (တပည့်တော်မကို အနိုင်အထက် မေထုန်အမှုပြုကျင့်ပါသည်။) သီလမစင်ကြယ်သူ ဖြစ်ပါသည်"ဟု မေတ္တိယာ အမည်ရှိသော ရဟန်းမ၏ မဘုတ်တရားစွပ်စွဲခံရာလေသည်။

## "ဒဗ္ဗ"ဟု နာမည်မှည့်ပုံ

ချဲ့ပါဦးမည်— မလ္လတိုင်း အနုပိယမြို့ဝယ် မလ္လမင်းတစ်ဦး၏ မိဖုရားတစ်ဦးသည် ကိုယ်ဝန်ရင့်နေသော နီးတွင် မမွေးဖွားနိုင်သဖြင့် သေခလာသော် မိဖုရား၏အလောင်းကို သုသာန်သို့ ၍ ထင်းပုံပေါ်တင်ပြီး မီးသင်္ဂြိုဟ်ကြလေသည်။

မီးသင်္ဂြိုဟ်စဉ် မိဖုရား ဝမ်း ဗိုက်သားလွှာသည် မီးအရှိန် အပြင်း အသန်လောင်ဟပ်မှုကြောင့် နှစ်ခြမ်းကွဲသွားလေသည်။ ကိုယ်ဝန်သူငယ်သည် မိမိ၏ကုသိုလ်ကောင်းမှုစွမ်းအားကြောင့် ကောင်းကင်သို့ လွင့်စဉ် ပျံတက်ကာ နေစာမြက်ပုံပေါ် ကျလေသည်။ မီးသင်္ဂြိုဟ်ကြသူများသည် ထိုသူငယ်ကို ကောက်ယူ၍ အဖွားဖြစ်သူအား ပေးအပ်ကြလေသည်။ အဖွားဖြစ်သူသည် သူငယ်ကို နာမည်မှည့်သော် နေစာမြက်ပုံပေါ် ကျရောက်ကာ အသက်ရှင်နေလေသောကြောင့် "ဒဗ္ဗ (နေစာမြက်)"ဟု မှည့်လေသည်။

## ၇-နှစ်အရွယ် ရှင်ပြု၊ ရဟန္တာဖြစ်

ဒဗ္ဗသည် အသက် ခုနစ်နှစ်အရွယ်ရှိသော အခါ အနုပိယမြို့သို့ ဒေသစာရီ ကြွချီရောက်တော်မူလာ၍ သာရက်ဥယျာဉ်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို ဖူးမြော်ရလေလျှင် ကြည်ညို၍ ရှင်ရဟန်းပြုဖို့ ကြံလေသည်။

ကြံပြီးနောက် အဖွားဖြစ်သူကို "အဖွား....ကျွန်တော် မြတ်စွာဘုရားထံတော်မှာ ရှင်ရဟန်းပြုပါရစေ"ဟု ခွင့်ပန်လေသည်။ အဖွားဖြစ်သူက "ကောင်းပြီ၊ မြေး"ဟု ပြောကာ ဒဗ္ဗကိုခေါ်၍ ဘုရားရှင်ထံမှောက် သွားရောက်ပြီးလျှင် "မြတ်စွာဘုရား....ဒီ တပည့်တော်မ၏မြေး ဒဗ္ဗသူငယ်ကို ရှင်ရဟန်းပြုပေးတော်မူပါ ဘုရား"ဟု လျှောက်ထားလေသည်။

ဘုရားရှင်သည် အနီးမှာရှိသော ရဟန်းငစ်ပါးအား "ရဟန်း.... ဒီသူငယ်ကို ရှင်ပြုပေးလိုက်" ဟု အမိန့်ရှိတော်မူလေသည်။ ထိုမထေရ်သည် သူငယ်ကို ရှင်ပြုပေးသော် တစပဉ္စက (ဆံပင်, အမွေး, ခြေသည်း, လက်သည်း, သွား, အရေဟူသော အရေအဆုံးရှိသော ငါးပါးပေါင်း) ကမ္မဋ္ဌာန်း ပြောကြားလေသည်။

ဒဗ္ဗသည် မင်္ဂိုလ်ချကြောင်း ဓားမောင်းမှုနှင့်ပြည့်စုံသူဖြစ်သည့်ပြင် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရဘုရားရှင်အထံတော်ဝယ် မဟာသာဝကဗောဓိဆုပန် ဗျာဒိတ်ခံယူခဲ့သူဖြစ်အလို့အလျောက် ဆံရိတ်ချ လိုက်သောအခါ ရိတ်ချက်တစ်ချက်ကိုးတစ်ချက် အဆင့်ဆင့် သောတာ ပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်တို့ ရရှိပြီးလျှင် ဆံအားလုံး ကို ရိတ်ချပြီးသကာလနှင့်တပြိုင်နက် သင်္ကန်းဝတ်ပြီး နောက်ဆုံးရိတ်ချက် အဆုံး၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ရဟန္တာဖြစ်လေသည်။

## ၇-နှစ်အရွယ်မှာပင် ရဟန်းပြုပေး

ရဟန္တာဖြစ်ပြီးနောက် ဘုရားရှင်သည် ရဟန်းတို့အား ရှင်ဒဗ္ဗကို ရဟန်းပြုပေးဖို့ ခိုင်းစေတော်မူလေသည်။ ဘုရားရှင်သည် မထေရ်မြတ်ကို "ဒီ ဒဗ္ဗသည် ခုနစ်နှစ်အရွယ် ငယ်ရွယ်သူဖြစ်လျက် ကြီးမြတ်သော ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ ဝိဇ္ဇာသုံးပါးရ ရဟန္တာ ဖြစ်လေသည်" ဟု နှစ်သက်တော်ရှေ ဝမ်းသာကျေနပ်တော်မူသော ဘုရားရှင်သည် ခုနစ်နှစ်အရွယ် ငယ်စဉ်အခါ၌ပင် ရဟန်းပြုပေးလေသည်။

## အရဟတ္တဖိုလ်ကျေးဇူးကိုထောက်၍ ငယ်ငယ်နှင့်ပင် ရဟန်းပြုပေး

ဤကိုထောက်၍ အခြားသော အသက်ငယ်ငယ်နှင့် ရဟန္တာ ဖြစ်ကြသော ပဏ္ဍိတသာမဏေ၊ သံကိစ္စသာမဏေ၊ သောပါကသာမဏေ၊ ရေဝတသာမဏေ စသည်တို့ကိုလည်း အသက်နှစ်ဆယ် ပြည့်ကြသေးစေကာမူ အရဟတ္တဖိုလ်ဂုဏ်ကျေးဇူးကို ထောက်၍ ငယ်ငယ်နှင့်ပင် ရဟန်းပြုခွင့် ပေးတော်မူလေသည်။ အသက်ပင် ငယ်ကြသော်လည်း အရဟတ္တဖိုလ်ဂုဏ်က ကြီးကျယ်လှသောကြောင့် တစ်နည်းအားဖြင့်ဆိုသော် မြဲမြဲခိုင်ခံ့သောသိက္ခာဂုဏ်နှင့်ပြည့်စုံကြသောကြောင့် "မထေရ်" ဟု ကျမ်းဂန်တို့၌ မပါမပေါ်သုံးနှုန်း ရေးသားလေ့ရှိပေသည်။

## နေရာခင်းနှင့် ဆွမ်းညွှန်း, တာဝန်နှစ်ရပ် ပေးအပ်

ဘုရားရှင်သည် မလ္လတိုင်းမှာ ချေချွတ်ရမည့် သတ္တဝါများကို ချေချွတ်ပြီးသော် အနုပိယမြို့မှ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်သို့ ကြွရောက်တော်မူလေသည်။ ထိုအခါ အရှင်ဒဗ္ဗရဟန္တာမထေရ်လည်း လိုက်ပါတော်မူလေသည်။

တစ်နေ့သ၌ မထေရ်သည် "ငါ သံဃာတော်အတွက် နေရာခင်းရ၊ ဆွမ်းညွှန်းရမူ ကောင်းမှာပဲ"ဟု ကြံ၍ ဘုရားရှင်ထံ ရောက်သွားရောက်၍ မိမိ၏အကြံအစည်ကို လျှောက်ထားလေလျှင် ဘုရားရှင်က ကောင်းချီးပေးတော်မူ၍ "(၁) သံဃာ့အတွက် နေရာခင်းရသည့်ရဟန်း၊ (၂) ဆွမ်းညွှန်းရဟန်း (ဆွမ်းစားအလှည့် ညွှန်ကြားသည့်ရဟန်း — အလှည့်ကျဆွမ်းစားသည့်ရဟန်း)"ဟု အသိအမှတ်ပြုတော်မူကာ ယင်း တာဝန်နှစ်ရပ်ကို အပ်နှင်းတော်မူလေသည်။

## တာဝန်နှစ်ရပ်ထမ်းဆောင်

အရှင်ဒဗ္ဗမထေရ်သည် ရာဇဂြိုဟ်မြို့ကိုမှီ၍ ကျောင်းတိုက်ကြီးပေါင်း ၁၈-ဆယ့်ရှစ်တိုက်၌ နေထိုင်ကြသည့် ရဟန်းတော်အားလုံးတို့အတွက် အိပ်ရာနေရာများကိုလည်း ခင်းပေးတော်မူသည်။ ဒါယကာတို့ သံဃာအား ဆွမ်းစား ဆွမ်းခံ အလှူခံပင့်ဖိတ်အပ်သောအခါ၌လည်း တာဝန်ယူ လက်ခံ၍ ထေရ်စဉ်ဝါလိုက် မမှားအောင် ညွှန်ကြားတော်မူသည် (ဆွမ်းစား ဆွမ်းအလှူခံ ထည့်တော်မူသည်။)

အရှင် ဒဗ္ဗမထေရ်သည် သံဃာကို စိတ်တိုင်းကျ နေရာခင်းပေးလေ့ ရှိသဖြင့် "ငါ့ရှင်တို့.... အရှင် ဒဗ္ဗမထေရ်သည် ရဟန်းတို့အတွက် နေရာခင်းပေးသည့်အခါ သုတ္တန်ဆောင်ရဟန်းချင်း၊ ဝိနည်းဆောင်ရဟန်းချင်း စသည်ဖြင့် သဘောတူရာပေါင်းပေါင်းပြီး အိပ်ရာနေရာခင်းပေးသတဲ့။ ဝေးသည့်အရပ်မှာလည်း အာဂန္တုရဟန်းတို့ ညွှန်ကြားသည့်အတိုင်း အိပ်ရာနေရာကို ခင်းပေးသတဲ့။ မသွားနိုင်သည့် ရဟန်းတို့ကိုလည်း မိမိ တန်ခိုးဖြင့် ပင့်ဆောင်သတဲ့"ဟု သံဃာအတွက် နေရာခင်းရာ၌ စိတ်ရင်း သဘောရင်း ကောင်း[illegible]တင်းသည် နေရာအနှံ့ ကျော်ကြားလျက် ရှိလေလသည်။

ထိုအခါ အရှင်ဒဗ္ဗမထေရ်ကို အချို့ အာဂန္တုရဟန်းတို့သည် အရှင်ဒဗ္ဗ၏ တန်ခိုးပြာဋိဟာကို ကြည့်ရှုလိုသဖြင့် ညဉ့်အခါလာ၍

"ငါ့ရှင်....ငါတို့အတွက် ဇီဝကာရက်ဥယျာဉ်ကျောင်းတိုက်မှာ နေရာခင်းပေးပါ"ဟု လည်းကောင်း၊ အခြား ရဟန်းများကလည်း "ငါ့ရှင်.... ငါတို့အတွက် သားတို့အား ဘေးမဲ့ပေးရာ မဒ္ဒကုစ္ဆိဥယျာဉ်ကျောင်းတိုက်မှာ နေရာခင်းပေးပါ၊ ဂိဇ္ဈကုဋ်တောင်မှာ ခင်းပေးပါ၊ ဝေဘာရတောင်နံပါးမှာ ခင်းပေးပါ" စသည်ဖြင့်လည်းကောင်း ဝေးလံသော ကျောင်းတိုက်တို့မှာ နေရာခင်းပေးရန် ပြောဆို ညွှန်ကြားကြလေသည်။

အရှင်ဒဗ္ဗမလ္လပုတ္တရသည် မိမိကာန်ခိုးဖြင့် မနောမယရုပ်ပွားကိုယ်များကို ဖန်ဆင်း၍ မထေရ်တစ်ပါးတစ်ပါးလျှင် မိမိနှင့်တူသည့် ဖန်ဆင်းရုပ်ပွား ရဟန်းတစ်ပါးစီ တစ်ပါးစီ ထည့်ပေးပြီးလျှင် ဆီမီးတိုင်ကြီးပမာ အရောင်အဝါအလုံတောက်ပသော လက်ချောင်းဖြင့် အာဂန္တုရဟန်းတို့၏ ရှေ့မှ ရှေ့မှ သွားပြီးလျှင် "ဒီဟာကား ထိုင်ခုံပါဘုရား၊ ဒီဟာကား ခုတင်ပါဘုရား" စသည်ဖြင့် အပြည့်အစုံ ဖန်ဆင်းလျောက်ထား၍ အိပ်ရာနေရာများကို ခင်းပေးပြီးလျှင် မိမိနေရာ ဝေဠုဝန်ကျောင်းတိုက်သို့ ပြန်ကြွလေသည်။

အရှင်ဒဗ္ဗလည်း ဤနည်းဖြင့် ရဟန်းဖြစ်သည့်အချိန်အခါမှ စ၍ ရာဇဂြိုဟ်မြို့ကို မှီကာနေထိုင်ကြသည့် ရဟန်းအားလုံးအတွက် လိုလေသေးမရှိအောင် တန်ခိုးဖြင့် အိပ်ရာနေရာများကို ခင်းပေးလေသည်။ သံဃာ့အတွက် ဒါယကာတို့ လှူဒါန်းသည့်ဆွမ်းကိုလည်း၊ တာဝန်ယူ လက်ခံ၍ ထေရ်စဉ်ဝါစဉ် မှားရအောင် တရားနှင့်အညီ ညွှန်ကြားလေသည်။

မေတ္တိယဘူမဇကရဟန်းတို့ နေရာညံ့ ဆွမ်းညံ့ကိုသာ ရကြ

ထိုအခါ မေတ္တိယဘူမဇကရဟန်းတို့သည် အိပ်ရာနေရာနှင့် ဆွမ်းများကို ဝေဖန်သည့်အခါ အညံ့သာ ရလေ့ရှိကြလေသည်။ အကောင်းအညံ့ကို ထေရ်စဉ်ဝါလိုက်ကြည့်၍ ပေးသည့်အခါမှာလည်း အသက်အရွယ် ငယ်ကြသောကြောင့် ညံ့သည့်အိပ်ရာနေရာ၊ ညံ့သည့်ဆွမ်းခဲဖွယ်များကိုသာ ရကြလေသည်။

ပဲချ၍ ဆွမ်းလှူသည့်အခါမှာလည်း ဘုဉ်းကံနည်းပါးကြသောကြောင့် ညံ့သည့်ဆွမ်းများကိုသာ ရလေ့ရှိကြလေသည်။

နေ့စဉ် အလှည့်ကျလှူသည့်အခါမှာပင် မေတ္တိယဘူမဇကရဟန်းတို့ အလှည့်ကျသည့်နေ့ရောက်လျှင် မည့်ဖြစ်နေတတ်လေသည်။

ရာဇဂြိုဟ်မြို့သူမြို့သားများသည် မေတ္တိယဘူမဇကရဟန်းများကို မြင်လျှင် ထောပတ်ဆွမ်း၊ ဒန့်ပေါက်ဆွမ်း စသော ကောင်းမွန်သည့် ဆွမ်းများကို မလှူဘဲ ဆန်ကွဲထမင်း ပုန်းရည်ဟင်း စသော အညံ့များကိုသာ ပေးလှူလေ့ရှိကြလေသည်။

ဆွမ်းကောင်းဆက်ကပ်လေ့ရှိသူ သူကြွယ်က ဆွမ်းစားပင့်

ထိုအချိန်၌ ဆွမ်းကောင်းတို့ ဆက်ကပ်လှူဒါန်းလေ့ရှိသောကြောင့် ''ကလျာဏဘတ္တိက'' (ဆွမ်းကောင်း ဆက်ကပ်လှူဒါန်းလေ့ရှိသူ) ဟု ထင်ရှားကျော်ကြားသော သူကြွယ်သည် သံဃာအား နေ့စဉ်အမြဲ ဆွမ်းကပ်လှူဒါန်းလေ့ရှိသည်။ ဆက်ကပ်လှူဒါန်းသည့်အခါ သားမယားများနှင့်အတူ အနီးမှာနေ၍ ''ဆွမ်းလိုက်ရဦးမလား ဘုရား၊ လက်သုတ်ဟင်းလိုက်ရဦး ဘုရား'' စသည်ဖြင့် လျှောက်၍ ဆက်ကပ်ပြုစုလုပ်ကျွေးလေ့ရှိသည်။

အရှင်ဒဗ္ဗက မေတ္တိယဘူမဇကရဟန်းများကို ဆွမ်းစားထည့်

အရှင်ဒဗ္ဗက မနက်ဖြန် ကလျာဏဘတ္တိကသူကြွယ့်အိမ် ဆွမ်းစားကြွဖို့အတွက် မေတ္တိယဘူမဇကရဟန်းများ အလှည့်ကျသဖြင့် မေတ္တိယဘူမဇကရဟန်းများကို နက်ဖြန် ကလျာဏဘတ္တိကသူကြွယ့်အိမ် ဆွမ်းစားကြွဖို့ ညွှန်ကြားလေသည်။

သူကြွယ် စိတ်မချမ်းမသာဖြစ်

ညွှန်ကြားပြီးသောအခါ ကလျာဏဘတ္တိကသူကြွယ်သည် ကိစ္စတစ်ခုဖြင့် အရှင်ဒဗ္ဗထံ ချဉ်းကပ်လေလျှင် အရှင်ဒဗ္ဗက တရားဟောလေသည်။ တရားဟောပြီးနောက် သူကြွယ်က ''အရှင်ဘုရား....တပည့်တော်တို့အိမ် နက်ဖြန် ဘယ်ရဟန်းများကို ဆွမ်းစားကြွဖို့ ညွှန်ကြားထားပါသလဲ''ဟု လျှောက်လေလျှင် မထေရ်က ''ဒါယကာ....မေတ္တိယဘူမဇကရဟန်းတို့ကို ညွှန်ကြားထားပါသည်'' ဟု ပြောလိုက်လေသည်။ ''မေတ္တိယဘူမဇကရဟန်းတို့''ဟု ကြားလိုက်သည်နှင့် တစ်ပြိုင်နက် သူကြွယ်သည် စိတ်မချမ်းမသာ ဖြစ်လေသည်။

ဆန်ကွဲထမင်း ပုံးရည်ဟင်းဖြင့် ကပ်

သူကြွယ်သည် အိမ်ပြန်လာပြီးလျှင် "ဟယ်....ကျွန်မ....နက်ဖြန် ဆွမ်းစားကြွလာသည့်ရဟန်းများကို တံခါးမုခ်မှာ နေရာခင်း၍ ဆန်ကွဲ ထမင်း ပုန်းရည်ဟင်းဖြင့် ကျွေးပါ"ဟု ခိုင်းလေသည်။

မေတ္တိယဘူမဇကရဟန်းတို့သည် "မနက်ဖြန် ကလျာဏ ဘတ္တိက သူကြွယ့်အိမ် ငါတို့ ဆွမ်းစားကြွရတော့မည်"ဟု ဝမ်းသာလွန်းသဖြင့် အခါတိုင်းလို ကစ်ညစ်လုံး မအိပ်ကြတော့ဘဲ အနည်းငယ်သာ အိပ်ကြ လေသည်။ မနက်ခင်းရောက်သော် ကလျာဏ ဘတ္တိက သူကြွယ့် အိမ် ဆွမ်းစားကြွကြလေသည်။

ကျွန်မသည် မေတ္တိယဘူမဇကရဟန်းတို့ ကြွလာသည်ကို မြင်လျှင် တံခါးမုခ်မှာ နေရာခင်းပေး၍ "အရှင်ဘုရားတို့....ထိုင်ကြပါ...."ဟု လျှောက်လေသည်။

မေတ္တိယဘူမဇကရဟန်းတို့သည် "ကေန် ဆွမ်းမကျက်သေး၍ ငါတို့ တံခါးမုခ်မှာ နေထိုင်ကြရ၏"ဟု အောက်မေ့ကြလေသည်။

ထိုအခါ ကျွန်မသည် ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကို ယူလာ ကာ "အရှင်ဘုရားတို့....ဘုဉ်းပေးကြပါ"ဟု လျှောက်၍ ဆက်ကပ်လေ သည်။

မေတ္တိယဘူမဇကရဟန်းတို့က မကျေမနပ်ဖြင့် ပြောဆိုကြသော် ကျွန်မက တံခါးမုခ်မှာ နေရာခင်းပေး၍ ဆန်ကွဲထမင်း ပုန်းရည်ဟင်း ဖြင့် ကျွေးဖို့ သူကြွယ်က ခိုင်းသဖြင့် သူကြွယ်ခိုင်းသည့်အတိုင်း လုပ်ရ ခြင်းဖြစ်ကြောင်း လျှောက်၍ "အရှင်ဘုရားတို့....ဘုဉ်းပေးကြပါ" ဟု လျှောက်လေသည်။

"အရှင်ဒဗ္ဗ၏လက်ချက်"ဟု အထင်လွဲ

မေတ္တိယဘူမဇကရဟန်းတို့သည် "ငါရှင်တို့....မနေ့က ကလျာဏ ဘတ္တိကသူကြွယ် ဒဗ္ဗဆီလာ၏ ဒဗ္ဗ၏လက်ချက်ကေန်"ဟု ယူဆကာ နှလုံးမသာမယာဖြစ်ပြီး အရှင်ဒဗ္ဗကို ရန်ငြိုးဖွဲ့၍ အခါတိုင်းလို မစား နိုင်ကြတော့ဘဲ အနည်းငယ်သာ စားကြလေသည်။

**အရှင်ဒဗ္ဗကို စွပ်စွဲဖို့ မေတ္တိယာကို စေခိုင်း**

မေတ္တိယဘူမဇကရဟန်းတို့သည် ဆွမ်းစားပြီး ဝေဠုဝန်ကျောင်း ပြန်ကြပြီးလျှင် အရှင်ဒဗ္ဗအပေါ် ရန်ငြိုးထား၍ လက်စားချေရန် ကျောင်းတိုက်တံခါးမုခ်မှာ မျက်နှာမသာမယာဖြင့် မျက်နှာအောက်ချ လျက် စကားမပြောဘဲ နေကြလေသည်။

ထိုအခါ ''မေတ္တိယာ'' အမည်ရှိသော ရဟန်းမသည် မေတ္တိယ-ဘူမဇကရဟန်းတို့ထံ ချဉ်းကပ်၍ ''အရှင်တို့ ရှိခိုးပါ၏''ဟု လျှောက် ပလသော် စကားမပြောဘဲ နေကြပြန်လေသည်။

သုံးကြိမ်တိုင်တိုင် ခုလို လျှောက်သော်လည်း စကားမပြောဘဲ နေကြလျှင် မေတ္တိယာရဟန်းမက မေး၍ မေတ္တိယဘူမဇကရဟန်းတို့က ပြောကြားကြလေသည်။

(ရဟန်းမ) ဘယ်အတွက်ကြောင့် တပည့်တော်မကို အရှင်ဘုရား တို့ စကားမပြောဘဲ နေကြရသလဲ။

(ရဟန်းများ) နှမ....ငါတို့ အမှန်အတိုင်းပြောရလျှင် ငါတို့ကို ဒဗ္ဗ ညှဉ်းဆဲနှိပ်စက်အပ်ပါလျက် သင်း လျစ်လျူရှုနေရဘိ၏။

(ရဟန်းမ) အရှင်ဘုရားတို့.... တပည့်တော်မ ဘာလုပ်ရပါ မလဲ။

(ရဟန်းများ) နှမ....သင် အကယ်၍ ကူညီလိုပါမူ ယနေ့ပင် ဒဗ္ဗကို ဘုရားရှင် လူဝတ်လဲပေးခိုင်းအောင် လုပ်ပါ။

(ရဟန်းမ) အရှင်ဘုရားတို့....တပည့်တော်မ ဘယ်လိုလုပ်ရမလဲ။

(ရဟန်းများ) နှမ....လာ၊ သင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားကို 'အရှင်ဘုရား....ဒီလုပ်ရပ်ဟာ မသင့်လျော်မလျောက် ပတ်ပါ။ ဘေးရန်မရှိခဲ့သည့် အရပ်မျက်နှာသည် ခုဘေးရန်ရှိနေပါ သည်။ လေတိုက်ခတ်မှုမရှိသည့် အရပ်မှ ခု လေတိုက်ခတ်မှု ရှိနေပါ သည်။ ရေက အလျှံပြောင်ပြောင် တောက်လောင်နေပါသည့်အလား။ အရှင်ဒဗ္ဗသည် တပည့်တော်မကို ဖျက်ဆီးပါ၏။ အရှင်ဒဗ္ဗသည် သီလ မစင်ကြယ်သူ ဖြစ်ပါသည်''ဟု စွပ်စွဲအဲရေးစကား လျှောက်ထားပါ။

(ရဟန်းမ) ကောင်းပါပြီ ဘုရား။

## မေတ္တိယာက စွပ်စွဲ

မေတ္တိယာရဟန်းမသည် ချက်ချင်းပင် ဘုရားရှင့်ထံမှောက် သွား၍ ရောက်၍ သဗ္ဗဂ္ဂိရဟန်းတို့ စေခိုင်းသည့်အတိုင်း အရှင်ဒဗ္ဗကို စွပ်စွဲသည့် စကား ဘုရားရှင်အား လျှောက်ထားလေသည်။

## ဘုရားရှင်က အရှင်ဒဗ္ဗကို စစ်ဆေး

မေတ္တိယာရဟန်းမ လျှောက်ထားသည့်အတွက်ကြောင့် ဘုရားရှင်က သံဃာစည်းဝေးစေပြီးလျှင် သံဃာ့အလယ်မှာ အရှင်ဒဗ္ဗကို ရဟန်းမ လျှောက်သည့်အတိုင်း ဟုတ်,မဟုတ် မေးမြန်းစစ်ဆေးလေသည်။ အရှင် ဒဗ္ဗက "အရှင်ဘုရား... တပည့်တော်သည် မွေးကတည်းက အိပ်မက်ထဲမှာပင် မေထုန်မမှီဝဲခဲ့ဘူးပါ။ နိုးနေစဉ်မှာမူ အဘယ်မှာ ပြောစရာရှိပါတော့မလဲ" ဟု လျှောက်လေသည်။

## စွပ်စွဲသည့်အတိုင်း မဟုတ်၍ မေတ္တိယာကို လူဝတ်လဲပေးဖို့ စေခိုင်း

စွပ်စွဲသည့်အတိုင်းမဟုတ်၍ ဘုရားရှင်က "ရဟန်းတို့.... ဒီလိုဆိုလျှင် မေတ္တိယာရဟန်းမကို လူဝတ်လဲပေးကြ" ဟု လူဝတ်လဲပေးဖို့ ခိုင်းတော်မူလေသတဲ့။ (ပါရာဇိကကဏ် ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ်)

## နေရာခင်းသည့်အရာ၌ ဧတဒဂ်ဘွဲ့ရ

နောင်အချိန်၌ ဘုရားရှင် အရိယာသံဃာတော်အပေါင်း ခြံရံလျက် ဓမ္မာသနပလ္လင်ဝယ် ထိုင်နေတော်မူကာ ရဟန်းတို့အား ဧတဒဂ်ဘွဲ့ထူး အပ်နှင်းတော်မူသောအခါ၌ အရှင်ဒဗ္ဗကို ဖော်ပြခဲ့သည့်အတိုင်း သံဃာ့အတွက် နေရာခင်းမှု၌ စိတ်စေတနာကောင်းမှု၊ ကျွမ်းကျင်မှုများကို အကြောင်းပြု၍ သံဃာ့အတွက် လိုလေသေးမရှိအောင် နေရာခင်းသည့်အရာ၌ အမြတ်ဆုံး အသာဆုံး ဧတဒဂ်ဘွဲ့ထူး ချီးမြှင့်တော်မူလေသည်။

## အရှင် ဒဗ္ဗ၏ရှေးဆုတောင်း

အရှင် ဒဗ္ဗမထေရ်သည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်အခါက ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားရှင့်ကျောင်းတော်သို့ သွားရောက်၍ တရားနာစဉ် ရဟန်းတစ်ပါးကို ရဟန်း

သံဃာအတွက် နေရာခင်းပေးသည့်အရာ၌ အမြတ်ဆုံး အသာဆုံး တေဒဂ် ရာထူး ပေးအပ်ချီးမြှင့်တော်မူသည်ကို တွေ့မြင်၍ ကုသိုလ်ကောင်းမှု ပြုပြီးလျှင် ထိုရာထူးကို ဆုတောင်းခဲ့သည်။ အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုပြု၍ ထိုဘဝမှစုတေသော် နတ်ပြည်၌ ဖြစ်လေသည်။

တောင်ထိပ်ပေါ်တက် တရားအားထုတ်ခဲ့

ထို့နောက် နတ်ပြည် လူ့ပြည်တို့၌ကျင်လည်လျက် ကဿပ ဘုရားရှင် သာသနာတော် ဆုတ်ယုတ်ကိန်းအခါဝယ် လူဖြစ်လာ၍ အရွယ် ရောက်သော် ရဟန်းပြုလေသည်။ ထိုရဟန်းအပါအဝင် ရဟန်းခုနစ်ပါး တို့သည် စိတ်တူသဘောတူ အလွန်မြင့်သောတောင်ပေါ်သို့ လှေကား ထောင်တက်ကြပြီးသော် တောင်ထိပ်ရောက်လျှင် လှေကားကို တွန်းချ၍ အသက်ခွန်ကာ တရားအားထုတ်ကြလေသည်။

ခုနစ်ပါးအနက် တစ်ပါးက ရဟန္တာ၊ တစ်ပါးက အနာဂါမ် ဖြစ်လေသည်။ ကျန်ငါးပါးမှာ တရားထူးမရကြဘဲ ထိုဘဝ စုတေသော် ဘုရားနှစ်ဆူအကြား ကာလပတ်လုံး လူ့ပြည် နတ်ပြည်တို့၌ကျင်လည်၍ ကျွန်ုပ်တို့မြတ်စွာဘုရား ပွင့်တော်မူသည့်အခါဝယ် ထိုအမျိုး၌ဖြစ်လာ၍ (၁) တစ်ယောက်က ပုက္ကုသာတိမင်း၊ (၂) တစ်ယောက်က သဘိယ ပရိဗိုဇ်၊ (၃) တစ်ယောက်က ဗာဟိယ၊ (၄) တစ်ယောက်က ကုမာရ ကဿပ၊ (၅) တစ်ယောက်က ဒဗ္ဗဖြစ်လာလေသည်။ ။ဤကား ဝစီဘေဒ ထိတိုင်းရှုပုံတည်း။

## ကြောက်မက်ဖွယ် ရာသာ

ပဋိသမ္ဘိဒါပတ္တ၊ ဆဠဘိည၊ တေဝိဇ္ဇက၊ တေဒဂ်ဘွဲ့ရ ရဟန္တာ မထေရ်မြတ်ကြီးပင် ဝစီဘေဒထိတိုင်းရှုမှု ခံရသေးလျှင် ကျွန်ုပ်တို့ ပုထုဇဉ် အနတ် အစုပ်ပလုပ်တို့မှာကား ဆိုဖွယ်ရာမရှိသောကြောင့် ဝစီဘေဒသည် ကြောက်မက်ဖွယ်ရာသာ ဖြစ်လေသည်တကား။

(ဒဗ္ဗမလ္လပုတ္တတ္ထေရ ပဒါန၊ ဒဗ္ဗတ္ထေရဂါထာ၊ ပါရာဇိကကဏ္ဍ ပထမဒုဋ္ဌဒေါသသိက္ခာပဒ)

ပါးစပ်သရမ်းသော ယောက်ျားဖြစ်စဉ်အခါ ပစ္စေကဗုဒ္ဓါကို
"ဒီခေါင်းတုံး နူပုံရသည်၊ နူသည့်အတွက်ကြောင့် ခြုံ၍
လှည့်လည်တာဖြစ်လိမ့်မည်" ဟု လည်းကောင်း၊
ပရိဗိုဇ်ရဟန်းဖြစ်စဉ်အခါ အကျင့်သီလနှင့်ပြည့်စုံသော ဥပါသကာကို
"လူနူ"ဟု လည်းကောင်း ကဲ့ရဲ့ပြစ်တင်ခဲ့သော ဝစီဒုစရိုက်ကြောင့်
ဆဋ္ဌာဘိညရဟန္တာ အရှင် သမိတိဂုတ္တမထေရ်
နူနာရောဂါစွဲကပ်ရ

— —

# ဝစီဘေဒ ထိန်းပုံ

## မြတ်လေးပန်း လှူဒါန်းပူဇော်

ဝိပဿီဘုရားရှင် လက်ထက်တော်အခါက ရှေးဘုရားရှင်တို့အထံတော်၌ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီရှိသော အမျိုးကောင်းသားတစ်ယောက်သည် ဝိပဿီဘုရားရှင်ကို ဖူးတွေ့ရလျှင် ကြည်ညိုစိတ်ဖြစ်၍ မြတ်လေးပန်းများဖြင့် ပူဇော်လေသည်။

## အမျိုး, အဆင်း, အခြံအရံတို့နှင့် ပြည့်စုံ

ထိုအမျိုးကောင်းသားသည် [illegible] ထိုမြတ်လေးပန်းတို့ဖြင့်ပူဇော်ခဲ့သည့် ကောင်းမှုကြောင့် ဖြစ်လေရာရာဘဝများ၌ အမျိုး, အဆင်း, အခြံအရံတို့နှင့် ပြည့်စုံသည့်နေရာမှာ သူမတူအောင် ဖြစ်ရလေသည်။

## ပစ္စေကဗုဒ္ဓါကို ကဲ့ရဲ့

ထို့နောက် တစ်ခုသောဘဝ၌ ပါးစပ်သရမ်းသော ယောက်ျားဖြစ်၍ သင်္ကန်းခြုံရုံ၍ ဆွမ်းခံလှည့်လည်နေသော ပစ္စေကဗုဒ္ဓါကို မြင်လျှင်

"ဒီခေါင်းတုံး နူပုံရသည်၊ နူသည့်အကြောင်ကြောင့် ခြိုရှိ၍ လည့်လည်ကာ ဖြစ်လိမ့်မည်"ဟု ကဲ့ရဲ့စွပ်စွဲကာ တံတွေးထွေးပြီး ရှောင်သွားလေသည်။ ။ဤကား ဝစီဘေဒထိခဲ့ပုံတည်း။

ဝစီဘေဒ ထိတိုင်းရှုပုံ

ရေကျ

ထိုဘဝမှသေသော် ထိုခဲ့ရှုံ့စွဲသည့် ဝစီဘေဒအကုသိုလ်ကံကြောင့် ရေကျလေသည်။ ရေ၌ အချိန်ကြာမြင့်စွာ ခံရလေသည်။ ဤကား ဝစီဘေဒ ထိတိုင်းရှုပုံတည်း။

ဝစီဘေဒ ထိခဲ့ပုံ

လူဖြစ်လာသော် "လူနူ"ဟု ဆဲ

ကဿပဘုရားရှင် လက်ထက်တော်အခါရောက်သော် လူ့ပြည် လူလာဖြစ်လေသည်။ အရွယ်ရောက်သော် ပရိဗိုဇ်ရဟန်းပြုကာ တစ်နေ့တွင် အကျင့်သီလနှင့်ပြည့်စုံသော ဥပါသကာတစ်ယောက်ကို တွေ့မြင်လျှင် ဒေါသထွက်၍ "လူနူ"ဟု ဆဲရေးလေသည်။ ။ဤကား ဝစီဘေဒထိခဲ့ပုံတည်း။

ဝစီဘေဒထိတိုင်းရှုပုံ

လူဖြစ်လာပြန်

ကျွန်ုပ်တို့ ဂေါတမဘုရားရှင့်လက်တက်တော်အခါရောက်သော် သာဝတ္ထိမြို့၌ မထင်ရှားသော ပုဏ္ဏားတစ်ယောက်၏သား ဖြစ်လာလေသည်။ "သမိတိဂုတ္တ"ဟု မိဘများက နာမည်မှည့်ကြလေသည်။

ရဟန်းပြု

သမိတိဂုတ္တသည် အရွယ်ရောက်သော် ဘုရားရှင်၏ တရားဒေသနာကို ကြားနာရ၍ သဒ္ဓါတရားဖြစ်ကာ သာသနာ့ဘောင်၌ ရဟန်းပြုလေသည်။ သီလကို အလွန်စင်ကြယ်အောင် စောင့်ထိန်းပြီးလေလေ့ရှိ၏။

## နူနာရောဂါ စွဲကပ်

ပစ္စေကဗုဒ္ဓါကို ''ဒီခေါင်းတုံး နူပုံရသည်၊ နူသည့်အတွက်ကြောင့် ခြုံရုံ၍လှည့်လည်တာ ဖြစ်လိမ့်မည်''ဟု ကဲ့ရဲ့စွပ်စွဲခဲ့သော ဝစီဘေဒမကောင်းမှုကံနှင့် အကျင့်သီလနှင့်ပြည့်စုံသည့် ဥပါသကာတစ်ယောက်ကို ''လူနူ''ဟု အဲဒရေးခဲ့သော ဝစီဘေဒမကောင်းမှုကံကြောင့် အရှင်သမိတိဂုတ္တမထေရ်ကိုယ်၌ နူနာရောဂါစွဲကပ်လာလေသည်။

နူနာရောဂါကြောင့် မထေရ်၏ကိုယ်အရေများ အများအားဖြင့် ကွဲပြတ်ကျကာ အရည်များလည်း ယိုကျလျက်ရှိလေသည်။ မထေရ်သည် ဂိလာန (လူနာ) ဆောင်မှာ နေရှလေသည်။

## အဘိညာဉ်ရ ရဟန္တာဖြစ်

တစ်နေ့သ၌ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်သည် ဂိလာနအဆောင်သို့ ဂိလာန (လူနာ) အမေးကြသော် ထိုအရှင်သမိတိဂုတ္တရဟန္တာမထေရ်ကို တွေ့လေလျှင် အရှင်သာရိပုတ္တရာမထေရ်က ''ငါ့ရှင်…ခန္ဓာရှိနေသမျှကာလပတ်လုံး ဒုက္ခဝေဒနာရှိနေမည်သာ။ ခန္ဓာမရှိမှသာ ဒုက္ခဝေဒနာမရှိမည်''ဟု ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို ဟောတော်မူလေသည်။

အရှင်သမိတိဂုတ္တမထေရ်သည် အရှင်သာရိပုတ္တရာ၏ ဩဝါဒ၌ တည်၍ ဝိပဿနာတရားပွားများအား ထုတ်လေလျှင် ဆဠဘိညရဟန္တာ ဖြစ်လေသည်။ ။ဤကား ဝစီဘေဒ ထိတိုင်းရှပုံတည်း။

### ကြောက်မက်ဖွယ်ကောင်း

သို့သော် နူနာရောဂါမှာမူ မပျောက်ဘဲ ရှိမြဲပင် ရှိလေသတဲ့။ ကြည့်—ဝစီဘေဒ ဝစီဘေဒ ကြောက်မက်ဖွယ်ကောင်းလိုက်လေစွ။ (သမိတိဂုတ္တတ္ထေရဂါထာ အဋ္ဌကထာ။ ထေရ၊ဋ္ဌ၊၁။၂၂၁။)

ပန်းရံဆရာကြီးဖြစ်စဉ်ဘဝက စေတီတည်ရန်အတွက်
အတိုင်းအရှည်ပမာဏကို တင်ပြ၍ အခြားသူများ တင်ပြကြသည်
ပမာဏအောက် အယုတ်ဆုံး ပြောဆိုတင်ပြခဲ့သော ဝစီဘေဒကြောင့်
ဘေဒဂ်ဘွဲ့ရ ရဟန္တာ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်မြတ်
အခြားသူများအောက် ပုက္ခရ

---

# ဝစီဘေဒထိခဲ့ပုံ

**စေတီတည်ဖို့ ညှိနှိုင်း**

ကဿပဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် တင်နေသည့် ကဿပဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာရန် စေတီတော်ကြီး တစ်ဆူတည်ထားဖို့ ညှိနှိုင်းတိုင်ပင်ကြလေသည်။

**စေတီအမြင့်ကို (၇) ယူဇနာမှ (၂) ယူဇနာထိ တင်ပြကြ**

အချို့က ခုနစ်ယူဇနာအမြင့် ဆောက်ရန် ပြောဆိုတင်ပြကြလေသည်။ အချို့က "ခုနစ်ယူဇနာဆိုလျှင် မြင့်လွန်းတယ်၊ ပြီးနိုင်မည်မဟုတ်၊ ခြောက်ယူဇနာဆိုလျှင် တော်လောက်ပြီ" ဟု ပြောဆိုတင်ပြကြလေသည်။ အချို့က "ခြောက်ယူဇနာတောင် မြင့်လွန်းနေတယ်၊ ပြီးနိုင်မည်မဟုတ်၊ ငါးယူဇနာဆိုလျှင် တော်လောက်ပြီ" ဟု ပြောဆိုတင်ပြကြလေသည်။ ဤအတူ အချို့က လေးယူဇနာ တင်ပြကြ၊ အချို့က သုံးယူဇနာတင်ပြကြ၊ အချို့က နှစ်ယူဇနာ တင်ပြကြလေ တဖြည်းဖြည်း လျော့လျော့ပြီး အမျိုးမျိုး ပြောဆိုတင်ပြကြလေသည်။

**ပန်းရုံဆရာကြီးက (၁) ယူဇနာအမြင့်တည်ရန် ပြောဆိုဆုံးဖြတ်**

ယခုလို တစ်ယောက်တစ်မျိုး ပြောဆိုကြသည့်အခါ အလွန် ထင်ရှား ကျော်ကြားသော ပန်းရုံ (ဗိသုကာ) ဆရာကြီးက ''အို အချင်းပို့...သားကြီး (ဘယ်သူက သားပြောပြော) နောင်အခါ ပြုပြင်ရန် လှူဒါန်းသည့်စေတီကို တည်သင့်သည်'' ဟု ပြော၍ မျဉ်းကြိုးယူကာ စော်တ[illegible]လေသည်။ စေတီတည်မည့်နေရာ ရောက်၍ တိုင်းတာသော် တစ်မျက်နှာ ဝ စ်မျက်နှာလျှင် တစ်ဂါဝုတ် တစ်ဂါဝုတ် ဖြစ်ပါစေ၊ အမြင့်လဲ အဝန်းနှင့်အတူ ဖြစ်ပါစေ၊ ယခုလို တည်လျှင် စေတီတော်သည် တစ်ယူဇနာအဝန်းရှိ၍ တစ်ယူဇနာအမြင့် ရှိလိမ့်မည်၊ အဝန်းတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာ တည်ကြမည်'' ဟု ဆုံးဖြတ်စကား ပြောဆို၍ ဆောက်ခိုင်းလေသည်။

**ပန်းရုံဆရာကြီး ပြောဆိုခဲ့သည့်အတိုင်း တည်ကြ**

ပန်းရုံဆရာကြီးသည် အဓိကပြဋ္ဌာန်းသူဖြစ်၍ ပန်းရုံဆရာကြီး ဆုံးဖြတ်ညွှန်ကြားချက်ကို လက်ခံအတည်ပြုကြပြီးလျှင် ပန်းရုံဆရာကြီး ညွှန်ပြချက်ကို လိုက်နာ၍ အဝန်းသည်း တစ်ယူဇနာ၊ အမြင့်လည်း တစ်ယူဇနာရှိသော စေတီတော်ကြီးကို တည်ကြလေသည်။

ဤပုံ ဤနည်းဖြင့် ပန်းရုံဆရာကြီးသည် မနှိုင်းယှဉ်အပ်သော ဂုဏ်တော်ရှင် မြတ်စွာဘုရား၏ စေတီတော်တည်ရန်အတွက် အတိုင်းအရှည်ပမာဏကို အခြားသူများ ဟာပြသည့် ပမာဏအောက် အယုတ်ဆုံး ဆုံးဖြတ်ချက်ကို ညွှန်ကြားခဲ့လေသည်။ ။ဤကား ဝစီဘေဒထိခဲ့ ပုံတည်း။

## ဝစီဘေဒထိတိုင်းရှုပုံ

**ဘဝတိုင်း ပုက္ကုသဖြစ်**

ကိုဝစီဘေဒကြောင့် ဖြစ်လေရာရာ ဘဝထိုထို၌ အခြားသူများ အောက် ပုက္ကုသနိမ့်ကျသူ ဖြစ်ရလေသည်။

**နောက်ဆုံးဘဝ သုဒ္ဒိယဖြစ်သော**

ယခု နောက်ဆုံးပစ္ဆိမဘဝဝယ် ကျွန်ုပ်တို့ဘုရားရှင် ပွင့်တော်မူ သောအခါ သာဝတ္ထိမြို့၌ စည်းစိမ်ဥစ္စာပေါများသော သေဋ္ဌေးမျိုး၌

ဖြစ်လာသောသည်။ ထိုသူ၏အမည်ကို မိဘဆွေမျိုးများက "ဘဒ္ဒိယ"ဟု မှည့်ကြလေသည်။

## အရွယ်ရောက်လျှင် ရဟန်းပြု

ဘဒ္ဒိယသည် အရွယ်ရောက် သော် ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ဘုရားရှင်၏တရားကို နာလေလျှင် သဒ္ဓါတရားဖြစ်ကာ ရဟန်းပြုလေသည်။

## မကြာမီ ရဟန္တာဖြစ်

ရဟန်းပြုပြီးနောက် မြတ်စွာဘုရားအထံတော်မှ ကမ္မဋ္ဌာန်းတရား သင်ယူ၍ ဝိပဿနာတရားအားထုတ်လျှင် ရဟန္တာအဖြစ်သို့ရောက်တော်မူလေသည်။

## "လကုဏ္ဍကဘဒ္ဒိယ"ဟု အမည်တွင်ပုံ

အလွန်ပုသောကြောင့် "လကုဏ္ဍက"၊ ရွှေရုပ်လို ကိုယ်လှပ တင့်တယ်သောကြောင့် "ဘဒ္ဒိယ"ဟု အမည်ရသည်။ အမည်နှစ်မျိုး ပေါင်း၍ "အရှင် လကုဏ္ဍကဘဒ္ဒိယ မထေရ်"ဟု တွင်လေသည်။

## တစ်ပါးတည်း ကြွလေ့ရှိ

အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်သည် ပုကွ၍ အကြည့်ရခက်သော ရုပ်ခန္ဓာကို ဇမ္ဗူဂီရဟန်းများကဲ့သို့သော ပုထုဇဉ်ရဟန်းအချို့က ပြက် ရယ်ပြောင်လှောင် ကဲ့ရဲ့ရှုတ်ချလေ့ ရှိကြလေသည်။ မထေရ်မြတ်သည် ထိုအကြောင်းကို စဉ်းစားမိတော်မူ၍ 'အချို့သော ပုထုဇဉ်ရဟန်းတို့ သည် ငါ့ကို အကြောင်းပြု၍ အကုသိုလ်တရား မတိုးပွားကြပါစေနှင့်' ဟု နှလုံးသွင်းတော်မူကာ ရဟန်းများစွာ တစ်ပေါင်းတည်း ဘုရားရှင် ထံမှောက် သွားရောက်ဆည်းကပ်ကြသည့်အခါ ဆွမ်းခံကြွသည့်အခါ တို့၌ ထိုရဟန်းများနှင့်အတူမလိုက်ဘဲ နောက်ချန်၍ တစ်ပါးတည်း ကြွရောက်တော်မူလေ့ရှိသတဲ့။

**အသံသာယာသည့်နေရာ၌ တေဒဂ်ဘွဲ့ရ**

နောင်အခါ ဘုရားရှင် ရဟန်းတို့အား တေဒဂ်ဘွဲ့ထူး အပ်နှင်းတော်မူသောအခါ၌ လကုဏ္ဍကဘဒ္ဒိယသည် အသံသာယာသည့် နေရာ၌ အမြတ်ဆုံး အသာဆုံး(တေဒဂ်)ဘွဲ့ ချီးမြှင့်ခံရတော်မူလေသည်။

**မထေရ်၏ ရှေးဆုတောင်း**

အရှင်လကုဏ္ဍကဘဒ္ဒိယထေရ်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ စည်းစိမ်ဥစ္စာ ပေါများသော သေဌေးသား ဖြစ်စဉ်က ကျောင်းသွားသွား တရားနာလေ့ ရှိလေသည်။

တစ်နေ့သ၌ ပဒုမုတ္တရဘုရားရှင်က အလွန်အသံသာယာသည့် ရဟန်းတစ်ပါးကို တေဒဂ်ဆုထူး ပေးအပ်ချီးမြှင့်တော်မူသည်ကို တွေ့မြင်ရ၍ ကြည်ညိုအားကျကာ ဘုရားအမှူးရှိသောသံဃာအား ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလှူ၍ "မြတ်စွာဘုရား....တပည့်တော်သည် ဒီဒါနကုသိုလ်ကြောင့် အခြားစည်းစိမ်ကို မတောင့်တပါ၊ အမှန်အားဖြင့် နောင်ပွင့်တော်မူမည့် ဘုရားတစ်ဆူဆူတွင် အသံသာယာသည့် ရဟန်းတို့တွင် အမြတ်ဆုံး၊ အသာဆုံး (တေဒဂ်)ဘွဲ့ရ ရဟန်း ဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့လေသည်။ ။ဤကား ဝစီဘေဒထိ တိုင်း၅ ပုံ တည်း။ (အင်္ဂုတ္တိုရ် တေဒဂ်ဝဂ် လကုဏ္ဍကဘဒ္ဒိယဝတ္ထု၊ လကုဏ္ဍကဘဒ္ဒိယထေရဂါထာ၊ လကုဏ္ဍကဘဒ္ဒိယဝတ္ထုအပဒါန်)။

**ပါးစပ်မဟာရဲလောက်အောင် ကြောက်မက်ဖွယ်**

ဤဖော်ပြချက်မှာ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ထေရဂါထာ အဋ္ဌကထာကို ဖွင့်ဆိုချက်အရဖြစ်၏။ ဤအဋ္ဌကထာတို့ဖြင့် ဖွင့်ဆိုချက်အရ ဆိုလျှင် ပန်းရံဆရာကြီး ပြောဆို ညွှန်ကြားသည်မှာ နောင်အခါ ပြုပြင်ယိုလွယ်ကူစေရန် ရည်သန်ပြောသည့် အဓိပ္ပာယ်မျိုးဖြစ်၍ ရန်ရှင်းကြမ်းတမ်းသည့်စိတ်ဖြင့် ပြောခြင်းမဟုတ်ပေ။ သို့သော် ဘဝတိုင်းသူများအောက် ပုက္ကနိမ့်သည့် မကောင်းကျိုးကို ပေးခဲ့လေသည်။ ဤအဋ္ဌကထာတို့ဖြင့် ဖွင့်ဆိုချက်အရဆိုလျှင် စိတ်ကောင်းစေတနာကောင်းဖြင့် ပြောတာပင် မကောင်းကျိုးပေးသည့်သဘော သင်္ဂြေရာက်သဖြင့် အပ်မတန်မှ ဆုလှ၍ ပါးစပ်မဟာရဲလောက်အောင်ပင် ကြောက်မက်ဖွယ်ကောင်းနေလှပေသည်။

## ကျွန်ုပ် ယူဆချက်

ပန်းရုံဆရာကြီး ''နောင်အခါ ပြုပြင်ရန် လွယ်ကူသည့်စေတီကို တည်သင့်သည်''ဟု ပြောရာ၌ နောင်အခါ ပြုပြင်လို လွယ်ကူစေရန် ရည်သန်သည့် သဘောမျိုးဖြစ်သော်လည်း ယခုလို ပြောဆိုခြင်းသည် သူတစ်ပါးကြားလို့ကောင်းအောင် လူကြားကောင်း သူကြားကောင်း ပြောခြင်းသာဖြစ်သည်။ စိတ်ထဲကမူကား ခုလိုသဘောမျိုးမဟုတ်ပေ။ သူသာ အကောင်အထည်ဖော်နိုင်သူဖြစ်၍ အဓိကဖြစ်သည်အလျောက် သူ့စိတ်ထဲကအော တစ်ယောက်တစ်ပေါက် ပြောဆိုကြမှုကို အကြောင်းပြု၍ ''ဘာမျှ အကောင်အထည်မဖော်နိုင်ကြဘဲနှင့် ပြောချင်လိုက်ကြတာ၊ တစ်ယောက်တစ်ပေါက် ပြောနေလိုက်ကြတာ နိမ့်လဲဘုရားပါပဲ''ဟု အချက်ထွက်ကာ ဘယ်သူကပြောပြော ငါ့သဘော ဆိုသည့် သဘောမျိုး ပါရှိသည့် ကြမ်းတမ်းသည့်စိတ်မျိုးဖြင့် အနိမ့်ဆုံးပမာဏကို ပြောဆိုခြင်းဖြစ်သည်''ဟု ယူဆသည်။ သို့မှသာ ဖရုသဝါစာဖြစ်ကာ ပုက္ကုနိမ့်သည့်အကောင်းကျိုးကို ပေးနိုင်မည်ဖြစ်၏။

အပါဒါန်ပါဠိတော်နှင့် အဋ္ဌကထာတို့၌ကား အားလုံး သဘောတူ ခုနစ်ယူဇနာအမြင့်၊ စေတီတည်ကြမည်လုပ်သော် ပန်းရုံဆရာကြီးက ''အဝန်းတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာ တည်ကြမည်''ဟု ပြောဆိုသဖြင့် သူ့စကားကို လိုက်နာလုပ်ခဲ့ကြောင်း သာမန်သာ လာသည်။

နောင်ပြုပြင်၍လွယ်ကူစေရန် ရည်သန်သည့်သဘောမျိုးပါသည့် ''နောင်အခါပြုပြင်ရန် လွယ်ကူသည့်စေတီကို တည်သင့်သည်'' ဟူသော စကားပါသည့် အဋ္ဌကထာတို့အဆို၌ ယခုလို ပြောခြင်းမှာ သူတစ်ပါးကြားလို့ကောင်းအောင် ပြောခြင်းသာဖြစ်သည်''ဟု ယူရာ၏။

ထိုစကားမပါ၊ ''အဝန်းတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာ တည်ကြမည်''ဟု သာမန်ဆိုသည်။ ပါဠိတော်နှင့် အဋ္ဌကထာတို့အဆို၌လည်း ''ဖော်ပြပါ ကြမ်းတမ်းသည့်စိတ် ပါရှိသည်''ဟု ယူရာ၏။ ယခုလိုယူမှ ဖရုသဝါစာ ဖြစ်မည်။

''လူကြားကောင်း သူကြားကောင်းစကား ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ဒေါသစိတ်ဖြင့် ပြောမှုသာ ပမာဏဖြစ်၏''ဟု ဆိုလိုပေသည်။ ဤယူဆချက်မှာ ဤကျမ်းပြုသူ၏ ယူဆချက် ဖြစ်၏။

## ဘုရားတည်သူတို့ သတိမူစရာ

**ဘုရား**တည်သူတို့ ဘုရားတည်သည့်အခါ၌ ကောင်းစေလိုသည့် စိတ်ဖြင့်ဖြစ်စေ၊ မကောင်းစေလိုသည့် စိတ်ဖြင့်ဖြစ်စေ ဘယ်လိုစိတ်ဖြင့်မျှ **အ**တိုင်းအရှည်ပမာဏအားဖြင့်ဖြစ်စေ၊ ငွေအကုန်အကျအားဖြင့်ဖြစ်စေ၊ ကောင်းမွန်ခိုင်ခံ့မှုအားဖြင့်ဖြစ်စေ၊ ကိုယ့်အတွက်ကြောင့် သေးငယ်နည်းပါး ညံ့ဖျင်းသွားအောင် မပြောဆိုမိဖို့ သတိပြုကြရာသည်။

---

စာချဘုန်းကြီး ဖြစ်စဉ်ဘဝက ညဏ်လေးသည်
တပည့်ရဟန်းတစ်ပါးကို စာမရနိုင်သဖြင့်
"ဒါလောက်ညဏ်ထိုင်းသူ ရှိမည်တောင်မထင်"ဟု
ပြောင်လှောင်ကဲ့ရဲ့ ပြောဆိုခဲ့သော
ဝစီဘေဒမကြောင့် အရှင်စူဠပန္ထကမထေရ်
ညဏ်အလွန်လေးရ

—

# ဝစီဘေဒထိခဲ့ပုံ

## စာချဘုန်းကြီးဖြစ်

အရှင်စူဠပန္ထကမထေရ်အလောင်းသည် ကဿပဘုရားရှင် လက်ထက်တော်အခါက ပညာရှိ**စာတတ်**စာချဘုန်း**ကြီး** ဖြစ်ခဲ့လေသည်။

## တပည့်ကို ပြောင်လှောင်ကဲ့ရဲ့

ထို**ပ**ညာရှိ**စာချ**ဘုန်း**ကြီး**သည် မိမိထံ စာသင်နေသော ညဏ်လေးသည့် ရဟန်းတစ်ပါးကို တစ်နေ့သ၌ သင်ပြပို့ချစဉ် စာမရနိုင်သဖြင့် "ဒါလောက်ညဏ်ထိုင်းသူ ရှိမည်တောင်မထင်" ဟု ပြောင်လှောင်ကဲ့ရဲ့ **ပြောဆိုလေ**သည်။

## တပည့်ရဟန်း ရှက်၍ စာမသင်တော့

**စာသင်သော**ရဟန်းသည် ဆရာက ပြောင်လှောင်ကဲ့ရဲ့သည့် အတွက်ကြောင့် ရှက်၍ **စာ**သင်လည်း မသင်၊ ကျက်လည်းမကျက်၊ ပြန်လည်းမပြန်တော့ပေ။ ။ဤကား ဝစီဘေဒထိခဲ့ပုံ[illegible]။

## ဝစီဘေဒ ထိတိုင်းရှပုံ

### ကျွန်ုပ်တို့ဘုရားရှင်လက်ထက် လူဖြစ်လာ

ထို စာချဆရာတော်သည် သံသရာ၌ ကျင်လည်၍ ကျွန်ုပ်တို့ ဘုရားရှင်လက်ထက် ရောက်သောအခါ လူဖြစ်လာပြန်ကာ သာသနာ့ဘောင် ဝင်ရောက် ရဟန်းပြုလေသည်။

### ဉာဏ်အလွန်လေး

စာချဆရာတော်ဖြစ်စဉ်က နှုတ်မစောင့်စည်းဘဲ တပည့်ကို ပြောင်လှောင်ကဲ့ရဲ့ခဲ့သော ဝစီဘေဒမကောင်းမှုကံကြောင့် ဝိုရဟန်းသည် ဉာဏ်အလွန်လေးရလေသည်။

### သေဌေးသမီး ကျွန်နှင့် ထွက်ပြေး

ချဲ့ပါဦးမည်— ရာဇဂြိုဟ်မြို့၌ နေသည့်အသည်ရှိသော သေဌေးကြီး၏ သမီးသည် အရွယ်ရောက်သော် ကျွန်နှင့် ချစ်ကြိုက်ကာ ကျွန်နှင့် သံဝါသအမှုပြုလေသည် (ပေါင်းဖော်လေသည်)။

တစ်ပါးသူတို့ ထိုအကြောင်းကို သိမည်စိုး၍ "ငါ့မိဘများ ဒီခွင့်မလွှတ်နိုင်သည့်အဖြစ်ကို အကယ်၍ သိလျှင် စားဖြင့် အပိုင်းပိုင်း စပ်းပစ်ကြလိမ့်မည်။ ငါတို့ ဒီနေရာမှာနေလို့ မဖြစ်တော့ဘူး။ တစ်နေရာ သွားနေကြမည်"ဟု လင်နှင့်ဘိုင်ပင် ပြောဆိုလေသည်။ သေဌေးသမီးသည် တိုင်ပင်ပြီးသော် လက်ထဲမှာရှိသည့်ဥစ္စာကို ယူ၍ လင်နှင့်အတူ မိမိတို့ကို သိသည့်သူမရှိသော နေရာတစ်နေရာသို့ ထွက်ပြေးလေသည်။

### သေဌေးသမီး ကိုယ်ဝန်ရ

သေဌေးသမီးသည် မကြာမီမှာပင် ကျွန်နှင့် သံဝါသပြုမှုကို အကြောင်းပြု၍ ကိုယ်ဝန်ရလေသည်။ သေဌေးသမီးသည် ကိုယ်ဝန်ရင့်မာလာသော် "ငါ့ကိုယ်ဝန် ရင့်ပြီ။ ဆွေမျိုးမိတ်ဆွေ မရှိသည့်နေရာမှာ မွေးလျှင် ငါတို့နှစ်ယောက်လုံး ဆင်းရဲဒုက္ခရောက်ကြမည်သာ ဖြစ်၏၊ မိဘအိမ် သွားကြမည်"ဟု လင်နှင့်တိုင်ပင်လေသည်။

လင်ဖြစ်သူသည် "အကယ်၍ သွားလျှင် ငါအသက်ပျောက်မည်" ဟု စဉ်းစား၍ "ဒီနေ့ သွားမည်၊ နက်ဖြန် သွားမည်" ဟု တစ်နေ့ သွားနိုးနိုးဖြင့် နေ့ရွှေ့ကာ နေ့ရက်ကို ကုန်လွန်စေခဲ့၏။

## သေဌေးသမီး မိဘရပ်ထံပြန်

ထိုအခါ သေဌေးသမီးသည် "ဒီယောကျ်ားသည် မိမိ အပြစ်ကြီးသောကြောင့် မလိုက်ဝံ့၊ မိဘမည်သည် သားသမီးအပေါ် စီးပွားချမ်းသာကိုသာ အလိုရှိကြ၏၊ သူ လိုက်သည်ဖြစ်စေ၊ မလိုက်သည်ဖြစ်စေ၊ ငါ သွားမည်" ဟု ကြံ၏။ ကြံပြီးနောက် တစ်နေ့သ၌ သေဌေးသမီးသည် လင်ဖြစ်သူ အပြင်ထွက်သွားသော် မိဘရပ်ထံသွားမည် ဖြစ်ကြောင်း အိမ်နီးချင်းများကို မှာခဲ့၍ အိမ်မှထွက်ခဲ့လေသည်။

## လင်ဖြစ်သူ မယားနောက် အမှီလိုက်

လင်ဖြစ်သူသည် အိမ်ပြန်လာသော် မိန်းမကို မတွေ့လေလျှင် အိမ်နီးချင်းများကို မေးလေသည်။ အိမ်နီးချင်းများက မိဘရပ်ထံ သွားကြောင်း ပြောသဖြင့် နောက်ကလိုက်လေသည်။ အပြေးလိုက်သဖြင့် လမ်းမှာမှီလေသည်။

## လမ်းမှာပင် မွေး၍ ပြန်လာကြ

သေဌေးသမီးသည် လမ်းမှာပင် မွေးလေသည်။ "ငါတို့ မွေးရန်အတွက် မိဘရပ်ထံ သွားကြခြင်းဖြစ်သည်။ မွေးမှုကိစ္စသည် လမ်းမှာပင် ပြီးလေပြီ။ မိဘရပ်ထံသွားဖို့ မလိုတော့ ပြန်ကြမည်" ဟု ပြောဆိုကာ နှစ်ယောက်သဘောတူ ပြန်လာကြလေသည်။

## ဒုတိယကိုယ်ဝန်လည်း လမ်းမှာပင် ဖွား

မကြာမီ ကိုယ်ဝန်ရပြန်၍ ကိုယ်ဝန်ရင့်လာသောအခါ ရှေးအတူ မွေးရန်ကိစ္စဖြင့် မိဘရပ်ထံ ပြန်သွားကြပြန်လေသည်၊ ဒုတိယ ကိုယ်ဝန်လည်း လမ်းမှာပင် ဖွားလေသည်။

## "မဟာပန္ထက၊ စူဠပန္ထက" ဟု နာမည်မှည့်

သားနှစ်ယောက်ကို လမ်းမှာ မွေးဖွားကြသောကြောင့် "ပန္ထက" ဟု နာမည်မှည့်ကြပြီးလျှင် သားနှစ်ယောက် နာမည်ကွဲအောင် ပဌမ

မွေးသည့် သားကြီးကို "မဟာပန္ထက (ပန္ထကကြီး)"ဟု မဟာထည့်မှည့်၍ သားငယ်ကို "စူဠပန္ထက (ပန္ထကငယ်)"ဟု မှည့်ကြလေသည်။ ဇနီးမောင်နှံနှစ်ယောက်တို့သည် ကိုယ်ဝန်မွေးဖွားပြီးဖြစ်၍ ရွေးအတူ အိမ်ပြန်လာကြပြန်လေသည်။

### သေဋ္ဌေးသမီးဇနီးမောင်နှံ ရာဇဂြိုဟ်ပြန်

မဟာပန္ထက သုံးလေးနှစ်အရွယ်ရောက်သော် အဘိုးအဘွားတို့ထံ သွားဖို့ မိခင်ကို ပူဆာလေသည်။ မိခင်ဖြစ်သူသည် ထပ်တလဲလဲ ပူဆာသော် မသွားဘဲနေလို့မရတော့သဖြင့် သားနှစ်ယောက်ကိုခေါ်၍ လင်နှင့်အတူ ရာဇဂြိုဟ်မြို့သို့ ကြောက်ကြောက်ဖြင့် သွားရလေသည်။

သေဋ္ဌေးသမီးသည် ရာဇဂြိုဟ်မြို့သို့ရောက်လျှင် မိဘတို့အိမ်မသွားရဲဘဲ မြို့တံခါးအနီးရှိ ဇရပ်တစ်ဆောင်မှာနေ၍ "သားငယ်နှစ်ယောက်ကို ခေါ်ပြီး သမီးလာသည့်အကြောင်း" ဇရပ်မှာတွေ့သည့် လူ တစ်ယောက်ကို မိဘများထံ သွားရောက် အခပြောခိုင်းလေသည်။

### မြေးနှစ်ယောက်ကို အဘိုးက တာဝန်ယူ

မိဘများသည် ထိုစကားကို ကြားရလျှင် "ဒီငွေကိုယူပြီး သင်တို့ သင့်တော်သည့်နေရာသွား အသက်မွေးကြ၊ သူငယ်နှစ်ယောက်ကိုတော့ ငါ့အိမ်ပို့လိုက်"ဟု အလုပ်သမားတစ်ယောက်ကို စနှင့်ငွေ ပေးပြီး ဇရပ်သို့လွှတ်လိုက်လေသည်။ သေဋ္ဌေးသမီးသည် စနှင့်ငွေကို ရလျှင် သားငယ်နှစ်ယောက်ကို လွှတ်လိုက်သည့် အလုပ်သမားအား ပေးအပ်လိုက်ပြီး ပြန်လာလေသည်။

### မဟာပန္ထကကို ရှင်ပြုပေး

သူငယ်နှစ်ယောက် အဘိုးအဘွားအိမ်ရောက်လျှင် အဘိုးဖြစ်သူ အမွဝန် (ဃရက်မတော) ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဘုရားရှင်ထံ တရားနာသွားသောအခါ စူဠပန္ထကသည် ငယ်သေးသဖြင့် မလိုက်နိုင်သော်လည်း မဟာပန္ထကမူ အဘိုးနှင့်အတူ အမြဲတရားနာလိုက်လေသည်။ အကန်းကြီးသော် "အဘိုး ခွင့်ပြုလျှင် ရှင်ပြုချင်ပါသည်"ဟု အဘိုးထံ ရှင်ပြုခွင့်ခတောင်းလေသည်။ အဘိုးဖြစ်သူသည် ခွင့်ပြုကာ ဘုရားရှင်ထံ မြေးကို ရှင်ပြုပေးဖို့ လျှောက်လေသည်။ ဘုရားရှင်က

ရဟန်းတစ်ပါးကို "ဒီသူငယ်ကို ရှင်ပြုပေးလိုက်" ဟု မိန့်တော်မူလေသည်။

မဟာပန္ထက ရဟန်းခံပြီးနောက် ရဟန္တာဖြစ်

မဟာပန္ထကသည် သာမဏေပြုပြီးသော် စာပေကို သင်လေသည်။ အသက်နှစ်ဆယ်ပြည့်သော် ရဟန်းဘောင်တက်၍ ကမ္မဋ္ဌာန်းတရားအားထုတ်လေလျှင် မကြာမီမှာပင် ရဟန္တာဖြစ်လေသည်။

စူဠပန္ထကကို ရှင်ရဟန်းပြုပေးပြီး စာသင်ပေး

အရှင်မဟာပန္ထကသည် ချမ်းချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာကို စူဠပန္ထကအား ရစေလိုသဖြင့် စူဠပန္ထကကို ရှင်ရဟန်းပြုပေးပြီးလျှင် စာသင်ပေးလေသည်။

စူဠပန္ထက ဉာဏ်အလွန်လေး

ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တမာဒိစ္စ မိဝန္တလိက္ခေ—

ဟူသော အက္ခရာလေးဆယ့်လေးလုံးပါရှိသော တစ်ဂါထာကို လေးလကျော် ကျက်သော်လည်း မရဘဲရှိလေသည်။ စူဠပန္ထကသည် ကဿပဘုရားရှင်လက်ထက် စာချတုန်းကြီးဘဝတုန်းက ဉာဏ်ထိုင်းသည့်ကာယည့်ကို ပြောင်လှောင်ကဲ့ရဲ့ခဲ့သည့် ဝစီဘေဒကောင်းမှုကြောင့် ဤမျှ ဉာဏ်လေးရလေသည်။

စူဠပန္ထကကို အစ်ကိုက ကျောင်းမှ နှင်ထုတ်

ထိုအခါ အရှင်မဟာပန္ထက-က "သင် ဒီသာသနာတော်နှင့် မဂ်ဖိုလ်ကို မရထိုက်သူ ဖြစ်သည်။ တစ်ဂါထာကိုပင် လေးလရအောင် မကျက်နိုင်။ သင် ရဟန်းကိစ္စ ဘယ်မှာ အပြီးရောက်အောင် စွမ်းနိုင်ပါမလဲ၊ ဒီကျောင်းက ထွက်သွားတော့" ဟု ကျောင်းမှ နှင်ထုတ်လေသည်။

## အရှင်စူဠပန္ထက လူထွက်ရန် အိမ်ပြန်

အရှင်စူဠပန္ထကသည် ကျောင်းတိုက်မှ ထွက်ခွာကာ စိတ်ညစ်၍ လူထွက်မည်ဆိုပြီး နောက်တစ်နေ့ နံနက်စောစော အိမ်ပြန်လေသည်။

## ဘုရားရှင်နှင့်တွေ့၍ ဘုရားရှင်က ကမ္မဋ္ဌာန်းပေး

ဘုရားရှင်သည် နံနက်စောစောပြိုင်သော ထိုအချိန်၌ လောကကို ကြည့်သည်ရှိသော် ထိုအကြောင်းကို မြင်တော်မူ၍ စူဠပန်ထွက်မည့် တံခါးမုခ်မှာ စင်္ကြံလျှောက်တော်မူလေသည်။ ထိုအခါ၌ စူဠပန်လာလေလျှင် "သင် ခု ဘယ်သွားမလို့လဲ" ဟု မေးတော်မူလေသည်။ "အစ်ကိုက နှင်ထုတ်သဖြင့် အိမ်ပြန် လူထွက်မလို့ပါဘုရား" ဟု လျှောက်လေလျှင် ဘုရားရှင်က "လူမထွက်နှင့်၊ ငါ့ဆီမှာ နေရမည်" ဟု ခေါ်၍ ဂန္ဓကုဋိဦးမှာ နေစေပြီးလျှင် "စူဠပန္ထက.... သင် အရှေ့ဘက်ကို မျက်နှာလှည့်ကာ ဒီအဝတ်ကို 'ရဇောဟရဏံ ရဇောဟရဏံ (ဒီအဝတ်ကား မြူကို ဆောင်တတ်စွ၊ ဒီအဝတ်ကား မြူကို ဆောင်တတ်စွ)' ဟု ဆိုရင်း ဆုပ်နယ်လျက် ဒီနေရာမှာ နေရပါ" ဟု မိန့်တော်မူ၍ တန်ခိုးဖြင့် ဖြူစင်သော အဝတ်စကို ဖန်ဆင်းပေးပြီးလျှင် ဇီဝကအိမ် ဆွမ်းစား ကြွတော်မူသည်။

## အရှင်စူဠပန္ထက ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်

အရှင်စူဠပန္ထကသည် နေကို ကြည့်လျက် ထိုအဝတ်စကို "ရဇောဟရဏံ ရဇောဟရဏံ" ဟု ဆို၍ ဆုပ်နယ်နေလေသည်။ ဆုပ်နယ်ဖန်များသော် ဖြူစင်သော အဝတ်စလေးသည် ညစ်ပေလာလေလျှင် "ဒီအဝတ်လေးသည် ရှေးက အလွန်ဖြူစင်၏၊ ခု ညစ်ပေ၏ သင်္ခါရတရားတို့သည် မမြဲလေစွတကား" ဟု သင်္ခါရတရားတို့၏ မမြဲသည်ကို မြင်ကာ ဝိပဿနာ ပွားများလေလျှင် ထိုနေရာမှာပင် ဆွမ်းတစ်ခါ ပြင်သည့် အချိန်ခန့်အတွင်း ပဋိသမ္ဘိဒါလေးပါး အဘိညာဉ် ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်ကို ရရှိလေသည်။ (ပဋိသမ္ဘိဒါပတ္တ၊ ဆဠဘိညရဟန္တာ ဖြစ်လေသည်။)

ပဋိသမ္ဘိဒါရသည့်အလျောက် ပိဋကတ်သုံးပုံလည်း နှုတ်ဝယ်မိမိ ရရှိတတ်မြောက်လေသည်။ "ပိဋကတ်သုံးပုံကို သင်၍ မရနိုင်လောက်အောင် ဉာဏ်နည်းသည့် ဝက်အချင်းလည်း လွယ်လွယ်တတ်မြောက်သွားသည်" ဟု ဆိုလိုပေသည်။

**ဧတဒဂ် (၂) ဘွဲ့ရ**

နောင်အခါ၌ ဘုရားရှင်သည် သံဃာတော်အပေါင်း ခြံရံလျက် **ဓမ္မာသနပလ္လင်ဝယ်** ထိုင်တော်မူကာ ရဟန်းတို့အား ဧတဒဂ်ဘွဲ့ထူး အပ်နှင်းတော်မူသည့်အခါ၌ **အရှင်စူဠပန္ထကမထေရ်အား** "(၁) ရဟန်းတို့.... **အဘိညာဉ်စိတ်ဖြင့်** ကိုယ်ကို ဖန်ဆင်းနိုင်သည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် စူဠပန္ထကသည် အမြတ်ဆုံး **အသာဆုံး** ဖြစ်ပေ၏။ (၂) ရူပါဝစရဈာန်အရာဝယ် လိမ္မာကျွမ်းကျင်သည့် ငါဘုရား၏ တပည့်သာဝကတို့တွင် စူဠပန္ထကသည် အမြတ်ဆုံး အသာဆုံး ဖြစ်ပေ၏"ဟု ဧတဒဂ်ဘွဲ့ထူးနှစ်ရပ် နှင်းအပ်တော် မူလေသည်။

**မထေရ်၏ ရေးဆုတောင်း**

အရှင်စူဠပန္ထကသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်ဝယ် ပဒုမုတ္တရဘုရား ပွင့်တော်မူသောအခါ၌ ဟံသာဝတီပြည်ဝယ် သူကြွယ် ဖြစ်လေသည်။ ဘုရားရှင် ရဟန်းတစ်ပါးကို (၁) အဘိညာဉ်စိတ်ဖြင့် ကိုယ်ကို ဖန်ဆင်းသည့်အရာ၊ (၂) ရူပါဝစရဈာန် ကျွမ်းကျင်သည့် အရာ၌ အမြတ်ဆုံး၊ အသာဆုံး ဧတဒဂ်ဘွဲ့ထူး ပေးအပ် ချီးမြှင့်တော်မူသည်ကို တွေ့မြင်၍ ထိုဘွဲ့ထူးနှစ်ခုကို ရဖို့ ခုနစ်ရက်တိုင်တိုင် အလှူကြီး ပေးလှူကာ ဆုတောင်းခဲ့လေသည်။ ။ဤကား ဝစီဘေဒ ထိတိုင်းရှုံ့ တည်း။

**ဆရာများ သတိထားစရာ**

ဆရာများသည် တပည့်များအပေါ် ပညာတတ်စေလိုသည့် စိတ်ဆန္ဒရှိကြ၏။ ရှိကြသော်လည်း တစ်ခါတစ်ရံ ဒေါသစိတ်ဖြင့် ကဲ့ရဲ့ရှုတ်ချ စကား ပြောကြားတတ်ကြ၏။ ဒေါသစိတ်ဖြင့် ကဲ့ရဲ့ရှုတ်ချက ဝစီဘေဒ ထိတိုင်းရှုံ့မှ **လွတ်မည်မဟုတ်ပေ**။ ထို့ကြောင့် ဤအချက်ကို ဆရာဖြစ်သူများ **သတိထားကြရာသတည်း**။

(ဤဝတ္ထု အင်္ဂုတ္တိုရ်၊ ဓမ္မပဒ-စသည်တို့၌လည်း စူဠပန္ထကဝတ္ထု အမည်ဖြင့် လာသည်။ ဤတင်ပြချက်မှာ ဧကနိပါတ် စူဠသေဋ္ဌိဇာတ် **အရ** ဖြစ်၏။)

ရဟန်းဖြစ်စဉ်ဘဝက လူမထွက်ချင်သော သူငယ်ချင်း
ရဟန်းကို လူထွက်ချင်အောင် ပြောခဲ့သော ဝစိဘေဒ
ကြောင့် အရှင်သပ္ပဒါသမထေရ် လူထွက်ချင်ရ

—

# ဝစိဘေဒထိခဲ့ပုံ

## လူထွက်ချင်ကြောင်း သူငယ်ချင်းရဟန်းကို ပြော

ကဿပဘုရားရှင် လက်ထက်တော် အခါက အမျိုးသား တစ်ယောက်သည် မြတ်စွာဘုရား၏ တရားကို နာရ၍ သံဝေဂဖြစ်ကာ ရဟန်းပြုလေသည်။ နောင်အခါ သာသနာ့ဘောင်၌ မပျော်မွေ့သော် သူငယ်ချင်းရဟန်းကို လူထွက်ချင်ကြောင်း ပြောလေသည်။

## သူငယ်ချင်းရဟန်းက လူမထွက်ချင်အောင် ပြော

သူငယ်ချင်းရဟန်းက မပျော်မွေ့၍ လူထွက်ချင်သောရဟန်းကို လူမထွက်ချင်အောင် လူ့ဘောင်၏ အပြစ်ကို အမြဲမပြတ် ပြောပြလေ သည်။

## လူမထွက်ဘဲနေ

သူငယ်ချင်း၏ စကားကို ကြား၍ မပျော်မွေ့သည့်ရဟန်းသည် သာသနာ့ဘောင်၌ ပျော်မွေ့ကာ လူမထွက်ဘဲ နေလေသည်။

**လူထွက်ဖြစ်ခဲ့လျှင် ပရိက္ခရာများကို ပေးခဲ့ရန် ရည်ရွယ်ခဲ့ကြောင်းပြော**

တခါသောအခါ မပျော်မွေ့စိတ် ဖြစ်ခဲ့သည့် ရဟန်းသည် မပျော်မွေ့စဉ်အခါက မဖွပ်မလျှော် မဆေးကြောအပ်သည်ဖြစ်၍ အညစ်အကြေး (ချေး) ပေကျံစွဲကပ်နေသော သင်္ကန်းသပိတ် စသော ပရိက္ခရာများကို ကျောက်ရေကန်တစ်ခု၏ကမ်း၌ အညစ်အကြေး (ချေး) မရှိအောင် ဖွပ်လျှော်ပွတ်တိုက် ဆေးကြောနေလေသည်။ သူငယ်ချင်းရဟန်းသည်လည်း ထိုဖွပ်လျှော်ပွတ်တိုက် ဆေးကြောနေသည့် ရဟန်းအနီး၌ ထိုင်နေလေသည်။

ထိုအခါ ဖွပ်လျှော်ပွတ်တိုက် ဆေးကြောနေသည့် ရဟန်းက သူငယ်ချင်းရဟန်းကို ''သူငယ်ချင်း... 'ငါ လူမထွက်ဖြစ်လို့၊ လူထွက် ဖြစ်ခဲ့လို့ရှိလျှင် ပရိက္ခရာများကို သင့်အား ပေးခဲ့မည်' ရည်ရွယ်ခဲ့ ပါသည်''ဟု ပြောလေသည်။

**ပရိက္ခရာလိုချင်၍ လူထွက်ချင်အောင် မြှင့်ပြော**

ထိုစကားကိုကြားလျှင် သူငယ်ချင်းရဟန်းသည် လောဘဖြစ်ကာ ''ဒီရဟန်း ရဟန်းဘောင်မှာနေလဲ ငါ့မှာဘာအကျိုးရှိမလဲ၊ လူထွက်လဲ ငါ့မှာ ဘာအကျိုးရှိမလဲ၊ ဘာမျှ အကျိုးမရှိ။ သူ ကုသိုလ်ဖြစ်မှု ရမှု မှာ သူ့အတွက်သာဖြစ်၏။ သို့ဖြစ်၍ ငါ ဒီပရိက္ခရာများကို ရအောင် ယူမည်''ဟု ကြံလေသည်။

ထိုအခါမှစ၍ သူငယ်ချင်းရဟန်းသည် ''ငါ့ရှင်.... ခု ငါတို့ အသက်ရှင်သဖြင့် ဘာအကျိုးရှိမလဲ၊ ငါတို့သည် ခွက်ကို စွဲကိုင်လျက် သူတစ်ပါးအိမ်တို့၌ လှည့်လည်တောင်းခံ စားသောက်ရ၏။ သား မယားတို့နှင့်အတူ အာလာပသလ္လာပ (အတုံ့အပြန်စကား)များကိုလည်း မပြောကြရကုန်'' စသည်ဖြင့် လူထွက်ချင်အောင် လူ့ဘောင် လူ့ ဘဝ၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်းပြောဆိုလေသည်။

**ပရိက္ခရာလိုချင်၍ ပြောမှန်းမသိသဖြင့် လူမထွက်ဘဲနေ**

ဖွပ်လျှော်ပွတ်တိုက်ဆေးကြောနေသောရဟန်းသည် ထိုစကားကို ကြား၍ သာသနာ့ဘောင်၌ မပျော်မွေ့ဘဲဖြစ်လာပြန်သော် ''ဒီမိတ်ဆွေ သည် ငါက 'မပျော်မွေ့'ဟု ပြောသည့်အခါ ပထမက လူ့ဘောင်၏ အပြစ်ကို ပြော၍ဆုံးမ၏။ ယခုမူ လူ့ဘောင်၏ဂုဏ်ကျေးဇူးကို မပြတ်

ချီးမွမ်းပြောဆိုနေ၏။ ဘာကြောင့်ပါလိမ့်လဲ''ဟု စဉ်းစားလေသည်။ စဉ်းစားသော် ''ဒိပရိက္ခရာများအပေါ် တပ်မက်သည့်လောဘကြောင့်'' ဟု သိ၍ ကိုယ်ကိုယ်တိုင်ပင် ကိုယ့်စိတ်ကို ဆုံးမကာ လူထွက်ချင်စိတ်ကို ဖျောက်လေသည်။ လူထွက်ချင်စိတ်ပျောက်သဖြင့် လူမထွက်ဘဲ နေလေသည်။

ဤသည်မှာ အရှင်သပ္ပဒါသမထေရ်၏ အတိတ်အကြောင်း ဝစီဘေဒ ထိခဲ့တည်း။

## ဝစီဘေဒ ထိတိုင်းရှုပုံ

### ကဿပဘုရားရှင်လက်ထက် အမျိုးသားဖြစ်လာပြီးရဟန်းပြု

ထိုလူထွက်ချင်အောင်ပြောသောရဟန်းသည် သံသရာ၌ ကျင်လည်၍ ငါတို့ဘုရားပွင့်တော်မူသောအခါ သာဝတ္ထိမြို့၌ အမျိုးသား ဖြစ်လာလေသည်။ နောင်အခါ ထိုအမျိုးသားသည် မြတ်စွာဘုရား၏ တရားဒေသနာကိုကြားနာရ၍ သံဝေဂရကာ သာသနာ့ဘောင်၌ ရဟန်း ပြုလေသည်။

### လူထွက်ချင်စိတ်ပေါက်

ရဟန်းပြုပြီးနောက် မကြာမီမှာပင် ထိုရဟန်းသည် ကဿပ ဘုရားရှင်လက်ထက် ရဟန်းဖြစ်စဉ်က ရဟန်းတစ်ပါးကို သာသနာ့ ဘောင်၌ မပျော်မမွေ့ဘဲ လူထွက်ချင်အောင် ပြောခဲ့သော ဝစီဘေဒ မကောင်းမှုကံ အကျိုးပေးလာမှုကြောင့် သာသနာ့ဘောင်၌ မပျော် မမွေ့ဘဲ လူထွက်ချင်စိတ်ပေါက်လာလေသည်။

### လူထွက်ချင်၍ သေကြောင်းကြံ

သာသနာ့ဘောင်၌ မပျော်မမွေ့ လူထွက်ချင်စိတ်ပေါက်လာလေလျှင် ''ငါလို အမျိုးကောင်းသားက ရဟန်းဘောင်ရောက်ပြီးပါလျက် တစ်ဖန် လူထွက်ခြင်းမည်သည် မသင့်လျော်၊ လူထွက်တာထက် ရဟန်းဘဝဖြင့် အသက်သေရခြင်းက ငါ့အဖို့ မြတ်လှသေး၏''ဟု ကြံလေ သည်။ ကြံပြီး မိမိသေကြောင်းကို စဉ်းစားရှာမှီးလျက် လှည့်လည်သွား လာနေလေသည်။

## မြွေကိုက်သေအောင်လုပ်

တစ်နေ့သ၌ ရဟန်းများ နံနက်စောစော မြို့တွင်းမှ ဆွမ်းစားပြီး ကျောင်းပြန်ရောက်သောအခါ မီးဖိုဆောင်၌ မြွေတွေ့ရ၍ မြွေကို အိုးထဲ ထည့်ပြီးသော် အိုးပိတ်ယူကာ ကျောင်းအပြင် ထွက်ကြလေသည်။ သာသနာ့ဘောင်၌ မပျော်မွေ့ လူထွက်ချင်သော ရဟန်းသည်လည်း မြို့တွင်း ဆွမ်းစားပြီးပြန်လာကာ ထိုရဟန်းများနှင့်တွေ့၍ "ဒီအိုးထဲက ဘာလဲ"ဟု မေးလေသည်။ "မြွေ" ဟု ပြောကြသော် "ဘာလုပ်ကြမလဲ"ဟု ဆပ်ဆင့်မေးလေသည်။ "လွှင့်မလို့"ဟု ပြောလျှင် "ဒီမြွေ ငါ့ကို ကိုက်အောင်လုပ်ပြီး ငါ သေမည်"ဟု ကြံ၍ "ယူခဲ့ ငါလွှတ်မည်"ဟု ပြောကာ အိုးကို ယူလေသည်။

## မြွေကို ကိုက်အောင်လုပ်သော်လည်း မကိုက်

အိုးယူပြီး တစ်နေရာမှာထိုင်လျက် မိမိကို ကိုက်အောင် လုပ်လေသည်။ ကိုက်အောင်လုပ်သော်လည်း မြွေက မကိုက်လို၊ မကိုက်သဖြင့် ထိုရဟန်းသည် အိုးထဲလက်သွင်းပြီး အိုးအနှံ့မွှေလေသည်။ မွှေသော်လည်း မကိုက်သဖြင့် မြွေ၏ပါးစပ်ကိုဖြဲ၍ လက်ချောင်းသွင်းလေသည်။ မြွေက ပြင်းထန်သောအဆိပ်ရှိသည့်မြွေဖြစ်သော်လည်း ဘယ်လိုလုပ်လို့မျှ မကိုက်ချေ။ မကိုက်သဖြင့် "ဒီမြွေ အဆိပ်ရှိသောမြွေမဟုတ်၊ လင်းမြွေတည်း"ဟု ပြော၍ လွှတ်ပြီး ကျောင်းပြန်လာလေသည်။

ကျောင်းရောက်လျှင် ရဟန်းများက "မြွေလွှတ်ခဲ့ပြီလား"ဟု မေးကြလျှင် "ဒီမြွေ အဆိပ်ရှိသောမြွေမဟုတ်၊ လင်းမြွေတည်း"ဟု ပြောလေသည်။ "ဒီမြွေ ပြင်းထန်သောအဆိပ်ရှိသည့်မြွေဖြစ်သည်၊ ပါးပြင်းကြီးထောင်၍ ရှူးရှူး ရှူးရှူး မြည်သောကြောင့် ငါတို့ ဆင်းဆင်းရဲရဲ ခက်ခက်ခဲခဲဖြင့် ဖမ်းခဲ့ကြရသည်။ ဘယ်အတွက်ကြောင့် ခုလို မဟုတ်မဟုတ် ပြောရသလဲ"ဟု ရဟန်းများက ပိုင်းပြောကြသော် "တပည့်တော်ကို မကိုက်-ကိုက်အောင် တမင် ပါးစပ်ထဲ လက်ချောင်းသွင်းသော်လည်း မကိုက်"ဟု ပြောလေသည်။

## သင်တုန်းဓားဖြင့် သတ်သေရန် လည်မျိုပေါ်တင်

ထို့နောက် တစ်နေ့သ၌ ရဟန်းတစ်ပါးသည် သင်တုန်းဓား တစ်ချောင်းကို အနီးချထား၍ တစ်ချောင်းကို ရဟန်းတစ်ပါးခေါင်း

ရိပ်ပေးနေလေသည်။ ထိုအခါ လူထွက်ချင်သောရဟန်းသည် ထား
သော သင်တုန်းဓားကို ယူ၍ "ဒီဓားဖြင့် လည်မျိုလှီးတော့မ" ဟု
ကြံ၏။ ပြီးနောက် သစ်ပင်ရှိရာသို့သွား၍ သစ်ပင်ခက်စား တစ်မြစ်ပေါ်
လည်တင်ထားပြီး သင်တုန်းဓားသွားကို လည်မျိုပေါ် တင်လေသည်။

**သီလဆင်ခြင် ဝိပဿနာရှုလျှင် ရဟန္တာဖြစ်**

သင်တုန်းဓားကို လည်မျိုပေါ်တင်ထားပြီးသော် ရဟန်းပြုသည့်
အခါမှစ၍ မိမိသီလကို ဆင်ခြင်သုံးသပ်လေလျှင် မှုကိမ်စသော အညစ်
အကြေး ကင်းစင်တောက်ပသော လဝန်းကဲ့သို့လည်းကောင်း၊ ကောင်း
မွန်စွာ ပွတ်တိုက်ဆေးကြောထားသော ပတ္တမြားအုံးကဲ့သို့လည်းကောင်း၊
ကျိုးပေါက်ခံပြောက်ကြားခြင်း စသော အညစ်အကြေး မရှိသည့်သီလကို
မြင်လေသည်။

ထိုရဟန်းသည် မိမိသီလကို ဆင်ခြင်ကြည့်ရှုနေစဉ်မှာပင် တစ်
ကိုယ်လုံး ပျံ့နှံ့သောပီတိ ဖြစ်ပေါ်လာလေသည်။ ထိုရဟန်းသည် ထိုပီတိ
ကို ပယ်ခွာ၍ ဝိပဿနာပွားသော် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်လေသည်။
ရဟန္တာဖြစ်လျှင် သင်တုန်းဓားကို ယူ၍ ကျောင်းတွင်းဝင်လေသည်။

ရဟန်းများက "ဘယ်သွားသလဲ"ဟု မေးကြလေလျှင် "ဒီဓား
ဖြင့် လည်မျိုကို လှီးသေမည်ဟု ကြံ၍ သွားသည်"ဟု ပြောသဖြင့်
ရဟန်းများက "ဒါဖြင့် ဘာကြောင့် မသေသလဲ"ဟု မေးကြလေသည်။
"ခု ငါ ဓားကို ဆောင်ခြင်းငှာမထိုက်တော့ပြီ၊ ငါသည် သင်တုန်းဓား
ဖြင့် လည်မျိုကို ဖြတ်မည်"ဟု ကြံ၏။ စင်စစ်မူကား ဉာဏ်ရဟတ္တမဂ် ဟု
ခေါ်သည်ဟူသော သင်တုန်းဓားဖြင့် ကိလေသာအားလုံးကို ဖြတ်အပ်ပြီ"ဟု
ပြောလေသည်။

**သူ့အကြောင်းနှင့် သူ့အကျိုး**

ထိုအခါ ရဟန်းများက "ဒီရဟန်း မဟုတ်မမှန် လိမ်လည်ညာ၍
ဖြင့် ရဟန္တာဖြစ်ကြောင်း ပြောသည်"ဟု ဘုရားရှင်ထံမှောက် သွား
ရောက် လျှောက်ထားကြလေသည်။ ဘုရားရှင်က "ရဟန်းတို့... ရဟန္တာ
မည်သည် ကိုယ့်ကိုယ်ကို ပြန်မသတ်တော့ပြီ"ဟု မိန့်တော်မူလေသည်။

"မြတ်စွာဘုရား.... မြတ်စွာဘုရားက ဒီရဟန်းကို ရဟန္တာဖြစ်
ကြောင်း မိန့်တော်မူပါ၏။ ခုလို ရဟန္တာဖြစ်ဖို့အကြောင်း ကပ်ပါရမီနှင့်

ပြည့်စုံပါလျက် ဘယ်အတွက်ကြောင့် သာသနာ့ဘောင်၌ မပျော်ပိုက်ရသလဲ၊ ထိုရဟန်း၏ ရဟန္တာဖြစ်ခြင်း၏ အကြောင်းကံပါရမီကား ဘယ်ဟာပါလဲ၊ ဘယ်အတွက်ကြောင့် ထိုရဟန်းကို မြတ်စွာ မကိုးကွယ်ပါသလဲ'' ဟု မေးလျှောက်ကြလေသည်။

''ရဟန်းတို့....ထိုမြတ်သည် ရှေးလွန်ခဲ့သည့် သုံးခုမြောက်ဘဝက ထိုရဟန်း၏ ကျွန်ဖြစ်ခဲ့ဖူး၏၊ ကျွန်ဖြစ်ခဲ့ဖူးသည့်အတွက်ကြောင့် မိမိအရှင်၏ကိုယ်ကို မကိုးကွယ်ပဲ ရှိရလေသည်။ ထိုအခါမှစ၍ ထိုရဟန်းသည် 'သပ္ပဒါသမထေရ် (မြွေကျွန်ပြုခံသော မထေရ်)'ဟု တွင်လေသည်။

ကဿပဘုရားရှင် လက်ထက်တော်အခါက ရဟန်းဘဝ်ပါးကို သာသနာ့ဘောင်၌ မပျော်မွေ့အောင် ပြောဆိုခဲ့သည့် ဝိဒ်ဘေဒမကောင်းမှုကံကြောင့် ယခုအခါ၌ သာသနာ့ဘောင်၌ မပျော်မွေ့ခြင်း ဖြစ်ရလေသည်။

ထိုအခါကပင် အနှစ်နှစ်သောင်းကာလပတ်လုံး ကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့၏။ ထိုအနှစ်နှစ်သောင်းကာလပတ်လုံး တရားအားထုတ်ခဲ့ခြင်းသည် ယခုအခါ ရဟန္တာဖြစ်ခြင်း၏ အကြောင်းကံပါရမီ ဖြစ်၏''ဟု မိန့်တော်မူသတဲ့။ ။ဤသည်မှာ အရှင် သပ္ပဒါသမထေရ် ဝိဒ်ဘေဒ ထိတိုင်း အရှုံးရပုံဘည်း။

ဖရုသဝါစာဖြစ်ပုံ

''လူထွက်ချင်အောင် လူ့ဘောင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောခြင်းသည် သက်နိုး သပိတ် ပရိက္ခရာများကို လိုချင်သည့်အတွက်ကြောင့် ဖြစ်၏။ ဖရုသဝါစာကား ဒေါသကြောင့်ဖြစ်၏။ ထို့ကြောင့် လူ့ဘောင်၏ဂုဏ်ကျေးဇူးကိုချီးမွမ်းပြောခြင်းသည် ဖရုသဝါစာမဖြစ်''ဟု မှတ်ထင်တတ်ကြ၏။

အမှန်မှာ ပရိက္ခရာကို လိုချင်မှုလောဘသည် ဝေးစွာကဖြစ်သည့် အကြောင်းတည်း။ လူ့ဘောင်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောသည့်အခါ၌ကား သာသနာ့ဘောင်မှ လူ့ဘောင်ရောက်စေခြင်းဖြင့် တင်ဖ သား ထိခိုက်နစ်နာ ပျက်စီးစေလိုသည့် သူ့စိတ်ပါး စီ ပွားချမ်းသာကို ဖျက်ဆီးတတ်သည့် ဒေါသစိတ် ဖြစ်လျက်ရှိနေသည်။ တရားသူကြီးက သတ်ဖို့ရန် အမိန့်ချရာ၌ ပြုံးရွှင်သောမျက်နှာဖြင့် ''မိတ်ဆွေဝက်ဘားကို ချမ်းချမ်းသာသာ သိပ်ထားလိုက်ကြ'' ဟု ပြောသော စကားကဲ့သို့ စကားလုံး နူးညံ့သိမ်မွေ့ချိုသာသော်လည်း စိတ်က ကြမ်းတမ်းသည်။

ထို့ကြောင့် လူ့ဘောင်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောခြင်းသည် ဖရုသ ဝါစာ ဖြစ်ရ၏။ "လောဘက ဝေးသော့အကြောင်း၊ ဒေါသ နီးသော အကြောင်း"ဟု မှတ်ပါ။ အလားတူဝတ္ထုများ၌လည်း ဤအတူ သိပါ။

## သတိပြုသင့်လှ

အချို့သူများသည် ရဟန်း၊ သာမဏေများကို လူထွက်ချင်စိတ် ပေါက်အောင် လူ့ဘောင်၏ ကာမဂုဏ်ချမ်းသာ ခံစားရပုံများကို ပြော တတ်ကြ၏။ ဝစီဘေဒထိတိုင်းရှသောကြောင့် ထိုအပြောမျိုး မပြောမိ အောင် သတိပြုသင့်ကြလေသည်တကား။(ဓမ္မပဒ သဟာဿဝဂ် သပ္ပဒါ သတ္တေရဝတ္ထု)

ရဟန်းဖြစ်စဉ်ကာလက လူထွက်ချင်သော သူငယ်ချင်းရဟန်းကို
လူထွက်ဖြစ်အောင် ပြောခဲ့သော ဝစီဘေဒကြောင့်
အရှင် စိတ္တမထေရ် (၇) ကြိမ်တိုင်တိုင်
လူထွက်လိုက် ပြန်ဝတ်လိုက် ဖြစ်ရ

---

## ဝစီဘေဒထိခဲ့ပုံ

**အင်မတန်ချစ်သည့် သူငယ်ချင်းရဟန်း ၂-ပါး**

ကဿပဘုရားရှင် သာသနာတော်အခါက သူငယ်ချင်းရဟန်း နှစ်ပါး ရှိလေသည်။ သူငယ်ချင်းနှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး အင်မတန်ချစ်ခင်ကြ၏။ ဆွမ်းရဲအတူ ချမ်းသာအတူ အတူခံစားကြ၏။ စာပေကိုလည်း အတူ သင်အံပြန်လေ့ရှိကြ၏။

**လူထွက်ချင်သည့်ရဟန်းက လူထွက်ချင်ကြောင်း ပြော**

တစ်နေ့သ၌ ထိုသူငယ်ချင်း ရဟန်းနှစ်ပါးတွင် ရဟန်းတစ်ပါးသည် သာသနာ့ဘောင်၌ မမွေ့လျော် မပျော်ပိုက်သည်ဖြစ်၍ လူထွက်ချင်စိတ် ဖြစ်ပေါ်လာသဖြင့် လူမထွက်ချင်သည့် သူငယ်ချင်းရဟန်းကို လူထွက်လိုကြောင်း ပြောလေသည်။

**လူမထွက်ချင်သည့်ရဟန်းက လူမထွက်ချင်အောင် ဆုံးမ**

ထိုအခါ လူမထွက်ချင်သောရဟန်းက လူ့ဘောင် လူ့ဘဝ၌ အပြစ်၊ ရဟန်းဘောင် ရဟန်းဘဝ၌ အကျိုးကို ပြ၍ ဆုံးမလေသည်။

### လူမထွက်ဘဲနေ

လူထွက်ချင်သောရဟန်းသည် တိုဆုံးမစကားကြား၍ လူထွက်ချင်စိတ်ပျောက်ပြီး သာသနာ့ဘောင်၌ မွေ့လျော်ပြန်ကာ လူမထွက်ဘဲ နေလေသည်။

### လူထွက်ချင်စိတ် ဖြစ်လာပြန်သောအခါ သပိတ်သက်န်းကို လှူမည် ပြော

တစ်နေ့သ၌ လူထွက်ချင်စိတ် ပြန်လည်ဖြစ်ပေါ်လာလေသော် လူမထွက်ချင်သည့် သူငယ်ချင်းရဟန်းကို "ငါ့ရှင်.... တပည့်တော်မှာ လူထွက်ချင်စိတ် ဖြစ်ပေါ်လာပြန်ပါသည်။ တပည့်တော် ဒီသပိတ်သင်္ကန်းကို အရှင်ဘုရားအား လှူပါမည်"ဟု ပြောလေသည်။

### သပိတ်သင်္ကန်းရလို၍ လူထွက်ဖြစ်အောင် ပြော

လူထွက်ချင်သည့် သူငယ်ချင်းရဟန်းသည် သပိတ် သက်န်းရလိုမှု လောဘကြောင့် လူထွက်ချင်သည့်ရဟန်းကို လူထွက်ဖြစ်အောင် လူ့ဘောင်၌ အကျိုး၊ ရဟန်းဘောင်၌ အပြစ်ကို ပြောလေသည်။

### သင်္ကန်း သပိတ်ရလို၍ ပြောမှန်းသိသဖြင့် လူမထွက်ဘဲနေ

လူ့ဘောင်၌ အကျိုး ရဟန်းဘောင်၌ အပြစ်ကို ပြောသည့်အခါ လူထွက်ချင်သည့်ရဟန်းသည် လူမထွက်ချင်သော သူငယ်ချင်းရဟန်း၏ စကားကို ကြား၍ သပိတ် သင်္ကန်း လိုချင်သည့်အတွက်ကြောင့် ပြောကြောင်း ရိပ်မိလာသည်၊ ရိပ်မိသဖြင့် မခံချင်စိတ်ဖြစ်ပေါ်လာကာ လူမထွက်ဘဲ ရဟန်းဘောင်၌သာ သာသနာ၌ မွေ့လျော်သောသည်။ ။ကျကား ဝစီဘေဒ ထိခဲ့ပုံ ပြည်း။

## ဝစီဘေဒ ထိတိုင်းရှုပုံ

### ကျွန်ုပ်တို့ ဘုရားရှင် ဖွင့်တက်၌ အမျိုးသားဖြစ်လာပြီး ရဟန်းပြု

လူထွက်ချင်သည့်ရဟန်းကို လူထွက်ဖြစ်အောင် ပြောသောရဟန်းသည် သံသရာ ကျင်လည်၍ ကျွန်ုပ်တို့ဘုရားရှင် ပွင့်တော်မူလာသော် သာသနာတော်၌ စိတ်ပျံ့အလေ့ရှိသော ဒုဿီလအမျိုးကောင်းသား ဖြစ်လာလေသည်။ ဆင်ထိန်း၏ သား ဖြစ်သောကြောင့် "ဟတ္ထိပါလ"ဟုလည်း တွင်လေ

သည်။ ၁၀ စ်နေ့သ၌ စိတ္တသည် ဘုရားရှင့်ထံ ရဟန်းပြုလေသည်။ ရဟန်းပြုလျှင် "အရှင် စိတ္တဟတ္ထိပုတ္တ" ဟု တွင်လေသည်။

အင်မတန်စာသတ်

ရဟန်းပြုပြီးနောက် ပိဋကတ်သုံးပုံကို သင်ယူလေသည်။ နူးညံ့သိမ်မွေ့ ခက်ခဲနက်နဲသော ခန္ဓာ, အာယတန, ဓာတ် စသော အဘိဓမ္မာတရားအားလုံး၌ လိမ္မာကျွမ်းကျင်လေသည်။ အဘိဓမ္မာအဘော အဓိပ္ပာယ် သဘောအဆ အလုံးစုံ ထင်ပေါ်ကောင်းလေသည်။ အင်မတန် စာတတ်ပေသည်။

(၇) ကြိမ်တိုင်တိုင် လူထွက်ရ

အရှင် စိတ္တဟတ္ထိပုတ္တမထေရ်သည် အင်မတန်စာတတ်သော်လည်း ကဿပဘုရား ရှင်လက်ထက်တော်တုန်း၌ ရဟန်းတစ်ပါးကို လူထွက်ဖြစ်အောင်ပြောခဲ့သော ဝစီဘေဒကြောင့် (၆) ကြိမ်တိုင်တိုင် လူထွက်ရလေသည်။ (၆) ကြိမ်တိုင်တိုင် လူထွက်ပြီးနောက် (၇) ကြိမ်မြောက် ရဟန်းသပ်ပြုပြန်လေသည် (၇) ကြိမ်မြောက်ရဟန်းပြုပြီးနောက် တစ်နေ့သ၌ အရှင် စိတ္တဟတ္ထိပုတ္တသည် အရှင် မဟာမောဂ္ဂလ္လာန်မထေရ်နှင့် အရှင် မဟာကောဋ္ဌိကမထေရ်တို့ အဘိဓမ္မာတရားဟောကြစဉ် ကြားဖြတ်ပြီး စကားပြောလေသည်။ ထိုအခါ အရှင် စိတ္တဟတ္ထိပုတ္တ ပေါ် အရှင်စိတ္တကို အရှင် မဟာကောဋ္ဌိကမထေရ်က ကြိမ်းမောင်းလေသည်။ အရှင် စိတ္တသည် အရှင် မဟာကောဋ္ဌိကမထေရ်က ကြိမ်းမောင်းသော် ရဟန်းဘောင်၌ ရပ်တည်ခြင်ငှာ မစွမ်းနိုင်၍ (၇) ကြိမ်မြောက် လူထွက်ပြန်လေသည်။ (၇) ကြိမ်မြောက် လူထွက်ရခြင်းမှာလည်း ထိုသူထွက်ဖြစ်အောင်ပြောသည့် ဝစီဘေဒကြောင့်ပင် ဖြစ်၏။

လူထွက်ပြီး သူငယ်ချင်းပေါ့ဖိုင်ထံ သွား

စိတ္တသည် လူဘဝတုန်းက ပေါဋ္ဌပါဒပရိဗိုဇ်၏ သူငယ်ချင်းဖြစ်၍ လူထွက်ပြီးသုံးရက်အကြာတွင် ပေါဋ္ဌပါဒပရိဗိုဇ်ထံသွားလေသည်။

သူငယ်ချင်းပရိဗိုဇ်က ဘုရားရှင့်ထံ ခေါ်လာ

ပေါဋ္ဌပါဒပရိဗိုဇ်သည် စိတ္တကိုမြင်လျှင် "မိတ်ဆွေ....သင် ဘာလို့ လူထွက်လိုက်တာလဲ၊ သင်ဟာ ခုလိုသဘောရှိသော မြတ်စွာဘုရား၏ သာသနာတော်မှ ဖဲထွက်ခဲ့ဘိရခြင်း၊ သူငယ်ချင်း....လိုက်ခဲ့၊ ခု သင်

ရဟန်းပြန်ပြုသင့်သည်''ဟု ပြော၍ စိတ္တကို ဘုရားရှင့်ထံ ခေါ်လာလေသည်။

စိတ္တ ပေါဋ္ဌပါဒပရိဗိုဇ်ထံ မလာမီ သုံးရက်လောက်က ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိမြို့တွင်း ဆွမ်းခံကြွရင်း ပေါဋ္ဌပါဒပရိဗိုဇ်နေရာ ခြံအတွင်း ဝင်ရောက်၍ ပေါဋ္ဌပါဒပရိဗိုဇ်ကို သစ္စာလေးပါးတရားဟောခဲ့သည်။ ထိုဟောစဉ်က ပေါဋ္ဌပါဒပရိဗိုဇ်သည် ဟောတော်မူသည့်အတိုင်း မှန်ကန်ကြောင်း လက်ခံပြီး ဘုရားရှင်နှင့် သိကျွမ်းကာ ကြည်ညိုခဲ့သည်။ သို့ဖြစ်၍ စိတ္တလူထွက်သည်ကို အပြစ်တင်ပြီး ရဟန်းပြုဖို့ တိုက်တွန်းကာ ဘုရားရှင့်ထံမှောက် အရောက်ခေါ်လာခြင်းဖြစ်သည်။

စိတ္တ ရဟန်းပြန်ပြု

သူငယ်ချင်းနှစ်ယောက် ဘုရားရှင့်ထံမှောက်ရောက်၍ ဘုရားရှင်က တရားဟောလေလျှင် တရားအဆုံး၌ ပေါဋ္ဌပါဒပရိဗိုဇ်သည် သရဏဂုံ ခံယူဆောက်တည်လေသည်။ စိတ္တသည် တစ်ဖန် ရဟန်းပြုခွင့်ရ၍ (၇)ကြိမ်မြောက် ရဟန်းပြုပြန်လေသည်။

ရဟန္တာဖြစ်

ရဟန်းပြုပြီးနောက် ဆိတ်ငြိမ်ရာအရပ်သို့ကပ်ရောက်၍ တစ်ဖန် တရားအားထုတ်လေ့လျှင် မကြာမီမှာပင် ရဟန္တာဖြစ်လေသည်။ (သီလက္ခန် ပေါဋ္ဌပါဒသုတ်)။ဤကား အရှင်စိတ္တ ဝစီဘေဒ ထိတိုင်းရှ ခံရပုံတည်း။

## ကြောက်မက်ဖွယ်ကောင်း

သီလရှိသည့်ရဟန်းကို လူထွက်မအောင် ပြောခဲ့သည့် ဝစီဘေဒကြောင့် မိမိလည်း သီလရှိပါလျက် (၇)ကြိမ်တိုင်တိုင် လူထွက်ရလေသည်။ အကျိုးတရားသည် အကြောင်းကံနှင့်တူစွာ ဖြစ်တတ်လေသောကြောင့် ပကောင်းမှုကံသည် ကြောက်မက်ဖွယ် ကောင်းလေစွတကား။

(အင်္ဂုတ္တိုရ် ဆက္ကနိပါတ် ဟတ္ထိသာရိပုတ္တသုတ်၊ ဓမ္မပဒ စိတ္တဟတ္ထတ္ထေရဝတ္ထု၊ ဧကနိပါတ် ကုဒ္ဒါလဇာတ် အဋ္ဌကထာတို့၌သည်းလာသည်။ ။ဤ ဖော်ပြချက်မှာ သီလက္ခန် ပေါဋ္ဌပါဒသုတ် အဋ္ဌကထာအလို ဖြစ်၏။)

---

အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက
နှစ်ပါးကို စွပ်စွဲပြောခဲ့သော ဝဇီဘေဒကြောင့်
ကောကာလိကရဟန်း တင်ကိုယ်လုံး အနာပေါက်
ကာ ပဒုမငရဲ ရောက်ရ

—

# ဝစီဘေဒ ထိခဲ့ပုံ

## သေငွေးသားကောကာလိက

ကောကာလိကမြို့၌ကောကာလိကသေဋ္ဌေးအား သားတစ်ယောက်ရှိ၏။ မိဘများသည် ဖခင်၏ နာမည်အတိုင်း သားကို "ကောကာလိက"ဟုပင် နာမည်မှည့်ကြလေသည်။

## အရွယ်ရောက်သော် ရဟန်းပြု

အရွယ်ရောက်သော် ကောကာလိကသည် ရဟန်းပြုလေသည်။ ရဟန်းပြုပြီး ကောကာလိကမြို့၌ပင် ဖခင်ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းမှာ နေလေသည်။ ဤကောကာလိကကား စူဠကောကာလိက (ကောကာလိက အငယ်)ပင်တည်း။ ဒေဝဒတ်၏တပည့် ပုဏ္ဏားသား ဖြစ်သော မဟာကောကာလိက (ကောကာလိက အကြီး) မဟုတ်။

## အဂ္ဂသာဝက ၂-ပါး ကောကာလိက၏ကျောင်း ရောက်

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်၌ သီတင်း သုံးတော်မူသည့်အချိန်၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝကနှစ်ပါးသည် နောက်ပါ ခြံအရံ ရဟန်းငါးရာနှင့် ကာသိ ဒေသစာရီ လှည့်လည်ကြလေသည်။ ထိုခါနီးသော် ဆိတ်ငြိမ်စွာနေ

လိုသဖြင့် နောက်ပါရဟန်းများကို ပြန်လွှတ်လိုက်၍ သပိတ်သင်္ကန်းတို့ကို ကိုယ်တိုင်ယူပြီး လှည့်လည်ကြလေသည်။ ကောကာလိကမြို့ ရောက်လျှင် ကောကာလိက၏ ကျောင်းသို့ သွားရောက်ကြလေသည်။

## ကောကာလိက၏ကျောင်းမှာ ဝါဆို

အဂ္ဂသာဝက နှစ်ပါးသည် ကောကာလိကနှင့် ဝမ်းမြောက်စကား ပြောဆိုကြပြီးသော် "ငါ့ရှင်.... ငါတို့ ဆိတ်ငြိမ်မှုကို ရယူလို၍ ဒီကျောင်းမှာ ဝါဆိုကြပါမည်။ ဘယ်သူ့မျှ မပြောပါနှင့်"ဟု ပြော လျှင် ကောကာလိက ရဟန်းက "စိတ်ချပါ၊ ဘယ်သူ့မျှ မပြောပါ" ဟု ဝန်ခံသဖြင့် ထိုကျောင်းမှာ ဝါဆိုကြလေသည်။

## ဒါယကာများကို ကောကာလိကရဟန်းက အပြစ်တင်

ကောကာလိကသည် သီတင်းကျွတ်လဆန်း (၁၄) ဆယ့်လေးရက် နေ့ (အဖိတ်နေ့) နံနက်စောစောတွင် မြို့ထဲဝင်၍ "ဒါယကာ ဒါယိ ကာမ အပေါင်းတို့.... အဂ္ဂသာဝကနှစ်ပါး ငါ့ကျောင်းလာ ဝါဆိုသည် ကို မသိကြဘူးလား။ အဂ္ဂသာဝကနှစ်ပါးကို တစ်ယောက်မျှ ပစ္စည်း လေးပါးဖြင့် ဖိတ်ခြင်းလဲ မရှိ"ဟု အပြစ်တင် ပြောလေသည်။ မြို့သူ မြို့သားများက "အရှင်ဘုရား.... ဘာလို့ တပည့်တော်တို့ကို မပြောဘဲ နေခဲ့သလဲ"ဟု အပြစ်တင်စကား လျှောက်ထားကြလေလျှင် "ပြောလို့ ဘာအကျိုးရှိမလဲ၊ ရဟန်းနှစ်ပါးကြီးတောင် နေသည်ကို သင်တို့ မမြင် ကြဘူးလား။ ထိုရဟန်းနှစ်ပါးမှာလည်း သာမန်မဟုတ်၊ အဂ္ဂသာဝက များ ဖြစ်ကြသည် မဟုတ်ပါလား"ဟု ပြန်၍ အပြစ်တင်စကား ပြော ကြားလေသည်။

## ဒါယကာများက လှူဒါန်း

မြို့လူမြို့သားများသည် အမြန်စည်းဝေး၍ ထောပတ်၊ တင်လဲ၊ အဝတ်သင်္ကန်း စသည်တို့ကို ယူလာပြီး ကောကာလိက ရဟန်း၏ရှေ့မှာ ထားကြလေသည်။

## ဒါယကာများကို ခေါ်သွားပြီး အလှူခိုင်း

ထိုအခါ ကောကာလိကသည် "အဂ္ဂသာဝကနှစ်ပါးသည် အလွန် အလိုနည်းကြကုန်၏။ မအပ်မရာ ပြောဆည့်အတွက်ကြောင့်

ဖြစ်ပေါ်လာသော လာဘ်မှန်းသိသော် လက်ခံကြမည်မဟုတ်။ လက်မခံလျှင် ကောန် 'ကျောင်းနေရဟန်းကို လှူလိုက်ကြ'ဟု ပြောကြလိမ့်မည်။ ခု ငါ ဒီပစ္စည်းဝတ္ထုများကို အယူခိုင်းပြီး အဂ္ဂသာဝက နှစ်ပါးထံ သွားမည်''ဟု ကြံလေသည်။ ကြံပြီးနောက် ကြံသည့်အတိုင်း ပစ္စည်းဝတ္ထုများကို မြို့သူမြို့သားတို့အား အယူခိုင်းပြီး ကျောင်းပြန်၍ အဂ္ဂသာဝကနှစ်ပါးထံ သွားလေသည်။

## အဂ္ဂသာဝကနှစ်ပါးက လက်မခံ

အဂ္ဂသာဝကနှစ်ပါးသည် မြင်လျှင်မြင်ချင်း မအပ်မရာ ပြောသည့်အတွက်ကြောင့်ဖြစ်ပေါ်လာသည့် ပစ္စည်းဝတ္ထုများ ဖြစ်ကြောင်းသိ၍ ဒီပစ္စည်းဝတ္ထုများကား ငါတို့အားလဲ မအပ်၊ ကောကာလိကအားလဲ့ မအပ်''ဟု နှလုံးသွင်း၍ ''ကျောင်းနေရဟန်းအား လှူပါ''ဟု မပြောဘဲ ဖယ်၍ ဖဲသွားကြလေသည်။

## ကောကာလိက မကျေနပ်

ကောကာလိကသည် သူမျှော်လင့်သည့်အတိုင်း ဖြစ်မလာသောကြောင့် ''မိမိတို့ မယူကြလျှင် ငါ့အား အပေးခိုင်းသင့်၏။ ဘယ်အတွက်ကြောင့် ငါ့အားလဲ အပေးမခိုင်းဘိသလဲ''ဟု စိတ်မချမ်းမသာ မကျေမနပ် ဖြစ်လေသည်။

## အဂ္ဂသာဝက ၂-ပါး ဘုရားရှင်ထံ ပြန်လာပြီးဝါဆို

အဂ္ဂသာဝက နှစ်ပါးသည် ဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းသို့ ပြန်ကြွလာကြလေသည်။ ဇေတဝန်ကျောင်းတိုက်မှာပင် ဝါဆိုကြလေသည်။

## ဘုရားရှင်က အဂ္ဂသာဝက ၂-ပါးကို ဒေသစာရီ ကြွချီခိုင်း

ဝါကျွတ်လတ်သော် ဘုရားရှင်သည် မိမိဒေသစာရီ ကြွချီတော်မမူလိုလျှင် ''ရဟန်းများတို့.... များစွာသော လူတို့အကျိုးငှာ ဒေသစာရီ ကြွချီကြ''ဟု မိန့်တော်မူ၍ အဂ္ဂသာဝက နှစ်ပါးကို ဒေသစာရီ ကြွချီခိုင်းတော် မူလေ့ရှိလေသည်။ ယခုလိုခိုင်းတော်မူလေ့ရှိသည့်အတိုင်း ဆိုခါ၌လည်း မိမိကြွချီတော် မမူလိုသည်ဖြစ်၍ အဂ္ဂသာဝကနှစ်ပါးကို ဒေသစာရီ ကြွချီခိုင်းတော်မူလေသည်။

## ကောကာလိကမြို့ ရောက်ကြပြန်

အဂ္ဂသာဝကနှစ်ပါးသည် နောက်ပါရဟန်း ငါးရာနှင့် အတူ ဒေသစာရီ ကြွချီတော်မူကြလေသည်။ တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီး တစ်ရွာ ခရီးစဉ်အတိုင်း ဒေသစာရီ လှည့်လည် ကြွချီကြသော် ကောကာလိကမြို့သို့ ရောက်ကြပြန်လေသည်။

## ရသည့် ပရိက္ခရာများကို သံဃာအား ဝေပေး

မြို့သူမြို့သားတို့သည် အဂ္ဂသာဝကနှစ်ပါးကို မြင်လျှင် မှတ်မိ၍ ပရိက္ခရာများနှင့်တကွ ဆွမ်းစသည်ကို စီမံကြပြီးလျှင် မြို့အလယ်၌ မဏ္ဍပ်ထိုး၍ လှူဒါန်းပူဇော်ကြလေသည်။ အဂ္ဂသာဝက နှစ်ပါးအား ပရိက္ခရာရှစ်ပါးကို လှူဒါန်းကြလေလျှင် အဂ္ဂသာဝက နှစ်ပါးသည် ပရိက္ခရာရှစ်ပါးကို ခံယူ၍ သံဃာများအား ဝေပေးကြလေသည်။

## ကောကာလိက အဂ္ဂသာဝက ၂-ပါးကို စွပ်စွဲ

ယခုလို အလှူခံ၍ သံဃာများအား ဝေငှပေးသည်ကို ကောကာလိက မြင်သော် "ဒီအဂ္ဂသာဝကနှစ်ပါးသည် ရှေးက အလိုနည်းကြ၏။ ခုအခါ လောဘနှိပ်စက်အပ်သည်ဖြစ်၍ ယုတ်မာသော အလိုရှိကြ၏။ ရှေးအခါကလဲ အလိုနည်းယောင်၊ ရောင့်ရဲယောင်၊ ဆိတ်ငြိမ်မှုကို အလိုရှိယောင် ဆောင်နေကြပုံရသည်။ ဒီရဟန်းများသည် ယုတ်မာသော အလိုရှိသော မိမိမှာ မရှိသောဂုဏ်ကို ဖော်ပြသော ရဟန်းယုတ်များ သာတည်း"ဟု ကြံပြီးလျှင် အဂ္ဂသာဝကနှစ်ပါးထံ ချဉ်းကပ်၍ "ငါ့ရှင်တို့.... သင်တို့သည် ရှေးက အလိုနည်းယောင်၊ ရောင့်ရဲယောင်၊ ဆိတ်ငြိမ်မှုကို အလိုရှိယောင် ဆောင်ကြ၏။ ခု ဒီနေရာမှာမူကား ယုတ်မာသော အလိုရှိသော မိမိမှာ မရှိသောဂုဏ်ကို ဖော်ပြသော ရဟန်းယုတ်များ သာတည်း"ဟု ရိုင်းပျစွာ ပြောဆိုစွပ်စွဲလေသည်။

## ဘုရားရှင့်ထံမှောက် သွားရောက်လျှောက်

ခုလို ပြောဆိုစွပ်စွဲပြီးနောက် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက် ဘုရားရှင်ထံမှောက် အမြန်သွားရောက်၍ "မြတ်စွာဘုရား.... သာရိပုတ္တရာ၊ မောဂ္ဂလာန် တို့သည် ယုတ်မာသောအလို ရှိကြကုန်၏။ ယုတ်မာသော အလိုနောက်သို့ လိုက်ကြကုန်၏"ဟု လျှောက်လေသည်။

## ဘုရားရှင်က (၃)ကြိမ်တိုင်တိုင် တားမြစ်လော်လည်း ရမ

ဘုရားရှင်က ''ကောကာလိက....ဒီလိုမပြောနှင့်၊ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့အပေါ် ကြည်ညိုစိတ်ဖြစ်ပါ။ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့သည် သီလကိုချစ်မြတ်နိုးကြ၏'' ဟု တားမြစ်သောအခါ ''အရှင်ဘုရား.. အရှင်ဘုရားသည် သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့အပေါ် ယုံကြည်ပါသော်လည်း သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့သည် ယုတ်မာသောအလိုရှိကြသည်သာတည်း။ ယုတ်မာသောအလိုနောက်သို့ လိုက်ကြသည်သာတည်း'' ဟု ပြောလေသည်။ ဤနည်းအတူ သုံးကြိမ်တိုင်တိုင် တားမြစ်သော်လည်း မရဘဲ ဘုရားရှင်ထံမှ ထွက်ခွာသွားလေသည်။

ဤကား ဝစီဘေဒထိခဲ့ပုံတည်း။

### ဝစီဘေဒ ထိတိုင်းရှုပုံ

## ကောကာလိကတစ်ကိုယ်လုံး အနာပေါက်

ဘုရားရှင်ထံမှ ထွက်ခွာသွား၍ မကြာမီမှာပင် ကောကာလိကကိုယ်တွင် တစ်ကိုယ်လုံးအနှံ့ မုန်ညင်းစေ့ပမာဏ ရှိသောအိုင်းအနာများ ပေါက်လာကြလေသည်။ အဆင့်ဆင့် မုန်ညင်းစေ့ပမာဏမှ ပဲနောက်စေ့ပမာဏ ဖြစ်လာကြလေသည်။ ပဲနောက်စေ့ပမာဏ ကုလားပဲစေ့ပမာဏ ကုလားပဲစေ့ပမာဏမှ [illegible]စေ့ပမာဏ [illegible]စေ့ပမာဏမှ ဆီးစေ့ပမာဏ၊ ဆီးစေ့ပမာဏမှ သျှိသျှားစေ့ပမာဏ၊ သျှိသျှားစေ့ပမာဏမှ နုသောဥသျှစ်သီးပမာဏ၊ နုသောဥသျှစ်သီး ပမာဏမှ ရင့်သောဥသျှစ်သီးပမာဏ ဖြစ်လာကြလေသည်။ ရင့်သော ဥသျှစ်သီးပမာဏ ရှိလာသောအခါ ပေါက်ကွဲကာ သွေးပြည်များ ယိုထွက်လာကြလေသည်။ ကောကာလိက၏ကိုယ်သည် ပိန္နဲသီးမှည့်ကဲ့သို့ ဖြစ်ကုန်၏။ ကောကာလိကသည် ပေါက်ကွဲသောကိုယ်ဖြင့် ပျဉ်ချပ် ခြင်းသို့ရောက်ကာ ဆင်းရဲဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဇေတဝန်ကျောင်း တံခါးမုခ်၌ အိပ်လေသည်။

## လူ, နတ်တို့ တံတွေးထွေးကြ

တရားနာလာကြသော လူများသည် ကောကာလိကကို မြင်လျှင် ''ကောကာလိက....ထွီ ထွီ၊ ကောကာလိက ..ထွီ ထွီ၊ သင်သည် မပြု

သင့်သည့်အမှုကို ပြုဘိ၏။ မိမိ၏ပါးစပ်ကို မှီ၍ ပျက်စီးခြင်းသို့ ရောက်ရ၏''ဟု ကဲ့ရဲ့ပြစ်တင်စကား ပြောကြားကြလေသည်။

ထိုလူတို့စကားကို လူတို့၏ကိုယ်စောင့်နတ်များ ကြားလျှင် လူတို့၏ ကိုယ်စောင့်နတ်များကသည်း ''ထွေမိထွေမိ''ဟု တံတွေးထွေးကြပြန်လေသည်။ ကိုယ်စောင့်နတ်တို့၏ တံတွေးထွေးသံကို ကောင်းကင်မှာနေသည့်နတ်များ ကြားလျှင် ကောင်းကင်မှာနေသည့် နတ်များကလည်း ''ထွေမိထွေမိ''ဟု တံတွေးထွေးကြပြန်လေသည်။ ဤနည်းဖြင့် အဆင့်ဆင့် အထက်ဆုံး ဖြစ်သော အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင် တစ်ခဲနက် 'ထွေမိထွေမိ' ဟု တံတွေးထွေးကြလေသည်။

ဆရာဖြစ်ဖူးသည့်ဗြဟ္မာ လာရောက် ဆုံးမ

ထိုအခါ ''တုရု''အမည်ရှိသော ကောကာလိက၏ ဥပဇ္ဈာယ်ဆရာဖြစ်သော ရဟန်းသည် အနာဂါမ်ဖြစ်၍ ထိုဘဝမှ စုတေသော် သုဒ္ဓါဝါသဘုံ၌ ဖြစ်လေသည်။ ထိုဘုရုဗြဟ္မာသည် ထို''ထွေမိထွေမိ''ဟု တံထွေးသံကို ကြားရသော် အဂ္ဂသာဝကနှစ်ပါးကို စွပ်စွဲကာ မပြုသင့်သောအမှုကို ကောကလိက ပြုသည်ကိုသိ၍ ''အဂ္ဂသာဝကနှစ်ပါးအပေါ် ကြည်ညိုစိတ်ဖြစ်အောင် ဆုံးမမည်''ဟု ကြံ၏။ ကြံပြီးနောက် ကောကာလိကထံသွား၍ ''ကောကာလိက... သင် အဂ္ဂသာဝကနှစ်ပါးအပေါ် ကြည်ညိုစိတ်ဖြစ်ပါ၊ အဂ္ဂသာဝကနှစ်ပါးသည် သီလကို ချစ်မြတ်နိုးကြပါ၏''ဟု ဆုံးမလေသည်။

ဗြဟ္မာ ဆုံးမသော်လည်း နားမထောင်

ကောကာလိက က ''သင်ဘယ်သူလဲ''ဟု ခပ်သတ်သတ်ဖြင့် မေးသော် တုရုဗြဟ္မာက ''ငါကား ရှေးဘဝက သင့် ဥပဇ္ဈာယ်ဆရာဖြစ်သော တုရုဗြဟ္မာဖြစ်သည်''ဟုပြောလေသည်။ ''ငါ့ရှင်....သင့်ကို ဘုရားက 'အနာဂါမ်'ဟု ပြောသည်မဟုတ်လား။ အနာဂါမ်ဖြစ်ပါလျက် ဒီလူ့ဘုံ ဘယ်အတွက်ကြောင့် လာရပြန်သလဲ၊ သင်ကား တုရုဗြဟ္မာမဟုတ်၊ ဖုတ်ပြိတ္တာတစ္ဆေ ဖြစ်လိမ့်မည်''ဟု ပြောလေသည်။ တုရုဗြဟ္မာလည်း မိမိစကားကို နားမထောင်လျှင် ပြန်သွားလေသည်။

ကောကာလိက ပဒုမငရဲကျ

ကောကာလိကသည် ထိုဘဝမှ စုတေသော် ပဒုမငရဲကျလေသည်။ ''ပဒုမငရဲ''ဟု သီးခြားငရဲ မရှိ။ အမှန်မှာ အဝီစိငရဲကြီး၌သာ လျှင် ပဒုမအရေအတွက်ဖြင့် ခံရဖြစ်သောအချိန်တစ်ခု ဖြစ်၏။ ထို့ကြောင့် ''အဝီစိငရဲကျသည်''ဟုပင် မှတ်သားရာ၏။

ပဒုမငရဲသက် အရေအတွက်

သိန်းပေါင်းတစ်ရာသည် တစ်ကုဋေမည်၏။ ကုဋေပေါင်း သိန်းတစ်ရာသည် ပကောဋိမည်၏။ ပကောဋိပေါင်း သိန်းတစ်ရာသည် ကောဋိပ္ပကောဋိ မည်၏။ ကောဋိပ္ပကောဋိပေါင်း သိန်းတစ်ရာသည် နဟုတ မည်၏။ နဟုတပေါင်း သိန်းတစ်ရာသည် နိန္နဟုတ မည်၏။ နိန္နဟုတပေါင်း သိန်းတစ်ရာသည် အဗ္ဗုဒ မည်၏။ ထိုအဗ္ဗုဒနှစ်ဆယ်သည် နိရဗ္ဗုဒ မည်၏။ ထို့အတူ အဗဗ၊ အဋဋ၊ အဟဟ၊ ကုမုဒ၊ သောဂန္ဓိက၊ ဥပ္ပလ၊ ပုဏ္ဍရိက၊ ပဒုမဘိုင်အောင် အဆင့်ဆင့် နှစ်ဆယ်စီ နှစ်ဆယ်စီမြှောက်အပ်၏။ ''ပုဏ္ဍရိကနှစ်ဆယ်သည် ပဒုမငရဲသက်တပ်း'' ဟု ဆိုလိုပေသည်

ဤကား ကောကာလိကရဟန်း ဝစီဘေဒထိကိုင်း အရှုံ့ရပုံ တည်း။

အရိယူပဝါဒကံမှ ရှောင်ကြဉ်

ကောကာလိကသည် အရိယာတို့ကို ကဲ့ရဲ့စွပ်စွဲသည့် အရိယူပဝါဒကံကြောင့် အဝီစိငရဲ၌ ခံရသေသည်ကို သိကြသော သူတော်ကောင်းများသည် ''ဝစီဘေဒကာ ကြောက်ဖွယ်ဆိုးဝါးကား''ဟု သံဝေဂရကာ ငရဲဒုက္ခ၏ အကြောင်းဖြစ်သော အရိယူပဝါဒကံမှ ရှောင်ကြဉ်ရာ တည်း။

(ဤဝတ္ထု သုတ္တနိပါတ် မဟာဝဂ် ကောကာလိကသုတ်၊ သဂါထာဝဂ္ဂ ဗြဟ္မသံယုတ် ကောကာလိကသုတ်၊ အင်္ဂုတ္တိုရ် ဒသကနိပါတ် ထေရဝဂ် ကောကာလိကသုတ်၊ တေရသကနိပါတ် တက္ကာရိယဇာတ် ပါဠိတော်, အဋ္ဌကထာတို့၌ လာသည်။ ဤရေးသားတင်ပြချက်ကား ဤကျမ်းများအနက် သုတ္တနိပါတ်မှ ယူ၍ ရေးသားတင်ပြချက်ဖြစ်၏။)

သာသနာကွယ်အောင် ဟောပြောခဲ့သော ဝစီဘေဒနှင့်
ရဟန်းများကို ဆဲခဲ့သော ဝစီဘေဒကြောင့်
ပိဋကတ်သုံးပုံဆောင် ကပိလရဟန်း အဝီစိငရဲရောက်ရပြီးနောက်
ငါးကြီးဖြစ်ကာ ပါးစပ်မှ အပုပ်နံ့ထွက်ရ

---

# ဝစီဘေဒ ထိခဲ့ပုံ

မိသားစု(၄)ယောက် ရဟန်းပြု

ကဿပဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ညီအစ်ကို နှစ်ယောက် ရဟန်းပြုကြလေသည်။ အစ်ကိုသည် သာဂတ(သောဓန) အမည်ရှိပြီး၊ ညီသည် ကပိလ အမည်ရှိလေသည်။ ထို ညီအစ်ကို နှစ်ယောက်၏ သာမိနီ အမည်ရှိသော မိခင်နှင့် တာပနာ အမည်ရှိသော ညီမလည်း ရဟန်းမတို့ထံ ရဟန်းပြုကြလေသည်။

အစ်ကိုဖြစ်သူ သာဂတ ရဟန္တာဖြစ်

ညီအစ်ကိုနှစ်ယောက် ရဟန်းပြုပြီးနောက် ဘုရားရှင်သာသနာတော်၌ "စာပေကျမ်းဂန် သင်အံပို့ချမှုတာဝန် (ဂန္ထဓုရ)၊ တရားကျင့်ကြံအားထုတ်ရမည့်တာဝန် (ဝိပဿနာဓုရ)"ဟု တာဝန်နှစ်မျိုးရှိသည်ကို သိကြသော် အစ်ကိုဖြစ်သူ သာဂတသည် "တရားကျင့်ကြံအားထုတ်ရမည့်အာဝန်ကို ဖြည့်ကျင့်မည်"ဟု ဆုံးဖြတ်ပြီးလျှင် ဆရာဥပဇ္ဈာယ်များထံ ကမ္မဋ္ဌာန်းတရား သင်ယူလေသည်။ ငါးနှစ်သင်ယူပြီးသော် တောတွင်းဝင်၍ တရားအားထုတ်လျှင် ရဟန္တာဖြစ်လေသည်။

## ညီဖြစ်သူ ကပိလ တိပိဋကဓရဖြစ်

ညီဖြစ်သူ ကပိလသည် "ငါ ငယ်သေးသည်၊ ကြီးမှ တရားအားထုတ်ရမည့်တာဝန်ကို ဖြည့်ကျင့်မည်။ စာပေကျမ်းဂန် သင်အံစိုးချရမည့်တာဝန်ကို အလျှင်(အရင်)လုပ်မည်"ဟု ဆုံးဖြတ်၍ ပိဋကတ်သုံးပုံကို သင်ယူလေလျှင် ပိဋကတ်သုံးပုံ အာဂုဆောင်နိုင်သည့်ပုဂ္ဂိုလ် (တိပိဋကဓရ) ဖြစ်လေသည်။ အခြံအရံကို အကြောင်းပြု၍ လာဘ်လာဘ ပေါများလာလေသည်။

## ကပိလ မာန်ယစ်ကာ ဆန့်ကျင်ပြော

ကပိလသည် အကြားအမြင်များသည့်မာန်ဖြင့် မာန်ယစ်ကာ ကိုယ့်ကိုယ်ကို "အလွန်ပညာရှိ၏"ဟု မှတ်ထင်၍ တစ်ပါးသောရဟန်းတို့က "အပ်၏"ဟု ပြောဆိုသောအရာကို "မအပ်"ဟု၊ "မအပ်"ဟု ပြောဆိုသောအရာကို "အပ်၏"ဟု၊ "အပြစ်ရှိ၏"ဟု ပြောဆိုသောအရာကို "အပြစ်မရှိ"ဟု၊ "အပြစ်မရှိ"ဟု ပြောဆိုသောအရာကို "အပြစ်ရှိ၏"ဟု အများနှင့် ဆန့်ကျင်ပြောဆိုလေသည်။

## ရဟန်းများ၏ အဆုံးအမကို မခံ

ကပိလသည် သီလကိုချစ်မြတ်နိုးသည့် ရဟန်းများက တရားလမ်းကြောင်း၊ ဝိနည်းလမ်းကြောင်းပြ၍ "ငါ့ရှင် ကပိလ....ဒီလိုမပြောနှင့်" စသည်ဖြင့် ဆုံးမအပ်သည်ရှိသော် "သင်တို့ ဘာသိလို့လဲ၊ သင်တို့သည် အထဲဘာမျှမပါသော လက်သီးဆုပ်နှင့် တူကြကုန်၏" စသည်ဖြင့် နှုတ်လှန်ထိုးလေ၊ ကဲ့ရဲ့ရှုတ်ချလေ့ရှိသည်။ မိမိစကားကို နားမထောင်မလိုက်နာသည့် ရဟန်းများကိုလည်း ကဲ့ရဲ့ခြိမ်းခြောက် ဆဲရေးလေ့ရှိသည်။

## အစ်ကို ဆုံးမသော်လည်း မရ

ရဟန်းများက လူ့နေခင်တော် သာဂတမထေရ်ကို သူ့ညီဖြစ်နေပုံ အကြောင်းစုံကို လျှောက်ထားကြလေသည်။ သာဂတမထေရ်သည် ကပိလထံသွား၍ "ငါ့ရှင်ကပိလ....သာသနာတော်၏ အသက်မည်သည် သင်ကဲ့သို့သဘောရှိသော ပုဂ္ဂိုလ်တို့၏ ကောင်းစွာကျင့်အပ်သောအကျင့် (ပဋိပတ်)ပင် ဖြစ်ပါ၏။ ထို့ကြောင့် အကျင့်ပဋိပတ်ကိုပယ်၍ စာပ်

သည်ကိုလည်း 'မအပ်'ဟု၊ မအပ်သည်ကိုလည်း 'အပ်၏'ဟု၊ အပြစ်ရှိသည်ကိုလည်း 'အပြစ်မရှိ'ဟု၊ အပြစ်မရှိသည်ကိုလည်း 'အပြစ်ရှိ၏'ဟု မပြောပါနှင့်''ဟု ဆုံးမလေသည်။ ဆုံးမသော်လည်း နားမထောင်။ နားမထောင်သော်သည်း ပထေရ်သည် နှစ်ကြိမ်တိုင်တိုင် ဆုံးမလေသည်။ နှစ်ကြိမ်တိုင်တိုင်ဆုံးမ၍ မရသော် စကား ကို နှစ်ကြိမ်ထက် ပြောလျှင် ကျန်သည် အရှင်ကို ပြောသ'ပိုဖြစ်၍ နှစ်ကြိမ်ထက် မပြောရသည်ကို စဉ်းစားမိသည့်အပြင်၊ မိမိစကား နားထောင်ရန် မဟုတ်သည်ကိုလည်း သိ၍ ''ငါ့ရှင်၊ သင်သည်ပင် မိမိပြုလုပ်သည့်အပြစ်နှင့် ပင်ရှားလိမ့်မည်'' ဟု ပြောဆိုရီး ပြန်ကြွသွားလေသည်။

ကပိလကို အပေါင်းအသင်း မလုပ်ကြ

ထိုအခါမှစ၍ သီလကိုချစ်မြတ်နိုးသည့် ရဟန်းကောင်းများသည် ကပိလကို အပေါင်းအသင်း မလုပ်ကြတော့ပေ။ စွန့်ပစ်ထားကြလေသည်။

ကပိလလက်ချက်ဖြင့် သာသနာကွယ်

ကပိလသည် မကောင်းသော အကျင့်ရှိသည်ဖြစ်၍ မကောင်းသော အကျင့်ရှိသည့်ရဟန်းများ ခြံရံလျက် နေလေသည်။ တစ်နေ့တွင် ''ခမ္မလည်း မရှိ၊ ဝိနည်းလည်း မရှိ'' ဟူသည်ဖြင့် ကဿပဘုရားရှင် သာသနာ ဆုတ်ယုတ် ပျောက်ကွယ်အောင် ပြောဟောလေသည်။ သာဂတမထေရ်သည်း ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံလေသည်။ ကဿပဘုရားရှင်သာသနာသည် ကပိလရဟန်း၏ လက်ချက်ဖြင့် ကွယ်ခဲ့လေသည်။

မိခင်နှင့် ညီမတို့လည်း ဆဲ

မိခင် သာမိနီနှင့် ညီမ တာပနာလည်း ကပိလ၏ အပြောအဆို အမူအကျင့်ကို အတုလိုက်၍ သီလကိုချစ်မြတ်နိုးသော ရဟန်းကောင်းများကို ကဲ့ရဲ့ခြိမ်းခြောက် ဆဲရေးကြလေသည်။

ထို့ကြောင့် ဝစီဘေဒထိပိုတည်း။

## ဝိဘေဒ ထိတိုင်းရှုပုံ

### မောင်နှမသုံးယောက် အဝီစိရောက်

ကပိလရဟန်း မိခင်သာဓနီ၊ ညီမတာပနာ-တို့ ထိုဘဝမှ သေကြသော် အဝီစိငရဲ၌ ဖြစ်ကြလေသည်။

### ကပိလရဟန်း ကျွန်ုပ်တို့ဘုရား ရှင်လက်ထက် ငါးကြီး ဖြစ်လာ

ကပိလသည် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် ဘုရားနှစ်ဆူအကြား ကာလပတ်လုံး အဝီစိငရဲ၌ခံရပြီးသော် ဂေါတမဘုရားရှင် လက်ထက်တော်အခါ၌ အစိရဝတီမြစ်တွင် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိလျက် ပါးစပ်အပုပ်နံ့နံသော ငါးကြီး ဖြစ်လာလေသည်။

### တံငါသည်တို့ ငါးကြီးမိ၍ မင်းကြီးပြ

တစ်နေ့သ၌ တံငါသည်တို့သည် အစိရဝတီမြစ်၌ ပိုက်ကွန်ပစ်ကြသော် ထိုငါးကြီးကို မိလေလျှင် "ဒီငါးကြီးကို ကောသလမင်းကြီး မြင်က ငါတို့အား ဥစ္စာဆုလာဘ် များစွာပေးလိမ့်မည်" ဟု ကြံ၍ တံငါသည်တို့သည် ငါးကြီးကို လှေထဲထည့်ထမ်းပြီး မင်းကြီးထံသွား၍ ပြကြလေသည်။

### မင်းကြီး ဘုရားရှင်ထံမှောက် သွား၍လျှောက်

မင်းကြီးသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိသော ငါးကြီးကို မြင်လျှင် "ဘုရားရှင်သည် ဒီငါးကြီး ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိခြင်း၏ အကြောင်းကို သိလိမ့်မည်" ဟု ကြံ၍ ငါးကြီးကို အထည့်ခိုင်းပြီး ဘုရားရှင်ထံမှောက် သွားရောက်လေသည်။

ငါးကြီး ပါးစပ်ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ဇေတဝန်တစ်ကျောင်းလုံး အပုပ်နံ့လှိုင်သွားလေသည်။ မင်းကြီးက ဘုရားရှင်ကို "အရှင်ဘုရား.... ဘယ်အတွက်ကြောင့် ငါးကြီးသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်း ရှိ၍၊ ဘယ်အတွက်ကြောင့် ပါးစပ်မှ အပုပ်နံ့ ထွက်ရပါသလဲ" ဟု မေးလျှောက်လေသည်။

ရွှေအဆင်းရှိခြင်း၊ ပါးစပ်အပုပ်နံ့ထွက်ခြင်းအကြောင်း ဟော

ဘုရားရှင်က "မင်းကြီး.. ဒီငါးကြီးသည် ကဿပဘုရားရှင် သာသနာတော်၌ အကြားအမြင် အခြံအရံများသော တိပိဋကရဟန်း ဖြစ်ခဲ့၏။ လာဘ်၌ တပ်မက်သည့်တဏှာ နှိပ်စက်အပ်သည်ဖြစ်၍ မိမိ စကားကို နားမထောင်၊ မလိုက်နာသော ရဟန်းများကို ကဲ့ရဲ့ ခြိမ်း ခြောက် ဆဲရေးခဲ့ရုံမျှမက ကဿပဘုရားရှင်သာသနာတော်ကို ဆုတ်ယုတ် ပျောက်ကွယ်အောင် လုပ်ခဲ့၏။

သာသနာ ဆုတ်ယုတ်ပျောက်ကွယ်အောင် လုပ်ခဲ့သည့်မကောင်း မှုကြောင့် အဝီစိငရဲ၌ ဖြစ်ခဲ့ရပြီးလျှင် ယခုအခါ ငါးကြီးဖြစ်လာ ရ၏။

ကပိလရဟန်းသည် နေ့ရောညဥ့်ပါ ရှည်မြင့်စွာသော ကာလ ပတ်လုံး ဘုရားရှင်၏ ပိဋကတ်တော်များကို သင်ပြပို့ချခဲ့၏။ ဘုရားရှင်၏ ဂုဏ်ကို ပြောဟောခဲ့၏။ ဒီကောင်းမှုများကြောင့် ရွှေအဆင်းကဲ့သို့ ဝင်းဝါသောအဆင်း ရှိရ၏။

မိမိစကားကို မလိုက်နာ၊ နားမထောင်သော ရဟန်းများကို ကဲ့ရဲ့ခြိမ်းခြောက် ဆဲရေးခဲ့သော ဝစီဘေဒမကောင်းမှုကြောင့် ပါးစပ်မှ အပုပ်နံ့လှိုင်ခြင်းဖြစ်၏" ဟု မိန့်တော်မူသည်။

ဘုရားရှင်ကမေး၍ ငါးကြီးကဖြေ

ခုလို မိန့်တော်မူပြီးနောက် "မင်းကြီး....ငါးကြီးကို စကား အပြောခိုင်းမည်" ဟု မိန့်တော်မူလျှင် မင်းကြီးက "ခိုင်းပါဘုရား" ဟု လျှောက်သဖြင့် ဘုရားရှင်က မေး၍ ငါးကြီးက ဖြေလေသည်။

(ဗုဒ္ဓ) သင် ကပိလ မဟုတ်လား။
(ငါးကြီး) မြတ်စွာဘုရား... ဩော်-ကပိလ ဟုတ်ပါ၏။

(ဗုဒ္ဓ) သင် ဘယ်က လာခဲ့သလဲ။
(ငါးကြီး) အဝီစိငရဲကြီးက လာခဲ့ရပါသည်ဘုရား။

(ဗုဒ္ဓ) သင့်နောက်ကိုကြီး သာဂတ ဘယ်သွားသလဲ။
(ငါးကြီး) ပရိနိဗ္ဗာန် ပြုတော်မူပါသည်ဘုရား။

(ဗုဒ္ဓ) သင့်မိခင် သာဓိနီ ခု ဘယ်မှာလဲ။
(ငါးကြီး) အဝီစိငရဲကြီးမှာ ခံနေရပါသည်ဘုရား။

(ဗုဒ္ဓ) သင့်ညီမ ထာပနာဒကော ခု ဘယ်မှာလဲ။
(ငါးကြီး) အဝီစိငရဲမှာပင် ခံနေရပါသည် ဘုရား။

(ဗုဒ္ဓ) သင် သည်ဘဝက သေသော် ဘယ်သွားရမလဲ။
(ငါးကြီး) အဝီစိငရဲကြီးသို့ပင် သွားရပါမည် ဘုရား။

အဝီစိငရဲ ပြန်မြင်

ဤသို့ လျှောက်ပြီးသော် နှလုံးမသာမယာမှု နှိပ်စက်အပ်သည် ဖြစ်၍ လှေကို ဦးခေါင်းဖြင့် ဆောင့်လေသည်။ ဤသို့ ဆောင့်စဉ်မှာပင် သေ၍ အဝီစိငရဲကြီးမှာပင် ဖြစ်လေသတဲ့။ ကြားဖူး ဝစီဘေဒ ထိတိုင်းရ ပုံတည်း။

ကြိုတင်ရှောင်သင့်

ယခုအခါ၌လည်း ပါးစပ်မှ အပုပ်နံ့ [illegible]င်သူများ ရှိ၏။ ယခုလို ပါးစပ်မှ အပုပ်နံ့ များ လှိုင်သည်မှာ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချ ခြိမ်းခြောက် ဆဲရေးခဲ့သည့် ဝစီဘေဒကြောင့် [illegible]။ ထို့ပြင် သီလရှိသော ရဟန်း များကို ကဲ့ရဲ့ရှုတ်ချ ခြိမ်းခြောက်ဆဲရေးသူများ၊ သာသနာကွယ်အောင် ပြောဟောလေ့ရှိသူများသည် အဝီစိငရဲ၌ ခံကြရတတ်၏။ ထို့ကြောင့် သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချ ခြိမ်းခြောက်ဆဲရေးမှု၊ သာသနာကွယ်အောင် ပြောဟောမှု ဝစီဘေဒများကို ကြိုတင်၍ ရှောင်ကြရသတည်း။ (ဓမ္မပဒ တဏှာဝဂ် ကပိလဝတ္ထု၊ သုတ္တနိပါတ် စူဠဝဂ် ကပိလသုတ်)

ကိုယ်စောင့်စည်း၍ နှုတ်မစောင့်စည်းဘဲ
ရဟန်းများကို ဆဲဆိုခြိမ်းခြောက်သော ဝစီဘေဒကြောင့်
အညတရ,ရဟန်း၊ ပြိတ္တာဖြစ်ကာ
ကိုယ်မှာ လူ့ကိုယ်နှင့်တူ၍ ပါးစပ်မှာ ဝက်နှုတ်သီးနှင့် တူရ
(ဝက်နှုတ်သီးနှင့် တူသောပါးစပ်ရှိသည့် ပြိတ္တာဖြစ်ရ)

---

# ဝစီဘေဒထိခဲ့ပုံ

## ရဟန်းများကို ဆဲရေး

ကဿပဘုရားရှင့်သာသနာတော်၌အညတရရဟန်း(အမျိုးအမည် ပယထင်ရှားသောရဟန်း) တစ်ပါးသည် ကိုယ်ဖြင့်တော့ မကောင်းမှုကို မပြု၊ စောင့်စည်း၏။ နှုတ် (ဝစီ)ဖြင့်တော့ မကောင်းသည့်စကားကို ပြော၏။ မစောင့်စည်း။ ရဟန်းများကို ဆဲရေးခြိမ်းခြောက်လေ့ ရှိ၏။ ။ဤကား ဝစီဘေဒထိခဲ့ပုံတည်း။

## ဝစီဘေဒ ထိတိုင်းရှုပုံ

ငရဲကျ

ထိုရဟန်းသည် သေလျှင် ငရဲကျလေသည်။ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်အကြားပတ်လုံး ငရဲ၌ခံရလေသည်။

ကိုယ် လူ့ကိုယ်၊ ပါးစပ် ဝက်နှုတ်သီးနှင့် တူသည့်ပြိတ္တာဖြစ်

ငရဲခံရပြီးနောက် ငါတို့ဘုရားရှင့်လက်ထက်ဝယ် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်ခြေ၌ ထိုကံကြွင်း၏အစွမ်းဖြင့် ဇဟ်မှတ်သည့်ပြိတ္တာဖြစ်လာ လေသည်။ ထိုပြိတ္တာကိုယ်မှာ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော လူ့ကိုယ်ဖြစ်ပြီး ပါးစပ်ကား ဝက်နှုတ်သီးနှင့်တူလေသည်။

အရှင် နာရဒက ပြုခဲ့သည့်မကောင်းမှုကို မေး

အရှင် နာရဒမထေရ် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ် တစ်နေ့ သ၌ နံနက်စောစော ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်သော် လမ်းခရီးအကြား မှာ ထိုပြိတ္တာကိုမြင်၍ "သင့်ကိုယ်မှာ ရွှေသားနှင့်တူပြီး ပါးစပ်မူကား ဝက်နှုတ်သီးနှင့်တူ၏။ဘယ်မကောင်းမှုကို ပြုခဲ့သလဲ" ဟု မေးလေသည်။

နှုတ်မစောင့်စည်းသောကြောင့် ဖြစ်ရကြောင်း လျှောက်

ပြိတ္တာက "အရှင် နာရဒ....တပည့်တော်သည် ကဿပဘုရားရှင့် သာသနာတော်တွင် အရှင်ဘုရား၊ရဟန်းဖြစ်၍ ကိုယ်ဖြင့်တော့ မကောင်း မှုကို မပြုခဲ့ပါ၊ စောင့်စည်းခဲ့ပါ၏။ နှုတ်ဖြင့်တော့ မကောင်းသည့် စကားကို ပြောခဲ့ပါ၏။ မစောင့်စည်းခဲ့ပါ။ ထိုအတွက်ကြောင့် ကိုယ်မှာ ရွှေသား၊ ပါးစပ်ကား ဝက်နှုတ်သီးနှင့် တူရပါသည်။

အရှင် နာရဒ.... တပည့်တော်၏ကိုယ်သည် လည်ပင်းအောက် လူ့သဏ္ဌာန်၊ လည်ပင်းအထက် ဝက်သဏ္ဌာန်ဖြစ်သည်။ မျက်ဝါး ထင်ထင် အရှင်ဘုရား တွေ့မြင်ရ၍ တပည့်တော်လို မပြုလုပ်ပါနှင့်၊ ကိုယ့်နှုတ်နှစ်ပါးစုံကို စောင့်စည်းပါ" ဟု လျှောက်လေသတဲ့။ ။ ဤကား၊ အညတ္တရရဟန်း ဝစီဘေဒသိရှုံခံရပုံပါတည်း။

နှုတ်စောင့်စည်း

နှုတ်မစောင့်စည်းသည့်အပြစ်ကား ကြီးမားလှသောကြောင့် သတိ ကြီးစွာထား၍ နှုတ်စောင့်စည်းသင့်လှသကား။ (သူကရမုခပေတဝတ္ထု)

——

သီလရှိသည့်ရဟန်းများကို ''ဒီလို ပွန်မြတ်သော အစာအာဟာရကို သုံးဆောင်ခြင်းထက် မစင်ကို စားခြင်းက မြတ်သေး၏''ဟု ပြောဆိုသဲရခဲ့သော ဝမ်းဘေဒကြောင့် ကျောင်းတိုင် ဘုန်းကြီးနှင့် ကျောင်းဒါယကာ ကုဋိတွင်းမှာ ပြိတ္တာဖြစ်ကာ မစင်စားကြရ

—

# ဝမိဘေဒ ထိခွဲပုံ

## ရဟန်းတစ်ပါးကို ကျောင်းဆောက် ကိုးကွယ်

သာဝတ္ထိမြို့အနီး ရွာငယ်တစ်ရွာ၌ သူကြွယ်တစ်ယောက်သည် မိမိ အိမ်မှာ ဝင်ထွက်သွားလာနေသော ရဟန်းတစပါးကို ရည်ရွယ်၍ ကျောင်းဆောက်လေသည်။ ကျောင်းဆောက်ပြီးသော် ထိုရည်မှန်းထားသည့်ရဟန်းကို လှူဒါန်း၍ ကိုးကွယ်လေသည်။

## ရဟန်းငယ်များကို လူတွေက လှူဒါန်း

ထိုကျောင်း၌ ဇနပုဒ်များမှ ရဟန်းငယ်များ လာရောက်နေထိုင်ကြလေသည်။ လူတို့သည် ထိုရဟန်းငယ်များကို မြင်လျှင် ကြည်ညိုစိတ်ဖြစ်၍ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်းဝတ္ထုများဖြင့် လှူဒါန်းဆက်ကပ် လုပ်ကျွေးကြလေသည်။

ကျောင်းထိုင်ဘုန်းကြီးက ကိုယ်တိုင်လည်းဆဲ၊
ကျောင်းဒါယကာကိုလည်း အဆဲခိုင်း

မှန်မြတ်သောပစ္စည်းဝတ္ထုများဖြင့် လှူဒါန်းဆက်ကပ် လုပ်ကျွေးကြသည်ကို ကျောင်းထိုင်ဘုန်းကြီးဖြင့်လျှင် ဤသာတရား နှိပ်စက်အပ်သည်ဖြစ်၍ "ဒီလိုမှန်မြတ်သော အစာအာဟာရကို သုံးဆောင်ခြင်းထက် မစင်ကိုစားခြင်းက မြတ်သေး၏"ဟု ရဟန်းငယ်များကို ကိုယ်တိုင်ဆဲရှုံသာမက ထိုရဟန်းငယ်များ၏အပြစ်ကို ပြော၍ ကျောင်းဒါယကာကိုလည်း စောင်းမြောင်းပြောဆို ဆဲရေးခိုင်းလေသည်။

ကျောင်းဒါယကာက ရဟန်းငယ်များကိုရော
ကျောင်းထိုင်ဘုန်းကြီးကိုပါ ဆဲ

ကျောင်းဒါယကာသည် ဒေါသထွက်ကာ ရဟန်းငယ်များကိုရော ကျောင်းထိုင်ဘုန်းကြီးကိုပါ စောင်းမြောင်းပြောဆိုဆဲရေးလေသည်။ ။ ဤကား ဝစီဘေဒထိပုံတည်း။

ဝစီဘေဒထိတိုင်းရှုံ

ကျောင်းထိုင်ဘုန်းကြီးနှင့် ကျောင်းဒါယကာ ပဝင်စားပြိတ္တာဖြစ်ကြရ

ကျောင်းထိုင်ဘုန်းကြီးသည် ထိုဘဝမှသေသော် ထိုကျောင်း၌ရှိသော ကုဋ္ဌအိမ် (အိမ်သာ) တွင်းထဲမှာ ပြိတ္တာဖြစ်နေသည်။ ကျောင်းဒါယကာလည်း ထိုဘဝမှသေသော် ထိုပြိတ္တာ၏အထက်မှာပင် ပြိတ္တာဖြစ်လေသည်။ မစင်စား၍ အသက်မွေးကြရလေသည်။

အရှင်မဟာမောဂ္ဂလာန်က မေးသဖြင့် ပြိတ္တာက လျှောက်

ထိုအခါအရှင်မဟာမောဂ္ဂလာန်မထေရ်သည်ထိုကျောင်းဒါယကာပြိတ္တာကိုမြင်လျှင် မထေရ်ကမေးသဖြင့် ကျောင်းဒါယကာပြိတ္တာက ဖြေလေသည်။

(မထေရ်) မစင်တွင်းထဲမှ အပေါ်မြင့်သွက်လျက် ထိုင်နေသူကား ဘယ်သူလဲ။

(ပြိတ္တာ) အရှင်ဘုရား....တပည့်တော်ကား မကောင်းမှုကိုပြု၍ ပြိတ္တာဘုံရောက်နေသော ပြိတ္တာဖြစ်ပါသည်။

(မထေရ်) အဘယ်မကောင်းမှုကံကြောင့် ပြိတ္တာဖြစ်ရသလဲ။

(ပြိတ္တာ) အရှင်ဘုရား... ငြူစူစောင်းမြောင်း ခက်ထန်ဝန်တိုသော သူတစ်ပါး၏ ကောင်းမှုသည်ကို တားမြစ်တတ်သော တပည့်တော်အိမ်၌ ပစ္စည်းဥစ္စာတပ်မက်စိတ်ဖြင့် မပြတ်ဝင်ထွက်နေသော တပည့်တော်၏ ကျောင်းမှာထိုင်သော ကျောင်းထိုင်ဘုန်းကြီး၏စကားကို လိုက်နာ၍ ရဟန်းများကို စောင်းမြောင်းပြောဆို ဆဲရေးမိခဲ့ပါ၏။ ထိုမကောင်းမှုကံကြောင့် ပြိတ္တာဖြစ်ရပါသည်။

(မထေရ်) သင်၏ အနေဆုံခင်ပွန်းယောင်ဆောင်သော ရန်သူဖြစ်သော ဆရာကျောင်းထိုင်ဘုန်းကြီးကား အဘယ်မှာဖြစ်လေသလဲ။

(ပြိတ္တာ) အရှင်ဘုရား... တပည့်တော်၏ဆရာ ကျောင်းထိုင်ဘုန်းကြီးကား ပြိတ္တာဘုံရောက်၍ တပည့်တော်၏အလုပ်အကျွေး ဖြစ်ရ၏။

အရှင်ဘုရား.... တပည့်တော်သည် ယုတ်မာသောသဘောရှိသော ကျောင်းထိုင်ဘုန်းကြီးပြိတ္တာ၏ ထိပ်ပေါ်မှာ နေရပါ၏။ တပည့်တော်သည် ကုဋ္ဌိအိမ်၌ တစ်ပါးသူတို့ယိုစီးသော ကျင်ကြီးသည် တပည့်တော်၏ အစာအာဟာရ ဖြစ်ပါ၏။

တပည့်တော်၏ဆရာ ကျောင်းထိုင်ဘုန်းကြီး ပြိတ္တာသည်ကား တပည့်တော် သူများယိုချသောကျင်ကြီးကိုစား၍ ယိုချသော ကျင်ကြီးကို နေ့တိုင်းနေ့တိုင်း စားသောက်လျက် အသက်မွေးရပါ၏။

## တပည့်ထက် ဝစီဘေဒများ၍ တပည့်မစင်ကို ဆရာ စားရ

ဆရာကျောင်းထိုင်ဘုန်းကြီးနှင့် တပည့် ကျောင်းဒါယကာနှစ်ဦးတို့တွင် တပည့် ကျောင်းဒါယကာသူကြွယ်သည် ဆရာကျောင်းထိုင်ဘုန်းကြီးက စောင်းမြောင်းပြောဆို ဆဲရေးခိုင်းသဖြင့် သီလရှိသည့် ရဟန်းများကို "ဒီလိုမွန်မြတ်သော အစာအာဟာရကို သုံးဆောင်ခြင်းထက် မစင်ကိုစားခြင်းက မြတ်သေး၏" ဟု ဆဲရေး၏။

ဆရာကျောင်းတိုင်ဘုန်းကြီးကား သီလရှိသည့် ထိုရဟန်းများကို ကိုယ်တိုင်လည်း ဆဲရေးခဲ့၏။ ယခုလိုဆဲရေးရအောင် ကျောင်းဒါယကာကိုလည်း သင်ပေး၍ ဆဲရေးခိုင်းခဲ့၏။ ယခုလို ဆရာကျောင်းထိုင်ဘုန်းကြီးသည် ကိုယ်တိုင်လည်း ဆဲရေးရုံသာမက သူတစ်ပါးကိုလည်း ဆဲရေးခိုင်း

ခသာစကြောင့် (ဝစီဘေဒပိုများ၊သောကြောင့်) တပည့်ကျောင်းဒါယကာ အောက် ယုတ်ညံ့၍ စက်ဆုပ်ရွံရှာဖွယ်သော အသက်မွေးခြင်းဖြင့် အသက်မွေးရသတည်း။ တပည့်ကျောင်းဒါယကာစွန့်သည့် ကျင်ကြီးကို စား၍ အသက်မွေးရသတည်း။ ။ဤကား ဝစီဘေဒထိတိုင်းရှုံတည်း။

## စက်ဆုတ်ရွံရှာဖွယ်အလုပ်သာ

ဝစီဘေဒထိတိုင်းရှုံသောကြောင့် သူတစ်ပါးကို ထိပါးပုတ်ခတ်ပြောသည့်အလုပ်ကား အောက်တန်းကျသည့် စက်ဆုတ်ရွံရှာဖွယ်အလုပ်သာ ဖြစ်လေသည်တကား။ (ဂူထခါဒကပေတဝတ္ထု)

သီလရှိသည့်ရဟန်းများကို "ဒီလိုမှန်မြတ်သော အစာ အာဟာရကို
သုံးဆောင်ခြင်းထက် မစင်ကိုစားခြင်းက မြတ်သေး၏"ဟု
ပြောဆိုဆဲရေးခဲ့သော ဝစီဘေဒကြောင့် ကျောင်းထိုင်
ဘုန်းကြီးနှင့် ကျောင်းအမ ကုဋ္ဌိတွင်းထဲမှာ
ပြိတ္တာဖြစ်ကာ မစင်စားကြရ

---

# ဝစီဘေဒ ထိခဲ့ပုံ

## ရဟန်းတစ်ပါးကို ကျောင်းဆောက်ကိုးကွယ်

သာဝတ္ထိမြို့၌ ကြွယ်ဝချမ်းသာသည့် အမျိုးသမီးတစ်ယောက်သည် ခင်မင်သည့် ရဟန်းတစ်ပါးကို ကျောင်းဆောက်ကိုးကွယ်လေသည်။

## ရဟန်းငယ်များကို လူများက လှူဒါန်းကြ

ကျောင်းထိုင်ဘုန်းကြီးနှင့် ကျောင်းဒါယကာ မစင်စား ပြိတ္တာဖြစ်ရသည့် ရှေ့ဂူထခါဒကပေဟာဝတ္ထု နည်းတူ နေ့ခင်းအချိန်တွင် ထိုကျောင်း၌ လာရောက်နေထိုင်ကြသော ရဟန်းငယ်များကို ဒါယကာ ဒါယိကာမများက ကြည်ညိုရှိ၍ မှန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်များဖြင့် လှူဒါန်းဆက်ကပ် လုပ်ကျွေးကြလေသည်။

**ကျောင်းထိုင်ဘုန်းကြီးက ကိုယ်တိုင်လည်း ဆဲ၊**
**ကျောင်းအမကိုလည်း အဆဲခိုင်း**

ကျောင်းထိုင်ဘုန်းကြီးသည် ရဟန်းငယ်များကို ဒါယကာ ဒါယိကာမများက မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်များဖြင့် လှူဒါန်း ဆက်ကပ်လုပ်ကျွေးကြသည်ကို မရှုရက်နိုင်ဖြစ်ကာ အပြစ်ရှာပြီး "ဒီလို မွန်မြတ်သော အစာအာဟာရကို သုံးဆောင်ခြင်းထက် မစင်ကိုစားခြင်း က မြတ်သေး၏" ဟု ကိုယ်တိုင် စောင်းမြောင်း ပြောဆိုဆဲရေးရုံသာမက ကျောင်းအမကိုလည်း စောင်းမြောင်းပြောဆိုဆဲရေးခိုင်းလေသည်။

**ကျောင်းအမက ရဟန်းငယ်များ ဒိုင်ရာ**
**ကျောင်းထိုင်ဘုန်းကြီးကိုပါ ဆဲ**

တပည့်ကျောင်းအမသည် ဆရာကျောင်းထိုင်ဘုန်းကြီး စကားကို နားထောင်မှုကာ ရဟန်းငယ်များကို စောင်းမြောင်းဆဲလေသည်။ ဒေါသထွက်ကာ ဆရာကျောင်းထိုင်ဘုန်းကိုပါ စောင်းမြောင်းဆဲလေသည်။ ဤကား ဝစီဘေဒထိခိုက်ပုံ (ထိပါးပြောခဲ့ပုံ) တည်း။

## ဝစီဘေဒ ထိတိုင်းရှုပုံ

**ကျောင်းထိုင်ဘုန်းကြီးရော ကျောင်းအမပါ**
**ပြိတ္တာဖြစ်ကာ မစင် စားကြရ**

ထိုအဝမ့်သောကြောင့် ဆရာကျောင်းထိုင်ဘုန်းကြီးရော တပည့် ကျောင်းအမပါ နှစ်ယောက်လုံး ထိုဝစီဘေဒကြောင့် ထိုကျောင်းရှိ ကျင်းအိမ်အနွင်းထဲမှာ ပြိတ္တာဖြစ်ကာ မစင်စားကြရလေသည်။

ဤအခါ၌က ပေတဝတ္ထုနည်းတူ တပည့်ကျောင်းအမ ပြိတ္တာမက ဆရာကျောင်းထိုင်ဘုန်းကြီး ပြိတ္တာ၏ ဦးခေါင်းပေါ်မှနေ၍ သူများ အပေါ်က ပို့ချလိုက်သည့် မစင်များကို လက်နှင့်ဖမ်းဖမ်းယူပြီး စားရလေသည်။ ဆရာကျောင်းထိုင်ဘုန်းကြီးကား တပည့်ကျောင်းအမ ယိုချလိုက်သည့် မစင်ကို လက်ဖြင့် ခံယူကာ စားရလေသတဲ့။

**အရှင်မောဂ္ဂလာန်က မေးသဖြင့် ပြိတ္တာမက ဖြေ**

တစ်နေ့သည်၌ အရှင်မောဂ္ဂလာန်မထေရ်သည် ထို ကျောင်းအမ ပြိတ္တာမကို မြင်၍ မေးလျှင် ကျောင်းအမပြိတ္တာမက "ပြုစုစောင်းမြောင်း

ခက်ထန်ဝန့်တိုသော သူတစ်ပါးပေးသူသည်ကို ကားမြဖ်တဟ်သော တပည့်စတော်မအိမ်မှာ ပစ္စည်းဥစ္စာ တပ်မက်စိတ်ဖြင့် မပြတ်ဝင်ထွက် နေသော တပည့်တော်မ၏ကျောင်းမှာ ထိုင်သော ရဟန်းတို့စကားကို လိုက်နာ၍ ရဟန်း များကို စောင် မြောင်းပြောဆိုသဲရေးခဲ့သည့် ဝေဝိစိဘာဒ မကောင်းမှုကံကြောင့် ပြိတ္တာ ဖြစ်ရပါသည်'' ဟသည်ဖြင့် ဂူဠေခါဒက ပေတဝတ္ထု၌ ကျောင်းဒါယကာက လျှောက်သည့်နည်းတူ လျှောက်လေ သတဲ့။ ။ ဤကား ဝေဝိစိဘာဒထိတိုင် ရှုပုံ (ယိုပါးပြောသည့်အတိုင်း ဘေးဒုက္ခနှင့် ရင်ဆိုင်ရပုံ) တည်း။

## ကိုးကွယ်ရာမှ ဘေးဖြစ်သတ်

ကိုးကွယ်မှုားက ကိုးကွယ်ရာမှ ဘေးဖြစ် တတ် သော ကြောင့် ကိုးကွယ်မှုနှဲ့ဖို့ အတိကြီးစွာထားသင့်ကြသည်တကား။
(ဂူဠေခါဒက ပေတဝတ္ထု)

အရှင်အာနန္ဒာ၏ရှေ့တွင် အရှင်မဟာကဿပ တရားဟောရာ "အပ်လုပ်သူထံ အပ်ရောင်းသလို"ဟု အရှင်မဟာကဿပကို ကဲ့ရဲ့သည့် ဝိစိဘေဒကြောင့် ထုလ္လတိဿာရဟန်းမ သက်န်းယားပြီး လူဝတ်လဲရ

——

# ဝစီဘေဒ ထိခဲ့ပုံ

**အရှင်မဟာကဿပ ဇေတဝန်ကျောင်း၌ သီတင်းသုံး**

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် အခါတစ်ပါး၌ အရှင်မဟာကဿပသည် သာဝတ္ထိမြို့ အနာထပိဏ်သေဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူလေသည်။

**အရှင်အာနန္ဒာက အရှင်မဟာကဿပကို ရဟန်းမကျောင်း သွားဖို့ တောင်းပန်**

ထိုအခါ အရှင်အာနန္ဒာသည် "ကမ္မဋ္ဌာန်းအလိုရှိသည့် ရဟန်းမများ ရှိ၏။ ထိုရဟန်းမများကို အရှင်မဟာကဿပ ကမ္မဋ္ဌာန်းတရား ဟောအောင် ပန်တီးမည်"ဟု ကြံပြီးလျှင် နံနက်စောစော အရှင်မဟာကဿပထံ ချဉ်းကပ်၍ ရဟန်းမကျောင်း တစ်ကျောင်းသို့ သွားဖို့ တောင်းပန် လျှောက်ထားကြလေသည်။

ယခုလို အရှင်အာနန္ဒာကြံသည့်မှာ မိမိကမ္မဋ္ဌာန်းတရား မဟော စွမ်းနိုင်၍မဟုတ်ပေ။ "ဘုရားရှင်သည် အရှင်မဟာကဿပကို မိမိနှင့်

အတူပြု၍ မိမိအရာ၌ ထားတော်မူလေရာ ဘုရားနှင့်နှင့် အတူပြုဇာ ဘုရားအရာ၌ထားခြင်း ခံရသော သာဝကဇ်စကားကို ပို့ပြီး ယုံကြည်လေးစားအပ်၏''ဟု မှတ်ထင်သည့်အတွက်ကြောင့် ဖြစ်လေသည်။

အရှင်မဟာကဿပ-က "ငါ့ရှင်အာနန္ဒာ.... သင်သာသွားပါ" ဟု အမိန့်ရှိလေသည်။ ဒုတိယအကြိမ် လာရောက် လျှောက်ထားသည့်အခါ၌လည်း ရှေးအတူပင် အမိန့်ရှိလေသည်။

ရဟန်းမကျောင်းသို့ ၂-ပါး အတူသွား

တတိယအကြိမ် လာရောက်လျှောက်ထားသော အခါ၌ကား အရှင်မဟာကဿပသည် အရှင်အာနန္ဒာနှင့်အတူလိုက်၍ အရှင်အာနန္ဒာကို နောက်လိုက်ပြုကာ အရှင်အာနန္ဒာ သွားစေလိုသည့် ရဟန်းမကျောင်းသို့ သွားလေသည်။

အရှင်မဟာကဿပ ရဟန်းမများကို တရားဟော

မလေရဲနှစ်ပါး ရဟန်းမကျောင်း ရောက်ရှိလာပြီး ခင်းထားအပ်သော နေရာ၌ နေတော်မူသောအခါ ရဟန်းမများသည် ချဉ်းကပ်၍ ရှိခိုးလျက် ထိုင်နေကြလေသည်။ ထိုအခါ အရှင်မဟာကဿပက ထိုင်နေကြသော ရဟန်းမများကို ဟမ္မဒ္ဒာန်းတရား ဟောပြီးလျှင် တရားအားထုတ်ဖို့ တိုက်တွန်းလေသည်။ တိုက်တွန်းပြီးနောက် အရှင်အာနန္ဒာနှင့်အတူ ပြန်ကြွတော်မူသည်။

ထုလ္လတိဿာရဟန်းမ အရှင်မဟာကဿပကို ကဲ့ရဲ့

ထိုအခါ ထုလ္လတိဿာ-အမည်ရှိသော ရဟန်းမသည် အရှင်မဟာကဿပကို အတင်းအမြင်သေးသော ပန္နှမ်မှုသည်ဖြစ်၍ "အဘယ်အတွက်ကြောင့် အရှင်မဟာကဿပသည် မိမိက တောကျောင်းနေ ပံသုကူစုတင်သေးပ်ဖြစ်လျက် ပညာရှိ တိပိဋကဓရ မွေ့ဘဏ္ဍာဂါရိကဖြစ်သော အရှင်အာနန္ဒာ၏ ရှေ့မှောက်မှာ 'တရားဟောသင့်၏'ဟု မှတ်ထင်ရဘိသလဲ။ 'အပ်ကုန်သည်သည် အပ်လုပ်သူ၏ အထံမှာ အပ်ရောင်းသင့်၏'ဟု မှတ်ထင်သလို အလားတူပင် 'အရှင်မဟာကဿပသည် ပညာရှိတိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာ၏ ရှေ့မှောက်မှာ တရားဟောသင့်၏' ဟု မှတ်ထင်ဘိ၏''ဟု ကဲ့ရဲ့စကား ပြောကြားလေသည်။ ဤကား—ဝစီဘေဒကိုပုံ (ထိပါးပြောပုံ) တည်း။

## ဝစီဘေဒထိကိုင်းရှုပုံ

ထုလ္လတိဿာရဟန်းမ သင်္ကန်းယားပြီး လူထွက်ရ

ထုလ္လတိဿာရဟန်းမသည် အရှင်မဟာကဿပကို ကဲ့ရဲ့စွပ်စွဲသည့် ဝစီဘေဒကြောင့် မထေရ်နှင့်ပါး ကျောင်းမှ တွက်သည်နှင့်တစ်ပြိုင်နက် ထုလ္လတိဿာရဟန်းမ၏ သင်္ကန်းကိုသည် ဆူးခက်ကဲ့သို့ လည်းကောင်း၊ ယားစေတတ်သော သစ်ခက်ကဲ့သို့ လည်းကောင်း ခန္ဓာကိုယ်ကို ခံစားလေတော့သည်။

ထုလ္လတိဿာသည် ကာယကိုယ်ကမ်းခုလုံး ခံစားခံရသဖြင့် ယားယံကာ သက်သာရာမရ မနေနိုင် မထိုင်နိုင်ဖြစ်လေလျှင် သင်္ကန်းချွတ်၍ အဝတ်ဖြူကို ဝတ်လေသည်။ သင်္ကန်းချွတ်လျှင် ချွတ်ချင်း (လူထွက်လျှင် လူထွက်ချင်း) စိတ်သက်သာရာ ရလေသည်။ သင်္ကန်းချွတ်မှ လူထွက်မှ စိတ်သက်သာရာရသောကြောင့် ထုလ္လတိဿာရဟန်းမသည် ရဟန်းဘောင်၌ မနေနိုင်တော့ဘဲ လူထွက်ရလေတော့သတဲ့။ ။ဤကား- ထုလ္လတိဿာရဟန်းမ ဝစီဘေဒထိတိုင်းရှုမှုကို ခံရပုံတည်း။

### ကြောက်မက်ဖွယ်

ဝစီဘေဒထိရှုမှုကား အင်မတန်မှ ဆန်းကြယ်လှ၍ ကြောက်မက်ဖွယ်အတိ ဖြစ်လေသည်တကား။ (နိဒါနဝဂ် ကဿပသံယုတ် ဥပဿယသုတ်)။

——

''အရှင်မဟာကဿပ-က အရှင်အာနန္ဒာကို 'သူငယ်'ဟု ခေါ်၍ ပြောဆိုခဲ့သတဲ့''ဟု ကြားလျှင် ''ဘယ်အတွက်ကြောင့် 'သူငယ်'ဟု ခေါ်၍ 'ပြောဆိုသင့်သည်' ဟု မှတ်ထင်ရဘိသလဲ''ဟု အရှင်မဟာကဿပကို ကဲ့ရဲ့သော ဝစီဘေဒကြောင့် ထုလ္လနန္ဒာရဟန်းမ သာသနာ့ဘောင်မှ ထွက်ခွာလူထွက်ရ

---

## ဝစီဘေဒထိခဲ့ပုံ

### အရှင်အာနန္ဒာ ဒေသစာရီကြွချီ

အခါတစ်ပါး၌ အရှင်မဟာကဿပ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏ ထိုအချိန်တွင် အရှင်အာနန္ဒာသည် များစွာသော ရဟန်းသံဃာနှင့်အတူ ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသစာရီ ကြွချီတော်မူလေသည်။

### တပည့်ရဟန်းသုံးကျိပ် လူထွက်

ဒက္ခိဏာဂိရိဇနပုဒ် ရောက်သောအခါ ရဟန်းသုံးကျိပ်မျှ လူထွက်ကြလေသည်။ ထိုလူထွက်သည့် ရဟန်းသုံးကျိပ်သည် အများအားဖြင့် အရှင်အာနန္ဒာ၏ အတူနေတပည့် ရဟန်းငယ်များ ဖြစ်ကြလေသည်။

## အရှင်အာနန္ဒာ ဒေသစာရီကြွချီရာမှ ပြန်ရောက်

အရှင်အာနန္ဒာသည် ဒက္ခိဏာဂိရိဇနပုဒ်၌ မေ့လျော်သလောက် နေပြီးလျှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်သို့ ပြန်လာလေသည်။ ကျောင်းတိုက်ရောက်လျှင် အရှင်မဟာကဿပထံ သွားရောက်၍ ရှိခိုးလျက် ထိုင်နေလေသည်။

## အရှင်မဟာကဿပက အရှင်အာနန္ဒာကို ခေါ်

ထိုအခါ အရှင်မဟာကဿပက အရှင်အာနန္ဒာကို ''ငါ့ရှင် အာနန္ဒာ... ဘယ်အတွက်ကြောင့် ရဟန်းသစ်တို့နှင့်အတူ ဒေသစာရီ လှည့်လည်ရဘိသလဲ၊ သင့်ပရိသတ်သည် အထူး ပျက်စီး၏။ အများအားဖြင့် သင်၏ အတူနေ တပည့်ရဟန်းသစ်များ ပျက်စီးကြလေကုန်တကား။ ဒီသူငယ်သည် အတိုင်းအရှည်ကို မသိ''ဟု ခေါ်လေသည်။

## ''သူငယ်''ဟု အခေါ်ခံရမှုမှ မလွတ်သေးကြောင်းလျှောက်

ထိုအခါရှင်အာနန္ဒာ ''အရှင်မဟာကဿပ.... အမှန်အားဖြင့် တပည့်တော်၏ ဦးခေါင်းမှာ ဆံပင်ဖြူများ ပေါက်နေပါပြီ၊ ဆံပင်ဖြူများ ပေါက်သည်ဖြစ်ပါလျက်လဲ အရှင်ဘုရား၏ 'သူငယ်'ဟု ခေါ်ဆိုခံရမှုမှ မလွတ်သေးပါ''ဟု လျှောက်လေသည်။

## ထုလ္လနန္ဒာရဟန်းမက အရှင်မဟာဿပကို ကဲ့ရဲ

ထုလ္လနန္ဒာအမည်ရှိသော ရဟန်းမသည် ''ပညာရှိရဟန်းဖြစ်သော အရှင်အာနန္ဒာကို အရှင်သမဟာကဿပက 'သူငယ်'ဟု ခေါ်ဝေါ်ပြော ဆို၍ ခေါ်လေသတဲ့''ဟု ကြားလေလျှင် မနှစ်မြို့သည်ဖြစ်၍ 'အရှင် မဟာကဿပသည် တိတ္ထိဖြစ်ဖူးသူ ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ပညာရှိရဟန်းဖြစ်သော အရှင်အာနန္ဒာကို 'သူငယ်'ဟု ခေါ်ဝေါ်ပြော ဆို၍ 'ခေါ်သင့်၏'ဟု မှတ်ထင်ရဘိသလဲ''ဟု ကဲ့ရဲ့စကားပြောကြား လေသည်။ ။ဤကား ဝစီဘေဒထိပုံတည်း။

## ဝစီဘေဒ ထိတိုင်းရှပုံ

### ကဲ့ရဲ့မှုကြောင့် သက်န်းယားပြီး လူထွက်ရ

ထုလ္လနန္ဒာရဟန်းမသည် အရှင်မဟာကဿပကို ယခုလိုကဲ့ရဲ့သည့် ဝစီဘေဒကြောင့် ထုလ္လတိဿာရဟန်းမနည်းတူ သင်္ကန်းယားပြီး မနေနိုင် မထိုင်နိုင်ဖြစ်ကာ လူထွက်ရလေသတဲ့။

ဤကား ထုလ္လနန္ဒာရဟန်းမ ဝစီဘေဒထိတိုင်းရှမှု ခံရပုံတည်း။

### သီလရှိလေ ကြောက်ဖွယ်ကောင်းလေ

ကဲ့ရဲ့စွပ်စွဲဆဲရေးခံရသူက သီလရှိလေလေ ကဲ့ရဲ့စွပ်စွဲဆဲရေးသူမှာ အရှုံးနာလေလေ အရှုံးမြန်လေလေ ဖြစ်၍ ကဲ့ရဲ့စွပ်စွဲခံရသူ သီလရှိလေလေ ကြောက်ဖွယ်ကောင်းလေလေ ဖြစ်လေသည်တကား။ (နိဒါနဝဂ်ကဿပသံယုတ် စီရေသုတ်)။

ကဖလာင်တော်မဟာဂီရသေ့ကို "နေ့ယွက်သော် သင်ဦးခေါင်း ခုနစ်စိတ်ကွဲပါစေသား" ဟု ကိုန်ဆဲသော ဝစီဘောကြောင့် ဇာတိမန္တရသေ့ ဦးခေါင်းခုနစ်စိတ်ကွဲမည်အဖြေ ပြနေသို့ ရောက်ရ

—

# ဝစီဘေဒထိခွဲပုံ

ရသေ့နှစ်ပါး အလုပ်ရုံမှာ တည်းခို

**တစ်ချိန်က** ဟိမဝန္တာတောမှာနေသည့် ကမျိုးအနွယ်မြတ်သော ကြောင့် "ဇာတိမန္တ" ဟု အမည်ရသော ရသေ့တစ်ပါးသည် တောမှာ သစ်သီးသစ်ရွက်**များကိုသာ** မှီဝဲစားသောက်နေရ၍ ဆွမ်းမှီဝဲစားသောက် လိုသဖြင့် ဗာရာဏသီမြို့ လာသည်။ ဗာရာဏသီမြို့ရောက်လျှင် အိုးထိန်းသည်ထံ တစ်ညဉ့်တည်းခိုရန်တောင်း၍ အိုးထိန်းသည်၏ အိုးလုပ်သည့်အလုပ်ရုံမှာ တည်းခိုလေသည်။

**ဇာတိမန္တရသေ့** အလုပ်ရုံထဲ ဝင်**ရောက်နေ**ထိုင်ပြီး**နောက် အဘိညာဉ်ရ အလောင်း**တော်မဟာဂီရသေ့လည်း ဟိမဝန္တာမှ ရောက် **လာပြန်၍ အိုးထိန်း**သည်ထံ အိုးထိန်းသည်၏အလုပ်ရုံ၌ တစ်ညဉ့်တည်း ခိုခွင့်ပြုဖို့ ခွင့်တောင်းလေသည်။ အိုးထိန်းသည်က "ဤအလုပ်ရုံထဲမှာ အလျင်ဝင်ရောက်နေထိုင်သည့် ရသေ့တစ်ပါး ရှိသည်။ သူ့ကို မေးပါ" ဟု လျှောက်လေသည်။

မာတင်္ဂရသေ့သည် အလုပ်ရုံတံခါးဝသို့သွားရောက်၍ "ဆရာ... တပည့်တော်ကို တစ်ညဉ့်နေခွင့်ပြုပါ"ဟု ဇာတိမန္တရသေ့ကို ခွင့်တောင်းလေသည်။ ဇာတိမန္တရသေ့က "အရှင်....ဝင်ပါ"ဟု ခွင့်ပြုသဖြင့် မာတင်္ဂရသေ့သည် အလုပ်ရုံတွင်း ဝင်ရောက်နေထိုင်လေသည်။

ဇာတိမန္တရသေ့က "အရှင်.... သင် ဘယ်အမျိုးအနွယ် ဖြစ်သလဲ"ဟု မေးလေလျှင် "တပည့်တော် စဏ္ဍာလအမျိုးအနွယ် ဖြစ်ပါသည်"ဟု ပြောသော် "ငါ သင်နှင့်အတူ တစ်နေရာတည်းမှာ မနေနိုင်ပါ၊ အလုပ်ရုံကျယ်ပါသည်၊ အစွန်အဖျား ဘေးတစ်နေရာမှာ သွားနေပါ"ဟု ပြောလေသည်။ မာတင်္ဂရသေ့သည် ဇာတိမန္တရသေ့၏ စကားကို လိုက်နာကာ အစွန်အဖျား ဘေးတစ်နေရာ သွားနေလေသည်။

ညဉ့်ရောက်သောအခါ မာတင်္ဂရသေ့သည် မိမိနေမြဲဖြစ်သော အစွန်အဖျားနေရာမှာပင် အိပ်၍ ဇာတိမန္တရသေ့မူကား မိမိအလျှင်ရောက်မှုကို အခွင့်ယူကာ နေရာဝန်တိုမှု(အာဝါသမစ္ဆရိယ)သည် နှိပ်စက်အပ်သည်ဖြစ်၍ "မာတင်္ဂရသေ့ကို အပြစ်ရှာပြီး ဒီအလုပ်ရုံမှာ နောက်နေ့ ဆက်လက်မနေနိုင်အောင် လုပ်မည်" ကြံ၍ မိမိ ပထမနေသည့်နေရာမှာ မအိပ်ဘဲ အဝင်အထွက်တံခါးအနီးမှာ ကန့်လန့် အိပ် လေသည်။

ရသေ့နှစ်ပါး အချင်းများ

သန်းခေါင်ကျော်အချိန်တွင် မာတင်္ဂရသေ့ အပြင်ကျင်ငယ်စွန့်ထွက်သော် ဇာတိမန္တရသေ့၏ရင်ဘတ်ကို နင်းမိလေလျှင် ဇာတိမန္တရသေ့က "ဒီလူ ဘယ်သူလဲ"ဟု မေးလေသည်။ မာတင်္ဂရသေ့က "ဆရာ....တပည့်တော် မာတင်္ဂပါ" ဟု လျှောက်သော် "ဟယ်.... စဏ္ဍာလ၊ အခြားသွားစရာလမ်းကို မမြင်ဘူးလား၊ ဘာဖြစ်လို့ ငါ့ကို လာနင်းရသလဲ"ဟု ပြောလေသည်။ "ဆရာ...တပည့်တော် မမြင်၍ နင်းမိခြင်းဖြစ်ပါသည်၊ တပည့်တော်ကို သည်းခံပါ"ဟု တောင်းပန်လေသည်။

ဇာတိမန္တရသေ့သည် အလောင်းတော်မာတင်္ဂရသေ့ အပြင်ထွက်သွားသော် "ဒီရသေ့ ပြန်ဝင်လျှင်လဲ ဒီအပေါက်ပင် ဝင်မည်"ဟု ကြံ၍ လပ်နင်းမိဖော်ပင် အနည်းငယ်ခြေရင်းဘက်တိုးပြီး ပြောင်းပြန်ပြန်၍ ခြေထားသည့်ဘက်ကို ဦးခေါင်းထားအိပ်ပြန်လေသည်။

မာတင်္ဂရသေ့သည် ပြန်ဝင်မည်ပြုသော် "ဆရာ ဒီဘက်ခေါင်း ထားအိပ်သည်၊ ခြေဘက်ကနေ သွားမည်"ဟု ကြံ၍ ဝင်လေလျှင် ဇာတိမန္တရသေ့၏ရင်ကိုပင် နင်းမိပြန်လေသည်။

ဇာတိမန္တရသေ့က ကျိန်သဲ

ဇာတိမန္တရသေ့က "ဒီလူ ဘယ်သူလဲ"ဟု မေးသော် မာတင်္ဂက "ဆရာ...တပည့်တော် မာတင်္ဂပါ"ဟု ဖြေကြားလေလျှင် "ယုတ်မာ နင်းမိ တာတော့ သာပါ၊ ခုထက်ခါ နင်းမိတာများ ငါ့ကို အမယ်ထိပါး စော်ကားခြင်းသာ ဖြစ်သည်၊ နေထွက်သော် မင်းဦးခေါင်း ခုနစ်စိတ် ကွဲပါစေသား"ဟု ဇာတိမန္တရသေ့က ကျိန်ဆဲလေသည်။ ။ဤကား ဝစီဘေဒသိဖုံတည်း။

ဝစီဘေဒ ထိကိုင်ချုပ်

မာတင်္ဂရသေ့ နေကို ဖမ်းထားထား

မာတင်္ဂရသေ့သည် "ဘာကောင်းများပြောတဲ့ ဒီထိပါးသည့် ဝစီ-ဘေဒသည် ဘယ်သူ့ထံ ရောက်မည်လဲ"ဟု အလိုသည့်ကြောင့် ဝင်ခြင်း ကြည့်ရှုသော် ဇာတိမန္တရသေ့၏ ဦးခေါင်း ခုနစ်စိတ်ကွဲမည် ကိုသိ၍ သနားသောကြောင့် နေမထွက်စေကာ တန်ခိုးဖြင့် နေကိုဖမ်း ထားထားလေသည်။

မြို့သူမြို့သားများရုံမ်း

မြို့သူ မြို့သားများသည် အိပ်ရာမှနိုးသော် နေမထွက်သဖြင့် မင်းနန်းတော်သို့သွားရောက်၍ "အရှင်မင်းကြီး...တစ်မြို့လုံး မနိုးသူ မရှိ အားလုံး နိုးကြသော်လည်း ယခုထိ နေမထွက်မလာ၊ ဘယ်အကြောင်းကြောင့် နေထွက်မလာရသလဲ"ဟု သံတော်ဦးတင်ကြလေလျှင် မင်းက "ဒီလို ဆိုလျှင် မြို့ကို လှည့်လည်စုံစမ်းကြ"ဟု စုံစမ်းခိုင်းလေသည်။

မြို့သူမြို့သားများ လှည့်လည်စုံစမ်းသော် အိုးထိန်းသည်၏ အလုပ် ရုံထဲမှာ ရသေ့နှစ်ပါးကို တွေ့လေလျှင် "ဒီကိစ္စ ဒီရသေ့နှစ်ပါး၏ လက်ချက်ဖြစ်လိမ့်မည်"ဟု အကြောင်းသိ၍ မင်းထံ သွားရောက်သံတော်ဦး တင်ကြလေသည်။

"မင်းက "ရသေ့နှစ်ပါးကို မေး"ဟု အမေးခိုင်းလေလျှင် မြို့သူမြို့သားများသည် အိုးထိမ်းသည့်အလုပ်ရုံသို့ လာရောက်၍ ဇာတိမန္တ ရသေ့ကို "အရှင်ဘုရားတို့ အမိုက်မှောင်ကျအောင် လုပ်ထားကြသလား"ဟု မေးကြလေသည်။ "ငါတော့ မလုပ်၊ ငါ မလုပ်ပေမယ့် ဟိုဘေးမှာနေသည့် ရသေ့ဟာ စဉ်းလဲသည့်ရသေ့ဖြစ်၏၊ ယုတ်မာ၏၊ အင်မတန် မာယာများ၏၊ သူ့ကို မေးပါ"ဟု ပြောလေသည်။

မှောင်ကျအောင် လုပ်သည့်လက်သည်ကို တွေ့

မြို့သူမြို့သားများသည် မာတင်္ဂရသေ့ထံ လာရောက်၍ "အရှင်ဘုရား.... အမိုက်မှောင်ကျအောင် အရှင်ဘုရား လုပ်ထားသလား"ဟု မေးကြလေလျှင် "အေး....ဟုတ်တယ်၊ ဒီဆရာသည် ငါ့ကို ကျိန်ဆဲသည့် အတွက်ကြောင့် ငါ လုပ်ခြင်းဖြစ်သည်"ဟု ပြောလေသည်။

"ကန်တော့လျှင် နေကိုလွှတ်မည်"ဟုပြော

မြို့သူမြို့သားများ မင်းထံသွားရောက် သံတော်ဦးတင်ကြလေလျှင် မင်းလည်း မာတင်္ဂရသေ့ထံ လိုက်လာ၍ "အရှင်ဘုရား....အမိုက်မှောင်ကျအောင် အရှင်ဘုရား လုပ်ထားသလား"ဟု မေးလေသည်။ မာတင်္ဂရသေ့က "ဟုတ်တယ်၊ မင်းကြီး"ဟု ပြောလေလျှင် "အရှင်ဘုရား.... ဘယ်အတွက်ကြောင့် လုပ်ရသလဲ"ဟု မေးလျှောက်လေသည်။ "ဒီဆရာ ငါ့ကို ကျိန်ဆဲ၏၊ ဒီဆရာ အကယ်၍ ငါ့ကို သည်းခံစေလျှင် (ကန်တော့လျှင်-တောင်းပန်လျှင်) နေကို လွှတ်မည်"ဟု ပြောလေသည်။

အတင်းအကြပ်ခိုင်း၍ ကန်တော့

ဇာတိမန္တရသေ့ကို မင်းက "အရှင်ဘုရား.... ဒီရသေ့ကို အရှင်ဘုရားကန်တော့လိုက်ပါ"ဟု ကန်တော့ဖို့လျှောက်သော် ဇာတိမန္တ ရသေ့က "အမျိုးအနွယ်မြင့်မြတ်သည့် ငါလိုပုဂ္ဂိုလ်က ဒီလို အမျိုးအနွယ်ယုတ်ညံ့သည့် စဏ္ဍာလကို အဘယ်မှာ ကန်တော့ပါမလဲ၊ ငါ မကန်တော့နိုင်"ဟု မကန်တော့နိုင်ကြောင်း ငြင်းဆန်လေသည်။

ကိုအခါ မှူးမတ်ဗိုလ်ပါများနှင့် မြို့သူမြို့သားများက ဇာတိမန္တ ရသေ့ကို "အရှင်ဘုရား... မိမိအလိုအတိုင်း မကန်တော့ဘူးလား"ဟု ပြော၍ လက်များကိုဆွဲသူကဆွဲ ခြေများကို ကိုင်သူကကိုင်လာ မာတင် ရသေ့၏ခြေရင်းမှာ ကုံးလုံးလဲစေ၍ အတင်းအကြပ်ကန်တော့ခိုင်းလေ

သည်။ ဇာတိမန္တုရသေ့သည် ဘာစကားမျှမပြောဘဲ တုံးလုံးနေလေ သည်၊ ဇစ်သည်ဗိုလ်ပါများနှင့်မြို့သူမြို့သားများက ဇာတိမန္တုရသေ့ကို ထပ်မံ၍ ကန်တော့ခိုင်းပြန်လေသည်။ ထပ်မံကန်တော့ခိုင်းသည့်အခါ "ဆရာ....တပည့်တော်ကို ခွင့်ပြုပါ"ဟု ကန်တော့လေသည်။

## စိတ်မပါ၍ အပြစ်မပျောက်

မာတင်္ဂရသေ့က "ငါက ယနေ့စွာ သင့်ကို သည်းခံ၍ နေ့ကို လွှတ်ပါမည်၊ ငါက လွှတ်စေကာမူ စိတ်စေတနာဖြင့် ကောင်းစွာဝန်ခံ ကန်တော့သည်မဟုတ်၊ အတင်းအကျပ် ခိုင်း၍ ကန်တော့ခြင်းသာဖြစ်၍ အပြစ်မပျောက်သောကြောင့် နေ့ထွက်လျှင် သင့်ဦးခေါင်းခုနစ်စိတ်ကွဲမည် သာဖြစ်၏"ဟု ပြောလေသည်။

## လွှတ်မြောက်ကြောင်းနည်းလမ်း ညွှန်ကြား

လွှတ်မြောက်လိုလျှင် ဒီရသေ့ဦးခေါင်းလောက်ရှိသော မြေစိုင်ခဲကို ရသေ့ဆိပ်ပေါ်ထား၍ ဒီရသေ့ကို လည်မျိုမြုပ်ရုံသောရေထဲထားကြ၊ နေထွက်ပေါ်သည်နှင့်တစ်ပြိုင်နက် မြေစိုင်ခဲကို လွှတ်၍ ရေထဲအငုပ်ခိုင်း ကြ"ဟု လွှတ်ရာလွှတ်ကြောင်းနည်းလမ်းကို ညွှန်ပြလေသည်။

## စီစဉ်ပြီးသောအခါ နေကို လွှတ်

မင်းမှူးမတ်များနှင့် မြို့သူမြို့သားတို့သည် မာတင်္ဂရသေ့ပြောသည့် အတိုင်း စီစဉ်ကြလေသည်။ စီစဉ်ပြီးသောအခါ မာတင်္ဂရသေ့က နေကို လွှတ်လိုက်လေသည်။

## မြေစိုင်ခဲ ခုနစ်စိတ်ကွဲ

နေကို လွှတ်လိုက်လျှင် နေရောင်သည် မြေစိုင်ခဲကို ထိတွေ့ပုတ်ခတ် လေသည်။ နေရောင် ထိတွေ့ပုတ်ခတ်သည်နှင့်တစ်ပြိုင်နက် မြေစိုင်ခဲသည် ခုနစ်စိတ်ကွဲလေသည်။

## ဇာတိမန္တုရသေ့ လွှတ်မြောက်

ထိုခဏမှာပင် ဇာတိမန္တုရသေ့သည် ရေထဲငုပ်လေလျှင် လွှတ် မြောက်၍ အခြားဆိပ်ကမ်းတစ်ခုကနေ တက်ပြီး ထွက်ပြေးလေသတဲ့။

(ဤဖော်ပြချက်မှာ နိဒါနဝဂ် ဘိက္ခုသံယုတ် တိဿသုတ်အဋ္ဌကထာအလို ဖြစ်၏။ ။ဓမ္မပဒအဋ္ဌကထာ၌လည်း အလားတူ တိဿတ္ထေရဝတ္ထု ရှိ၏။ ။မဇ္ဈိမပဏ္ဏာသ ဥပါလိသုတ်၊ သုတ္တနိပါတ် အဂ္ဂိကဘာရဒွါဇ သုတ်၊ မာတင်္ဂစရိယာပိဋက၊ မာတင်္ဂဇာတ် အဋ္ဌကထာတို့၌လည်း အလားတူ မာတင်္ဂဝတ္ထုရှိ၏။)

### "ထိတိုင်းရှ၏"ဟု မှတ်သားရာ

ဤဝတ္ထု၌ ဇာတိမန္တရသေ့၏ ထိပါးဝစီဘေဒသည် ထိပါး အပြောခံရသူ (ကျိန်ဆဲခံရသူ) မာတင်္ဂရသေ့ထံမှာ မရောက်၊ ထိပါး ပြောသူ (ကျိန်ဆဲသူ) ဇာတိမန္တရသေ့ထံမှာသာ ရောက်၏။ ဇာတိမန္တ ရသေ့ထံမှာသာ ရောက်၏ဟုဆိုရာ၌ ဇာတိမန္တရသေ့ကား ဦးခေါင်း မကွဲခဲ့ပေ။ ဦးခေါင်းကွဲမည့်အခြေအနေသို့ ရောက်ပါလျက် ဦးခေါင်း မကွဲရသည်မှာ မာတင်္ဂရသေ့ကယ်မှုကြောင့် ဖြစ်၏။ အကယ်၍ မာတင်္ဂ ရသေ့မကယ်ပါက ဇာတိမန္တရသေ့ ဦးခေါင်းခုနစ်စိတ်ကွဲမည်မှာ ဧကန်သာဖြစ်၏။ ယခုလို ကယ်မည့်သူရှိ၍ ဦးခေါင်းခုနစ်စိတ် မကွဲရသော် လည်း ကယ်မည့်သူမရှိပါက ဦးခေါင်းခုနစ်စိတ်ကွဲမည်ဖြစ်သောကြောင့် "ဇာတိမန္တရသေ့ထံမှာ ရောက်၏"ဟုသာ၊ "ဝစီဘေဒ ထိတိုင်းရှ၏"ဟု သာ မှတ်သားရာ၏။

### စိတ်ပါမှ အဟောသိကံဖြစ်နိုင်

ပြစ်မှားမိသော မကောင်းမှုကံ၏အပြစ်ကို ကြောက်လန့်တုန်လှုပ် သော သံဝေဂဉာဏ် အရင်းခံလျက် ကိုယ့်ကံမှလွတ်မြောက်စေလိုသော စိတ်ဖြင့် ကန်တော့မှသာ ထိုပြစ်မှားမိသောကံသည် အကျိုးမပေးသည့် အဟောသိကံ အဖြစ်သို့ ရောက်နိုင်၏၊ ဆရာ မိဘ ပိုင်ဆိုင်အုပ်ချုပ်သူ စသည်တို့က နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ဖြင့်ဖြစ်စေ အနိုင်အထက် ခြိမ်းခြောက် တိုက်တွန်း၍ စိတ်မပါဘဲ ကန်တော့သည်မှာ ထိုပြစ်မှားမိသည့်ကံ အဟောသိကံ မဖြစ်နိုင်ကြောင်း (အပြစ်မမြောက်နိုင်ကြောင်း) ဤဝတ္ထုကို ထောက်၍ သိရာ၏။

### သတိထားဖို့

ထိပါးပုတ်ခတ်၊ ပြောလတ်ပသိ၊ နှုတ်ဝစီကား၊ ထိပါးသူသာ၊ ရှာတော်ပါသည်၊ နောင်လာလူတို့၊ သတိပြုဖို့တည်း။

အရှင်တိဿ၏ ပုဗ္ဗ ဇာတ်ကြောင်းဝင်ဘဝက
သားတော် အရှင်တိဿရဟန္တာမထေရ်ကို 'နောက်ပိတ်လူ' ဟု
မထီမဲ့မြင် ပြောဆိုကဲ့ရဲ့လှောင်ပြောင်ခဲ့သော ဝစီဘေဒကြောင့်
သုဘဒ္ဒပရိဗိုဇ် နောက်ဆုံးမှ ရဟန္တာဖြစ်

— —

# ဝစီဘေဒ ထိခွဲပုံ

**တိဿရဟန်းပြု၊ ရဟန္တာဖြစ်**

ကဿပဘုရားရှင် လက်ထက်တော်အခါက တိဿ အမည်ရှိသော အမျိုးသားတစ်ယောက်သည် ကဿပဘုရားရှင်၏တရားတော်ကို နာရ၍ သာသနာ့ဘောင် ဝင်ရောက်ရဟန်းပြုလေသည်။ နောင်အချိန်တွင် ရဟန္တာဖြစ်ကာ အဂ္ဂသာဝက အရာအထူးကို ရရှိလေသည်။

**"နောက်ပိတ်လူ" ဟု ခမည်းတော်က ကဲ့ရဲ့**

**တစ်နေ့သ၌** ခမည်းတော်ဖြစ်သူသည် သားတော် အဂ္ဂသာဝက အရှင်တိဿရဟန္တာမထေရ်မြတ်ကို "နောက်ပိတ်ခွေး" ဟု ကဲ့ရဲ့ ရှုတ်ချ ပြောဆိုသကဲ့သို့ ယုတ်မာသော စိတ်ဖြင့် "နောက်ပိတ်လူ" ဟု ကဲ့ရဲ့ ရှုတ်ချပြောလေသည်။ ။ဤကား ဝစီဘေဒထိခွဲပုံတည်း။

## ဝစီဘေဒ ထိတိုင်းရှပုံ

### သုဘဒ္ဒပရိဗိုဇ်ဖြစ်လာ

အရှင်တိဿ၏ ခမည်းတော်သည် သံသရာ၌ ကျင်လည်လျက် ကျွန်ုပ်တို့ ဘုရားရှင်သက်သက်တော်အခါရောက်သော် ကြွယ်ဝချမ်းသာသော ပုဏ္ဏားမျိုး၌ ဖြစ်လာက "သုဘဒ္ဒပရိဗိုဇ်"ဟု ထင်ရှားလေသည်။

### သုဘဒ္ဒပရိဗိုဇ် ရဟန်းပြု

သုဘဒ္ဒပရိဗိုဇ်သည် ဖြည့်ကျင့်ဆည်းပူးခဲ့သည့် အစောကတည်းက ရဟန္တာဖြစ်နိုင်သည့် ကောင်းမှုကံရှိသော်လည်း ထိုဝစီဘေဒမကောင်းမှုကံကြောင့် ဘုရားရှင့်ထံမှောက် လာရောက်ချင်စိတ် မရှိချေ။ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း ပရိနိဗ္ဗာန် ညောင်စောင်းပေါ် လျောင်းတော်မူမှ လာရောက်လိုစိတ်ပေါက်ကာ မြတ်စွာဘုရားထံမှောက် လာရောက်၍ ပြဿနာမေးလျှောက်လေသည်။ ဘုရားရှင်က တရားဟောလေလျှင် သရဏဂုံဆောက်တည်ကာ "ရှင်ရဟန်းပြုပါရစေ"ဟု တောင်းပန်လျှောက်ထားလေသည်။ ဘုရားရှင်က ခိုင်းတော်မူ၍ အရှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်ကို ရှင်ရဟန်းပြုပေးလေသည်။

### ဘုရားရှင် ပရိနိဗ္ဗာန်မစံပိ ရဟန္တာဖြစ်

ရဟန်းပြုပြီးသော် ဘုရားရှင်က ကမ္မဋ္ဌာန်းပေးလေသည်။ သုဘဒ္ဒရဟန်းသည် ကမ္မဋ္ဌာန်းကိုယူ၍ အင်ကြင်းဥယျာဉ်အတွင်းမှာပင် မနေမနား အားထုတ်လေလျှင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မမူမီ ထိုည၌မှာပင် ရဟန္တာဖြစ်လေသည်။

### ဝစီဘေဒကြောင့် နောက်ဆုံးမှ ရဟန္တာဖြစ်ရ

အရှင်သုဘဒ္ဒမထေရ်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် မြတ်စွာဘုရားထံမှောက်၌ နောက်ဆုံးရဟန္တာဖြစ်သည့် နောက်ဆုံးမှ ကျွတ်တန်းဝင်သည့် တပည့်သာဝက ဖြစ်လေသည်။

ဝစီကံခဲ့ကျွေးကြောင့် ယခုလို နောက်ဆုံးမှ ရဟန္တာဖြစ်ရသည်ကို မထေရ်ကိုယ်ဝှင်ပင် မိန့်တော်မူခဲ့လေသည်။ ဤကား သုဘဒ္ဒ ဝစီဘောဒထိတိုင်းရှုမှုကို ခံရပုံတည်း။ (သုဘဒ္ဒမထေရ်ပဒါန်)

## သုဘဒ္ဒ (၃) ယောက်

(၁) ဥပကနှင့် ဘပါတို့၏သား သုဘဒ္ဒ။

(၂) ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီဖြစ်၍ ငါတို့ လုပ်ချင်ရာ လုပ်ရ တော့မည်" စသည်ဖြင့် ရိုင်းပြရင့်သီးသည့်စကား ... ပြော ... သော ... ဟောင်းရဟန်းကြီး သုဘဒ္ဒ။

(၃) အလွန်ထင်ရှားသည့် ပုဏ္ဏားသေ... မှ ပရိဗိုဇ်ရဟန်းပြုသည့် မြတ်စွာဘုရား၏ နောက်ဆုံးဝေနေယျဖြစ်သော အဝတ်ဝတ်သည့် သုဘဒ္ဒပရိဗိုဇ်။

ယခုလို သုဘဒ္ဒသုံးယောက်ရှိသည့်အနက် ဤ...ဒ္ဒမှာ တတိယမြောက် သုဘဒ္ဒ ဖြစ်သည်။

## နောက်ဆုံးမှ ရဟန္တာဖြစ်ရမှု အသို (၂)ရပ်ကွဲ

"နောက်ပိတ်လူ"ဟု ... ကွဲ့ရဲ့ရှုတ်ချပြောခဲ့ ... ဗိဘောဒကြောင့် ယခုလို နောက်ဆုံးမှ ရဟန္တာဖြစ်ရချယ်။ ဤအ...မှာ သုဘဒ္ဒထေရာပဒါန် ပါဠိတော် မိန့်ဆိုချက် ဖြစ်ငံ။

ဝိပဿီ ဘုရားရှင်လက်ထက်တော်အခါ ... မင်းနေပြည်ဝယ် "မဟာကာလ၊ စူဠကာလ"ဟု ညီအစ်ကို ... နောင်ကြီးသည် မိမိလယ်ခင်းမှ ကောက်စပါးများ ... ရည်သည့် အချိန်အခါမှစ၍ ဦးဦးဖျားဖျား လှူသည်။ ညီကား မိမိလယ်ခင်းမှ ကောက်စပါးများကို ရိပ်သိမ်းပြီးနောက်မှ လှူသည်။

ထိုညီနောင်နှစ်ယောက်အနက် နောင်ကြီးသည် ကျွန်ုပ်တို့ဘုရား ရှင် ပွင့်တော်မူသည့်အခါ ပဉ္စဝဂ္ဂီငါးဦးတွင် ပါဝင်သည့် ကောဏ္ဍည ဖြစ်လာကာ ဦးဦးဖျားဖျားလှူခဲ့သောကြောင့် အဦးဆုံး သစ္စာလေးပါးသိမြင် တရားထူးရခဲ့လေသည်။ ညီသည် ဤသုဘဒ္ဒဖြစ်လာပြီး နောက်မှ

လှူခဲ့သောကြောင့် နောက်ဆုံးမှ ကဏှာထူးရခဲ့လေသည်။ ဤအဆိုမှာ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ အဆိုဖြစ်၏။

## ညှိယူပါက အသင့်ချည်းသာ

ယခုလို ပါဠိတော်အဆိုနှင့် အဋ္ဌကထာအဆို မတူသော်လည်း ပါဠိတော်ပြသည့် ဝစီဘေဒအကြောင်းမှာ ပဓာနအကြောင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကဿပဘုရားရှင်လက်ထက်တော်အခါဖြစ်၍ နီးသောအကြောင်း ဖြစ်သည်။

အဋ္ဌကထာပြသည့် နောက်မှလှူသည့်အကြောင်းမှာ အပဓာနအကြောင်းဖြစ်၏။ တစ်နည်းအားဖြင့် ပြောလျှင် ဝိပဿီဘုရားရှင်လက်ထက်တော်အခါက ဖြစ်၍ ဝေးသောအကြောင်း ဖြစ်သည်။

ထို့ကြောင့် ညှိယူလျှင် "အဆိုနှစ်ရပ်လုံး အသင့်ချည်း ဖြစ်သည်" ဟု မှတ်သားရာ၏။

## ကျမ်းသိထက် ကျမ်းညှိခက်

ကျမ်းဂန်စာရိုကို သိဖို့ထက် ကျမ်းဂန်ချင်း အဆိုမတူသည်ကို ညှိယူဖို့က ပိုခက်ခဲလေသည်။ ထို့ကြောင့် ရှေးပညာရှိကြီးများက "ကျမ်းသိထက် ကျမ်းညှိခက်" ဟု ဆိုရိုးစကား ထားခဲ့ကြသတည်း။

---

ရဟန်းဖြစ်စဉ်အခါက လူထွက်ချင်သော သူငယ်ချင်း ရဟန်းကို
လူထွက်ဖြစ်အောင် ပြောခဲ့သော ဝစီဘေဒကြောင့်
သကုလုဒါယီပရိဗိုဇ် ရဟန်းပြုချင်ပါလျက်
မပြုနိုင်ခဲ့ရ

---

# ဝစီဘေဒ ထိခဲ့ပုံ

## ရဟန်းပြု၍ တရားအားထုတ်

သကုလုဒါယီပရိဗိုဇ်အလောင်းသည် ကဿပဘုရားရှင်လက်ထက်တော်အခါ၌ အမျိုးကောင်းသား ဖြစ်လေသည်။ အရွယ်ရောက်သော် ရဟန်းပြု၍ တရားအားထုတ်လေသည်။

## လူထွက်ချင်သော ရဟန်းက လူထွက်ချင်ကြောင်း ပြော

တစ်နေ့သောအခါ သာသနာတော်၌ **မပျော်မွေ့**၍ လူထွက်ချင်သော သူငယ်ချင်း ရဟန်းတစ်ပါးက ရဟန်းတရား**အားထုတ်**သော လူမထွက်ချင်သည့် ရဟန်းကို "ငါ လူထွက်တော့မည်" ဟု ပြောလေသည်။

## လူထွက်ချင်သောရဟန်းကို လူထွက်ချင်အောင် ပြော

**ထိုအခါ ရဟန်းတရားအားထုတ်**သည့် လူမထွက်ချင်သော **ရဟန်းသည် လူထွက်ချင်သည့်** သူငယ်ချင်း ရဟန်း၏ သပိတ်သင်္ကန်းကို လိုချင်သည့်လောဘ ဖြစ်၍ လူထွက်ဖြစ်အောင် လူ့ဘောင်၏ ဂုဏ်ကျေးဇူးကို မှန်သလောက် မမှန်သလောက် ချီးမွမ်းပြောဆိုလေသည်။

## လူထွက်ချင်သည့်ရဟန်း လူထွက်

လူထွက်ချင်သည့်ရဟန်းသည် ထိုချီးမွမ်းစကားကို ကြားရလေလျှင် ထိုချီးမွမ်းစကားပြောသည့် ရဟန်းအား သပိတ်သင်္ကန်းပေး၍ လူထွက်လေသည်။ ။ဤသည်ပင် သကုလုဒါယီပရိဗိုဇ်၏ ရှေးဝစီဘေဒမဂ္ဂကောင်းမှုကံ (ဝစီဘေဒထိုက်ပိုင်ရှုပုံ) တည်း။

## ဝစီဘေဒထိုက်ပိုင်ရှုပုံ

## ဘုရားရှင် ပရိဗိုဇ်ကျောင်းတိုက် ဝင်

အချိန်မှာ ဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသည့်အချိန် ဖြစ်၏။ ထိုအချိန်၌ သကုလုဒါယီအမည်ရှိသော ပရိဗိုဇ်သည် ဥဒေါင်းများကို အစာကျွေးရာဖြစ်သော ပရိဗိုဇ်တို့ကျောင်းတိုက်၌ များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူ နေလေသည်။ ဤသကုလုဒါယီမှာ မဟာသကုလုဒါယီ မဟုတ်။ စူဠသကုလုဒါယီ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်လေသည်။ အတန်စောသဖြင့် ထိုပရိဗိုဇ်တို့ ကျောင်းတိုက်သို့ ဝင်လေသည်။

## ဘုရားရှင် တရားဟော

ထိုအခါ သကုလုဒါယီပရိဗိုဇ်သည် များစွာသော ပရိဗိုဇ်ပရိသတ်နှင့် အတူ ကျယ်လောင်ကျယ်လောင်ဖြင့် မင်ဖိုလ်နှင့် ကန့်လန့်ဖြစ်သော စကားများကို ပြောဆိုနေကြလေသည်။ ဘုရားကိုမြင်လျှင် "အရှင်ဘုရား.... ကြွတော်မူပါ၊ ဒီခင်းထားသည့် နေရာမှာ ထိုင်တော်မူပါ"ဟု လျှောက်လေသည်။ ဘုရားရှင်သည် ခင်းထားအပ်သောနေရာ၌ နေတော်မူသော် သကုလုဒါယီပရိဗိုဇ်သည် နိမ့်သည့်နေရာမှာ နေလေသည်။ ထိုအခါ ဘုရားရှင်က တရားဟောတော် မူလေသည်။

## သကုလုဒါယီက "ရဟန်းပြုလိုပါသည်"ဟု လျှောက်

တရားဟောတော်မူပြီးသော် သကုလုဒါယီပရိဗိုဇ်က "အရှင်ဘုရား.... တရားတော်သည် အလွန် နှစ်သက်ဖွယ် ရှိပါပေ၏ အရှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ ဥပမာအားဖြင့်—

မှောက်ထားသည့်အိုးကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးထားသည့် အရာဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ လည်းကောင်း၊ မျက်စိလည်လမ်းမှားသူကို လမ်းမှန် ပြောပြဘိသကဲ့သို့ လည်းကောင်း မျက်စိမြင်သူတို့သည် 'အဆင်းများကို မြင်ကြလိမ့်မည်'ဟု နှလုံးသွင်း၍ အမိုက်အမှောင်တွင် ဆီမီး ထွန်းသကဲ့သို့ လည်းကောင်း၊ ထို့အတူသာလျှင် အရှင်ဘုရားသည် အကြောင်းပြ၍ တရားတော်ကို ဟောတော်မူပါပေ၏။ တပည့်တော်သည် မြတ်စွာဘုရားကို 'ကိုးကွယ်ရာ'ဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း 'ကိုးကွယ်ရာ'ဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကိုလည်း 'ကိုးကွယ်ရာ'ဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဘုရား... တပည့်တော်သည် မြတ်စွာဘုရား၏အထံ၌ ရဟန်းပြုလိုပါသည်''ဟု လျှောက်ထားလေသည်။

ရဟန်းမပြုအောင် တပည့်များက နှောင့်ယှက်

သကုလုဒါယီပရိဗိုဇ်က ယခုလို လျှောက်ထားသော် သူ့ပရိသတ် ပရိဗိုဇ်များက ''အရှင်သည် ရဟန်းဂေါတမအထံမှာ ရဟန်းမပြုမါနှင့်။ အရှင်သည် ဆရာဖြစ်ပါလျက် တပည့်လိုမနေချင်ပါနှင့်။ ဥပမာအားဖြင့် ရေလှောင်အိုးကြီး ဖြစ်ပါလျက် လက်ဆွဲအိုးငယ် ဖြစ်ရာသကဲ့သို့၊ ဤဥပမာအတိုင်း အရှင် ဖြစ်လိမ့်မည်''ဟု အန္တရာယ်ပြုကြ၊ နှောင့်ယှက်ကြလေသည်။

နှောင့်ယှက်သဖြင့် ရဟန်းမပြုဖြစ်

ယခုလို တပည့်ပရိသတ် ပရိဗိုဇ်များက သကုလုဒါယီပရိဗိုဇ်ကို မြတ်စွာဘုရားထံ ရဟန်းမပြုဖြစ်အောင် အန္တရာယ်ပြုကြ၊ နှောင့်ယှက်ကြသဖြင့် သကုလုဒါယီပရိဗိုဇ် ဘုရားထံ ရဟန်းမပြုဖြစ်ဘဲ ရဟန်းမပြုနိုင်ဘဲ ရှိရလေသည်။ ။ဤကား သကုလုဒါယီပရိဗိုဇ် ဝစီဘေဒထိတိုင်းအရှုံခံရပုံတည်း။ (မဇ္ဈိမပဏ္ဏာသ ပရိဗ္ဗာဇကဝဂ် စူဠသကုလုဒါယီသုတ်)

## အရင်းစစ်တော့ အမြစ်မြေက

သကုလုဒါယီပရိဗိုဇ် ရဟန်းမပြုနိုင်ခြင်းသည် တပည့်ပရိဗိုဇ် ပရိသတ်က အန္တရာယ်ပြုခြင်းကြောင့် ဖြစ်၏။ တပည့်ပရိဗိုဇ်ပရိသတ်က အန္တရာယ်ပြုခြင်းမှာ ကဿပဘုရားရှင် လက်ထက်က ရဟန်းထွက်ချင်သည့်

သူငယ်ချင်းရဟန်းကို လူထွက်ဖြစ်အောင် ပြောခဲ့သည့် ဝစီဘေဒကြောင့် ဖြစ်၏။ ထို့ကြောင့် "အရင်းစစ်က အမြစ်မြေက" ဆိုသလို ယခုလို ရဟန်းမပြုနိုင်ခြင်း၏ အကြောင်းရင်းသည် ကဿပဘုရားရှင် လက်ထက်တော်အခါက လူထွက်ချင်သည့် သူငယ်ချင်းရဟန်းကို လူထွက်ဖြစ်အောင် ပြောခဲ့သည့် ဝစီဘေဒမကောင်းမှုပင် ဖြစ်သတည်း။

## ကြောက်လန့်ဖွယ် ဝစီဘေဒ

လူထွက်ချင်သည့်ရဟန်းကို လူထွက်ဖြစ်အောင် ပြောက ရဟန်း ပြုချင်သော်လည်း အနှောင့်အယှက် အန္တရာယ်များ ဖြစ်ပေါ်လာကာ ရဟန်းပြုခွင့်မရဘဲ ရှိတတ်ကြလေသည်။ ထို့ကြောင့် ဝစီဘေဒကား ကြောက်လန့်ဖွယ်ရာသာ ဖြစ်လေသည်တကား။

---

ကျောင်းထိုင်ဘုန်းကြီးဖြစ်ခဲ့သော ဂုဏ်ရှိန်ခေတ်ရှိန်ကို ဆဲရေးခြင်းလေးမျိုးဖြင့် ဆဲရေးခဲ့သော ဝိဘောဒကြောင့် ဗုဒ္ဓကတက္ကတွန်း လူမဆန်သည့် ပေါက်ပြန်ခြင်း လေးမျိုးသို့ ရောက်ရ

---

# ဝိဘောဒထိခဲ့ပုံ

## ဗုဒ္ဓက ရဟန်းဖြစ်ခဲ့

ဗုဒ္ဓကတက္ကတွန်းသည် ကဿပဘုရားရှင် လက်ထက်တော်အခါက ရဟန်းတစ်ပါး ဖြစ်ခဲ့လေသည်။

## သူကြွယ်က ကျောင်းဆောက်ကိုးကွယ်

တောရွာနေ သူကြွယ်တစ်ယောက်က ထိုရဟန်းကို ကျောင်းဆောက်လှူဒါန်းကိုးကွယ်ပြီးလျှင် သင်္ကန်း-ဆွမ်း-ဆေး-ပစ္စည်းဖြင့် အမြဲမပြတ် ဆက်ကပ်လှူဒါန်း ပြုစုလုပ်ကျွေးလေသည်။ ထိုရဟန်းသည် သူကြွယ်အိမ် နေ့စဉ် အမြဲကြွ၍ ဆွမ်းဘုဉ်းပေးလေသည်။

## **အာဂန္တုရဟန်းကို သူကြွယ် ကြည်ညို**

**တစ်နေ့သ၌ ရဟန္တာမထေရ်မြတ် တစ်ပါးသည် ထိုတောရွာကို ဆွမ်းခံလှည့်လည်တော်မူသည်ရှိသော် သူကြွယ်အိမ်တံခါးဝ ရောက်တော်မူလေသည်။ သူကြွယ်သည် ရဟန္တာမထေရ်မြတ်ကို ဖူးမြော်ရသော် အလွန်ကြည်ညိုသည်ဖြစ်၍ အိမ်ထဲပင့်ပြီးလျှင် မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ဖြင့် ရိုသေစွာ ဆက်ကပ်လုပ်ကျွေးလေသည်။**

ဆက်ကာ လှပ်ကျွေးပြီးနောက် "အရှင်မြတ်ဘုရား.... ဒီအဝတ်ပုဆိုးကို ဆိုး၍ ဝတ်တော်မူပါဘုရား''ဟု လျှောက်ထားကာ အလွန်ကောင်းမြတ်သော အဝတ်ပုဆိုးကို လှူဒါန်းပြီးလျှင် အရှင်မြတ်ဘုရား.... အရှင်မြတ်၏ဆံများ ရှည်လှပါပြီ၊ ဆံရိတ်သမားကို ခေါ်ခဲ့ပါမည်။ အရှင်မြတ် ကျိန်းစက်ဖို့ ခုတင်လည်း အထမ်းခိုင်းပြီး ယူလာခဲ့ပါမည်။ တပည့်တော်ကျောင်းသို့ ဒီမထေရ်နှင့်အတူ ကြွရောက် သီတင်းသုံးနှင့် တော်မူပါဘုရား''ဟု လျှောက်ထားလေသည်။

ကျောင်းနေရဟန်း ဝန်တို

ကျောင်းနေရဟန်းသည် မိမိကျောင်းဒါယကာ သူကြွယ်က ရဟန္တာအရှင်မြတ်အပေါ် အမြတ်တနိုး လှူဒါန်းပူဇော် အရိုအသေပြုသည်ကို မြင်လျှင် ကုလမစ္ဆရိယ (ဒါယကာ ဝန်တိုမှု)၊ လာဘမစ္ဆရိယ (လာဘ်လာဘဝန်တိုမှု) အကုသိုလ်တရားများ ဝင်ရောက်လာကာ စိတ်မကြည်မသာ ဖြစ်နေလေသည်။ "ဒီသူကြွယ်သည် ခုမှ တွေ့မြင်ရသော ဒီရဟန်းကို ခုလို အမြတ်တနိုး လှူဒါန်းပူဇော် အရိုအသေ ပြုဘိ၏။ အမြဲအိမ်ဆွမ်းဘုဉ်းပေးနေသော ငါ့ကိုမူ ခုလို အမြတ်တနိုး လှူဒါန်းပူဇော် အရိုအသေမပြုဘူး''ဟု ကြံစည်စိတ်ဆိုးကာ ကျောင်းပြန်ကြွလေသည်။

သူကြွယ် ကျောင်းလိုက်စိစဉ်

ရဟန္တာမထေရ်မြတ်လည်း ထိုရဟန်းနှင့်အတူ ကျောင်းလိုက်သွား၍ သူကြွယ်လှူလိုက်သော အဝတ်ပုဆိုးကို ဆိုးဝတ်တော်မူလေသည်။ သူကြွယ်လည်း ဆံရိတ်သမားကို ကျောင်ခေါ်သွားပြီးလျှင် ရဟန္တာမထေရ်မြတ်၏ ဆံများကို အရိတ်ခိုင်းပြီးနောက် အထမ်းခိုင်းပြီး အသင့်ယူလာခဲ့သော ခုတင်ကို တစ်နေရာတွင် အခင်းခိုင်းပြီးလျှင် "အရှင်ဘုရား... ဒီခုတင်ပေါ်မှာပင် ကျိန်းစက်တော်မူပါဘုရား''ဟု လျှောက်ထားလေသည်။ လျှောက်ထားပြီးနောက် မထေရ်နှစ်ပါးလုံးကိုပင် မနက်ဖြန် အိမ်ဆွမ်းစားကြွဖို့ ပင့်လျှောက်၍ အိမ်ပြန်လာလေသည်။

ကျောင်းနေရဟန်း အာဂန္တုရဟန္တာကိုဆဲ

ကျောင်းနေရဟန်းသည် ကျောင်းဒါယကာက အာဂန္တုရဟန္တာမထေရ်မြတ်အပေါ် အမြတ်တနိုး လှူဒါန်းပူဇော် အရိုအသေပြုသည်ကို

မခံမရပ်နိုင်ဖြစ်ကာ ညဥ့်အခါနိ အာဂန္တုရဟန္တာမထေရ်မြတ် ကျိန်းစက်သည့်နေရာသို့ သွားရောက်ပြီးလျှင် အာဂန္တုရဟန္တာမထေရ်မြတ်ကို ဆဲရေးခြင်းလေးမျိုးတို့ဖြင့် ဆဲရေးလေသည်။

(၁) ငါ့ရှင် အာဂန္တု... သင့်အား ငါကျောင်းဒါယကာ သူကြွယ်အိမ်မှာ ဆွမ်းဘုဉ်းပေးပြီးနောက် ခွင့်စကားရခြင်းက ကောင်းလှသေး၏။

(၂) ငါကျောင်းဒါယကာ သူကြွယ် ပေါ်ခဲ့သော ဆံရိတ်သမားဖြင့် သင့်ဆံပင်များကို ရိတ်ခြင်းထက် ထန်းသေ့မှုံဖြင့် ဆံပင်ကို အနုတ်ခိုင်းရခြင်းက ကောင်းသေး၏။

(၃) ငါ့ကျောင်းဒါယကာ သူကြွယ် လှူသောသင်္ကန်းကို ဝတ်ရခြင်းထက် အဝတ်မဝတ်ဘဲ ... သည်သွားလာရခြင်းက ကောင်းလှသေး၏။

(၄) ငါ့ကျောင်းဒါယကာ သူကြွယ် ယူလာသော ခုတင်ပေါ် ကျိန်းစက်ရခြင်းထက် မြေကြီးပေါ် အိပ်ရခြင်းက ကောင်းလှသေး၏။

အာဂန္တုရဟန္တာ ပြန်ကြာ

ဤသို့ ဆဲရေးခြင်းလေးမျိုးဖြင့် ဆဲရေးသော် ရဟန္တာမထေရ်မြတ်သည် "ဒီလူမိုက် ငါ့ကို ကြောင့်ပြု၍ မပျက်စီးစေနှင့်" ဟု နှလုံးသွင်းကာ ကျောင်းဒါယကာ ပင့်ထားသောဆွမ်းကိုမစားတော့ဘဲ စောစောပင် ထ၍ ချမ်းသာရာ ရပ်သို့ ကြွတော်မူလေသည်။

ကျောင်းနေရဟန်း၊ စိတ်ထားနိမ့်ကျလှ

ကျောင်းနေရဟန်းသည် စောစောပင်ထ၍ တံမြက်လှည်းခြင်းစသော ဝတ်ကြီးဝတ်ငယ်များကို ပြုပြီးလျှင် ဆွမ်းစားကြွချိန် ရောက်သောအခါ "အာဂန္တုရဟန်းပျင်းသည် ခုချိန်ထိတောင် အိပ်တုန်းရှိသေးသည်၊ "ခေါင်းလောင်းသံလျှင် နိုးလေရာ၏" ဟူသော အမှတ်သညာဖြင့် လက်သည်းဖြင့် ခေါင်းလောင်းကို အသာအယာ ထိုးလေသည်။ (ခေါင်းလောင်းကျယ်ကျယ်မြည်အောင် ထိုးလျှင် နိုးမှာစိုး၍ လက်သည်းခွံဖြင့် အသာအယာတို့ခြင်း ဖြစ်သည်။ နိုးလည်း မနိုးရလေအောင် 'ခေါင်းလောင်းထိုးသည်' ဟုလည်း ပြောနိုင်လေအောင် ပိန္နည်းရှောင်သည့်အနေဖြင့် လုပ်ခြင်းဖြစ်သည်။)

### တစ်ပါးတည်း အိမ်ဆွမ်းစားကြွ

ယခုလို ခေါင်းလောင်းကို လက်သည်းခွံဖြင့် အသာအယာ ထိုးပြီးနောက် "မနိုးဘူး"ဟုဆိုကာ၊ ကျောင်းဒါယကာအိမ် မိမိတစ်ပါးတည်း ဆွမ်းစားကြွလာသည်။

### အာဂန္တုရဟန္တာကို အကြည်ညိုပျက်အောင် ပြော

ကျောင်းဒါယကာသည် လှူဒါန်းဆက်ကပ်ဖွယ်များကို စီမံပြီးလျှင် မထေရ်နှစ်ပါးကြွလာမည့် လမ်းခရီးကို လှမ်းမျှော်ကြည့်ရှုလေသည်။ ကျောင်းနေရဟန်းတစ်ပါး မှာ ကြွလာသည်ကို မြင်လေလျှင် "အရှင်ဘုရား...အာဂန္တုမထေရ်မြတ် ဘယ်မှာလဲ"ဟု မေးလေသည်။ "ဒါယကာ....သင် ဘာမျှ မပြောနေနှင့်၊ သင့်ဆရာမထေရ်သည် မနေ့က သင်ပြန်သွားသည့် အချိန်တည်းကပင် အခန်းတွင်း ဝင်အိပ်နေလိုက်သည်မှာ ငါ စောစောထ၍ ကျောင်းဝင်းတစ်ခုလုံး တံမြက်လှည်းသည့် အသံ၊ သောက်ရေအိုး သုံးရေအိုးများ၌ သောက်ရေ သုံးရေ လောင်းသည့်အသံ၊ ဆွမ်းစားကြွချိန်ရောက်၍ ငါ တီးခတ်သော ခေါင်းလောင်းသံများကိုပင် မသိပေ၊ ဒါလောက် အအိပ်ကြီးတဲ့၏"ဟု အကြည်ညိုပျက်အောင် လုပ်ကြံပြောလေသည်။

### ပြောသော်လည်း သူကြွယ်က မယုံ

ကျောင်းဒါယကာ သူကြွယ်က "ဒီလောက် ကြည်ညိုဖွယ်ဆောင်သည့် အနေအထိုင်နှင့်ပြည့်စုံတော်မူသော ငါ့အရှင်မြတ်မှာ ဒီအချိန်တိုင်အောင် ဘယ်နည်းနှင့်မျှ အိပ်မည်မဟုတ်၊ ကေန်ပင် ထိုအရှင်မြတ်အပေါ် လှူဒါန်းပူဇော် အရိုအသေပြုသည်ကို မြင်ရ၍ ဒီကျောင်းနေမထေရ်၊ မခံမရပ်ဖြစ်ကာ အပြစ်တင်စကား ပြောခြင်းဖြစ်ပေလိမ့်မည်"ဟု အဖြစ်မှန်အတိုင်း စဉ်းစားမိပြီးလျှင် ကျောင်းဒါယကာ သူကြွယ်သည် ကိုယ်တိုင်က ပညာရှိသူဖြစ်၍ "ပညာရှိအမျက် အပြင်မထွက်"ဆိုသည့်အတိုင်း အပြင်မထွက်စေဘဲ ကျောင်းနေရဟန်းကို ရိုရိုသေသေ ဆွမ်းကပ်လေသည်၊

### အာဂန္တုရဟန္တာ အတွက် သပိတ်ထဲ ကွမ်းထည့်လှူလိုက်

ဆွမ်းကပ်ပြီးနောက် ထိုကျောင်းနေရဟန်း၏ သပိတ်ကို အရိုအသေ သေးကြော၍ သပိတ်အပြည့် မုန့်မြိန်သော ဂွမ်းမုန့် သွမ်းဘတ်များကို

ထည့်ပြီးလျှင် "အရှင်ဘုရား....အကယ်၍ ဘုရည့်တော်၏အရှင်မြတ်ကို တွေ့မြင်တော်မူပါလျှင် ဒီဆွမ်းကို ထိုအရှင်မြတ်အား လှူဒါန်းကော်မူလိုက်ပါဘုရား" ဟု လျှောက်ထားကာ သပိတ်ကို ကပ်လိုက်လေသည်။

လမ်းမှာ သွန်ပြစ်

ကျောင်းနေရဟန်းသည် ဆွမ်းအပြည့်ထည့်ထားသည့် ထိုသပိတ်ကို ယူဆောင်သွားရင်းပင် "ဒီအာဂန္တုရဟန်းပျင်းသည် အကယ်၍ ဒီမျှကောင်းမွန်သည့်ဆွမ်းကို စားသုံးနေရလျှင် ဒီကျောင်းတိုက်ကိုပင် တွယ်တာနေလိမ့်မည်" ဟု ကြံမှားကာ ကျောင်းဒါယကာ လှူလိုက်သော ဆွမ်းကို လမ်းမှာပင် သွန်ပစ်ပြလေသည်။ ကျောင်းသို့ရောက်လျှင် ရဟန္တာ မထေရ်မြတ် သီတင်းသုံးသည့်နေရာသို့ သွားရောက်ကြည့်သော် ရဟန္တာ မထေရ်မြတ်ကို မတွေ့ရတော့ပေ။ ဤကား ပေိဘေဒထိပုံပေ ည်း။

## ဝစိဘေဒ ထိတိုင်းပုံ

ကျောင်းနေရဟန်း အဝီစိကျ

ဤမျှ ကြီးကျယ်လှသော ရဟန္တာအား လှူဒါန်းလိုက်သည့် လာဘ်ကို ဖျက်ဆီးသည့် မကောင်းမှုအကုသိုလ်ကံကို ပြုမှားသည့် အကျိုးကြောင့် အနှစ်တစ်သောင်းပတ်လုံး ထိုရဟန်းကျင့်သုံးအပ်သော ရဟန်းတရားသည် ထိုကျောင်းနေရဟန်းကို • (အကုသိုလ်အင်အား အင်မတန်ကြီးမားလှသဖြင့်) စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်တော့ချေ။ ကျောင်းနေရဟန်း ပျံလွန်တော်မူသော် အဝီစိငရဲကျရောက်လေသည်။ အဝီစိငရဲ၌ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့အကြား ရှည်လျားလှသော နှစ်ပရိစ္ဆေဒကာလပတ်လုံး ကြီးစွာသောဆင်းရဲဒုက္ခကို ခံရလေသည်။

ဂေါတမဘုရားရှင်လက်ထက်တွင် ဇမ္ဗုက ဖြစ်လာ

ဂေါတမဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာသော အခါ၌ ရာဇဂြိုဟ်မြို့ဝယ် စားဖွယ်သောက်ဖွယ်ပေါများသည့် အိမ်တစ်အိမ်၌ ပဋိသန္ဓေနေလေသည်။ မွေးဖွားသော် "ဇမ္ဗုက" ဟု မိဘများက နာမည်မှည့်ကြလေသည်။

**အဝတ်မဝတ်ဘဲ မစင်ကိုသာစား**

ဇမ္ဗုကသည် သွားနိုင်သည့်အခါမှစ၍ အိပ်ရာထဲမအိပ်လို၊ ထမင်းမစားလို၊ မိမိ၏မစင် (ချေး)ကိုသာ စားလေတော့၏။ မိဘဆွေမျိုးမျိုးက "ဝယ်သေးသောကြောင့် မသိရှာ၍သာ ခုလို ပြုရှာသည်"ဟု အောက်မေ့ကာ ဇမ္ဗုကသူငယ်ကို စောဖို့ရှောက်မွေးမြူကြလေသည်။

ဇမ္ဗုကသူငယ်ဟည် အသက်အရွယ် ကြီးပြင်းလာသောအခါ၌လည်း အဝတ်မဝတ်လိုဘဲ ကိုယ်တုံးလုံးဖြင့်သာ လှည့်လည်သွားလာလေသည်။ မြေပေါ်မှာသာ အိပ်၍ မိမိ၏မစင်ကိုသာ စားလေသည်။

**ဇမ္ဗုကကို တက္ကတွန်းများထံမှာ အပ်**

ထိုအခါ ဇမ္ဗုက၏မိဘတို့သည် "ဒီသားကား ငါတို့လို အမျိုးကောင်းအိမ်နှင့် မလျော်၊ ဒီသားကား သက်သက်အရှက်မဲ့သူသာဖြစ်၍ တက္ကတွန်းတိတ္ထိတို့နှင့်သာ သင့်လျော်လျောက်ပတ်၏"ဟု ကြံ၍ ဇမ္ဗုကကို တက္ကတွန်းတို့ထံ ခေါ်သွားပြီးလျှင် "ဒီသူကို ရှင်ပြုပေးကြပါ"ဟု ပြောဆိုပေးအပ်ကြသည်။

**တက္ကတွန်းများက ရှင်ပြုပေး**

တက္ကတွန်းတို့သည် လည်ပင်းပမာကာနက်သော မြေတွင်းထဲ ဇမ္ဗုကကိုချ၍ ပုခုံးစွန်းနှစ်ဖက်အပေါ်၌ မရုန်းကန်နိုင် မထွက်နိုင်အောင် ပျဉ်ပြားများကို ခင်းကြပြီးလျှင် ထိုပျဉ်ပြားများအပေါ်က ထိုင်နေကြ၍ ထန်းစေ့မှုတ်ပိုင်းဖြင့် ဆံပင်များကို ဝိုင်းနှုတ်ကြလေသည်။ ဤသည်ပင် တက္ကတွန်းတို့၏ ရှင်ပြုပေးသည့်နည်း ဖြစ်၏။

**ဆွမ်းစာပင့်သော်လည်း ပစားဘဲ မစင်ကိုသာစား**

ဤနည်းဖြင့်ရှင်ပြုပေးပြီးနောက် ဇမ္ဗုက၏မိဘတို့သည် တက္ကတွန်းများကို နက်ဖြန် အိမ်ဆွမ်းစားကြွဖို့ ပင့်လျှောက်၍ ပြန်လာကြလေသည်။

နောက်နေ့ဆွမ်းစားချိန်ရောက်သော် တက္ကတွန်းများသည် ဇမ္ဗုကကို "လာ မြို့ထဲ ဆွမ်းစားသွားကြစို့"ဟု ခေါ်ကြလေလျှင် "အရှင်ဘုရားတို့သာ သွားကြ၊ ငါ ဒီကျောင်းမှာသာ နေရစ်မည်"ဟု မလိုက်လိုကြောင်း ပြောသည်၊ အထပ်ထပ်ခေါ်သော်လည်း မလိုက်လို၍ ထားခဲ့ပြီးလျှင် မိမိတို့သာ မြို့ထဲ သွားကြလေသည်။

ဇမ္ဗုကသည် တက္ကတွန်းများ မြို့ထဲသွားကြသော် အိမ်သာတွင်းကို ဖုံးထားသည့် ပျဉ်ပြားကို ဖွင့်ပြီးလျှင် တွင်းထဲဆင်း၍ မစင်ကို လက်နှစ်ဖက်ဖြင့် အားရပါးရ တစ်လုပ်ပြီးတစ်လုတ် လွေးလေတော့သည်။

**ဆွမ်းအပို့လွှတ်သော်လည်း မစား**

ထိုအကြောင်းကို မသိ၍ တက္ကတွန်းဆရာကြီးများသည် ဇမ္ဗုကထံ မြို့တွင်း မိမိတို့ဆွမ်းစားသည့်အိမ်ကလူများကို ဆွမ်းအပို့ခိုင်းကြလေသည်။ ထိုဆွမ်းကိုလည်း ဇမ္ဗုက မစား။

**တက္ကတွန်းများက ဝိုင်းစမ်း**

တက္ကတွန်းများ ကျောင်းပြန်ရောက်၍ ဆွမ်းများကို မြင်လျှင် ဇမ္ဗုကကို စားဖို့ အထပ်ထပ်တိုက်တွန်းကြလေသည်။ တိုက်တွန်းသော်လည်း "ဒီဆွမ်းများကို ငါ အလိုမရှိ၊ ငါ့အတွက် အစာအာဟာရ ပြီးပါပြီ"ဟု ပြောလေသည်။ "ဘယ်ကရသလဲ"ဟု မေးသောအခါ "ဒီကျောင်းတိုက်ထဲမှပင် ရပါသည်"ဟု ပြောလေသည်။ ဤနည်းဖြင့် ဒုတိယနေ့၊ တတိယနေ့၊ စတုတ္ထနေ့များ၌လည်း ပေါ်သော်လည်း "ငါ ဒီကျောင်းမှသာ နေရစ်မည်"ဟုသာ ပြော၍ မြို့ထဲ မလိုက်ဘဲ နေလေသည်။

တက္ကတွန်းတို့သည် "ဒီဇမ္ဗုကကား နေ့စဉ်နေ့တိုင်း မြို့ထဲလဲ မဝင်သို့၊ ငါတို့ ပို့လိုက်သောဆွမ်းကိုလဲ မစားလို့၊ 'ဒီကျောင်းတိုက်မှပင် ငါ့အတွက် အစာအာဟာရ ရပြီးပါပြီ'ဟုသာ ပြောလေသည်၊ သူ ဘယ်အမှုကို ပြုလုပ်နေသလဲ၊ ဇမ္ဗုကကို ငါတို့ စုံစမ်းထောက်လှမ်းမည်" ဟု ကြံစည်ကာ မြို့တွင်း ဆွမ်းစားကြသည့်အခါ တက္ကတွန်းနှစ်ယောက် ကို စုံစမ်း ဖို့ထားခဲ့၍ သွားကြလေသည်။ စုံစမ်းရန်တာဝန်ပေးခံရသည့် တက္ကတွန်းနှစ်ယောက်သည် နောက်မှလိုက်ဟန်ဆောင်၍ ပြန်လှည့်ကာ ပုန်းကွယ်ချောင်းနေကြလေသည်။

**အုဋ္ဌိတွင်းထဲဝင် မစင်စားသည်ကို မိ**

ဇမ္ဗုကသည် "တက္ကတွန်းများ သွားကြပြီ"ဟု မှတ်ထင်ကာ ရေးနေ့များနည်းတူပင် ကျင်းမစင်တွင်းထဲဆင်းပြီး မစင်စားလေတော့သည်။

တက္ကတွန်းများက နှင်ထုတ်

ချောင်းနေကြသော တက္ကတွန်းနှစ်ယောက်သည် ဇမ္ဗုကနှ၏ အပြုအမူကို ပက်ပင်း တွေ့မြင်၍ တက္ကတွန်းတို့ ပြန်လာသောအခါ ထိုအကြောင်းကို ပြောပြကြလေသည်။ ထိုအကြောင်းကို သိရလျှင် တက္ကတွန်းများသည် "ဩော်.... ဇမ္ဗုကာ၏အလုပ်ကား ဝန်လေးလှဘိ၏။ အကယ်၍များ ဂုဟန်းဂေါဟာပ၏ တပည့်များ ဒီအကြောင်းကို သိရှိသွားလျှင် 'တက္ကတွန်းများသည် မစင်ကိုစားကာ လှည့်လည်သွားလာနေထိုင်ကြကုန်၏'ဟု ငါတို့၏ အရှိန်အဝါကိုမဲ့ကို ပြောဆိုကြပေလိမ့်မည်။ ဒီဇမ္ဗုကကား ငါတို့နှင့် မသင့်လျော်"ဟု တိုင်ပင်ကာ ဇမ္ဗုကကို ကျောင်းမှ နှင်ထုတ်လိုက်ကြလေသည်။

အိမ်သာအနီး ခြေတစ်ဖက်မြှောက်ကာ ခံတွင်းဖွင့်နေ

တက္ကတွန်းများက နှင်ထုတ်လိုက်သောအခါ ဇမ္ဗုကသည် ရာဇဂြိုဟ်မြို့ အပြင် မြို့သူမြို့သားများ ကျင်ကြီးစွန့်ရာအရပ်သို့ သွားရောက်ပြီးလျှင် ညဉ့်အခါ မြို့သူမြို့သားများ စွန့်ထားသော မစင်ကိုစား၍ နေ့အခါ မြို့သူမြို့သားများ မစင်စွန့်သည့်အခါ အကာအကွယ်ယူစွန့်သော မစင်စွန့်သည့်နေရာ အနီးမှာရှိသည့် ကျောက်ဖျာကြီး၏ အစွန်းပေါ် လက်တစ်ဖက်ဖြင့်ထောက်၍ ခြေတစ်ဖက်ကို မြှောက်ကာ ထိုမြှောက်အပ်သော ခြေကို ဒူးဆစ်ပေါ် တင်ထားပြီးလျှင် အသက်လေသို့ ရှေးရှုလျက် ခံတွင်းဖွင့်ဟကာ ရပ်နေလေသည်။

အကျင့်ထက်သူဖြစ်ကြောင်း ကြွား

ကျင်ကြီးစွန့်လာကြသော မြို့သူမြို့သားများသည် ဇမ္ဗုကကို တွေ့လျှင် အနီး လာရှိခိုး၍ "အရှင်မြတ်ဘုရား ...အရှင်မြတ်သည် ဘယ်အတွက်ကြောင့် ခံတွင်းဖွင့်ဟ၍ ရပ်နေပါသလဲ"ဟု မေးကြလေသည်။ ဇမ္ဗုကက "ငါကား လေကိုသာ စားသူဖြစ်၏၊ ငါ့မှာ လေမှတစ်ပါး အခြား အစာအာဟာရ မရှိ"ဟု ကြွားဝါပြောလေသည်။

"အရှင်မြတ်ဘုရား ... ဘယ်အတွက်ကြောင့် ခြေ တစ် ဖက် ကို မြှောက်ကာ ဒူးပေါ်ထောက်၍ ရပ်နေပါသလဲ"ဟု မေးကြပြန်သော် "ငါကား ထက်မြက်ပြင်းထန်သော အကျင့်ရှိသူ ဖြစ်သည်။ ငါ ခြေနှစ်ဖက်လုံးဖြင့် နင်းခဲ့သော် မြေကြီး သည် အပြင်းအထန် လှုပ်၏။ သို့

အတွက်ကြောင့် ငါသည် ခြေတစ်ဖက်ကိုမြှောက်၍ ထိုခြေကို ဒူးပေါ်တောက်ပြီး ရပ်နေလေသည်။ ငါ ခြေနှစ်ဖက်လုံး မြေပေါ်နင်းကျင်မြဲလှုပ်သည့်အတွက်ကြောင့် ငါဟာ ညဥ့်ခရော နေ့ပါ ရပ်လျက်သာ အချိန်ကုန်စေရ၏။ ထိုင်လဲ မထိုင်ပါ၊ ...လဲ မအိပ်ပါ''ဟု ထပ်မံကြွားဝါနေပြန်လေသည်။

## လူများ ယုံကာ အသင်ကြီးကြ

လူတို့မည်သည် ...များသော...ဖြင့် ပြောသည့်စကားမျှကိုသာ ယုံကြည်လေးစားတတ်ကြ၏။ ...လောက် မ...လောက် ဆင်ခြင်စဉ်းစားသူ...နည်းပါးလှ၏၊ သို့အတွက်ကြောင့် ''ဩော်.... အံ့ဖွယ်ရှိလေစွ၊ ဒီမျှလောက် ထက်မြက်ပြင်းထန်သည့် အကျင့်ရှိသော ပုဂ္ဂိုလ်မျိုးသည် လောကမှာ ရှိ၏။ ခုလို ...ကျင့်ပြင်းထန်သည့် ပုဂ္ဂိုလ်မျိုးကို ငါတို့ ခရေးက မမြင်ဘူးကြကုန်''ဟု ချီးမွမ်းစကား ပြောဆိုကြကာ တုန်လှုပ်ခြောက်ခြား အုတ်အုတ်ကျက်ကျက်ဖြစ်လျက် ဇမ္ဗုကထံ ဆည်းကပ်၍ ကြီးစွာသော ပူဇော်သက္ကာရကို လာစဉ်ပြုလုပ်ကြလေသည်၊

## သူက အလှူမခံလေ လူများက အသင်ကြီးလေ

ဇမ္ဗုကသည် မြို့သူမြို့သားများက ပူဇော်သက္ကာရ ပြုသောအခါ ''ငါဟာ လေကိုသာ စားသည်၊ သေမှတစ်ပါးသော အစာအဟာရကို ငါ မစား၊ သေမှတစ်ပါးသော အစာအဟာရကို စားမိသော် ငါ့ အကျင့် ပျက်စီး၏''ဟု ပြောဆိုကာ မြို့သူမြို့သားများ ဆက်ကပ်လာသော အစာအဟာရကောင်းများကို အနည်းငယ်မျှပင် အလိုမရှိဘဲ ငြင်းဆန်၍သာ နေလေလျှင် မြို့သူမြို့သားများက ''အရှင်ဘုရား ...တပည့်တော်တို့ကို မပျက်စီး မဆုံးရှုံးပါစေနှင့်၊ အရှင်ဘုရားကဲ့သို့သော အကျင့်ပြင်းထန်သည့် ပုဂ္ဂိုလ်က ...သော် တပည့်တော်များ ကာလရှည်ကြာ စီးပွားချမ်းသာ တိုးတက်ဖို့ရန် ဖြစ်ပါသည်''ဟု ထပ်တလဲလဲ တောင်းပန်ကြလေသည်။

ဇမ္ဗုကကား မစင်မှတစ်ပါး အခြား အစာအဟာရကို မနှစ်သက်ပေ။ သို့သော်လည်း လူများက အတပ်အကြပ်တောင်းပန်၍သာ ထိုလူများ ယူလာသော ထောပတ်၊ တင်လဲ စသည်တို့ကို သန်းမြက်ဖျားဖြင့် ခပ်ယူကာ လျှာဖျားပေါ် ...ထားပြီးလျှင် ''သွားကြပေ

တော့၊ သင်တို့အတွက်တာ ဒီမျှလောက်ဆိုလျှင် စီးပွားချမ်းသာ တိုးတက်ဖို့ရန် ဖြစ်လောက်ပေပြီ''ဟု ပြောဆို၍ လူများကို ပြန်လွှတ်လေသည်။

(၅၅)နှစ်ကြာ ဝင့်ကြွေး၊(၄)မျိုး ခံစားရ

ဤပုံဖြင့် ဇမ္ဗုကသည် ရဟန္တာအား ဆဲရေးခဲ့သည့် အကုသိုလ် ဝစီဘေဒကြောင့်—

(၁) အဝတ်ကို မဝတ်နိုင်ခြင်း၊

(၂) မစင်ကိုသာ စားရခြင်း၊

(၃) ဆံပင်များကို ထန်းစေ့မှုတ်ပိုင်းဖြင့် အနှုတ်ခံရခြင်း၊

(၄) မြေပေါ် အမြဲအိပ်ရခြင်း၊

ဤဝင့်ကြွေး လေးမျိုးလိုက်ပါကာ ငါးဆယ့်ငါးနှစ်ကြာ ကာလပတ်လုံး ထိုဝင့်ကြွေး လေးမျိုးဖြင့်သာ အချိန်ကုန်ရလေသည်။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်

တစ်နေ့သ၌ ဇမ္ဗုကထံ ဘုရားရှင် ကြွရောက် ချွတ်တော်မူလေသည်။ ဇမ္ဗုက တက္ကတွန်းသည် ဘုရားရှင်၏ သစ္စာလေးပါး တရားကို ကြားနာရသောအဆုံး၌ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်လေသည်။ ရဟန္တာ ဖြစ်သည်နှင့်တစ်ပြိုင်နက် ရှေးမကောင်းမှုကံလည်း ကုန်လေသည်။

ဟေိဘိက္ခု ရဟန်းဖြစ်

ရဟန္တာဖြစ်လျှင် ရဟန်းပြုပေးပါရန် ဘုရားရှင်ကို တောင်းပန်လျှောက်ထားလေသည်။ ဘုရားရှင်က လက်ျာလက်တော်ကို ဆန့်၍ "ဟေိဘိက္ခု (ရဟန်း.. လာလော့)''ဟု ခေါ်လိုက်လေလျှင် ခေါ်သည့်ခဏမှာပင် လူ့အသွင်ပျောက်ကာ ပရိက္ခရာရှစ်ပါးလွယ်လျက် ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးကဲ့သို့ ဖြစ်လေသည်။ ။ဤကား ဇမ္ဗုက တက္ကတွန်း ဝစီဘေဒ ထိတိုင်းအရှခံရပုံတည်း။ (ဓမ္မပဒ ဇမ္ဗုကတ္ထေရ ဝတ္ထု)

## ကြောက်ဖွယ်ဝဋ်ကြွေး

ဤငတ္ထုလ္လ ဇမ္ဗုကာဇာက္ကတွန်းသည် ကဿပဘုရားရှင် သာသနာတွင်းဝယ် ရဟန္တာအရှင်မြတ်ကို ဆဲရေးခြင်းလေးမျိုးဖြင့် ဆဲရေးခဲ့သည့် ဝစီဘေဒကြောင့် ဤမဟာပထဝီမြေကြီး တစ်ယူဇနာနှင့် သုံးဂါဝုတ် အထက်သို့ မြင့်တက်သည်တိုင်အောင် အဝီစိငရဲ၌ ကျက်ခဲ့ရ၊ လောင်ကျွမ်းခဲ့ရပြီးလျှင် ထိုအကုသိုလ်ကံအကြွင်းအကျန်ကြောင့် ငါးဆယ့်ငါးနှစ်ကြာ ကာလပတ်လုံး အဝတ်မဝတ်နိုင်ခြင်း စသော လူမဆန်သည့် ဖောက်ပြန်ခြင်းလေးမျိုးသို့ ရောက်ခဲ့ရလေသည်။

နှုတ်မယဉ်ကျေး၊ ပြောဆိုရေး၊ ဝဋ်ကြွေးကြောက်ဖွယ်ပါတကား။

——

အရှင်မဟာကစ္စည်း ရဟန္တာမထေရ်ကို
"ဒီရဟန်း မျောက်နှင့်တူသည်"ဟု ကဲ့ရဲ့ခဲ့သော
ဝစီဘေဒကြောင့် ဝေဿကာရပုဏ္ဏား
ဝေဠုဝန်ဥယျာဉ်မှာ မျောက်ဖြစ်ရ

---

# ဝစီဘေဒ ထိခဲ့ပုံ

"မျောက်နှင့်တူသည်"ဟု ကဲ့ရဲ့

ဝေဿကာရပုဏ္ဏားသည် အရှင်မဟာကစ္စည်း ရဟန္တာမထေရ်၏ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာတော်မူသည်ကို မြင်လျှင် "ဒီရဟန်း မျောက်နှင့်တူသည်"ဟု ကဲ့ရဲ့လေသည်။

ဘုရားရှင်က "မျောက်ညိုဖြစ်လိမ့်မည်"ဟု မိန့်တော်မူ

ဘုရားရှင်သည် ထိုစကားကို ကြားတော်မူလျှင် ဝေဿကာရ ပုဏ္ဏားသည် အရှင်မဟာကစ္စည်းမထေရ်ကို သည်းခံစေလျှင် (တောင်းပန် လေလျှင်၊ ကန်တော့လေလျှင်) ကောင်း၏(အပြစ်မရှိ)။ အကယ်၍ သည်းမခံစေလျှင် (မတောင်းပန်လျှင်၊ မကန်တော့လျှင် ဝေဿကာရ ပုဏ္ဏား ဒီဝေဠုဝန်ဥယျာဉ်၌ မျောက်ညိုဖြစ်လိမ့်မည်"ဟု မိန့်တော်မူ လေသည်။

ပုဏ္ဏား ကြို့ပြီးသစ်ပင်များစိုက်

ဝေဿကာရပုဏ္ဏားသည် ထိုစကားကို ကြားသော် "ရဟန်း ဂေါတမ၏ စကားသည် နှစ်ခွဖြစ်ခြင်းမည်သည် မရှိ၊ နောင်အခါ ငါ

မျောက်ဖြစ်သောအခါဝယ် စားကျက်(အစာလှည့်လည်ရာအရပ်) ဖြစ်လိမ့်မည်''ဟု ကြံစည်စဉ်းစား၍ ဝေဠုဝန်ဥယျာဉ်၌ သစ်ပင်များ စိုက်ပျိုးပြီး အစောင့်အရှောက် ထားလေသတဲ့။

ဤကား ဝစီဘေဒထိပုံကည်း။

## ဝစီဘေဒ ထိတိုင်းရှုပုံ

### ဝေဿကာရပုဏ္ဏား မျောက်ဖြစ်

ဝေဿကာရပုဏ္ဏားသည် ထိုဘဝမှ သေသော် ထိုဝစီဘေဒမကောင်းမှုကြောင့် ဝေဠုဝန်ဥယျာဉ်၌ မျောက်ဖြစ်လေသည်။ ''ဝေဿကာရ''ဟု ခေါ်လျှင် လာ၍ အနီးမှာနေလေသတဲ့။ ။ ဤကား ဝစီဘေဒထိတိုင်းရှုံ့တည်း။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ ဂေါပကမောဂ္ဂလ္လာနသုတ်)

### ကန်တော့လျှင် အန္တရာယ် မဖြစ်

အရိယာတို့ကို စွပ်စွဲကဲ့ရဲ့သည့် အရိယူပဝါဒ မကောင်းမှုသည် ကန်တော့သည်ရှိသော် အန္တရာယ်မဖြစ်။ ထို့ကြောင့် ဘုရားရှင်က ''ကန်တော့လျှင် ကောင်းသည်''ဟု မိန့်တော်မူခြင်း ဖြစ်၏။

အရိယူပဝါဒပါပံ ခမာပေနေ သတိ အန္တရာယာယ နဟောတီတိ အာဟ ''ဣစ္စေတံ ကုသလ''န္တိ။ (ယင်းဋီကာ)

## ကြောက်ဖွယ်လိလိသာ

တစ်ခွန်းတည်းသောစကားကြောင့် စကားနှင့်တူစွာ မကောင်းကျိုးရရှိလေရာ ဝစီဘေဒကား ကြောက်ဖွယ်လိလိသာ ဖြစ်လေသည် တကား။

——

ရဟန်းများကို "ဒီမစင်များကို စားလဲစားကြပါ၊
ယူလဲယူကြပါ" ဟု ရှင်းပြစော်ကားပြောခဲ့သော
ဝစီဘေဒကြောင့် ပုဏ္ဏားပျက် ငရဲကျပြီးနောက်
မစင်တွင်းထဲ ပြိတ္တာဖြစ်ကာ
မစင်စားနေရ

---

# ဝစီဘေဒ ထိခဲ့ပုံ

ဆွမ်းစားပင့်ပြီး စားကျင်းထဲ မစင်အပြည့်ထည့်ထား

ကဿပဘုရားရှင်လက်ထက်တော်အခါ၌ ရာဇဂြိုဟ်မြို့၌ ပုဏ္ဏားပျက်တစ်ယောက် ရှိ၏။ ပုဏ္ဏားပျက်သည် ရဟန်းသံဃာများကို အိမ်ဆွမ်းစားပင့်ပြီးလျှင် စားကျင်း(သစ်သားကို တွင်းထားသော ဝက်စသည်ကို အစာထည့်ကျွေးသည့်ကျင်း)ထဲ မစင်အပြည့် ထည့်ထားလေသည်။

မစင်များကို စားဖို့ ယူဖို့ ပြော

ရဟန်းသံဃာများ ကြွရောက်လာသောအခါ "အရှင်ဘုရားတို့... ဒီမစင်များကို အလိုရှိတိုင်း စားလဲစားကြပါ၊ ယူလဲယူကြပါ" ဟု ရှင်းပြ စော်ကားပြောလေသည်။

ဤကား ဝစီဘေဒထိပုံတည်း။

## ဝစီဘေဒ ထိတိုင်းရှုံး

### ပုဏ္ဏားပျက် ငရဲကျ

ထိုပုဏ္ဏားပျက်သည် ထိုဘဝမှ စုတေသော် ငရဲ၌ ဖြစ်လေသည်။ ငရဲ၌ နှစ်ပေါင်းများစွာ ခံရလေသည်။

### မစင်တွင်းထဲ မစင်စား ပြိတ္တာဖြစ်

ငရဲမှလွတ်သော် ထိုကံ အကြွင်းအကျန်၏ အစွမ်းဖြင့် ရာဇဂြိုဟ်မြို့နှင့် ဂိဇ္ဈကုဋ်တောင် အကြားဝယ် မစင်ကျင်းထဲ၌ ပြိတ္တာဖြစ်၍ လက် နှစ်ဖက်ဖြင့် ယူ၍ မစင်ကို စားနေရသော ပြိတ္တာ ဖြစ်လေသည်။

### အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်လက္ခဏ ဆွမ်းခံဝင်

အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့် အရှင်လက္ခဏမထေရ်နှစ်ပါး ဂိဇ္ဈကုဋ်တောင်၌သီတင်းသုံးတော်မူရသောအခါ၌ တစ်နေ့သောနံနက်တွင် အရှင်မဟာမောဂ္ဂလာန်မထေရ်သည် အရှင် လက္ခဏကို ခေါ်၍ ရာဇဂြိုဟ် မြို့တွင်း ဆွမ်းခံဝင်ရန် ဂိဇ္ဈကုဋ်တောင်မှ ဆင်းတော်မူလေသည်။

### ထိုပြိတ္တာကို မြင်၍ အရှင်မဟာမောဂ္ဂလာန် ပြုံး

ဂိဇ္ဈကုဋ်တောင်မှ အဆင်း တစ်နေရာရောက် လျှင် အရှင်မဟာ မောဂ္ဂလာန်မထေရ်သည် ထိုမစင်စားပြိတ္တာကို မြင်၍ ပြုံးတော်မူလေ သည်။

### အရှင်လက္ခဏက ပြုံးခြင်းအကြောင်းကို မေး

ထိုအခါ အရှင်လက္ခဏက "ငါ့ရှင်....ဘယ်အကြောင်းကြောင့် ပြုံးရ သလဲ"ဟု ပြုံးခြင်း၏အကြောင်းကို မေးတော်မူလေသည်။

### ဘုရားရှင်ရှေ့မှောက်ရောက်မှ မေးဖို့လျှောက်

အရှင်မဟာမောဂ္ဂလာန်မထေရ်က ဘုရားရှင်ထံသို့ သက်သေထား လို၍ "ငါ့ရှင်....ဒီမေးခွန်းကို ခုအခါ ဖြေမည့်အခါ မဟုတ်သေး....၊ ဘုရားရှင်ရှေ့မှောက်ရောက်မှ မေးပါ"ဟု လျှောက်လေသည်။

ဘုရားရှင်ရှေ့မှောက်ရောက်လျှင် အရှင်လက္ခဏက မေး

ဆွမ်းခံ၍ ဆွမ်းစားပြီးသော် မြို့တွင်းမှ ပြန်လာကြသော ဘုရားရှင်ထံ ချဉ်းကပ်ကြလေသည်။ ဘုရားရှင်ထံမှောက်ရောက်သော် ဘုရားရှင်ကို လက်အုပ်ချီရှိခိုးလျက် ထိုင်နေကြလေသည်။ ထိုအခါ အရှင်လက္ခဏက အရှင်မဟာမောဂ္ဂလာန်ကို "ငါ့ရှင်.... ဂိဇ္ဈကုဋ်တောင်မှ အဆင်းတစ်နေရာအရောက်တွင် ငါ့ရှင် ပြုံးတော်မူ၏၊ ဘယ်အတွက်ကြောင့် ပြုံးရသလဲ"ဟု မေးလေသည်။

အရှင်မဟာမောဂ္ဂလာန်က ဖြေ

"ငါ့ရှင်...ဂိဇ္ဈကုဋ်တောင်မှအဆင်းတွင် မစင်စားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာသည် မစင်တွင်း၌ နစ်မြုပ်ကာ လက်နှစ်ဖက်ဖြင့် မစင်ကိုယူ၍ စားနေရ၏၊ ထိုအခါ ငါ့အား 'သံသရာ၌ ကျင်လည်သွားလာသော သတ္တဝါတို့မည်သည် ခုလို အတ္တဘောမှ မလွတ်နိုင်ကြကုန်' ဟု သတ္တဝါတို့အပေါ် သနားခြင်းကိုစွဲ၍ သံဝေဂဖြစ်ကာ 'အချင်းတို့.... အံ့သြဖွယ်ရှိစွတကား၊ မဖြစ်ဘူးမြဲ ရှိစွတကား၊ ဒီလိုသတ္တဝါမျိုး ရှိမှရှိရပလေ၊ ဒီလိုပြိတ္တာမျိုး ရှိမှရှိရပလေ၊ ဒီလို ခန္ဓာကိုယ်အတ္တဘောမျိုး ရှိမှရှိရပလေ'ဟု အကြံဖြစ်ခဲ့ပါ၏၊ငါ့ရှင်....ခုလိုသဘောရှိသော ပြိတ္တာကိုမြင်သောကြောင့် ပြုံးပါသည်"ဟု ဖြေလေသည်။

ဘုရားရှင်က အရှင်မဟာမောဂ္ဂလာန်စကားကို ထောက်ခံ၍ အကြောင်းကံကို ဟော

ထိုအခါ ဘုရားရှင်က "ရဟန်းတို့....ငါ့တပည့် သာဝကတို့သည် နတ်မျက်စိနှင့်တူသော မျက်စိ(ဒိဗ္ဗစက္ခု)အမြင် ရှိသည်ဖြစ်၍ နေကြပေသည်တကား၊ ငါ့တပည့်သာဝကပင် ဒီလိုသတ္တဝါမျိုးကို သိလဲသိနိုင်တုံဘိ၏၊ မြင်လဲမြင်နိုင်တုံဘိ၏၊ ငါဘုရားသည် ထိုသတ္တဝါတို့ကို ဗောဓိပင်ဝယ် သဗ္ဗညုတဉာဏ်ကို ရတော်မူစဉ်အခါကပင် မြင်တော်မူခဲ့၏၊ မြင်တော်မူခဲ့သော်လည်း ငါ ဒီအကြောင်းကို ဟောတော်မူခဲ့လျှင် တစ်ပါးသူတို့ ယုံကြည်မည် မဟုတ်ရာ၊ ငါ့ကို မယုံကြည်သူတို့အား မယုံကြည်သည့်အတွက်ကြောင့် ကြာမြင့်စွာသောကာလပတ်လုံး အကျိုးမဲ့ဖြစ်လေရာ၏၊ ဆင်းရဲခြင်းဖြစ်လေရာ၏၊ သို့အတွက်ကြောင့် ငါဘုရား ဟောတော်မမူခဲ့ပ။

"ရဟန်းတို့.... ဒီသတ္တဝါသည် ဒီရာဇဂြိုဟ်မြို့၌ပင် ပုဏ္ဏားပျက် ဖြစ်ခဲ့၏၊ ထိုပုဏ္ဏားပျက်သည် ကဿပဘုရားရှင်သာသနာတော်၌ ရဟန်းသံဃာကို သိမ်းစားပင့်ဖိတ်ပြီးလျှင် စားကျင်းဝယ် မစင်အပြည့်ထည့်၍ 'အရှင်ဘုရားတို့....ဒီမစင်များကို အလိုရှိတိုင်း စားသုံးစားကြပါ၊ ယူလဲ ယူကြပါ'ဟု ရိုင်းပြစွာပြောဆိုသော ဝစီဘေဒမကောင်းမှုကြောင့် အသိန်းမကသောနှစ်တို့ပတ်လုံး ငရဲခံရပြီးနောက် ထိုကံ၏အကြွင်းအကျန်၏ အစွမ်းဖြင့် ဒီခန္ဓာကိုယ် အတ္တဘောကို ရရှိ၍ ဒီဆင်းရဲမှုကို ခံစားရ၏" ဟု မိန့်တော်မူသည်။ ။ဤကား ဝစီဘေဒ ထိတိုင်းရှုံ့ပုံတည်း။ (နိဒါနဝဂ် လက္ခဏသံယုတ် ဂူထခါဒိသုတ်)။

## အရှုံမခံချင် ထိပါးမှုကို ဆင်ခြင်

ထိကရှုမည်။ သူတစ်ပါးကို ထိပါးစော်ကားပြောက ပြောသည့် အတိုင်း မိမိမှာ ခံရမည်။ ဒုက္ခနှင့် ရင်ဆိုင်ရမည်။ ထို့ကြောင့် အရှုံမခံလိုလျှင်၊ ဆင်းရဲဒုက္ခနှင့် ရင်မဆိုင်လိုလျှင် သူတစ်ပါးကို ထိပါးစော်ကား ပြောမှုကို ဆင်ခြင် ရှောင်ကြဉ်ရာသတည်း။

—

ရဟန်း, သူတော်စင်တို့ကို ဆဲရေးသော ဝစီဒေဒုစရိုက်ကြောင့်
ပုဏ္ဏားလင်မယား ပြိတ္တာဖြစ်ကာ ဝါရင်းတုတ်ဖြင့်
အပြန်အလှန် ရိုက်၍ သွေးများကို
ဖောက်သောက်နေကြရ

---

# ဝစီဒုစရိုက်ခံ့ပုံ

အရှင်သံကိစ္စ ဂိဇ္ဈကုဋ်၌ သီတင်းသုံး

အချိန်မှာ ခုနစ်နှစ်အရွယ် သာမဏေဘဝကပင် ရဟန္တာဖြစ်သည့် အရှင်သံကိစ္စရဟန္တာမထေရ် ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သီတင်းသုံးတော်မူသည့်အချိန် ဖြစ်၏။

မိတ္တဝိန္ဒပုဏ္ဏား၏သားကို တရားဟော

ထိုအချိန်၌ ဗာရာဏသီမြို့ဝယ် သားနှစ်ယောက် သမီးတစ်ယောက်ရှိသော မိတ္တဝိန္ဒ (မှားသော အယူရှိသော) ပုဏ္ဏားတစ်ယောက်ရှိ၏။ သားသမီးသုံးယောက်အနက် သားကြီးသည် ဥပါသကာတစ်ယောက်၏မိတ်ဆွေ ဖြစ်လေသည်။ တစ်နေ့သ၌ ထိုဥပါသကာသည် ထိုမိတ်ဆွေကို အရှင်သံကိစ္စမထေရ်ထံ ခေါ်သွားလေလျှင် မထေရ်က တရားဟောလေသည်။

ကြည်ညို၍ ဆွမ်းကပ်

မထေရ်က တရားဟောသဖြင့် မိတ်ဆွေပုဏ္ဏားသား စိတ်နှလုံးသိမ်မွေ့လာသည့်အခါ ဥပါသကာက မိတ်ဆွေဖြစ်သူကို "မိတ်ဆွေ.... ရဟန်းတစ်ပါးအား နိစ္စဘတ်(အမြဲလှူသည့်ဆွမ်း)ကို လှူပါ" ဟု တိုက်

တွန်းလေသည်။ မိတ်ဆွေဖြစ်သူက ''ငါတို့ပုဏ္ဏားများ ရဟန်းတို့အား နှိပ်စက်လိုခြင်းလုံးဝမရှိ၍ ငါ မလှူနိုင်ပါ''ဟု ငြင်းပယ်၍ ''ငါ လှူသည့် တိုင်အောင် ငါ့အား လှူခွင့်ပေးမည်မဟုတ်ပါ''ဟု ဆက်ပြောလေသည်။ ဥပါသကာက ''ဘာလိုမပေး ဘဲနေပါမလဲ''ဟု ပြောသဖြင့် မိတ်ဆွေဖြစ်သူက ''ဒီလိုဆို ရဟန်းတစ်ပါး ပေးပါ''ဟု တောင်းလေသည်။ ဥပါသကာက ရဟန်းတစ်ပါးကို ပေးလေလျှင် မိတ်ဆွေဖြစ်သူသည် နောက်နေ့နံနက်စောစော ကျောင်းသွား၍ ရဟန်းတစ်ပါးပင့်၍ ဆွမ်းကျွေးလေသည်။

## မောင်နှမ(၃)ယောက် ဗုဒ္ဓဘာသာပြောင်း

အချိန်အတန်ကြာသော် ရဟန်းတို့၏ အကျင့်ကိုလည်း၊ မြင်ရ၊ တရားကိုလည်း နာရ၍ ညီဖြစ်သူရော ညီမဖြစ်သူပါ အားသနားတော်၌ အလွန်ကြည်ညိုကာ ကောင်းမှု၌ မွေ့လျော်ကြလေသည်။ မောင်နှမ သုံးယောက်သည် စည်းစိမ်ဥစ္စာအားလျော်စွာ ဒါနစသော ကောင်းမှုများကို ပြုလျက် ရဟန်းများကို ကိုးကွယ်ဆည်းကပ်ကြလေသည်။

## မိဘတို့က ရဟန်းများကို ဆဲ

မိဘတို့ကား သဒ္ဓါတရားမရှိ၊ ရဟန်းသံဃာကို မကြည်ညိုသည် ဖြစ်၍ ကုသိုလ်ကောင်းမှု မပြုကြရုံသာမက ရဟန်းသံဃာများကို ဆဲရေးကြလေသည်။

## သမီးကို ဝမ်းကွဲမောင်နှင့်ပေးစားဖို့ စီစဉ်

ထိုပုဏ္ဏားလင်မယားသည် သမီးကို သူ့ဦးရီး(အမိ၏မောင်)၏ သားနှင့် မောင်နှမတစ်ဝမ်းကွဲချင်း ပေးစားရန် စီစဉ်ကြလေသည်။

## မောင်က မယူဘဲ သာမဏေပြု

စီစဉ်ကြသော်လည်း ဦးရီးသားသည် မထေရ်၏တရားနာရ၍ သံဝေဂရကာ အိမ်ထောင်မပြုလိုသဖြင့် လက်မခံဘဲ အရှင်သာရိပုတ္တရာမထေရ်ထံ သာမဏေပြုလေသည်။

### ဖြားယောင်း၍ သာမဏေ လူထွက်ချင်

သာမဏေသည် နေ့စဉ်အိမ်ဆွမ်းစားကြွလေလျှင် သာမဏေကို မိခင်ဖြစ်သူက အရိုး(အဖေ၏အစ်ကို)၏သမီးနှင့် ဖြားယောင်းသွေးဆောင်လေသည်။ ဖြားယောင်းသွေးဆောင်မှုကြောင့် သာမဏေသည် လူထွက်ချင်၍ မထေရ်ကို "အရှင်ဘုရား... တပည့်တော် လူထွက်ချင်ပါသည်၊ ခွင့်ပြုတော်မူပါ"ဟု လျှောက်ထားလေသည်။

### မထေရ်က ဆိုင်းဖို့ပြော

မထေရ်သည် မဂ်ဖိုလ်ရကြောင်းကောင်းမှုနှင့် ပြည့်စုံသည်ကို မြင်၍ "ငါ့ရှင်သာမဏေ....တစ်လမျှဆိုင်းဦး"ဟု မိန့်တော်မူလေသည်။ သာမဏေကလည်း "ကောင်းပါပြီဘုရား"ဟု ဝန်ခံလေသည်။

တစ်လကျော်လာသောအခါ သာမဏေက ရှေးနည်းတူ လျှောက်ပြန်လေလျှင် မထေရ်က "နောက်လဝက်ဆိုင်းပါဦး"ဟု အဆိုင်းခိုင်းပြန်လေသည်။ လဝက်ကျော်လာပြန်သော် သာမဏေက လျှောက်ပြန်လေလျှင် "ခုနစ်ရက်ဆိုင်းဦး"ဟု အဆိုင်းခိုင်းပြန်လေသည်။ သာမဏေကလည်း "ကောင်းပါပြီဘုရား"ဟု ဝန်ခံလေသည်။

### သားအဖ(၅)ယောက် အိမ်ပိသေ

ထိုခုနစ်ရက်အတွင်း သာမဏေ၏အရိုးအိမ်သည် မိုးသက်လေပြင်းတိုက်ခတ်၍ ပြိုလဲလေလျှင် ပုဏ္ဏားလင်မယားရော သားသမီးသုံးယောက်ပါ ငါးအိမ်သားလုံး အိမ်ပိသေလေသည်။

### သားသမီး (၃) ယောက် ဘုမ္မစိုးနတ်ဖြစ်

သားသမီးသုံးယောက်မှ ဘုမ္မစိုးနတ်ဖြစ်လေသည်။ အစ်ကိုဖြစ်သူအတွက် ဆင်ယာဉ်ဖြစ်ပေါ်လာ၍ ညီဖြစ်သူအတွက် အဿထိုရ်မြင်းက သောရထားယာဉ် ဖြစ်ပေါ်လာကာ ညီမဖြစ်သူအတွက် ရွှေထမ်းစင်ဖြစ်ပေါ်လာလေသည်။

ဤကား ဝစီဘေဒထိပုံတည်း။

## ဝစီဘေဒ ထိတိုင်းရှုပုံ

### ပုဏ္ဏားလင်းမယား ဖြိတ္တာဖြစ်ကာ အပြန်အလှန် ရိုက်နှက် သွေးယိုကာလောက်

ပုဏ္ဏားလင်းမယားမှာမ ပြိတ္တာဖြစ်ကာ ဝါးရင်းတုတ်ကြီးများကို ကိုယ်စီကိုင်၍ အပြန်အလှန် ရိုက်နှက်နေကြလေသည်။ ရိုက်နှက်ရာမှ အိုးပမာဏ အိုင်းအနာဖုများ ချက်ချင်းဖြစ်ပေါ်လာ၍ ချက်ချင်းမှ [illegible] ကွဲလေသည်။ ပုဏ္ဏားလင်မယားသည် အချင်းချင်း အပြန်အလှန် [illegible] အနာဖုများကို ဖောက်၍ [illegible] ပြည်တို့ [illegible] ခြင်း ခြောက်ကြလျက် သွေးကို [illegible] သောက်ကြပါလေ [illegible] လည်း အဆာမပြေကြ [illegible]။

### မထေရ်က ထိုနတ်၊ ဖြိတ္တာတို့ သွားနေသည်ကို သာမဏေ ဖြင်အောင်ပြ

ထိုအခါ သာမဏေသည် [illegible] မထေရ်တံ ချဉ်းကပ်၍ "အရှင်ဘုရား...တပည့်တော် ပန်ခံဖတ်ပေးတော [illegible] ကုန်ဆုံးခဲ့ပါပြီ တပည့်တော် [illegible] ခွင့်ပြုတော်မူပါ" ဟု လျှောက်လေသည်။ မထေရ်သည် အာချမလျော့မဆိုဘဲ [illegible] (၁၄) ရက်နေ့ ရောက်လျှင် နေဝင်သည့်အခါ "သာမဏေ...လာ" ဟု ခေါ်၍ ကျောင်းနောက်ဖက်ရှိ လမ်းအဆုံး [illegible] ရပ်နေလေသည်။

ထိုအခါ ရုက္ခစိုးနတ်သား နှစ်ယောက်သည် ညီမနှင့်အတူ ထိုလမ်းကနေ နတ်သဘင် အစည်းအဝေး သွားကြလေသည်။ ထိုပေါင်းနှမ သုံးယောက်၏ မိဘများမှာ မီးလောင်ထားသော ထန်းတုတ်ကဲ့ ညီညီမည်းမည်း အလွန်စက်ဆုပ်ဖွယ် အဆင်းရှိပြီးလျှင် ကြမ်းကြမ်းတမ်းတမ်း ပြောဆိုသဲရေးကြလျက် ဝါးရင်းတုတ်ကိုယ်စီဖြင့် သားသမီးတို့နောက်က လိုက်ကြလေသည်။ ထိုအခါ မထေရ်က သာမဏေမြင်အောင် တန်ခိုးဖြင့် ဖန်ဆင်းပြလေသည်။

### မထေရ်က အမေးခိုင်းသဖြင့် သာမဏေက မေး

ထိုအခါ မထေရ်က သာမဏေကို "သာမဏေ...သွားနေသူများကို မြင်ရဲ့လား" ဟု မေးလေသည်။ "မြင်ပါသည် ဘုရား" ဟု လျှောက်

ထားသော် "မြင်လျှင် ဒီလူများ ပြုခဲ့သည့် အကြောင်းကိုကို မေးပါ" ဟု အမေးခိုင်းလေသည်။ သာမဏေသည် မထေရ် ခိုင်းသည့်အတိုင်း ဆင်ယာဉ်စသည်ကို စီး၍သွားသော ရက္ခစိုးနတ်သား နှစ်ယောက်နှင့် နတ်သမီးကို အစဉ်အတိုင်း မေးလေလျှင် "နောက်ကလိုက်လာသည့် ပြိတ္တာများကို မေးပါ"ဟု ပြောကြလေသည်။

သာမဏေက ပြိတ္တာနှစ်ယောက်ကို "ရှေ့ဆုံးက နတ်သားသည် ဆင်ယာဉ်စီးသွား၏၊ အလယ်ကနတ်သားသည် မြင်းရထားယာဉ်စီးသွား၏၊ နောက်က နတ်သမီးသည် ရွှေထမ်းစင် စီးသွား၏၊ သင်တို့မှာမူကား ဘယ်မကောင်းမှုကိုကို ပြုခဲ့သောကြောင့် ခုလိုဖြစ်ကြရသလဲ"ဟု မေးလေသည်။

ပြိတ္တာလင်မယားက ပြေ

ပြိတ္တာလင်မယားက "ရှေ့ဆုံးနတ်သားက သားကြီး၊ အလယ်နတ်သားက သားငယ်၊ နောက်ဆုံးက နတ်သမီးက သမီး ဖြစ်ပါသည်။ သူတို့မောင်နှမ သုံးယောက်သည် ဝန်တိုမှုမရှိ၊ ရဟန်း, သူတော်စင်တို့အား ပေးကမ်းလှူဒါန်း၍ ခုလိုစည်းစိမ်ကို ရကြသည်။ တပည့်တော်တို့ကား ဝန်တိုသည်ဖြစ်၍ ရဟန်း, သူတော်စင်တို့ကို ဆဲရေးခဲ့သော ဝစီဘေဒမကောင်းမှုကြောင့် ခုလိုဖြစ်ရပါသည်"ဟု လျှောက်ပြီးလျှင် "သာမဏေ...တပည့်တော်တို့ကား သင့်ဦးရီးနှင့် အရီးတို့ ဖြစ်ကြသည်" ဟု ပြောလေသည်။

သာမဏေ ထိတ်လန့်၍ လူမထွက်ဖြစ်တော့

သာမဏေသည် ကိုစကားကို ကြားလျှင် ထိတ်လန့်သည်ဖြစ်၍ လူထွက်ချင်စိတ်ပျောက်ကာ "အရှင်ဘုရား... တပည့်တော် အရှင်ဘုရားကြောင့်သာ အကျိုးမဲ့ မဖြစ်ရသည်၊ ခု လူမထွက်လိုတော့ပါ" ဟု လျှောက်လေသတဲ့။

သာမဏေ ရဟန္တာဖြစ်

မထေရ်သည် သာမဏေနှင့် လျော်သည့်ကမ္မဋ္ဌာန်းကို သာမဏေအား ပေး၍ တရားအားထုတ်ခိုင်းလေသည်။ တရားကြိုးစားအားထုတ်

လေလျှင် မကြာမီမှာပင် ရဟန္တာဖြစ်လေသည်။ ။ဤကား ဝဒိဘောဒ ထိတိုင်းရှုပုံတည်း။ (နာဂပေတာတ္ထု)

## ကိုယ့်ဟာကိုယ် ကောင်းအောင် ကြိုးပမ်း

ဤဝတ္ထု၌ သားသမီးများသည် မိဘများကို ပြိတ္တာဖြစ်ကာ ဆင်းရဲဒုက္ခခံနေရသည်ကို မြင်ရသော်လည်း မကယ်နိုင်၊ ကိုယ်ပြု ကိုယ်ခံ၊ ကိုယ့်လမ်း ကိုယ်သွားကြရသည်ကို တွေ့ရှိရသော် ကိုယ့်ကိုယ်ကို ကိုယ် သနားသူတိုင်းသည် ကိုယ့်ဟာကိုယ် ကောင်းအောင် ကြိုးပမ်းကြရာ သတည်း။

စေတီတည်ရာ၌ လုပ်အားပေးခဲ့သည့် ဇနီးမောင်နှံဖြစ်စဉ်ဘဝက
ရဟန္တာမထေရ်ကို ဇနီးဖြစ်သူက ''ကျွန်မတို့အရှင်မြတ်သည်
ပြုံးတော်မူ၍၊ ကချေသည်တစ်ဦး ဖြစ်ပေလိမ့်မည်''
ဟု လင်ဖြစ်သူက ''ရှင်မပြောသည့်အတိုင်း
ကချေသည် ဖြစ်ပေလိမ့်မည်''ဟု ကဲ့ရဲ့စွပ်စွဲ
ပြောဆိုခဲ့ကြသော ဝစီဒေါသကြောင့်
ဥဂ္ဂသေနဇနီးမောင်နှံ ကချေသည်ဖြစ်ကြရ

---

# ဝစီဒေါသ ထိခဲ့ပုံ

စေတီခေါင်းကည်

ကဿပဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ဗာရာဏသီ မြို့သူမြို့သားတို့သည် ဗိုင်း၍ ကဿပဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာရန် ရွှေစေတီတည်ကြလေသည်။

ဇနီးမောင်နှံ ရဟန္တာကို ခွမ်းလှူ

ယခုလို စေတီတည်ကြစဉ် တစ်နေ့သ၌ ဗာရာဏသီမြို့သူမြို့သားတို့သည် ''လုပ်အားဖြင့် ပူဇော်မည်''ဟု ရည်ရွယ်ကာ ကိုယ်စီကိုယ်ငှ စားသောက်ဖွယ်ရာများကို လှည်းပေါ်တင်၍ စေတီတည်သည့်နေရာသို့ အသွား လမ်းခရီးအကြားတွင် ဆွမ်းခံဝင်သောမထေရ်တစ်ပါးကို တွေ့ကြလေသည်။

ထိုအထဲမှ အမျိုးသမီးတစ်ယောက်က ထိုဆွမ်းခံဝင်သည့်မထေရ်ကို ကြည်ညိုစိတ်ဖြစ်၍ လှည်းအုပ်ခိုင်းကာ ''အရှင်....မထေရ် ဆွမ်းခံ အဝင်နှင့် ကျွန်မတို့လှည်းပေါ်မှာလဲ စားသောက်ဖွယ် အများအပြား

ပါလာသည်နှင့် အသော်ပါ၊ လောကရှိ သိတ်တ သွားယူပါ၊ ဆွမ်းလောင်းလှူကြိုပါ ဟု လင်ကို နှိုးလေသည်။

လင်ဖြစ်သူ သွားရောက်၍ ဆင့်တ်ယူလာသောကြောင့် လင်မယားနှစ်ယောက် အား ပွဲယောက်များ ကို ဆွမ်းအပြည့် လောင်းထည့်ကြလေသည်။ ထို့နောက် ... ဇနီးမောင်နှံအတူ ... ကြောင့် ... နှစ်ယောက်လုံး ... ရဟန္တာ ... အဖိုးအခကို ရသည့်ကိုယ် ဖြစ်ကြ ... ဟု ဆုတောင်းကြလေသည်။

## ရဟန္တာမထေရ်မြတ် ပြုံးတော်မူ

ဆွမ်းခံမထေရ်ကား ... ရဟန္တာဖြစ်သောကြောင့် ဆုတောင်းပြည့်မည်၊ မပြည့်မည်ကို ... (လာလတ္တံ့သော အဖို့၌ သိသောဉာဏ်ဖြင့် ကြည့် ... ဆုတောင်းပြည့်မည်ကို သိမြင်တော်မူ၍ ပြုံးတော်မူလေသည်။

## သဘောတူ မလာရန်ကို ကဲ့ရဲ့

ဇနီးဖြစ်သူသည် ... ကျွန်မတို့ အရှင်မြတ် ပြုံးတော်မူ၏၊ ကာချေ ... ဟု ကဲ့ရဲ့ စကား ပြောလျှင် ... ဖြစ်သူကလည်း ... အတိုင်း ကာချေသည် ဖြစ်သလိမ့်မည် ဟု ... လက်ခံပြောလေသည်။

## နှုတ်မြည်ရောက်

ထိုလုပ်အားခပေးဇနီးမောင်နှံ ... ရဟန္တာမထေရ်မြတ်အား ဆွမ်းလှူခဲ့သော ကောင်းမှုကြောင့် ... နှုတ်မြည်ရောက်ကြလေသည်။

ဤကား ... ပြီ။

## ဝစီဘေဒ ထိတိုင်းရှပုံ

**ကချေသည်ဇနီးမောင်နှံဖြစ်လာ**

နတ်ပြည်မှစုတေသော် ဇနီးဖြစ်သူသည် ယခုနောက်ဆုံးဘဝ၌ ဘားကျွမ်းဆရာကြီး၏သမီး ဘားကျွမ်းကချေသည်မကလေး ဖြစ်လာလေသည်။ လင်ဖြစ်သူသည် ယခုနောက်ဆုံးဘဝ၌ ရာဇဂြိုဟ်မြို့ဝယ် သေဋ္ဌေးသားဥဂ္ဂသေန ဖြစ်လာ၍ အရွယ်ရောက်သော် ဘားကျွမ်းကချေသည်(သဘင်သည်) မကလေးနှင့် အကြောင်းပါက ဘားကျွမ်းကချေသည် ဖြစ်လေသည်။

**ကချေသည်တို့ ကပြဖျော်ဖြေ**

ခုခုပါဦးမည်....၊ ကချေသည် ငါးရာပါဝင်သည့် ဇာတ်သဘင်အဖွဲ့ကြီးသည် တစ်နှစ်ဘစ်ကြိမ် သို့မဟုတ် ခြောက်လတစ်ကြိမ် ရာဇဂြိုဟ်မြို့ မင်းနန်းတော်သို့သွားရောက်၍ မင်းကြီးကို ခုနစ်ရက်တိုင်တိုင် ပွဲသဘင်ကျင်းပ ကပြဖျော်ဖြေကြလေသည်။

**ပွဲကြည့်ပရိသတ်စည်ကား**

ပွဲကြည့်ပရိသတ် အင်မတန်များပြား စည်ကားလေသည်။ ပွဲကြည့်ပရိသတ်က ဆုချသဖြင့် ကချေသည်တို့ ရွှေငွေဆုလာဘ်အများအပြား ရရှိကြလေသည်။ ကပွဲတစ်ခန်းနှင့်တစ်ခန်း အကြားအကြား၌ ပွဲကြည့်ပရိသတ်က သဘောကျ၍ ဆုချကြသည်ကား ကုန်နိုင် ဆုံးနိုင် ပြီးနိုင်သည် မရှိ၊ အင်မတန်မှများလှ၏၊ မြို့သူမြို့သားများသည် ရှေ့နောက်နိမ့်မြင့် ခုတင်အဆင့်ဆင့်ထား၍ ပွဲကြည့်ကြလေသည်။

**ဘားကျွမ်းသည်ပကလေး ကျွမ်းထိုး**

မိမိအလှည့်ရောက်သောအခါ ဘားကျွမ်းဆရာကြီး၏သမီး ဘားကျွမ်း ကချေသည်မလေးသည် ကျွမ်းစင်ဝါးတန်းပေါ်တက်၍ ဝါးတန်းပေါ် ကောင်းကင်မှာပင် ကျွမ်းဘစ်ပတ်ထိုးပြီးလျှင် ဝါးတန်းပေါ်မှာပင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ကလည်းက၊ ဆိုလည်းဆိုလေသည်။

## ဥက္ကသေန ကချေသည်မလေးကို စွဲလမ်း

ထိုအခါ သေဋ္ဌေးသားဥက္ကသေနသည် သူငယ်ချင်းနှင့်အတူ ခုတင်ပေါ်ကနေ ပွဲကြည့်နေရာမှ သူမ၏ လက်ခြေချပုံ၊ မြှောက်ပုံ၊ ကွေးပုံ၊ ဆန့်ပုံ၊ အမူအရာများကို အလွန်သဘောကျနှစ်သက် တပ်မက်စွဲလန်း၍ အိမ်ပြန်ပြီး ''ဒီဘားကျွမ်းကချေသည်မလေးကို ရလျှင် ငါ အသက်ရှင်မည်၊ မရလျှင် ငါ ဒီခုတင်ပေါ်မှာပင် သေရပါလိမ့်မည်''ဟု ပွင့်ပွင့်လင်းလင်းပြောဆိုကာ ခုတင်ပေါ် အစာငတ်ခံ၍ တုံးလုံးအိပ်လေတော့သည်။

## မိဘများက သားကို နားချ

မိဘများက ''သား...သင့်မှာ ဘာရောဂါဖြစ်သလဲ''ဟု မေးသောအခါမှာလည်း ''နန်းတော်ရှေ့တွင် ကပြသည့် ကပွဲသဘင်မှာ ကျွန်တော်ကြည့်ခဲ့ရသည့် ဘားကျွမ်းကချေသည်မလေးကို ရလျှင် သား အသက်ရှင်ပါလိမ့်မည်၊ မရလျှင် ဒီခုတင်ပေါ်မှာပင် သေရပါလိမ့်မည်'' ဟု ပွင့်ပွင့်လင်းလင်း ပြောဆိုလေသည်။

မိဘများက သား....ဒီလိုမလုပ်ပါနှင့်၊ ငါတို့မျိုးနွယ် စည်းစိမ်ဥစ္စာနှင့် သင့်လျော်လျောက်ပတ်သည့် အမျိုးသမီးကို ရှာပေးပါမည်'' ဟု နားချကြလေသည်။ နားချကြသော်လည်း မရ၊ ရှေးအတူပြော၍ အိပ်မြဲအိပ်၍သာ နေလေသည်။

## ကချေသည်မလေးကို အတောင်းလွှတ်

သားကို အထပ်ထပ်တောင်းမန်သော်လည်း မရလေလျှင် ဖခင်ဖြစ်သူသည် သား၏သူငယ်ချင်းကို အခေါ်ခိုင်း၍ သား၏သူငယ်ချင်းရောက်လာလျှင် ငွေတစ်ထောင်ပေးအပ်ကာ ''ဒီငွေတစ်ထောင်ကိုလက်ခံ၍ ဘားကျွမ်းဆရာကြီး၏သမီးကို ကျွန်တော့်သား ဥက္ကသေနအတွက် ပေးစေချင်ပါသည်''ဟု စာရေး၍ ဘားကျွမ်းဆရာကြီးထံ လွှတ်လိုက်လေသည်။

## ''သွားလေရာရာလိုက်နိုင်မှ ပေးနိုင်မည်''ဟု ပြန်ကြား

ဘားကျွမ်းဆရာကြီးက ''ကျွန်တော့်သမီးကို ငွေဖြင့် မပေးနိုင်ပါ၊ အကယ်၍ ဥက္ကသေနသည် ကျွန်တော့်သမီးကိုမရက အသက်မရှင်နိုင်

သော် ကျွန်တော်တို့နှင့်အတူ ကျွန်တော်တို့သွားလေရာရာ လိုက်ပါ၊ ယခုလိုလိုက်နိုဝ်လျှင် ပေးပါမည်''ဟု သတင်းပြန်ကြားလိုက်လေသည်။

**ဥဂ္ဂသေန ဘားကျွမ်းဆရာကြီးထံ သွား**

မိဘများက ထိုအကြောင်းကို ဥဂ္ဂသေနအား ပြောကြလေလျှင် ဥဂ္ဂသေနက ''သား ကချေသည်တို့နှင့်အတူ ကချေသည်တို့ သွားလေရာရာ လိုက်ပါတော့မည်''ဟု ပြောလေသည်။ မိဘများက အကြိမ်ကြိမ် တောင်းပန်ကြသော်လည်း နားမထောင်ဘဲ ဘားကျွမ်းဆရာကြီးထံ သွားလေသည်။

**ဘားကျွမ်းဆရာကြီးက သမီးနှင့် ပေးစား**

ဘားကျွမ်းဆရာကြီးသည် ဥဂ္ဂသေနအား မိမိ၏စကားအတိုင်း သမီးနှင့်ပေးစားပြီးလျှင် ဥဂ္ဂသေနနှင့်အတူပင် မြို့ရွာတို့၌ ဘားကျွမ်း အတတ် လှည့်လည်ပြသလေသည်။

**မယားက စောင်းချိတ်ပြော**

ကချေသည်မကလေးသည် ဥဂ္ဂသေနကို အကြောင်းပြု၍ မကြာမီ သားရရှိလေသည်။ သားကို မြူးထူးပျော်ပါးကစားအောင် ကျီစယ်သည့်အခါ ''လှည်းစောင့်ကြီးရဲ့သား၊ ဘဏ္ဍာထမ်းကြီးရဲ့သား၊ ဘာ အတတ်ပညာကိုမျှ မတတ်သူရဲ့သား''ဟု ဥဂ္ဂသေနကို စောင်းချိတ် ပြောလေသည်။

ဥဂ္ဂသေနကား မယားပြောလျှင် ပြောစရာပင် ဥဂ္ဂသေနသည် ပွဲကရာအရပ်ရောက်လျှင် လှည်းပေါ်မှ ပစ္စည်းများကို ဝိုင်းချပြီး လှည်း ရပ်ထားသည့်နေရာ၌ နွားများကို မြက်ကျွေး၍ လှည်းစောင့်ရ၏။ ပွဲက ၍ရသော ဆုဥစ္စာများကို ထမ်းယူ ထိန်းသိမ်းရ၏။ ဤသည်ပင် သူ့ အလုပ်ဖြစ်၏။ ဤအချက်များကို ရည်၍ စောင်းချိတ်ပြောခြင်း ဖြစ် သည်။

**ငွေမရှာနိုင်သည့်လင် မယားမခင်**

ဥဂ္ဂသေနသည် မိမိကို စောင်းချိတ်ပြောသည်ကို သိ၍ ''ငါ့ကို ရည်ရွယ်၍ ပြောလေသလား''ဟု ကချေမကလေးကို မေးလေသည်။

ကချေသည်မကလေးက "ဟတ်ပါသည် ရှင့်ကို ရည်ရွယ်၍ ပြောပါသည်" ဟု ဖြေလေသည်။ "ဒီလိုဆိုလျှင် ငါ နင့်ကို ဖမ်း၍ မိဘရပ်ထံ ထွက်ပြေးမည်" ဟု ပြောလေသော် "ရှင် သွားသွား.... မသွားသွား.... ကျွန်မ မဖြုံပါ" ဟု ပြောလေသည်။ ကချေသည်မကလေးသည် ... စကားကို ဥက္ကသေန မကြိုက်မှန်းသိ၍ ထပ်တလဲလဲ ပြောလေသည်။ ကချေကလေးသည် မိမိ၏ ရုပ်ရည်လှပမှုနှင့် ငွေရလွယ်မှုကို အခြေပြုကာ ဥက္ကသေနကို အနည်းငယ်မျှပင် အလေးမလုပ်ချေ။

## ဥက္ကသေန ဘားကျွမ်းသင်

ဥက္ကသေနသည် "ဒီကချေသည်မ ဘာကိုအမှီပြု၍ မာနကြီးရသလဲ" ဟု စဉ်းစားသော် ဘားကျွမ်းအတတ်ကို အမှီပြု၍ မာနကြီးရသည်ကို ရိပ်မိ၍ "ရှိစေဦး၊ ငါလဲ ဘားကျွမ်း အတတ် သင်မည်" ဟု ကြံစည်ကာ ယောက္ခမဖြစ်သူ ဘားကျွမ်းဆရာကြီးထံ ဘားကျွမ်းသင်လေသည်။

## ဥက္ကသေန ကချေသည်ဖြစ်

ဥက္ကသေနသည် ဘားကျွမ်းဆရာကြီးတက် ... ဘားကျွမ်း အတတ်အားလုံး တတ်မြောက်အောင် သင်ယူပြီးသော် ဘားကျွမ်းကချေသည်ဖြစ်ကာ မြို့ရွာတို့၌ ဘားကျွမ်း လှည့်လည် ပြသလေသည်။ ဥက္ကသေနသည် အတောင်ခြောက်ဆယ်အမြင့် စိုက်ထူအပ်သော ဝါးပိုးလုံးပေါ်တက်ကာ ဝါးပိုးလုံးထိပ်ရောက်လျှင် ဝါးပိုးလုံးထိပ်ပေါ် ကောင်းကင်မှာပင် ခုနစ်ပတ်လည်အောင် ကျွမ်းပစ်ပြီးလျှင် ကောင်းကင်မှ ... ကျ၍ ဝါးပိုးလုံးထိပ်မှာပင် ရပ်တည်လေသည်။ ... ဘားကျွမ်းနိုင်နင်း လေသတဲ့။

## ဥက္ကသေန ဘားကျွမ်းပြ

တစ်နေ့သ၌ ဥက္ကသေနသည် ရာဇဂြိုဟ်မြို့ဝယ် နံနက်ခင်းအချိန်တွင် ဘားကျွမ်းပြလေသည်။ ဥက္ကသေနသည် အတောင်ခြောက်ဆယ်မြင့်သော ဝါးပိုးလုံးထိပ်၌ ရပ်၍ ကောင်းကင်မှာ ခုနစ်ပတ်လည်အောင် ကျွမ်းပစ်လျက် ကောင်းကင်မှ ဆင်းကာ ဝါးပိုးလုံးထိပ်မှာ ရပ်ခနေ ... ။

### ဘုရားရှင် ကြွရောက်လာ

ဘုရားရှင်သည် ဥဂ္ဂသေန ကနေ့ ကျွတ်တန်းဝင်မည်ကို သိ၍ ရဟန်းငါးရာခြံရံလျက် ထိုနေ့နံနက်ခင်း ဥဂ္ဂသေန ဘားကျွမ်းပြမည့် အချိန် ရာဇဂြိုဟ်မြို့တွင်း ဘားကျွမ်းပြမည့် နေရာအနီးမှ ဆွမ်းခံကြွတော်မူလေသည်။

### သူ့ကို ပရိသတ်က မကြည့်၍ ဥဂ္ဂသေန စိတ်ဓာတ်ကျ

ပွဲကြည့်ပရိသတ်သည် ဘုရားရှင်ကြွလာသည်ကိုသိလျှင် ဥဂ္ဂသေနကို မကြည့်ဘဲ ဘုရားရှင်ကိုသာ ကြည့်ရှုဖူးမြင်နေကြလေသည်။

ဥဂ္ဂသေနသည် ဝါးလုံးထိပ်မှ အကဲခပ်ကြည့်လေလျှင် ပွဲကြည့်ပရိသတ်က သူ့ကိုမကြည့်ဘဲ ဘုရားရှင်ကိုသာ ကြည့်ရှုဖူးမြင်နေကြသည်ကို မြင်လျှင် "ငါ ပင်ပင်ပန်းပန်း အသက်စွန့်ပြရခြင်းသည် အချည်းနှီးသာ ဖြစ်ချေပေါ့"ဟု စိတ်ဓာတ်ကျလေသည်။

### ဘားကျွမ်းပြဖို့ ဘုရားရှင်က အပြောလွှတ်

ဘုရားသည် ဥဂ္ဂသေန စိတ်ဓာတ်ကျသည်ကို သိတော်မူ၍ ဘားကျွမ်းဆက်လက်ပြဖို့ ဥဂ္ဂသေနထံ အရှင်မဟာမောဂ္ဂလာန်ကို အပြောလွှတ်တော်မူလေသည်။

### ဥဂ္ဂသေန ဘားကျွမ်းဆက်ပြပြီး ရပ်နေ

ဥဂ္ဂသေနသည် "ဘုရားရှင်သည် ငါ့ဘားကျွမ်းကို ကြည့်ရှုတော်မူလိုသည် ထင်ပါရဲ့"ဟု အောက်မေ့ကာ ရပ်တည်နေရင်းက ဝါးပိုးလုံးထိပ်မှ ကောင်းကင်သို့ ခုန်တက်ကာ ကောင်းကင်မှာပင် ဆယ့်လေးပတ်လည်အောင် ကျွမ်းပစ်လျက် ကောင်းကင်မှဆင်းကာ ဝါးပိုးလုံးထိပ်မှာပင် ရပ်နေလေသည်။

### ဘုရားရှင်က တရားဟော

ထိုအခါ ဘုရားရှင်က "ဥဂ္ဂသေန.... ဖြစ်ပြီး ခန္ဓာငါးပါး၊ ဖြစ်လတ္တံ့၊ ခန္ဓာငါးပါး၊ ဖြစ်ဆဲခန္ဓာငါးပါးတို့၌ တပ်မက်တွယ်တာမှု

ကို ဖျောက်ပါ၊ ယခုလို အတိတ်ခန္ဓာ၊ အနာဂတ်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာ၌ တပ်တာမှုကို ဖျောက်နိုင်လျှင် ဘ၏ အဆုံးရောက်သည်ဖြစ်၍ တစ်ဖန် ပဋိသန္ဓေနေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်း ဆင်းရဲသို့ မရောက်ရလတ္တံ့" ဟု ဟောတော်မူသည်။

## ဥဂ္ဂသေန ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်

ဥဂ္ဂသေနသည် ဝါးပိုးလုံးထိပ်မှာ ရပ်နေရင်းပင် ပဋိသမ္ဘိဒါ- ပတ္တရဟန္တာ ဖြစ်လေသည်။ ရဟန္တာဖြစ်၍ ဝါးလုံးပေါ်မှ ဆင်းလာ ကာ ဘုရားရှင်ထံမှောက် လာရောက်၍ ရဟန်းပြုပေးဖို့ တောင်းပန် လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က လက်ျာလက်တော်ကို ဆန့်ထုတ်တော်မူ၍ "ဧဟိ ဘိက္ခု (ရဟန်း... လာလော့)" ဟု ခေါ်တော် မူလိုက်လေလျှင် ခေါ်လိုက်သည့် ခဏမှာပင် ကျွမ်းသမားအသွင်ပျောက်၍ ဧရိက္ခာရှစ် ပါး၊ ဝတ်ရုံဆင်မြင်းပြီးဖြစ်ကာ သက်တော်ရှစ်ဆယ် ဝါတော် ခြောက် ဆယ်ရှိပြီး မထေရ်ကြီးပမာ ရဟန်းဖြစ်သွားလေသည်။

## ကချေသည်မကလေး ရဟန်းပြု၊ ရဟန္တာဖြစ်

လင်ဖြစ်သူ ရဟန္တာဖြစ်၍ ရဟန်းပြုလေသော် ဇနီးဖြစ်သူ ကချေ သည်မကလေးလည်း ရှေးကသို့ မှန်းဆော်သကဲ့သို့ "ပါဘုန်းကြီးလဲ ငါ့ယောင် လင်ယောကျ်ား၏ ဉာဏ်အဟုန်သာ ဖြစ်ပေလိမ့်မည်" ဟု ကြံစည်ဆုံးဖြတ် ကာ ရဟန်း မတို့ထံ ရဟန်းပြု၍ တရားအားထုတ်လေလျှင် ရဟန္တာထေရီမ ဖြစ်လေသည်။ ။ဉာဏ်ကား ဝစီဘေဒ ထိတိုင်းချုပ်ရသည်း။ (ဓမ္မပဒ ဥဂ္ဂသေနဝတ္ထု)။

### သူ့အကြောင်းနှင့် သူ့အကျိုး

ဇနီးဖြစ်သူသည် "ကျွန်မတို့ အချင်းဖြစ်သော [illegible] ကချေ သည်တစ်ဦး ဖြစ်ပေလိမ့်မည်" ဟု ကြံရွယ်ပြောဆိုခဲ့သော ဝစီဘေဒကြောင့် တားကျွမ်းဆရာကြီး၏ သမီးဖြစ်ကာ တားကျွမ်း ကချေသည်မကလေး ဖြစ်လာရလေသည်။ လင်ဖြစ်သူမှာ "ရှင်မပြောသည့်အတိုင်း ကချေ သည်ဖြစ်စေပေလိမ့်မည်" ဟု ဇနီးဖြစ်သူကို [illegible]

ပြောမှား မိလေသောကြောင့် (သေဌေးသား ဖြစ်ရပါလျက်) အားကျမ်းကချေသည်မနှင့် အကြောင်းပါကာ အားကျမ်းကချေသည် ဖြစ်ရလေသည်။ ဝစီဘေဒထိတိုင်း ရှလေသည်တကား။

ဆွမ်းလှူပြီး ''အရှင်ဘုရား.... ဒီကောင်းမှုကြောင့် တပည့်တော်တို့နှစ်ယောက်လုံး အရှင်ဘုရားတို့ သိမြင်အပ်သော လောကုတ္တရာအဖို့အစုကို ရသည့်ကိုယ် ဖြစ်ကြရပါလို၏''ဟု ဆုတောင်းခဲ့သည့် ကောင်းမှုကံကြောင့် နှစ်ယောက်လုံး ရဟန္တာ ဖြစ်ကြရလေသည်။ အကြောင်းတရားနှင့် အကျိုးတရားတို့သည် သလဲသီးထဲမှ အစာနှံများကဲ့သို့ သူ့အကာနှင့်သူ ဖြစ်ကြလေသည်တကား။

ရွှေပန်းတိမ်သည်သား ဖြစ်စဉ်ဘဝက ရဟန္တာမထေရ်တစ်ပါးက
စေတီတော်အတွက် ရွှေသားအုတ်လှူဖို့ တိုက်တွန်းသည့်
အခါ "သင့်ဘုရားကို ရေထဲသာ မျှောပစ်သွားပေတော့"
ဟု ရိုင်းရိုင်းစိုင်းစိုင်း ပြောခဲ့သော ဝစီဘေဒကြောင့်
ဧဠိလသေငွေး ရေမျှောခံရ

——

# ဝစီဘေဒထိခဲ့ပုံ

## ရွှေပန်းထိမ်သည် ဖြစ်ခဲ့

ဧလသေငွေးအစ သာဝင်းသည် ကဿပဘုရားရှင် သာသနာတော်၌ ရွှေပန်းထိမ်သည် ဖြစ်ခဲ့လေသည်။

## ရဟန္တာမထေရ်က ရွှေလှူဖို့ နိုးဆော်

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဓာတုစေတီတော်ကြီးတည်ကြလေသည်။ ရဟန္တာမထေရ်မြတ်တစ်ပါးသည် စေတီတော်တည်သည့်နေရာသို့ သွားရောက်ကြည့်ရှုလေလျှင် မြောက်ဘက်မုခ်အုတ်မစီရသေးသည်ကို မြင်၍ "ဒါယကာတို့.... ဘယ်အတွက်ကြောင့် စေတီတော်၏မြောက်ဘက်မုခ်ကို အုတ်မစီဘဲနေသလဲ"ဟု မေးတော်မူလေသည်။ လူများက "ရွှေသားမလောက်သည် အတွက်ကြောင့်ပါဘုရား"ဟု လျှောက်ထားကြသော် ရဟန္တာမထေရ်မြတ်က "ငါ မြို့ထဲသွားပြီး ရွှေလှူဖို့ တိုက်တွန်းမည်။ သင်တို့ ရိုရိုသေသေ လေးလေးစားစား ပြုလုပ်ကြ"ဟု အားပေးစကား မိန့်တော်မူပြီးလျှင် မြို့တွင်းဝင်၍ "ဒါယကာ ဒါယိကာမအပေါင်းတို့...သင်တို့ စေတီတော် မြောက်ဘက်

မုခ်အတွက် ရွှေသားအုတ် မလောက်ဘဲဖြစ်နေသည်။ ရွှေကိုသိကြပါ''ဟု လူများကို နှိုးဆော်တိုက်တွန်းတော်မူလေသည်။

## ရွှေပန်းထိမ်သည် ရိုင်းရိုင်းစိုင်းစိုင်း ပြော

ရွှေပန်းထိမ်သည်အိမ်ရောက်သော် ရွှေပန်းထိမ်သည်ထည် ဇနီးနှင့် ရန်ဖြစ်ကာ ထိုင်နေစဉ်ဖြစ်၏။ မထေရ်က ''ဒါယကာ ..စေတီတော်ကြီးမှာ သင်တို့တာဝန်ယူထားသည့် မြောက်ဘက်မုခ်အတွက် ရွှေမလောက်ဘဲဖြစ်နေ၍ ရွှေကို သိမှတော်မည်''ဟု မိန့်တော်မူလေသည်။ ရွှေပန်းထိမ်သည်သည် ဇနီးဖြစ်သူအပေါ် ဒေါသထွက်နေသဖြင့် စိတ်ဆိုးဆိုးဖြင့် ''သင့်ဘုရားကို ရေထဲသာ မျှောပစ်သွားပေတော့''ဟု ရိုင်းရိုင်းစိုင်းစိုင်း ပြောလေသည်။

## ဇနီးက အပြစ်တင်

ထိုအခါ ဇနီးဖြစ်သူက ''ရှင်....အလွန် ရန့်ရင်းကြမ်းတမ်းသည့် မကောင်းမှုကို ပြုအပ်ပေပြီ၊ ကျွန်တော်မကို စိတ်ဆိုးလျှင် ကျွန်တော်မကိုသာ ဆဲချင်ဆဲ၊ ရိုက်ချင်ရိုက်သင့်၏။ ဘယ်အတွက်ကြောင့် ပွင့်တော်မူပြီး၊ ပွင့်တော်မူဆဲ၊ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့အပေါ် ရန်ပြုရသလဲ''ဟု အပြစ်တင်လေသည်။

## ရဟန္တာမထေရ်မြတ်က ကန်တော့ဖို့ ညွှန်ကြား

ရွှေပန်းထိမ်သည်သည် ထိုခဏမှာပင် ပံဝေဂကြီးစွာရ၍ ''အရှင်ဘုရား ဟပည့်တော်ကို သည်းခံတော်မူပါဘုရား''ဟု တောင်းပန်လျှောက်ထားလေသည်။ မထေရ်က ''ဒါယကာ....သင်က ငါ့ကို တစ်စုံတစ်ရာ ပြစ်မှားပြောဆိုသည်မဟုတ်၊ ဘုရားရှင်ကိုသာ ပြစ်မှားပြောဆိုသည်ဖြစ်၍ ဘုရားရှင်ကိုသာ ကန်တော့ပါ''ဟု မိန့်တော်မူလေလျှင် ''အရှင်ဘုရား....ဘယ်လိုလုပ် ကန်တော့ရပါသလဲ''ဟု ရွှေပန်းထိမ်သည်က မေးလျှောက်လေသည်။ ရဟန္တာမထေရ်မြတ်က ရွှေပန်းခိုင်စိုက် ရွှေပန်းအိုး သုံးလုံးလုပ်ပြီး ဓာတ်တော်တိုက်အတွင်း ဌာပနာထည့်သွင်း၍ ဆံပင်စိုအောင် ရေသောင်းကာ အဝတ်စိုဝတ်လျက် ကန်တော့ရမည် ဒါယကာ''ဟု ညွှန်ကြားလေသည်။

### ရွှေပန်းထိမ်သည်သည် သားငယ်နှင့်အတူ ရွှေပန်းအိုးများလုပ်

ရွှေပန်းထိမ်သည်သည် ''ကောင်းပါပြီ အရှင်ဘုရား''ဟု လျှောက်ထားပြီးလျှင် သားသုံးယောက်အနက် သားအကြီးကို ''သားကြီး... လာ၊ ငါ မြတ်စွာဘုရားကို ရန်စကားပြောမှားမိသည့်အတွက်ကြောင့် ရွှေပန်းခိုင်စိုက် ရွှေပန်းအိုးသုံးလုံးလုပ်ပြီး ခေတ်တော်ဥာပနာတိုက်ထဲ ထည့်၍ ကန်တော့ရမေမည်။ သား....အဖေ့ကို ကူလုပ်ပါ''ဟု ပြောလေသည်။ သားအကြီးက ''အဖေ့ကို ကျွန်တော် ရန်စကားပြောခိုင်းတာမှ မဟုတ်ဘဲ အဖေ့သဘောအတိုင်း ပြောခြင်းသာဖြစ်၍ အဖေပဲ လုပ်တော့''ဟု ကူမလုပ်နိုင်ကြောင်း ပြောလေသည်။ သားအလတ်ကို အကူအညီတောင်းသောအခါ၌လည်း သားအကြီးအတူပင် ကူမလုပ်ချင်ကြောင်းပြောလေသည်။

သားအငယ်ကို အကူအညီတောင်းသည့်အခါ၌ကား သားအငယ်က ''ဖခင်အတွက်ကြုံရင်ဆိုင်နေရသည့် ကိစ္စအဝဝသာ သား၏တာဝန်ဖြစ်၏''ဟု ပြောဆိုကာ ရွှေပန်းခိုင်စိုက် ရွှေပန်းအိုးသုံးလုံးကို ကူလုပ်ပေးလေသည်။

### ရွှေပန်းထိမ်သည် ကန်တော့

ရွှေပန်းထိမ်သည်သည် တစ်ထွာခန့်စီရှိသော ရွှေပန်းခိုင်စိုက် ရွှေအိုးသုံးလုံး ပြီးသောအခါ ခေတ်တော်ဥာပနာတိုက်ထဲ ထည့်၍ ရဟန္တာမထေရ်မြတ် ညွှန်ကြားသည့်အတိုင်း ဆံပင်စိုင်အောင် ... ဖြူစင်စွာ အဝတ်ဝတ်ပြီး ဘုရားရှင်ကို ကန်တော့လေသည်။ ။ဤသည်ကား ဝစီဘေဒထိပုံတည်း။

## ဝစီဘေဒထိတိုင်းရှုပုံ

### (၇) ဘ၀ ရေမျှောခံရ

ရွှေပန်းထိမ်သည်သည် ''သင့်ဘုရားကို ရေထဲသာ မျှောပစ်သွားပေတော့''ဟု ရိုင်းပျစွာ ပြောဆိုမှားမိခဲ့သော ဝစီဘေဒကြောင့် ခုနစ်ကြိမ် (ခုနစ်ဘ၀)တိုင်တိုင် ရေမျှောခံရလေသည်။

## နောက်ဆုံးဘဝ၌ ဇဋိလ သေဋ္ဌေးဖြစ်လာ

ဤနောက်ဆုံးဘဝ၌ကား ဗာရာဏသီသေဋ္ဌေးသမီး၏ သား ဖြစ်လာကာ ''ဇဋိလသေဋ္ဌေး''ဟု ထင်ရှားခဲ့လေသည်။

## သေဋ္ဌေးသမီး ဝိဇ္ဇာဓိုရ်နှင့် ချစ်တင်းနှော

ချဲ့ပါဦးမည်— ကျွန်ုပ်တို့ ဘုရားရှင်ပက်ထက်တော်အခါဝယ် ဗာရာဏသီမြို့၌ အလွန်အဆင်းလှသည့် သေဋ္ဌေးသမီးတစ်ယောက် ရှိလေသည်။ ထိုသေဋ္ဌေးသမီး အသက်ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်အရွယ် ရှိသောအခါ မိဘများသည် အစောင့်အရှောက် ကျွန်မတစ်ယောက် ပေး၍ ''ခုနစ်ဆင့်ရှိသောပြာသာဒ်၏ အပေါ်ဆုံးထပ်ဝယ် ကျက်သရေတိုက်ခန်းမှာ ထားလေသည်။

တစ်နေ့သ၌ သေဋ္ဌေးသမီးသည် ပြူတင်းကိုဖွင့်၍ အပြင်ကြည့်နေစဉ် ကောင်းကင်ကနေ သွားသော ဝိဇ္ဇာဓိုရ်တစ်ယောက်သည်၊ ထိုသေဋ္ဌေးသမီးကို မြင်၍ ချစ်လှသဖြင့် ပြူတင်းပေါက်ထဲဝင်လာပြီးလျှင် သေဋ္ဌေးသမီးနှင့် ချစ်တင်းနှောလေသည်။

## သေဋ္ဌေးသမီး ကိုယ်ဝန်ရ

သေဋ္ဌေးသမီးသည် ထိုဝိဇ္ဇာဓိုရ်နှင့် ချစ်တင်းနှောမှုကို အကြောင်းပြု၍ မကြာမီမှာပင် ကိုယ်ဝန်ရလေသည်။ ကိုယ်ဝန်ရသည့်ပုံသဏ္ဌာန် အခြင်းအရာကို မြင်လျှင် ''ဒါ ဘာဖြစ်တာလဲ''ဟု မေးလေသည်။ သေဋ္ဌေးသမီးက ''ရှိပါစေ၊ ဘယ်သူ့မျှ မပြောပါနှင့်''ဟု နှုတ်ပိတ်လေသည်၊ ကျွန်မသည် ကြောက်၍ ဘယ်သူ့မျှ မပြောဝံ့ချေ။

## သားကလေး မွေးလာ၍ အိုးထဲထည့် မြစ်ထဲမျော

သေဋ္ဌေးသမီးသည် ဆယ်လမြောက်သော် သားကလေးဖွားမြင်လေလျှင် ကျွန်မကို အိုးသစ်ဘစ်လုံ၊ အယူခိုင်းပြီးလျှင် ''အိုးထဲ သူငယ်ကို သိပ်၍ အဖုံးပိတ်ကာ အပေါ်က ပန်းများတင်ပြီးလျှင် အိုးရွက်၍ ဂင်္ဂါမြစ်ထဲ သွားမျှောလိုက်ပါ၊ 'ဒါဘာလဲ'ဟု တစ်ယောက်ယောက်က မေးလျှင် 'ကျွန်တော်မ၏ သခင်မအတွက် ဗလိနတ်ပူဇော်ခြင်းဖြစ်သည်'ဟု ပြောပါ''ဟု မှာ၍ ခိုင်းလိုက်လေသည်။ ကျွန်မလည်း သေဋ္ဌေးသမီး ခိုင်းသည့်အတိုင်း လုပ်လေသည်။

### ရေချိုးနေသည့် မိန်းမနှစ်ယောက် အငြင်းပွား

ထိုအချိန်၌ ဂင်္ဂါမြစ်အောက်ဆိပ်ဝယ် မိန်းမနှစ်ယောက် ရေချိုးနေကြလေသည်။ ရေချိုးနေကြရင်းမှ ရေမျောလာသော ပုံအိုးကို မြင်လျှင် တစ်ယောက်က “မျောလာသည့်အိုး ငါ့အိုး”ဟု ပြောလေသည်။ တစ်ယောက်က “အိုးထဲတွင်ပါလာသည့်ပစ္စည်း ငါ့ပစ္စည်း”ဟု ပြောလေသည်။ အိုးအနီးရောက်လာသည့်အခါ ဆယ်၍ ဖွင့်ကြည့်ကြလေသည်။ သူငယ်ကို တွေ့မြင်ကြလျှင် တစ်ယောက်က ‘ငါ့အိုး’ဟု ပြောထားသောကြောင့် သူငယ်သည် ငါ့ဥစ္စာဖြစ်သည်”ဟု ပြောလေသည်။ တစ်ယောက်က “အိုးထဲက ပါလာသည့်ပစ္စည်း ငါ့ပစ္စည်း”ဟု ပြောထားသောကြောင့် သူငယ်သည် ငါ့သူငယ် ဖြစ်သည်”ဟု ပြောဆိုကာ အငြင်းပွားကြလေသည်။

### မင်းက အဆုံးအဖြတ်ပေး

မိန်းမနှစ်ယောက်သည် ငြင်းခုံလျက် တရားရုံးသို့ သွားရောက်၍ အဆုံးအဖြတ်ခံကြလေသည်။ တရားသူကြီးအမတ်တို့ အဆုံးအဖြတ်မပေးနိုင်ကြလျှင် မင်းထံသွားရောက်၍ အဆုံးအဖြတ်ခံကြလေသည်။ မင်းက မိန်းမနှစ်ယောက်၏စကားကို ကြားရလျှင် ဒုတိယမိန်းမကို “သင်... သူငယ်ကိုပိုင်စေ”ဟု ပထမမိန်းမကို “သင် အိုးကို ပိုင်စေ”ဟု အဆုံးအဖြတ် ပေးလေသည်။

### အရှင်မဟာကစ္စည်းမထေရ်၏ ဆွမ်းအမ အနိုင်ရ

ထိုမိန်းမနှစ်ယောက်အနက် သူငယ်ကိုရသည့်မိန်းမသည် အရှင်မဟာကစ္စည်းမထေရ်၏ ဆွမ်းအမ ကွမ်းအမ ဖြစ်သည့်အလျောက် “ဤသူငယ်ကို မထေရ်ထံ ရှင်ပြုခိုင်းမည်”ဟု ရည်ရွယ်၍ ကျွေးမြူလေသည်။

### “ဇဋိလ”ဟု နာမည်မှည့်

သူငယ်ဖွားမြင်သည့်နေ့၌ အညစ်အကြေးများကို ဆေးကြော သုတ်သင်မှု မပြုသည့်အတွက်ကြောင့် ဆံပင်များ ရှုပ်ထွေးနေလေသည်။ ခုလို ရှုပ်ထွေးသောဆံပင်များရှိသောကြောင့် ထိုသူငယ်ကို “ဇဋိလ(ရှုပ်ထွေးသောဆံပင်ရှိသူ)”ဟု နာမည်မှည့်ကြလေသည်။

## သူငယ်ကို အရှင်မဟာကစ္စည်းမထေရ်ထံ အပ်နှံ

မွေးမြူထားသည့် ဒါယိကာမကြီးသည် သူငယ် တောက်တောက်သွားနိုင်သည့်အခါ အရှင်မဟာကစ္စည်းမထေရ်ထံ သူငယ်ကို ရှင်ပြုပေးတော်မူပါရန် အပ်နှံလေသည်။

## မထေရ်က ကုန်သည်ဒါယကာ့ထံ အပ်နှံ

သူငယ်သည် ငယ်လည်းငယ်၊ ဉာဏ်လည်း မရင့်ကျက်သေးသဖြင့် မထေရ်သည် သူငယ်ကိုခေါ်ကာ တက္ကသိုလ်မြို့ ကုန်သည်လုပ်၍ အသက်မွေးသော ဒါယကာရင်းတစ်ယောက်ထံ ကြွရောက်၍ "ဒီသူငယ်မှာ ရှင်ရဟန်းပြုမည့်သူဖြစ်သည်။ ခု ငယ်သေး၍ သင့်ထံမှာပင် နေပါစေ" ဟု ပြောဆို အပ်နှံတော်မူလေသည်။ ဒါယကာသည် သူငယ်ကို သားအရာ၌ထား မွေးမြူလေသည်။

## (၁၂)နှစ်ကြာ ရောင်းမစွံသည့်ကုန်များ
## (၁)ရက်တည်းဖြင့် ရောင်း

ဒါယကာသည် ကုန်သည်ဖြစ်လေရာ အထူးအားဖြင့် သူ့အိမ်မှာ ဆယ့်နှစ်နှစ်ကြာ ရောင်းမစွံသည့် ကုန်အများအပြားရှိ၏။ တစ်နေ့သ၌ ထိုကုန်သည်သည် ရွာတစ်ရွာသို့ ခရီးသွားရန် ကိစ္စရှိသဖြင့် ခရီးသွားမည့်ဆဲဆဲတွင် ထိုအရောင်းမစွံသည့် ကုန်အားလုံးကို ဈေးပို့ကာ ဇင်္ဂိလကို တောင်းဈေးပြော၍ ဆိုင်ထိုင်အရောင်းခိုင်းပြီး ခရီးထွက်လေသည်။ ထိုအခါ ဇင်္ဂိလသည် တစ်ဆယ့်နှစ်နှစ်၊ တစ်ဆယ့်သုံးနှစ်ခန့် ရှိလေသည်။

မြို့စောင့်နတ်တို့သည် ဈေးဝယ်သူများကို ဇင်္ဂိလဆိုင် ဦးတည်သွားစေအောင် လုပ်ကြလေသည်။ ဇင်္ဂိလသည် ၁၂-နှစ်ကြာ ရောင်းမစွံ၍ စုပုံနေသည့်ကုန်များကို တစ်ရက်တည်းဖြင့်ပင် ကုန်အောင် ရောင်းချလိုက်ရလေသည်။

## ကုန်သည် ကျေနပ်

ကုန်သည်သည် ပြန်လာသောအခါ ဈေးဆိုင်တွင် ကုန်လုံးဝမတွေ့ရပေလျှင် "ချစ်သား....သား ကုန်များကို ဖျက်ဆီးပစ်လိုက်သလား" ဟု

မေးလေသည်။ ဇဲ့ဦလက "ကျွန်တော် မဖျက်ဆီးပါ၊ ကုန်အားလုံး အဖေဖော်ပြောသွားသည့်အတိုင်း ကောင်းပြီးပါပြီ၊ ဒီငွေကား ဒီကုန်ရောင်းရငွေ ဖြစ်ပါသည်၊ ဒီငွေကား ဒီကုန်ရောင်းရငွေ ဖြစ်ပါသည်" ဟု ပြောဆိုကာ စာရင်းနှင့်အတူ အတိအကျ ကောင်းရငွေများကို အပ်သောလျှင် ကုန်သည်သည် အံ့ဩခြင်းဖြင့် အင်မတန်ကျေနပ်လေသည်။

## ဇဲ့ဦလကို သမီးနှင့် ပေးစား

ကုန်သည်သည် "အမြီးမပြတ်နိုင်သော ကိုက်ဘာန်သည့် လောကကြီး၌ ပါပေတည်း၊ ဘယ်နေရာ၊ ဘယ်အကြောင်းနှင့်ဖြစ်ဖြစ် အလေးထား မွေးရှုမ်းနိုင်သူ ဖြစ်ပါ၏" ဟု သဘောကျကာ မကြာမီပင် အရွယ်ရောက်စ အသက်ရှိနေသော သမီးကို ဇဲ့ဦလနှင့် လက်ထပ်ပေးလေသည်။

## ဇဲ့ဦလ ရွှေတောင်ပေါက်ကာ သေဆုံးခြင်း

ကုန်သည်သည် အိမ်သီးသန့်အဆောက်ခိုင်းပြီး သမီးနှင့် သားမက် လွတ်လွတ်လပ်လပ်နေနိုင်ရန် အပိုင်ပေးလေသည်၊

ဇဲ့ဦလ အိမ်ပေါ်တက်သော် ခြေတင်ဖက် အိမ်တံခါးပေါ် နင်းမိလျှင်နင်းမိခြင်းပင် အိမ်ခနက်ဖေးတွင် အတောင်(၁၀)မြင့်သော ရွှေတောင်ကြီး မြေမှ ပေါက်လာလေသည်။

ဇဲ့ဦလ ရွှေတောင်ကြီးပေါ်တွင် ထိုင်ကာ ... ခန့်လေသည်။ ထိုအခါမှစ၍ "ဇဲ့ဦလသဌေး" ဟု ကျော်ကြားလေသည်။ နောင်တွင် ဇဲ့ဦလသဌေးကြီးအား သား ၃ ယောက် ရရှိလေသည်။

## သားအငယ် ပေါက်မှ ရွှေများ ထွက်ကြ

ထိုသားများ အရွယ်ရောက်သောအခါ တစ်နေ့တွင် ရဟန်းပြု ချင်စိတ်ပေါက်သဖြင့် ... ဆုံးဖြတ်ကို ခေါ်ပြီလျှင် ရှေးကစွာ ... အရိုးဘပ် စိန်ပေါက်ချွန်းကို သားအကြီးအား ပေး၍ အိမ်နောက် ပေးရှိ ရွှေတောင်မှ ရွှေတစ်ခဲ ... ခိုင်းလေသည်။ သားအကြီးသည် စိန်ပေါက်ချွန်းယူ၍ ရွှေတောင်ကို တစ်ချက်ပေါက်လေလျှင် ကျောက် ဖျာကို ပေါက်အင်သကဲ့သို့ ဖြစ်လေသည်။

သားအကြီး တူးမရ၍ ပြန်လာလေလျှင် ဇင်္ဂိလသေဌေးကြီးသည် သားအကြီးလက်မှ စိန်ပေါက်ချွန်းကို ယူ၍ သားအလတ်လက်ထဲထည့်ကာ ရှေးအတူ တူးယူခိုင်းပြန်လေသည်။ သားအလတ် ပေါက်သောအခါ၌လည်း ကျောက်ဖျာကို ပေါက်သကဲ့သို့ပင် ဖြစ်လေသည်။

သားအလတ် ပေါက်မရ၍ ပြန်လာလေလျှင် သေဌေးကြီးသည် သားအလတ်လက်မှ ပေါက်ချွန်းကိုယူ၍ သားအငယ်လက်ထဲထည့်ကာ အပေါက်ခိုင်းလိုက်ပြန်လေသည်။ သားအငယ် သွားပေါက်လျှင် အမှုန့်ထောင်းထုကာ စုပုံ၍ထားအပ်သောမြေကို ပေါက်အပ်သကဲ့သို့ အလွှာလိုက်၊ အစုလိုက်၊ အပုံလိုက် အလွယ်တကူ ရွှေများ ထွက်ကျလာလေသည်။

သား(၃)ယောက်ကို ဆုံးမ

ထိုအခါ ဇင်္ဂိလသေဌေးကြီးက သားအငယ်ကို "လာ....ချစ်သား၊ ဒီလောက်ဆိုတော်လောက်ပါပြီ"ဟု ပြော၍ သားအလတ်နှင့် အကြီးကို "ချစ်သားတို့.... ဒီရွှေတောင်သည် ချစ်သားတို့၏ကုန်းကံကြောင့် ဖြစ်လာသည်မဟုတ်၊ ငါနှင့် သင်တို့ညီအငယ်၏ ကုန်းကံကြောင့် ဖြစ်လာလေသည်၊ သို့ဖြစ်၍ ဒီညီအငယ်နှင့် တစ်စိတ်တစ်ပေါင်းတည်းဖြစ်ကာ စားသုံးကြပါ"ဟု ပြောဆို ဆုံးမလေသည်။

ဇင်္ဂိလ ရဟန်းပြုလျှင် (၃)ရက်မြောက်နေ့မှာ ရဟန္တာဖြစ်

ဇင်္ဂိလသေဌေးကြီးသည် သားများကို ဆုံးမမှာထားပြီးလျှင် မြတ်စွာဘုရားထံမှောက် သွားရောက်၍ ရဟန်းပြုလေသည်။ ရဟန်းပြုပြီးနောက် ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်လေလျှင် နှစ်ရက်သုံးရက်အတွင်းမှာပင် ရဟန္တာဖြစ်လေသည်။ ။ဤကား ဝစီဘေဒ ထိတိုင်းရှပုံတည်း။ (ဓမ္မပဒ ပြာဟ္မဏဝဂ် ဇင်္ဂိလတ္ထေရဝတ္ထု)

## သူ့အကြောင်းနှင့် သူ့အကျိုး

ဤဝတ္ထု၌ ရွှေပန်းထိမ်သည်ဘဝက ရဟန္တာအရှင်မြတ်ကို "သင့်ဘုရားကို ရေထဲသာ မျှောပစ်သွားပေတော့"ဟု ပြောခဲ့သည့်အကုသိုလ် ဝစီကံကြောင့် ခုနစ်ဘဝတိုင်တိုင် မွေးဖွားပြီးသောအခါ ရေအမျှော ခံခဲ့ရ၏။ ယခု နောက်ဆုံးဘဝမှာလည်း ထိုအကုသိုလ်ဝစီကံကြောင့်ပင်

ဖွား၍ပြီး ရေအမျှောခံရလေသည်။ အစးလုံး ရှစ်ဘဝ ရေအမျှောခံရလေသည်။ ဝစီဘေဒကား ထိတိုင်းရှုလေသည်တကား။

ကဿပဘုရားရှင်၏ ဓာတုစေတီတော်ကြီးကို ပူဇော်၍ ဝန်ချတောင်းပန်ရန် ရွှေပန်းခိုင်စိုက်ရွှေအိုးများ ပြုလုပ်သောအခါ သားအငယ်ကသာ ဖခင်ကို ကူလုပ်ခဲ့သောကြောင့် ရွှေတောင်ကြီးသည် ဇမ္ဗူလသေဒ္ဒွေးနှင့် သားအငယ်တို့အတွက် ဖြစ်ပေါ်လာရလေသည်။ ယခုလို သားအကြီးနှင့် သားအလတ်မှ ဖခင်ကို ကူမလုပ်ဘဲ သားအငယ်ကသာ ဖခင်ကို ကူလုပ်ခဲ့သောကြောင့် သားအကြီးနှင့်အလတ် တူးသည့်အခါ မရဘဲ သားအငယ်တူးမှ ရရှိခြင်းဖြစ်သတည်း။

---

သေဌေးသားဖြစ်စဉ်ဘဝက မြို့ထဲဆွမ်းခံဝင်လာသော
တဂရသိခီပစ္စေကဗုဒ္ဓါကို မြင်လျှင် "ခေါင်းတုံး
တုံးပြီး သစ်ခေါက်ဆိုးအဝတ်ကို ခြုံရုံထားသည်၊
ဒီလူဟာ ဘယ်သူလဲ၊ အနူဖြစ်လိမ့်မည်" ဟု
ပရိုမသေ မထီမဲ့မြင် ကဲ့ရဲ့ပြောဆိုခဲ့သော
ဝစီဘေဒကြောင့် သုပ္ပဗုဒ္ဓသည် ဘဝပေါင်း
များစွာ ငရဲ၌ ခံရ၍ ကျွန်ုပ်တို့ဘုရား
ရှင်လက်ထက် လူဖြစ်လာသောအခါ နူရ

——

# ဝစီဘေဒထိုခဲ့ပုံ

## သုပ္ပဗုဒ္ဓ သေဌေးသား ဖြစ်ခဲ့

သုပ္ပဗုဒ္ဓသည် တစ်ချိန်က ရာဇဂြိုဟ်မြို့၌ သေဌေးသားဖြစ်လေသည်။

## သုပ္ပဗုဒ္ဓ သေဌေး ပစ္စေကဗုဒ္ဓါကို ကဲ့ရဲ့

တစ်နေ့သ၌ သေဌေးသားသည် ဥယျာဉ်အသွားတွင် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်သော တဂရသိခီ အမည်ရှိသော ပစ္စေကဗုဒ္ဓါကို မြင်လျှင် "ခေါင်းတုံး တုံးပြီး သစ်ခေါက်ဆိုး အဝတ်ကို ခြုံရုံထားသည့် လူဟာ ဘယ်သူလဲ၊ အနူဖြစ်လိမ့်မည်" ဟု မရိုမသေ မထီမဲ့မြင် ကဲ့ရဲ့ ပြောဆိုပြီး တံတွေး ထွေးသွားလေသည်။ ။ဤကား ဝစီဘေဒ ထိပုံ တည်း။

## ဝစီဘေဒထိတိုင်းရှုပုံ

### ငရဲ၌ အနှစ်တစ်သောင်း ခံရ

ထိုသေဌေးသားသည် ထိုဘဝမှ သေသော် ထိုဝစီဘေဒအကုသိုလ်ကံကြောင့် အနှစ်တစ်သောင်း ကာလပတ်လုံး ငရဲ၌ ခံရလေသည်။

### ရာဇဂြိုဟ်ပြည်၌ လူနူဖြစ်လာ

ငရဲမှ လွတ်သော် ကျွန်ုပ်တို့ဘုရားရှင်လက်ထက်ဝယ် ရာဇဂြိုဟ်မြို့၌ လူဖြစ်လာ၍ ထိုဝစီဘေဒ အကုသိုလ်ကံကြောင့် တိုက်အကြွင်းအကျန်၏ အစွမ်းဖြင့် အလွန်ဆင်းရဲသည့် လူနူ ဖြစ်လာလေသည်။

### တောင်းရန် လူစုလူဝေးရှိရာသွား

ချဲ့ပါဦးမည်— ထိုလူနူသော် ငါသားသည် သုပ္ပဗုဒ္ဓ - အမည်ရှိပြီး တစ်နေ့သ၌ အစာလှည့်လည်တောင်းရင်း လူစုလူဝေးကို အဝေးက လှမ်းမြင်သော် “အစားအစာတစ်ခုခုကို ကျွေးမွေးပေးနေတာ ဖြစ်လိမ့်မည်၊ အကယ်၍ ထိုနေရာသို့ ငါ သွားလျှင် ငါ့အားလဲပဲ အနည်းငယ် ပေးလိမ့်မည်”ဟု ကြံ၍ ထိုလူစုလူဝေးရှိရာသို့ ချဉ်းကပ်သွားလေသည်။

### သုပ္ပဗုဒ္ဓ သောတာပန်ဖြစ်

ထိုနေရာရောက်လျှင် အစားအစာကို ဝေနေတာမဟုတ်ဘဲ ဘုရားရှင် ပရိသတ်အပေါင်း ခြံရံလျက် တရားဟောတော်မူနေသည်ကို မြင်လျှင် သုပ္ပဗုဒ္ဓသည် “ငါလဲနာမည်”ဟု ပြော၍ ဘေးနားကနေ တရားနာလေသည်။ တရားနာလျှင် သုပ္ပဗုဒ္ဓလူနူသည် တရားပွဲရှိ ထိုနေရာမှာပင် သောတာပန် ဖြစ်လေသည်။

### သုပ္ပဗုဒ္ဓ ဝေဠုဝန်ကျောင်း သွား

သုပ္ပဗုဒ္ဓလူနူသည် သောတာပန်ဖြစ်၍ မိမိရရှိသော တရားထူးကို ဘုရားရှင်အား လျှောက်ထားလိုသည့်အတွက် ကြွပေါ်လာလေသည်။ လျှောက်ထားလိုသော်လည်း ပရိသတ်အတွင်း မဝင်ဝံ့သောကြောင့် မလျှောက်ဘဲ အခွင့်ကို စောင့်နေလေသည်။

တရားပွဲပြီးသော် မြို့သူမြို့သားများသည် ဝေဠုဝန်ကျောင်းတိုက် လိုက်ပို့ကြလေသည်။ မြို့သူမြို့သားများ ပြန်လာသောအခါ ဝေဠုဝန်ကျောင်း၌ သွားလေသည်။

## နတ်မင်းက ''လူဆင်းရဲ''ဟု ပြော

ထိုအခါ နတ်တို့၏ မင်းဖြစ်သော သိကြားသည် သုပ္ပဗုဒ္ဓဆင်းရဲသား၊ မိမိရရှိသော တရားထူးကို ဘုရားရှင်အား လျှောက်ထားလိုသည်ကို သိ၍ ''စုံစမ်းမည်''ဟု ကြံပြီး ဆင်းလာကာ သုပ္ပဗုဒ္ဓရှေ့ကောင်းကင်မှာ ရပ်လျက် ''သုပ္ပဗုဒ္ဓ… သင်ဟာ လူဆင်းရဲ အထီးကျန်သူတည်း။ ငါ သင့်အား ဥစ္စာလိုချင်သလောက် ပေးပါမည်။ 'ဘုရားသည်၊ ဘုရားမဟုတ်၊ တရားသည်၊ တရားမဟုတ်၊ သံဃာသည်၊ သံဃာမဟုတ်၊ ငါ့မှာ ဘုရားဖြင့် အကျိုးမရှိ၊ တရားဖြင့် အကျိုးမရှိ၊ သံဃာဖြင့် အကျိုးမရှိ''ဟု ပြောပါ။ ''ဥစ္စာများစွာ ရပါလိမ့်မည်''ဟု ငွေဖြင့် ဖြားယောင်း၍ အပြောခိုင်းလေသည်။

## သုပ္ပဗုဒ္ဓက ''ချမ်းသာသူ''ဟု ပြော

သုပ္ပဗုဒ္ဓက ''သင် ဘယ်သူလဲ''ဟု မေးသော် ''ငါကား နတ်တို့၏ မင်းဖြစ်သော သိကြားဖြစ်သည်''ဟု ပြောသဖြင့် သုပ္ပဗုဒ္ဓက…. ''အလွန်မိုက်ရိုင်း အရှက်ကင်းသည့် သိကြား… သင်ကား ငါနှင့်အတူ စကားပြောလို့ မသင့်လျော်၊ သင်သည် ငါ့ကို 'လူဆင်းရဲ အထီးကျန်သူ'ဟု မပြောသင့်သည်ကို ပြောဘိ၏။ သင် ငါ့ကို ''လူဆင်းရဲ အထီးကျန်သူ''ဟု ဘယ်အတွက်ကြောင့် ပြောရဘိသလဲ။ ငါသည် မြတ်စွာဘုရား၏ သားတော်ဖြစ်သည် မဟုတ်ပါလော။ ငါသည် လူဆင်းရဲ အထီးကျန်သူ မဟုတ်။

အမှန်အားဖြင့် ငါသည် များမြတ်သော (၁) သဒ္ဓါ (ယုံကြည်မှု)၊ (၂) သီလ (စောင့်ထိန်းမှု)၊ (၃) ဟိရီ၊ (မကောင်းမှုမှ ရှက်မှု)၊ (၄) ဩတ္တပ္ပ (မကောင်းမှုမှ လန့်မှု)၊ (၅) သုတ (အကြားအမြင်)၊ (၆) စာဂ (စွန့်ကြဲမှု)၊ (၇) ပညာ (သိမှု)— ဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးရှိသူဖြစ်၍ ချမ်းသာသူတည်း။ ဒီ သူတော်ကောင်းဥစ္စာ ခုနစ်ပါးရှိသူကို ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည် 'လူဆင်းရဲ'ဟု မဆိုကြကုန်''ဟု ပြောလေသည်။

သုပ္ပဗုဒ္ဓသည် "ဘုရား, တရား, သံဃာ မဟုတ်"ဟု မပြောတော့

သိကြားသည် ထိုစကားကို ကြားလျှင် သုပ္ပဗုဒ္ဓကို လမ်းခရီး အကြားမှာပင် ထားခဲ့ပြီး ဘုရားရှင်ထံမှောက် သွားရောက်၍ ထို အကြောင်းကို လျှောက်ထားလေလျှင် ဘုရားရှင်က "သိကြားမင်း.... သင်လိုလူ ဆရာ, အထောင်, အသောင်း, အသိန်းပင်သော်လည်း သုပ္ပ ဗုဒ္ဓ လူနှုကို 'ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာ ကို သံဃာမဟုတ်'ဟု ပြောအောင် မလုပ်နိုင်"ဟု မိန့်တော်မူလေသည်။

သုပ္ပဗုဒ္ဓ ဘုရားရှင်ထံမှောက် ရောက်

သိကြား ဘုရားရှင်ထံမှ ပြန်သွားလျှင် သုပ္ပဗုဒ္ဓ ဘုရားရှင်ထံမှောက် ရောက်လာလေသည်။ သုပ္ပဗုဒ္ဓသည် မိမိရရှိသော တရားထူးကို ဘုရားရှင် ထား လျှောက်ထားလေသည်။

သုပ္ပဗုဒ္ဓ နွားဝှေ့၍သေ

လျှောက်ထားပြီးအပြန် လမ်းတွင် သုပ္ပဗုဒ္ဓကို ထားယော်မျိုးသော နွားမသည် ဝှေ့လေလျှင် ပွဲချင်းပြီးသေလေသည်။

တာဝတိံသာရောက်

သုပ္ပဗုဒ္ဓ ဝယ်သော် လူတော်ကောင်းဥစ္စာ ခုနစ်ပါးရှိသူ ဖြစ်၍ တာဝတိံသာနတ်ပြည် ရောက်လေသည်။

သုပ္ပဗုဒ္ဓ (၂) ယောက်

ဤသုပ္ပဗုဒ္ဓကား မယ်တော်မာယာ၏ မောင်၊ ဘုရားရှင်၏ ဘထွေး၊ ဘုရားရှင်၏ ယောက္ခမဖြစ်သော၊ သာကီဝင်မင်းမျိုး၊ သုပ္ပဗုဒ္ဓ မဟုတ်။ ဆင်းရဲသား သောတာပန် သုပ္ပဗုဒ္ဓ ဖြစ်သည်။ သုပ္ပဗုဒ္ဓ (၂) ယောက် ရှိသတည်း။ ။ဤကား ဝိစိဘေဒထိတိုင်းရှုပုံတည်း။ (ဥဒါန်း သောဏဝဂ် သုပ္ပဗုဒ္ဓကုဋ္ဌိသုတ်၊ ဓမ္မပဒ သုပ္ပဗုဒ္ဓကုဋ္ဌိ ဝတ္ထု)

ဝေဝေဝးကရှောင်

ပြောတော့ခက ခံရတော့ နစ်နာလှသောကြောင့် နှုတ်သရမ်း မှုကို သတိကြီးစွာထား ဝေးဝေးက ရှောင်ကြရာသတည်း။

လယ်သမားဖြစ်ဝဉ်ဘဝက မျက်စိလည်လမ်းမှား၍
လမ်းမေးသောရဟန်းကို "ရဟန်း.... ကျွန်တော့ဟာ
အလွန်နူတ်ကြမ်းတမ်းသည်၊ သင်ဟာ ကျွန်ဖြစ်
မည်ထင်သည်၊ အလွန်နူတ်ကြမ်းတမ်းသည်"ဟု
ရိုင်းပျစွာ ပြောဆိုခဲ့သော ဝစီဘေဒ
ကြောင့် ဗိဇကအမျိုးသား ကျွန်ဖြစ်ရ

---

# ဝစီဘေဒ ထိခဲ့ပုံ

လယ်သမား တောထဲသွား နွားရှာ

ကဿပ ဘုရားရှင် လက်ထက်တော်အခါတုန်းက မထင်ရှားသော လယ်သမားတစ်ယောက် ရှိ၏။ ထိုလယ်သမားသည် တစ်ရံရောအခါ နွားပျောက်၍ တောထဲသွား နွားရှာလေသည်။

ရဟန်းတစ်ပါးက လမ်းမေး

နွားရှာရင်းက မိမိသွားလိုသောအရပ်သို့ မသွားတတ်ဘဲ မျက်စိလည် လမ်းမှားနေသော ရဟန်းတစ်ပါးနှင့် တွေ့လေသည်။ ရဟန်းက "ဤမည်သော အရပ်သို့ ဘယ်လမ်းက သွားရသလဲ"ဟု မေးလေသည်။

## ''ကျွန်ဖြစ်မည် ထင်သည်''ဟု ပြော

လယ်သမားသည် နွားမတွေ့၍ စိတ်ညစ်ညစ်ရှိသဖြင့် မပြောဘဲနေလေသည်။ ရဟန်းက ထပ်မေးလျှင် ဒေါသထွက်၍ ''ရဟန်း.... ကျွန်တွေယာ အလွန်နှုတ်ကြမ်းတမ်းသည်။ သင်ဟာ ကျွန်ဖြစ်မည်ထင်သည်။ အလွန်နှုတ်ကြမ်းသည်''ဟု ရိုင်းစိုင်းစွာ ပြောကြားလိုက်လေသည်။

## ရဟန်း ရှောရီ ဆက်

ခုလို ကြမ်းကြမ်းတမ်းတမ်းပြောလျှင် ရဟန်းသည် နောက်ထပ်ဆက်မမေးတော့ဘဲ လယ်သမားကို ရှောင်ပြီး မိမိသွားလိုရာသို့ လိုက်ကာ ရှောရီးဆက်လေသည်။ ထိုသည်မှာ ဝစီဘေဒထိခဲ့ပုံတည်း။

### ဝစီဘေဒ ထိတိုင်းဂုပ်ံ

## မိထိလာပြည်၌ ကျွန်ဖြစ်လာ

ဤ ''ကျွန်ဖြစ်မည် ထင်သည်''ဟု ရိုင်းပျစွာ ပြောခါပြစ်မှားခဲ့သော ဝစီဘေဒမကောင်းမှုကြောင့် ထိုလယ်သမားသည် ကျွပ်ကို ဘုရားရှင် လက်ထက်တော်အခါဝယ် ဝိဒေဟတိုင်း မိထိလာမြို့၌ [illegible]မ တစ်ယောက်၏ ဝမ်းမှာ ပဋိသန္ဓေ နေလေသည်။ မိဘတို့က ''ဗီဇက'' ဟု နာမည်မှည့်ကြလေသည်။

## ဗီဇက တက္ကတွန်းထံ ဆည်းကပ်

ဗီဇကသည် အရွယ်ရောက်သော် ဥပုသ်သီတင်း သောက်ကည့်လျက် မိဂဒါဝုန်ဘောဇ္ဈင်းသော ကဿပ [illegible]ယ်၌ ဂြပ်သော[illegible] ''ကဿပ''ဟု ထင်ရှားသော [illegible]မတ်သည် တက္ကတွန်း [illegible] သွားရောက်ဆည်းကပ်နေလေသည်။

## အင်္ဂတိမင်းက ပျော်မွေ့ချင်ရာကို သံတော်ဦးအားင်ခိုင်

တိုအခါ ဝိဒေဟတိုင်း မိထိလာမြို့၌ မင်းကျ[illegible] ဆယ်ပါး နှင့် ပြည့်စုံလျက် တရားသဖြင့် မင်းပြုသော [illegible] မိထိလာ မြို့ကိုရော နန်းတော်ကိုပါ [illegible] ကျတ်[illegible] ကျင်းပသော တန်ဆောင်မုန်းလပြည့်နေ့ညဉ့်ဝယ် ဖြူးလိမ်းမြင်ဆင် ဆာန်

ဆာဆင်၍ ညဥ့်စာထမင်း စားဘော်ခေါ်ပြီးသော် လေသာနန်းထံခါး ကို ဖွင့်လျက် ပြာသာဒ်ပေါ်ဝယ် အမတ်ပေါင်း ခြံရံလျက် စံပျော်တော် မူလေသည်။

စံပျော်တော်မူစဉ် ထွန်းလင်းတောက်ပသော လပြည့်ဝန်းကို ကြည့်၍ ''အမတ်တို့.... အမိုက်ကိုဖျောက် အလင်းကိုဆောင်လျက် အရှေ့မျက်နှာမှ ထက်လာသော ထွန်းလင်းတောက်ပသော လပြည့်ဝန်းလဲရှိသော ဒီညဉ့်သည် အလွန်ပျော်မွေ့စရာ ကောင်း၏။ ဘယ်လို ပျော်မွေ့ခြင်း ဖြင့် ငါတို့ ပျော်မွေ့ကြရမလဲ။ သင်တို့ကြိုက်ရာကို သံတော်ဦးတင်ကြ'' ဟု သံတော်ဦး အစာင်ခိုင်းလေသည်။

အမတ်များ အသီးသီး သံတော်ဦးတင်

ထိုအခါ စစ်သူကြီးဖြစ်သော အလာဘအမတ်ကြီးက ''မင်းကြီး အလိုသို့မလိုက်သည့် မင်းများကို မင်းကြီးအလိုသို့လိုက်အောင် စစ်တိုက် တော်မူပါ''ဟု သံတော်ဦး တင်လေသည်။

အလာဘအမတ်ကြီးစကားကို ကြားလျှင် သုနာမအမတ်ကြီးက ''မင်းကြီးအလိုသို့ မလိုက်သည့်မင်း မရှိ၊ မြတ်သော ဥပုသ်နေ့ဖြစ်၍ စစ်တိုက်ဖို့အကြံပေးသည်ကို ကျွန်ုပ် သဘောမတူပါ''ဟု ကန့်ကွက်၍ ''ဆစားကောင်း အသောက်ကောင်းများကို စားသောက်ကာ က,ပြ သီ ဆို ဖျော်ဖြေလျက် ကာမဂုဏ်များကို ခံစားတော်မူပါ''ဟု ကာမဂုဏ် ခံစားဖို့ သံတော်ဦးတင်လေသည်။

သုနာမအမတ်ကြီးစကားကို ကြားလျှင် ဝိဇယ အမတ်ကြီးက— ''ကာမဂုဏ်ကို နေ့စဉ်နေ့တိုင်း ခံစားရ၏။ မင်းတို့အဖို့ ကာမဂုဏ်ကို ရခဲသည်မဟုတ်၊ ရလွယ်သောကြောင့် ကာမဂုဏ်ခံစားဖို့ ဆင်ပြချက်ကို ကျွန်ုပ်သဘောမတူပါ''ဟု ကန့်ကွက်ကာ ''ဗဟုဿုတ (အကြားအမြင်) နှင့် ပြည့်စုံသော ရသေ့ရဟန်းများထံ ချဉ်းကပ်လျှင် ယုံမှားသံသယ များ ပျောက်ကင်းနိုင်ပါသဖြင့် ရသေ့ရဟန်းတို့ထံ ချဉ်းကပ်တော်မူ ပါ''ဟု ရသေ့ရဟန်းတို့ထံ ချဉ်းကပ်ဖို့ သံတော်ဦးတင်လေသည်။

ဝိဇယအမတ်ကြီးစကားကို ကြားလျှင် အင်္ဂတိမင်းကြီးသည် ဝိဇယအမတ်ကြီး အကြံပြု တင်ပြချက်ကို သဘောတူ လက်ခံလေသည်။

ထိုအခါ အလာတအမတ်ကြီးက "အရှင်မင်းကြီး... ဗဟုသုတနှင့် ပြည့်စုံသော ရသေ့ရဟန်းတို့ထံ ချဉ်းကပ်တော်မူလိုသော် မိဂဒါဝုန်တောမှာ အဝတ်လည်းမဝတ်၊ "ပညာရှိ"ဟူ၍လည်း သမုတ်အပ်သော တက္ကတွန်းဆရာရှိ၏။ ထိုတက္ကတွန်းဆရာကား အမျိုးအနွယ်အားဖြင့် ကဿပ အမျိုးအနွယ်တည်း။ အကြားအမြင်လည်း များပါ၏။ အဆန်းအကြယ် နားပျော်ဖွယ်စကားကိုလည်း ဟောပြောတတ်ပါ၏။ အခြေအရုံနှင့်လည်း ပြည့်စုံပါ၏။ ထိုဆရာသည် ကျွန်ုပ်တို့၏ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ပါလိမ့်မည်။ ထိုသခင့်ထံ ချဉ်းကပ်ကြစို့" ဟု သံတော်ဦး တင်လေသည်။

## အင်္ဂတိမင်း ကဿပတက္ကတွန်းထံ ချဉ်းကပ်

မင်းကြီးသည် အလာတအမတ်ကြီး၏ စကားကို လက်ခံကာ ချက်ချင်းပင် မှူးမတ်ဗိုလ်ပါစစ်သည်အပေါင်းခြံရံ၍ ကဿပတက္ကတွန်းထံ သွားရောက် ချဉ်းကပ်လေသည်။

## သုဂတိ ဒုဂ္ဂတိရောက်ကြောင်း အကျင့်ကို မေး

တက္ကတွန်းထံရောက်လျှင် အပြန်အလှန် "ကျန်းမာပါရဲ့လား" စသည်ဖြင့် နှုတ်ဆက်စကား ပြောဆိုကြပြီးနောက် မင်းကြီးက "အရှင်ကဿပ... လူများသည် မိဘ, သားမယားတို့အပေါ်၊ အသက်ကြီးသူတို့အပေါ်၊ ရသေ့ရဟန်းတို့အပေါ်၊ မှူးမတ်ဗိုလ်ပါတို့အပေါ်၊ တိုင်းသူပြည်သားတို့အပေါ် ဘယ်လိုကျင့်ကြရပါမလဲ။ ဘယ်တရားကို ကျင့်ခြင်းကြောင့် သတ္တဝါတို့သည် လူ့ဘုံ နတ်ဘုံသို့ ရောက်ကြရပါသလဲ။ အဘယ်တရား ဆိတ်သုဉ်းခြင်းကြောင့် အပါယ်လေးပါး ရောက်ကြရပါသလဲ"ဟု မေးလျှောက်လေသည်။

## ကောင်းမှု မကောင်းမှုတို့၏ အကျိုးမရှိကြောင်း တလွဲဖြေ

"မင်းကြီး... တရားကို ကျင့်သည့်အတွက် 'ကောင်းကျိုး, ဆိုးကျိုး'ဟူ၍ ဘာအကျိုးမျှမရှိ။ 'မိဘ, ဆရာသမား'ဟူ၍ မရှိ။ သတ္တဝါအားလုံး အတူတူပင်ဖြစ်၏။ အလှူပေးသည်လည်း အကျိုးမရှိ၊ လူမိုက်တို့က ပေးလှူကြ၍ ပညာရှိတို့က ခံယူကြခြင်းသာဖြစ်၏" စသည်ဖြင့် ကောင်းမှုတို့၏ အကျိုးမရှိကြောင်းကို ပြောဟောလေသည်။

ထိုနောက် ''မင်းကြီး....မီး, မြေ, ရေ, လေ, ချမ်းသာ, ဆင်းရဲ၊ အသက် ဒီခုနစ်ပါးတို့သည် မြဲကုန်၏။ ကွဲခြင်းမည်သည် မရှိ။ လည်ကို ဓားဖြင့် ဖြတ်သော်လည်း 'သူ့အသက်ကို သတ်ဖြတ်သည်' မမည်။ လည်ပင်းအသားအကြားမှာ ဓားလက်နက်သွားခြင်းသာ ဖြစ်၏။ သတ်ဖြတ်သည်မမည်သောကြောင့် မကောင်းမှု၏အကျိုးသည် ဘယ်မှာ ရှိပါတော့မလဲ။ သတ္တဝါအားလုံး ကမ္ဘာကြီး (၈၄) ရှစ်ဆယ့်လေး ကမ္ဘာစေ့သော် စင်ကြယ်ကုန်၏။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြကုန်၏။ ကမ္ဘာကြီး (၈၄) ရှစ်ဆယ့်လေးကမ္ဘာ မစေ့မီ ကိုယ်နှုတ်စိတ်ကို စောင့်စည်း၍ ကုသိုလ်ကောင်းမှုပြုသော်လည်း မစင်ကြယ်ကုန်။ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်ကြကုန်။ ကမ္ဘာကြီး (၈၄) ကမ္ဘာ မစေ့သမျှကာလပတ်လုံး မကောင်းမှုကို များစွာပြုသော်လည်း (၈၄) ရှစ်ဆယ့်လေးကမ္ဘာကို မလွန်နိုင်ကုန်'' စသည်ဖြင့် မကောင်းမှုပြု၍ အပြစ်မရှိကြောင်းကို ပြောဟောလေသည်။

ကဿပတက္ကတွန်းသည် ဥစ္ဆေဒအယူ (''သေလျှင်ပြတ်၏''ဟု ယူသည့်အယူ) ရှိသူ ဖြစ်သည့်အလျောက် အမေးနှင့်လျော်သော အဖြေကို မဖြေမူ၍ ထမင်းပွဲထဲ အမှိုက်ပစ်ချဘိသကဲ့သို့ အယူမှားကိုသာ ဖြေကြားပြောဟောလေသည်။

## အလာတအမတ်က ထောက်ခံလျောက်

တက္ကတွန်းစကားကို ကြားလျှင် အလာတအမတ်က ''အရှင်ကဿပ....အရှင်ဘုရားပြောသည့်စကား တပည့်တော် သဘောကျသည်။ တပည့်တော်လဲ ရှေးဘဝကို မှတ်မိပါ၏။ တပည့်တော်သည် ရှေးဘဝက ဗာရာဏသီမြို့၌ အလွန်ရက်စက်ကြမ်းကြုတ်သော ပိင်္ဂလအမည်ရှိသော နွားသတ်သမား ဖြစ်ဖူး၏။ ထိုအခါ နွားကျွဲဝက်ဆိတ်တို့ကို သတ်၍ မကောင်းမှုများစွာကို ပြုခဲ့၏။ ထိုနွားသတ်သမားဘဝမှ သေသော် မိထိလာမြို့ဝယ် စစ်သူကြီးအမျိုး၌ ပဋိသန္ဓေနေ၍ 'အလာတအမတ်'ဟု ခုထင်ရှားဖြစ်လာခဲ့၏။ တပည့်တော်သည် သူ့အသက်သတ်သော်လဲ ငရဲ ပလားသဖြင့် ထိုနွားကျွဲဝက်ဆိတ်တို့ကို သတ်ခဲ့သော မကောင်းမှု၏ အကျိုးသည် 'မရှိ'ဟု ထင်၏''ဟု လျောက်လေသည်။

## တစ်ဘဝကိုသာ အောက်မေ့နိုင်၍ ထောက်ခံခြင်းဖြစ်

အလာတအမတ်ကြီးသည် တစ်ခုသောဘဝက ကဿပဘုရားရှင်၏ စေတီတော်ကို လိပ်ဘူးရွှေပန်းကုံးဖြင့် ပူဇော်ခဲ့သည်။

ထိုဘဝမှသေသောအခါ လိပ်ဆူးရှောပန်းကုံးဖြင့် ပူဇော်ခဲ့သည့် ကောင်းမှုကံသည် အကျိုးပေးခွင့်ရလာ၍ ထိုကောင်းမှုကံကြောင့် ယခု စစ်သူကြီးအမျိုးဖြစ်၍ အမတ်ကြီးဖြစ်လာရ၏။

အလာတအမတ်သည် လွန်ခဲ့သည့် တစ်ဘဝကိုသာ အောက်မေ့ အမှတ်ရနိုင်၍ ထို့ထက်အလွန် ဟိုဘက်ဘဝများကို မအောက်မေ့နိုင် သောကြောင့် ''နွားသတ်ကံကို ပြုသည့်အတွက်ကြောင့် အမတ်ကြီး ဘဝကိုရသည်'' ဟု ထင်၍ ကဿပတက္ကတွန်းစကားကို ထောက်ခံ ပြောဆိုခြင်းဖြစ်သည်။

ဗီဇက ရှိုက်ကြီးတငင်ငင်ဖြင့် ငို

ကဿပတက္ကတွန်း၊ အလာတအမတ်တို့စကားကို အနီးမှာ နား ထောင်နေသော ကျွန်ဗီဇက ကြားလေလျှင် ရှိုက်ကြီးတငင်ငင်ဖြင့် ငိုကြွေးလေတော့သည်။

ငိုခြင်းအကြောင်းကို မင်းကြီးကမေး

အင်္ဂတိမင်းကြီးက ''ဘယ်အတွက်ကြောင့် သင် ငိုရသလဲ။ ဘယ်ဝေဒနာကို ခံစားရသလဲ။ ငါ့ကို သံတော်ဦးတင်စမ်း'' ဟု သံတော်ဦး အတင်ခိုင်းလေသည်။

ဗီဇက့က သံတော်ဦးတင်

ဗီဇက့က ''အရှင်မင်းကြီး....ကျွန်တော်မျိုးမှာ ဘာဝေဒနာမျှ မရှိပါ။ ကျွန်တော်မျိုးသည် ရှေးက ချမ်းချမ်းသာသာ နေခဲ့ရသော ဘဝကို မှတ်မိပါသည်။ ကျွန်တော်မျိုးသည် ရှေးဘဝက သာကေတ မြို့မှာ သီတင်းသီလမွေ့လျော်သော 'ဘာဝ' အမည်ရှိသော ကုဋေ ရှစ်ဆယ်ကြွယ်ဝသော သေဋ္ဌေးကြီးဖြစ်ခဲ့ဖူး၏။ ထို ဘာဝသေဋ္ဌေးကြီး သည် ပေးကမ်းစွန့်ကြဲခြင်း၊ သီတင်းသီလဆောက်တည်ခြင်း စသော ကောင်းမှုကိုသာပြု၏။ မကောင်းမှုကို မှတ်မှတ်ရရ ပြုမိသည်မရှိပါ။ ထိုသေဋ္ဌေးဘဝမှ သေခဲ့သော ကျွန်တော်မျိုးသည် ဒီမိထိလာမြို့မှာ ကျွန်၏ဝမ်းထဲ ပဋိသန္ဓေနေ၍ ဗီဇက အမည်ရှိသော ကျွန်ဖြစ်လာပါ၏။ ဒီဘဝမှာ ကျွန်မသားဖြစ်၍ ဆင်းရဲပါလျက်လဲ ကျွန်တော်မျိုးအတွက် ဖြစ်သော ထမင်းကို လိုချင်သူအား တစ်ဝက်ခွဲပေးလှူပါ၏။ လပြည့်

လက်ကယ် ဥပုသ်နေ့များမှာလဲ ဥပုသ်မစောင့်ပါ၏။ သူ့အသက်ကို ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း **စသော** မကောင်းမှုကိုလဲ လုံးဝမပြုပါ။ ထိုပြုအပ်သော ကောင်းမှုသည် **အလာတအမတ်ကြီး** ပြောသလို '**အကျိုးရှိမည်မဟုတ်**'ဟု ထင်ပါ၏။ ကျွန်တော်မျိုးသည် မကျွမ်းကျင်သော ကြွေအံသမားလို အရှုံးကိုသာ ပြုလုပ်မိ၏။ အလာတ **အမတ်ကြီးသည်** ကျွမ်းကျင်သောငှက်မုဆိုးလို အနိုင်ကိုသာပြုလုပ်မိ၏။ သို့ပါ၍ ကဿပ၏စကားကို ကြားရသော် ကျွန်တော်မျိုးသည် နတ်ပြည် ရောက်ကြောင်းလမ်းကို မမြင်ရသောကြောင့် ငိုခြင်းဖြစ်ပါသည်''ဟု သံတော်ဦးတင်လေသည်။

အခြားပုံဘဝကိုသာမြင်၍ ပြောခြင်းဖြစ်

"ကျွန်ဖြစ်မည် ထင်သည်''ဟု ပြောမှားမိသော ဝိဒေဟ အကုသိုလ်ကံသည် ကိုယောကျ်ားဘဝမှ အခြားမဲ့ဘဝ၌ အကျိုးမပေး မှု၍ ပြာဖြင့်ဖုံးထားအပ်သောမီးကဲ့သို့ တည်လေသည်။

ထိုယောကျ်ားဘဝမှ ရှေးလျှင် အမှတ်မဲ့သောဘဝ၌ ပြုခဲ့ဖူးသော ကောင်းမှုကံကြောင့် သာကေတမြို့မှာ ဘဝမည်သော သေဋ္ဌေး ဖြစ်၍ အလှူပေးခြင်း သီလဆောက်တည်ခြင်း စသော ကောင်းမှုကိုသာ ပြုလုပ်ခဲ့သည်။

ထိုကောင်းမှုသည် အခြားမဲ့ဖြစ်သော ဗီဇကဘဝ၌ အကျိုးမပေး မှု၍ မြေတွင်မြှုပ်ထားအပ်သော ရွှေအိုးကဲ့သို့ အခွင့်မရသမျှကာလပတ်လုံး တည်လေသည်။

ကဿပဘုရားရှင်လက်ထက်က ရဟန်းကို ပြစ်မှားပြောဆိုခဲ့သော မကောင်းမှုကံသည် အခွင့်ရ၍ မိထိလာမြို့မှာ ကျွန်မသားဘဝကို အကျိုး ပေးလေသည်။

ဗီဇကသည် ရှေးက ပြုအပ်သော မကောင်းမှုကို မမြင်၍ အခြားမဲ့ဖြစ်သော ဘဝမသေဋ္ဌေးဘဝ၌ ပြုအပ်သော အလှူပေးလှူခြင်း သီလဆောက်တည်ခြင်း စသောကောင်းမှုသည် "ကျွန်မသား ဘဝကို အကျိုးပေးသည်''ဟု ထင်မှတ်၍ "ကောင်းမှုသည် အကျိုးရှိမည် မဟုတ်''ဟု ထင်ပါ၏''ဟု ပြောခြင်းဖြစ်သည်။ (ဗီဇကကား အရှင် မဟာမောဂ္ဂလာန် အလောင်းတည်း။)

အင်္ဂတိမင်း အယူ့ပွားယူ၍ ကာမဂုဏ်ခံစား

ထိုသုံးယောက်တို့စကားကို ကြားလျှင် မင်းကြီးသည် မိစ္ဆာအယူကို စွဲစွဲမြဲမြဲ ယူလေသည်။ ''ဗိဇက.... ကောင်းရာဘဝသို့ရောက်ကြောင်းအကျင့် မရှိ''ဟု အမြဲယုံမှားသံသယကင်းပါ။ သတ္တဝါမှန်သမျှကမ္ဘာကြီး (၈၄) ရှစ်ဆယ့်လေးကမ္ဘာ မစေ့သရွေ့ ဆာလပတ်လုံး သံသရာဝဋ်ဆင်းရဲမှ မလွတ်နိုင်။ မစင်ကြယ်နိုင်ကုန်။ ဆင်းရဲတစ်ခါချမ်းသာတစ်လှည့် ဖြစ်မြဲတည်း၊ ကောင်းမှု မကောင်းမှုကြောင့် ဖြစ်သည်မဟုတ်။ 'သံသရာဝဋ်ဆင်းရဲမှ အမြန်လွတ်မြောက်လိုသည်'ဟု ရည်ရွယ်၍မလုပ်ပါနှင့်။ ငါလဲ ရှေးက မြို့တံခါးလေးမျက်နှာနှင့် မြို့လယ်တို့၌ မဏ္ဍပ်ဆောက်လုပ်၍ တရားသဖြင့် လှူဒါန်းစွန့်ကြဲ ကမ်းခဲ့ပါ၏။ ထိုသို့လှူဒါန်းစွန့်ကြဲပေးကမ်းမှုကို [illegible]ပ်ဆောင်ရွက်စဉ်အခိုက်၌ ကာမဂုဏ်ခံစားခြင်းမှ ဆုတ်ယုတ်ခဲ့ရ [illegible]၏'ဟု ဗိဇကကို ပြောလေသည်။

ဗိဇကကို ပြောပြီးနောက် ကာ[illegible] ''အရှင်ကဿပ [illegible] ကာ[illegible]ညီတော်တို့သည် ဒီမျှလောက်သောကာလပတ်လုံး အရှင်ဘုရားကို မေ့မလျော့ခဲ့ကုန်၏။ ခု တပည့်တော်တို့ တရားတော်နာချင်ပြီ။ ဒီနေ့မှစ၍ ကာမဂုဏ်ချမ်းသာကို ခံစားတော့မည်။ အရှင်ဘုရား၏တရားနာခနသည်မှာလဲကြာလှပြီ။ တပည့်တော်တို့ ပြန်ကြပါတော့မည်။ နောင်လဲ ပူးမြင်ပါဦးမည်''ဟု လျှောက်၍ နန်းတော်ပြန်ခဲ့လေသည်။

မင်းကြီးသည် နောက်နေ့[illegible]သောက်အလင်းရောက်သော် အမတ်များကို ခေါ်၍ တိုင်းရေးပြည်ရေးကိစ္စအာ လုံးကို အမတ်များအားလွှဲအပ်၍ ပေးလှူမြဲကုသိုလ်ဝတ်များကို ဖြတ်ကာ သူတစ်ပါး[illegible]ားနှင့်[illegible]သမီး[illegible]များကို အနိုင်အဘက်သိမ်းယူ၍ ကာမဂုဏ်စည်းပျော်ပါးခံစားလေသည်။

ရုစာမင်းသမီးနှင့် နာရဒဗြဟ္မာတို့ ချတ်မှ စွန့်

အင်္ဂတိမင်းကြီးသည် (အရှစ် အာနန္ဒာအလောင်း) သမီးတော် ရုစာမင်းသမီးနှင့် (ဘုရားအလောင်း) နာရဒဗြဟ္မာတို့ [illegible]ချတ်မှ ထိုမိစ္ဆာအယူကို စွန့်လေသည်။ ။ဤသည်မှာ ဝစီဘေဒထိတိုင်းရှစ်ပုံတည်း။ (မဟာနိပါတ် [illegible]ဟာနာရဒကဿပဇာတ်)

## ကြက်သီး ထဖွယ်ရာ

ဒေလထက် လှိုင်းမြူသည် လှိုင့်သူသို့သာ ကပ်ရောက်လာသကဲ့သို့ သူတစ်ပါးကို ထိပါးပြောသည့် ဝစီဘေဒသည် သူတစ်ပါးထံ မရောက်ဘဲ ထိပါးပြောသူထံသို့သာ ရောက်လေသည်။ ထို့ကြောင့် ထိပါးပြောသည့် ဝစီဘေဒကား ကြက်သီးထဖွယ်ရာသာ ဖြစ်လေသည် တကား။

နှမြောသည် ယောကျ်ားဖြစ်စဉ်အခါက သူတော်ပါ
မွန်မွန်မြတ်မြတ် လှူဒါန်း ပူဇော်မှုကို မကျေမနပ်ဖြစ်ကာ
"ဒီအလှူဝတ္ထုပစ္စည်း အားလုံးကို အမှိုက်သရိုက်စွန့်ရာ သုသာန်မှာ
စွန့်ပစ်တာက ကောင်းသေးသည်၊ ဒီရဟန်းတော်တွေကို
လှူဒါန်းသည်မှာ မကောင်းသည်သာ" ဟု
ကဲ့ရဲ့ပြစ်မှားသော ဝစီဘေဒကြောင့်
သူငယ်တစ်ယောက် မွေးပြီးပြီးချင်း
သုသာန်မှာ စွန့်ပစ်ခံရ

---

# ဝစီဘေဒ ထိခဲ့ပုံ

## ဥပါသကာများ အလှူကြီး စုပေါင်းပေးလှူ

တစ်နေ့သ၌ သာဝတ္ထိမြို့ရှိ မွေမိတ်ဂွေ ဥပါသကာများသည် စုပေါင်း၍ မဏ္ဍပ်ကြီး ဆောက်လုပ်ပြင်ဆင် ပြီးနောက် နေရာထိုင်ခင်း, ဆွမ်းစသည့် လိုအပ်သမျှအားလုံးကို စီစဉ်ထားသည်။ အားလုံးစီစဉ်ပြီးသော် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား အလှူကြီးပေးလှူကြလေသည်။

## နှမြောသူက ကဲ့ရဲ့ပြစ်တင်

ထိုအခါ နှမြောမှုအညစ်အကြေးသောင်းကျန်းသည့်စိတ် ရှိသူ တစ်ယောက်သည် ထိုမွန်မြတ်လှသော ပစ္စည်းများဖြင့် ပေးလှူနေကြသည်ကို မြင်လျှင် ကြီးကြီးကျယ်ကျယ် မွန်မွန်မြတ်မြတ် လှူဒါန်းပူဇော်

မှုကို မကျေပနပ်ဖြစ်ကာ "ဒီအလှူကြွပစ္စည်းအားလုံးကို အမှိုက်သရိုက် စွန့်ရာ သုသာန်မှာ စွန့်ပစ်တာက ကောင်းသေးသည်၊ ဒီခေါင်းတုံး တွေကို လှူဒါန်းသည်မှာ မကောင်းသည်သာ"ဟု ကဲ့ရဲ့ပြစ်တင်စကား ပြောကြားလေသည်။

ကန်တော့ပြီး ယာဂုဆွမ်းကပ်

ထိုစကားကို ဥပါသကာများ ကြားလျှင် ကိုက်လန့်ကြကာ "ဒီလူ ရဟန်းသံဃာအပေါ် ပြစ်မှားသည့် မကောင်းမှုကံသည် ငန်းလေးလှသေးစွာတကား"ဟု နှလုံးသွင်း၍ ထိုအကြောင်းကို ထိုလူ့မိခင်အား ပြော၍ သားကို ဘုရားအမှူးရှိသော ရဟန်းသံဃာကို ကန်တော့ခိုင်းဖို့ တိုက်တွန်းကြလေသည်။ မိခင်ဖြစ်သူသည် သားကို ခြိမ်းခြောက်ပြောဆို၍ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပြစ်မှားမိသည့်အပြစ်ကို လျှောက်ထား၍ ကန်တော့ခိုင်းလေသည်။ ကန်တော့ပြီးနောက် ကြည်ညိုစိတ်ဖြစ်ကာ ခုနစ်ရက်ပတ်လုံး ယာဂု ဆက်ကပ်လှူဒါန်း ပူဇော်လေသည်။

## ဝစီဘေဒ ထိတိုင်းရှုပုံ

ဖွားလျှင် ဖွားချင်း သုသာန်စွန့်ပစ်ခံရ

ထိုယောကျ်ားသေသော် ထိုဝစီဘေဒကံကြောင့် ညစ်နွမ်းသောအပုပ်ကို ပို၍ အကျက်မေးသော ပြည့်တန်ဆာမဝမ်း၌ ပဋိသန္ဓေနေပြီးလျှင် အမိဝမ်းမှဖွားလျှင် မွေးမြူ၍ သားဖွားလျှင် စွန့်ပစ်လေ့ရှိသည့် ပြည့်တန်ဆာ့လို ထုံးစံအတိုင်း ပြည့်တန်ဆာမသည် မွေးဖွားလျှင် ယောကျ်ားလေးမှန်းသိ၍ သုသာန်သွားစွန့်ပစ်ခိုင်းလေသည်။

နတ်များ စောင့်ရှောက်

ထိုနေ့က၌ ခုနစ်ရက်ပတ်လုံး ယာဂုဆက်ကပ်လှူဒါန်းပူဇော်ခဲ့သော ကောင်းမှုကံ၏အစွမ်းကြောင့် နတ်များ ဝိုင်းစောင့်ရှောက်ကြပြီးလျှင် မိမိတို့လက်ပမှ နို့ရည်များ ယိုကျစေကာ တစ်ညဉ့်လုံးနို့တိုက်ကြပေသည်။ ကိုယ်လူး, ကျားစသော မကောင်းဆိုးဝါးများသည်ပင် မချဉ်းကပ်ကြကုန်။ ကျီး, ကင်း, ငှက်စသည်တို့သည်း မကိုက်မစား ကြကုန်။

## ဘုရားရှင်က ''စည်းစိမ်ခံစားရမည့်သူ''ဟု မိန့်တော်မူ

ဘုရားရှင်သည် နံနက်မိုးလင်းသော် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူသည်ရှိသော် ထိုသူငယ်ကို မြင်တော်မူလေလျှင် နေ့တာ ကြောင်းတိုက်မှ သုသာန်သို့ ကြွတော်မူလေသည်။

ဘုရားရှင် သုသာန်ရောက်တော်မူသည်ကို လူများ မြင်လျှင် ''ဘုရားရှင် အကြောင်းရှိ၍ သုသာန်ကြွလာတော်မူခြင်းဖြစ်မည်''ဟု လူအများ က သုသာန်သို့ စုဝေးရောက်လာကြလေသည်။

ဘုရားရှင်က သူငယ်ကို မြင်တော်မူ၍ ''ဤသူငယ်ကို မထိမ့်မြင် မပြုသင့်၊ ခု သုသာန်မှာ စွန့်ပစ်ခံရသော်လည်း နောင် ဤကမ္ဘာလောက နောက်ဘဝမှာပါ များမြတ်သော စည်းစိမ်ကို ခံစားရလိမ့်မည်''ဟု မိန့်တော်မူပြီးလျှင် သူငယ် ရှေးဘဝက ပြုခဲ့သည့်ကံကို ဟောတော်မူ လေသည်။

### သေင္ဌေးက မွေးစား

ထိုအခါ အမွေခံမည့်သူမရှိသော သေဋ္ဌေးတစ်ယောက်က ဘုရားရှင်ရှေ့မှောက်မှာပင် ''ငါ့သား''ဟု ပြောပြီး ကောက်ယူသွားလေသည်။ သူငယ် အစောင့်အရှောက်ရလျှင် ဘုရားရှင်ကျောင်းပြန်ကြွတော်မူသည်။

### အရွယ်ရောက်လျှင် သေဋ္ဌေးဖြစ်

သူငယ်သည် နောင်အခါ မိမိလည်း အရွယ်ရောက်သော သေဋ္ဌေးလည်း သေသော် ကုဋေရှစ်ဆယ်အမွေရကာ သေဋ္ဌေးဖြစ်သတည်း။ ထိုဘဝမှ သေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏သားဖြစ်လေ သည်။ ။ဤသည်မှာ ဝစီဘေဒ ထိရှပုံကည်း။ (ဓမ္မပဒအဋ္ဌကထာ)

## ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြသည်

ဝစီဘေဒမကောင်းမှုကံကြောင့် ပြည့်တန်ဆာမ ဝမ်း၌ ဖြစ်ရပြီး သုသာန်မှာ စွန့်ပစ်ခံရသည်။ ထိုသော် အဖြစ်ကို မြင်လာ လူအများ ရှိသော ရဟန်းသံဃာကို ကန်တော့၍ ကြည့်ရှုကြပြင်ပေါ်ကာ ခုနစ် ရက်ပတ်လုံး ယာဂုဆက်ကပ်လှူဒါန်းပူဇော်ခဲ့သော ကုသိုလ်ကြောင့် သုသာန်မှာ စွန့်ပစ်ခံရသော်လည်း နက်များခြောင့်ရှောက်မှုကို ခံရ

ကာ ထိုဘဝမှာပင် သေရွေးသား ဖြစ်ရလေသည်။ နောက်ဘဝမှာလည်း သိကြွားသား ဖြစ်ရလေသည်။

ကုသိုလ်ကလည်း ကောင်းကျိုးကို ပေးသည့် ကိုယ့်အလုပ်ကို ကိုယ်လုပ်၍ အကုသိုလ်ကလည်း မကောင်းသည့်အကျိုးကို ပေးသည့် ကိုယ့်အလုပ်ကို ကိုယ်လုပ်သည်မှာ မှုန်းလှလေသည်တကား။

---

မိခင်ဖြစ်သူ ရဟန္တာထေရ်တို့အား ဆွမ်းကပ်သည်ကို
''ငါတို့ဥစ္စာကို ဘယ်အတွက်ကြောင့်
ရဟန်းတို့အား ပေးလှူရသလဲ၊ သင် ပေးလှူအပ်သော
ဆွမ်းကို စားသော ရဟန်းတို့အား
ပါးစပ်မှ သွေးနက်သွေးပုပ်များ ယိုစီးကျကြပါစေ''ဟု
ကျိန်ဆဲကြသော ဝစီဘေဒကြောင့်
နံ့သာကုန်သည်ညီအစ်ကိုနှစ်ယောက် ပြိတ္တာဖြစ်ကာ ပါးစပ်မှ သွေးနက်သွေးပုပ်များ
အမြဲ ယိုစီးကျရ

---

# ဝစီဘေဒ ထိခဲ့ပုံ

## နံ့သာကုန်သည်ညီနောင်

ဘာရှကန္ဒ[illegible] [illegible] အသက်ကြီးသ[illegible] [illegible] တစ်ဆယ့်ငါးနှစ် တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ [illegible]ကုန်သည်ညီအစ်ကို နှစ်ယောက် ရှိလေသည်။

## မိခင်ဖြစ်သူ ရဟန္တာအရှင်မြတ်များကို ဆွမ်းကပ်

တစ်နေ့သောအခါ ထိုနံ့သာကု[illegible] [illegible] [illegible]နှစ်ယောက်၏ မိခင်ဖြစ်သူ[illegible]သည် ရဟန္တာအရှင်မြတ်များကို ဆွမ်း[illegible]

## နံ့သာကုန်သည်ညီနော[illegible] ကျိန်ဆဲ

ထိုအခါ နံ့သာ[illegible] [illegible] ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် အရွယ်[illegible] [illegible] ''[illegible]ငါ့ဥစ္စာကို [illegible] အတွက်ကြောင့် ရဟန်းတို့အား ပေး[illegible]ရသလဲ။ သင် ပေး[illegible]သော

ဆွမ်းကို စားသော ရဟန်းတို့အား ပါးစပ်မှ သွေးနက်သွေးပုပ်များ ယိုစီးကျကြပါစေ''ဟု ကျိန်ဆဲလေသည်။ ဤကား ဝစီဘေဒထိခဲ့ပုံ (ထိပါး ပြောခဲ့ပုံ)တည်း။

ဝစီဒေဿ ထိတိုင်းရှုပုံ

နံ့သာကုန်သည်ညီနောင် ငရဲကျ

နံ့သာကုန်သည် ညီအစ်ကိုနှစ်ယောက်သည် ထိုဘဝမှသေသော် ထိုကျိန်ဆဲသည့် ဝစီဘေဒမကောင်းမှုကံကြောင့် ငရဲကျကြလေသည်။

ပြိတ္တာဖြစ်၍ ပါးစပ်မှ သွေးပုပ်များ ယိုစီးကျ

ငရဲမှလွတ်သော် ကိုက်အကြွင်းအကျန်၏ အစွမ်းဖြင့် တောအုပ်တစ်ခု၌ ပြိတ္တာဖြစ်လေသည်။ ပြိတ္တာဖြစ်သည့်အခါ ပါးစပ်မှ သွေးနက်သွေးပုပ်များ အမြဲယိုစီးကျကာ ဆင်းရဲဒုက္ခကို ခံကြရလေသတဲ့။

ဥပသကာက မေးသဖြင့် ပြိတ္တာနှစ်ယောက်က ဖြေ

အရှင်မဟာကစ္စည်း မထေရ်ကို လုပ်ကျွေးသည့် သောဏ အမည်ရှိသော ဥပါသကာတစ်ယောက်သည် ကုန်သည်များနှင့်အတူ အရောင်းအဝယ်ဖြင့် ဥဇ္ဇေနီပြည်သို့ သွားသော်... ဥဇ္ဇေနီပြည်မရောက်မီ လမ်းခရီး အကြားမှာရှိသော ထိုပြိတ္တာ၏တောအုပ်သို့ ရောက်လေသည်။

ကိုတောအုပ်ရောက်လျှင် ရှေ့ဆက်သွားဖို့ အချိန်မရှိတော့သဖြင့် ထိုတောအုပ်မှာ ကုန်သည်များနှင့်အတူ အိပ်ရလေသည်။ အိပ်ရာမှနိုး၍ ထသွားသော် ပါးစပ်မှ သွေးနောက် သွေးပုပ်များ ယိုစီးကျနေသော ပြိတ္တာသူငယ်နှစ်ယောက်ကို မြင်လေသော် ဥပါသကာက မေး၍ ပြိတ္တာနှစ်ယောက်က ပြောလေသည်။

(ဥပါသကာ) သင်တို့ ဘယ်သူများလဲ။
(ပြိတ္တာ) ပြိတ္တာများ ဖြစ်ကြပါသည်။
(ဥပါသကာ) ဘယ်အတွက်ကြောင့် ခုလိုဖြစ်ရသလဲ။
(ပြိတ္တာ) မိမိ၏ရှေးကံကြောင့် ဖြစ်ကြရပါသည်။
(ဥပါသကာ) ရှေးကံကား ဘယ်ဟာလဲ။
(ပြိတ္တာ) ဒီကံပါ။

ယခုလို ''ဒီကံပေါ်''ဟု ပြော၍ ပြိတ္တာက ဇာတ်ကြောင်းစုံကို အကျယ်ပြောပြလေသတဲ့။ ။ကျိုက်ကာ ဝစီဘေဒ ထိတိုက် မှုတည်း။ (ဥဒါန်းအဋ္ဌကထာ သောဏဂင်္ဂ သောဏသုတ်)

## မိဘဖြစ်၍ အထိနာ

ထိခိုက်ခံရသူက ပုထုဇဉ်ပင်ဖြစ်သော်လည်း ကျေးဇူးရှင် မကန့်နိုင်လောက်အောင် ကျေးဇူးကြီးလှပေသည်။ ထို့ကြောင့် ထိုမိဘနှင့် သည့် သားများ ပြိတ္တာဖြစ်ရန် အမြဲ ကျေးဇူး အထိနာမှု လေသည်တကား။

အရှင်ပိလိန္ဒဝစ္ဆရဟန္တာမထေရ်မြတ်က ပိတ်ချင်းသီးသည်ကို
"သူယုတ်....သင့်ခွက်ထဲမှာ ဘာတွေလဲ"ဟု မေးတော်မူရာ
"တပည့်တော်၏ခွက်ထဲမှာ ကြွက်ချေးတွေပါဘုရား" ဟု
ကြမ်းတမ်းရိုင်းပြစွာ ပြန်ပြောသော ဝစီဘေဒကြောင့်
ပိတ်ချင်းသီးသည်၏ ပိတ်ချင်းသီးများ
ကြွက်ချေးတွေ ဖြစ်ရ

---

# ဝစီဘေဒထိခဲ့ပုံ

### အရှင်ပိလိန္ဒဝစ္ဆ၏ ဝါသနာ

ပိလိန္ဒဝစ္ဆမထေရ်မြတ်သည် ဘဝငါးရာ ဆက်တိုက် သူ့ဘစ်ဖက်သားကို "သူယုတ်"ဟု ပြောလေ့ရှိသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့၍ ထိုဘဝက အလေ့အကျက် အထုံဝါသနာကြောင့် "သူယုတ်....သွား" စသည်ဖြင့် စကားဝါကျ ခွန်းတိုင်းမှာပင် "သူယုတ်"ဟု ပြောဆိုလေ့ရှိလေသည်။

### ပိတ်ချင်းသီးသည်နှင့် တွေ့၍ မထေရ်က မေး

တစ်နေ့သ၌ အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်လေသည်။ ပိတ်ချင်းသီးများ ခွက်အပြည့် ထည့်ယူလာသော ယောကျ်ားတစ်ယောက်နှင့် တွေ့လေလျှင် မထေရ်က "သူယုတ်... သင့်ခွက်ထဲမှာ ဘာတွေလဲ"ဟု မေးတော်မူလေသည်။

ပိတ်ချင်းသီးများကို ''ကြွက်ချေးတွေပါ'' ဟု ပြော

ပိတ်ချင်းသည့်ယောကျ်ားသည် ''ဒီရဟန်းကား စောစောစီးစီး င် ငါ့အား နိမိတ်မကောင်း မင်္ဂလာမရှိသည့် သူယုတ် ဟူသော ကြမ်းတမ်းရိုင်းပြသည့်စကားကို ပြောလာ၏ သူ့စကားနှင့် လိုက်လျော သည့် ကြမ်းတမ်းရိုင်းပြသည့်စကားကို ပြန်ပြောမှသင့်မည်'' ဟု ကြံစည် ၍ ဒေါသ စိတ်ဖြင့် ပြစ်မှားကာ ''တပည့်တော်၏ ခွက်ထဲမှာ ကြွက်ချေး တွေပါ ဘုရား'' ဟု ကြမ်းတမ်းရိုင်းပြစွာ ပြန်ပြောလေသည်။

ဤကား ဝစီဘေဒထိခဲ့ပုံတည်း။

ဝစီဘေဒထိတိုင်းရှုပုံ

ပြောသည့်အတိုင်း ကြွက်ချေးတွေဖြစ်

မဟာသည် ''ဟယ်.... သူယုတ်... သင် ပြောသည့်အတိုင်း ကြွက်ချေးတွေသာ ဖြစ်ပေလိမ့်မည်'' ဟု မိန့်တော်မူ၍ ရှေ့သို့ ကြွ သွား တော်မူလေသည်၊

ထိုအခါ ခွက်ထဲပါသမျှ ပိတ်ချင်းသီးအားလုံး ကြွက်ချေးတွေ ချည်း ဖြစ်ကုန်တော့သည်။ မဟာထေရ်အပေါ် ပြစ်မှား ပြောဆို လိုက်သည့် အကုသိုလ် ဝစီကံသည် ချက်ချင်းအကျိုးပေး လေသည်။

ယောကျ်ားသည် ''ငါ့ပိတ်ချင်းသီးတွေ ကြွက်ချေးလို့ထင်ရသည်၊ တကယ်ပင် ကြွက်ချေးတွေ ဖြစ်ကုန်သလော၊ မဖြစ်ကုန်သလော'' ဟု စဉ်းစားကာ မျက်ဖြင့် နှိုပ်ကြည့်လေသည်။ ပိတ်ချင်းသီးများ အကယ် ပင် ကြွက်ချေးတွေ ဖြစ်နေသည်ကို သိရလေသည်။

ထိုအခါ ထိုယောကျ်ားစိတ်သန္တာန်ဝယ် အလွန်စိတ်မချမ်းမသာ တစ်ခိုင်ရိုင်ဖြစ်သွားလေသည်။ စိတ်မချမ်းမသာဖြစ်၍ 'ဒီခွက်ထဲက ပိတ် ချင်းသီးများသာ ကြွက်ချေးတွေ ဖြစ်ကုန်သလား။ ဒါမှမဟုတ် လှည်း ပေါ်မှာပါရှိသည့် ပိတ်ချင်းသီးများလဲ ကြွက်ချေးတွေများ ဖြစ်ကုန် ရောသလား' ဟု စိုးရိမ်ကြီးစွာဖြင့် ပိတ်ချင်းသီးများ တင်လာသည့် မိမိ လှည်းရှိရာသို့ သွားရောက်ကြည့်ရှုလေသည်။ လှည်းပေါ်က ပိတ်ချင်း သီးများ ကြွက်ချေးတွေချည်း ဖြစ်နေကြသည်ကို တွေ့မြင်ရလေသည်။

## ပိတ်ချင်းသီးသည် မထေရ်နောက်လိုက်

ထိုအခါ အလွန့်အလွန် စိတ်မချမ်းမသာဖြစ်ကာ ရင်ဘယ်ကို လှောက်ဖြင့် မ,၍ ဒီလက်ချက်ကား အခြားသူ၏လက်ချက်မဟုတ်၊ ဒီလက်ချက် ငါ စောစောကတွေ့ရသော ရဟန်း၏ လက်ချက်သာ ဖြစ်၏။ မချွတ်ကေန် ပြေလည်ရာပြေလည်ကြောင်း နည်းလမ်းကောင်းတစ်ခုတော့ ရှိပေလိမ့်မည်။ မချွတ်ကေန်ပင် ဒီရဟန်း မျက်လှည့်အတတ်တစ်မျိုးမျိုးကို တတ်သိသူ ဖြစ်ပေလိမ့်မည်။ ဒီရဟန်းသွားသည့်နေရာကို နောက်က လိုက်စုံစမ်းပြီးလျှင် ဒီအကြောင်းကို ငါသိအောင်လုပ်မည်''ဟု စဉ်းစားပြီးလျှင် မထေရ်မြတ် ကြွသွားသည့်လမ်းကို မေးမြန်း၍ နောက်က လိုက်လေသည်။

## ယောကျ်ားတစ်ယောက်က အကြံပေး

အခြားယောကျ်ားတစ်ယောက်က ပိတ်ချင်းသီးသည်(ကြွက်ချေးရှင်)ယောကျ်ား ဒေါသ အလွန်အမင်းထွက်အော သွားလာနေသည်ကို မြင်သော် ''မိတ်ဆွေ....သင် ဒေါသအလွန်အမင်းထွက်ကာ သွားနေဘိ၏၊ ဘယ်အတွက်ကြောင့် ခုလို သွားရပါသလဲ''ဟု မေးလေသည်။

ပိတ်ချင်းသီးရှင် ယောကျ်ားက ဖြစ်ရပ်အားလုံးကို အကုန်ပြောပြလေလျှင် ထိုယောကျ်ားက ပိတ်ချင်းသီးရှင်ယောကျ်ားကို ''မိတ်ဆွေ...သွားရာမလားပါ။ ဂိတ်အကြံများလဲနေပါနှင့် ကျွန်ုပ်၏ ဆရာသခင် ပိဏ္ဍောလဘာရဒွါဇ မထေရ်မြတ်ပင် ဖြစ်ပါလိမ့်မည်၊ မိတ်ဆွေသည် ဒီခွက်ကိုပင် ရှိရင်းစွဲကြွက်ချေးများ အပြည့်ထည့်ယူသွားပြီးလျှင် မထေရ်မြတ်၏ရှေ့မှောက်မှာ ရပ်ပါ၊ ထိုအခါ မထေရ်မြတ်က ''ဟယ်....သူယုတ်....သင့်ခွက်ထဲမှာပါသည့် အရာဝတ္ထုတွေကား ဘာတွေလဲ''ဟု မေးတော်မူပါလိမ့်မည်။

ယခုလို မေးသည့်အခါ ''ပိတ်ချင်းသီးတွေပါ အရှင်ဘုရား''ဟု သင်က လျှောက်ထားပါ။ ထိုအခါ မထေရ်မြတ်က ''ဟယ်....သူယုတ်.... သင်ပြောသည့်အတိုင်း ပိတ်ချင်းသီး တွေပင် ဖြစ်ပေလိမ့်မည်''ဟု မိန့်တော်မူလိမ့်မည်။ ထိုအခါ ခွက်ထဲပါသည့် ကြွက်ချေးများရော၊ လှည်းပေါ်မှာရှိသည့် ကြွက်ချေးများပါ အားလုံးပင် တစ်ဖန် ပင်ကိုယ်အတိုင်း ပိတ်ချင်းသီးချည်း ပြန်ဖြစ်ကြပါလိမ့်မည်''ဟု အကြံပေးစကား ပြောကြားလေသည်။

**ပိတ်ချင်းသီးများ ပိတ်ချင်းသီး ပြန်ဖြစ်**

ပိတ်ချင်းသီးရှင်ယောကျ်ားသည် ထိုယောကျ်ား အကြံပေးပြော ကြားသည့်အတိုင်း လိုက်နာပြုကျင့်လေသော် ပိတ်ချင်းပါးအားလုံး မူလ ပကတိအတိုင်း ပိတ်ချင်းသီးချည်း ပြန်ဖြစ်ကြလေသည်။

**စေတနာကြမ်းမှ ဖရုသဝါစာဖြစ်**

အရှင်ပိဿိန္ဒဝဏ္ဏရဟန္တာမထေရ်ကား နတ်များ ချစ်မြတ်နိုးသည့် အရာ၌ အသာဆုံးဇောဒက်ဘွဲ့ရ ရဟန္တာမထေရ်ဖြစ်၏။

မထေရ်မြတ်၏ "သူပုတ်"ဟု ခေါ်ခေါ်ပြောဆိုသည့် စကား သည် နှုတ်ထွက်ကြမ်းသော်လည်း စေတနာကားမကြမ်း အထုံပါသနာ ကြောင့်သာ ခေါ်ခေါ်ပြောဆိုခြင်းဖြစ်)သောကြောင့် "ဖရုသဝါစာ (ကြမ်းတမ်းသောစကား)"ဟု မဆိုရ၊ ဖရုသဝါစာ အကုသိုလ်ဒုစရိုက် မဖြစ်။

ပိတ်ချင်းသီးယောကျ်ား ပြောလိုက်သည့် "ကြွက်ချေးတွေပါ" စကားမှာ ဒေါသထွက်ပြီး ရဟန္တာမထေရ်မြတ်အပေါ် ဖြစ်မှားပြောဆို လိုက်ခြင်း ဖြစ်၍ စေတနာကြမ်းသောကြောင့် ဖရုသဝါစာ အကုသိုလ် ဒုစရိုက် ဖြစ်လေသည်၊ ထို့ကြောင့် လက်တွေ့ပေါ်တွင် မကောင်းကျိုး ပေးလေသည်။ ။ဤကား ဝစီဘေဒသိရှုပုံဘည်း။ (အင်္ဂုတ္တိုရ် ပိဿိန္ဒ- ဝဏ္ဏတ္ထေရဝတ္ထု၊ ပိဿိန္ဒဝစ္ဆတ္ထေရာပဒါန်)

**သီလရှိသူကို ထိပါးမပြောမိဖို့ ပိုအရေးကြီး**

ထိပါးအပြောခံရသူက သီလရှိလေလေ၊ ထိပါးပြောသူမှာ အပြစ် ကြီးလေလေ၊ အကျိုးပေးမြန်လေလေ ဖြစ်၏။ ထို့ကြောင့် သီလမရှိသူကို ထိပါးပြောမိမှာထက် သီလရှိသူကို ထိပါးပြောမိမှာကို ပိုပြီး ကြောက် လန့်ကြရာ၊ ဆင်ခြင်ကြရာသတည်း။

———

မိတ်ဆွေဖြစ်သူက ''ကဿပဘုရားရှင် ကြွလာတော်မူသည်
ပူဇော်ပါ'' ဟု လယ်ထွန်ထွက်သူကို
တိုက်တွန်းသည့်အခါ ''ကဿပဘုရားရှင်သည်
အကယ်၍ ငါ့လယ်ကိုထွန်ပေးလျှင် ငါပူဇော်ပါမည်၊
ထွန်မပေးလျှင် မပူဇော်နိုင်'' ဟု
လွန်လွန်ကျူးကျူး ပြောခဲ့သော ဝစီဘေဒကြောင့်
လယ်ထွန်သမား ပြိတ္တာဖြစ်ကာ နေ့ရောညဉ့်ပါ
အမြဲ လယ်ထွန်နေရ

---

# ဝစီဘေဒထိခဲ့ပုံ

ရဟန်းများ လယ်ထွန်ပြိတ္တာကို တွေ့

သိဟိုဠ်ကျွန်းမှ ရဟန်းများသည် မဟာစေဒီကို ဖူးမြော်ရန် သွားကြသော် ဒတာ ဂုပ်တစ်ခုသို့ ရောက်လေသည်။ ထိုတောအုပ်အတွင်း ဝယ် လမ်းမှား၍ အင်ဟွိ သွားရာလမ်းသို့ လိုက်မိပြီးလျှင် လေးရက်ပတ်လုံး သွားပြသော် တောအုပ်ခရီး၌ သံထွန်ဖြင့် နွားကြီးများ က ကလျက် လယ်ထွန်နေသော ပြိတ္တာတစ်ယောက်ကို တွေ့ကြလေသည်။ ရဟန်းတို့က လူမှတ်၍ မေးမြန်းပြောဆိုကြလျှင် ပြိတ္တာကလည်း ပြန်လည် ပြောပြလေသည်။

(ရဟန်းများ) ဒါယကာ....ငါတို့ ခုနစ်ရက်လုံးလုံး လမ်းမှားပြီး ဘောနက်တဲ့ ရောက်လာကြကုန်၏။ လမ်းမှန်ကို သေသေချာချာ သိလျှင် လမ်းညွှန်ပါ။

(ပြိတ္တာ) အရှင်ဘုရားတို့မှာ ခုနစ်ရက်မျှသာ လမ်းမှားကြသည် မကြာသေးပါ၊ တပည့်တော်မှာမူကား အန္တရကပ်တစ်ခုလုံး လမ်းမှား၍ အရှင်ဘုရားတို့ကို လမ်းမညွှန်နိုင်ပါ။

(ရဟန်းများ) ဒါယကာ.... သင် လမ်းမှားသည်မှာ ကြာလှပေပြီ၊ ဘယ်အတွက်ကြောင့် ဒီမျှကြာအောင် မှားရသလဲ၊ ဘာကို လုပ်ခဲ့လို့လဲ။

(ပြိတ္တာ) အရှင်ဘုရားတို့... တပည့်တော်သည် ကဿပဘုရားရှင် လက်ထက်တော်အခါက နှုတ်ကြောင့် ကြမ်းမှားပြောဆိုမိ၍ လယ်တွင်းပြိတ္တာဖြစ်ရပါသည်။ ပြိတ္တာဖြစ်သည်မှ စ၍ စားရ သောက်ရ အိပ်ရ၊ နေရ၊ ထိုင်ရသည်မရှိ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း အမြဲ လယ်တွင်းနေရပါသည်။ တွင်းနေသည့် တပည့်တော်ကို ယွန်းကုန်း၊ လင်းသွား၊ ထမ်းပိုး၊ ကြိုး တို့သည် အသံပြောင်းပြောင်းတောက်လျက် တပည့်တော်ကို လောင်ပါကုန်၏။ ဒီမြေကြီး ခုနှစ်ဂါဝုတ်လောက် အထက်မြင့်တက်သော်လည်း ဒီပြိတ္တာအဝမှ မလွတ်ရသေးပါ၊ တပည့်တော် နစ်နေရပုံကို ကြည့်ကြပါ။

(ရဟန်းများ) သင် နှုတ်ကြောင့် ဘယ်လို ကြမ်းမှား ပြောဆိုသလဲ။

(ပြိတ္တာ) အရှင်ဘုရားတို့... လွန်လေပြီးသောအခါ ကာလတိုင်း ဗာရာဏသီမြို့၌ ကိုကိုအမည်ရှိသော မင်းသည် ပင်းပြု၏။ ထိုအခါက ကဿပဘုရားရှင်သည် ထိုမြို့ကို အမှီပြု၍ နေတော်မူလျက် သတ္တဝါတို့ကို အစဉ်သနားတော်မူသဖြင့် ဒေသစာရီ လှည့်လည်တော်မူပါသည်။ တပည့်တော်တို့ရွာသို့ ရောက်လာသည့်အခါ ရွာသူ ရွာသားများသည် အုတ်အုတ်ကျက်ကျက် စုရုံးလျက် လှူဒါန်း ပူဇော်ကြပါသည်။

ထိုအချိန်တွင် တပည့်တော်သည် လယ်တွန်းထွက်ပါသည်။ တပည့်တော် လယ်တွန်းထွက်သည်ကို တပည့်တော်၏ အကျိုးစီးပွားကို လိုလားသူတစ်ယောက် မြင်လျှင် တပည့်တော်ကို သနားသဖြင့် "မိတ်ဆွေ.... ကဿပဘုရား ကြွလာတော်မူသည် ပူဇော်ပါ"ဟု ပြောပါသည်။ တပည့်တော်သည် "အလုပ်နှောင့်ယှက်သည်"ဟု ယူဆကာ ဒေါသထွက်၍ "ကဿပဘုရားရှင်သည် တစ်ယောက်၍ ငါ့ကိုယ်ကို ဖွင့်မေးလျှင် ငါ ပူဇော်ပါမည်။ တွန်မပေးလျှင် မပူဇော်နိုင်ပါ"ဟု လွန်လွန်ကျူးကျူး ပြောမိပါသည်၊ ခုလို ပြောမိ၍ ထိုဘဝမှ သေသော် အဘိုင်းမလေ ခံရသော ပြိတ္တာဒုက္ခကို ခံရပါသည်။ ဒါထက် စနပါဦး၊ အရှင်ဘုရားတို့က ဘယ်သူ့တပည့်များပါလဲ။

(ရဟန်းများ) ငါတို့ကား ဂေါတမဘုရားရှင်၏ တပည့်များ ဖြစ်ကြပါသည်။

(ပြိတ္တာ) အံ့စရာကောင်းပေစွ။ ဂေါတမဘုရားရှင်ကား လူတွင် ထင်ရှား ဘုရားဖြစ်အောင် ကျင့်ပေ၏။ ငါမူကား မစူမစမ်း ရမ်းကား သောနှုတ်ဖြင့် ကြမ်းကြုတ်သောစကားကို ပြောဆိုမိသောကြောင့် ဒီမြေ ကြီးသည် ရုနစ်ဂါဝုတ်လောက် အထက်မြင့်ဟက်သည့် တိုင်အောင် ပြိတ္တာဘဝမှ မလွတ်သေး။ ခု တစ်ဖန် သေပြီးနောက် အဝီစိငရဲကြီးမှာ ဖြစ်ရပြန်ဦးမည်။

ယခုလို လယ်ထွန်ပြိတ္တာက သူမဆင်မခြင် ပြောဆိုခဲ့သည်ကို ယူ ကျုံးမရ ဝမ်းနည်းပက်လက်ဖြစ်ကာ မျက်ရည်များကျလျက် ပြောဆို လျှောက်ထားလေသတဲ့။ ။ဤကား ဝစီဘေဒထိတိုင်း ရှုပုံတည်း။ (လောကဒီပကကျမ်း)

## နှုတ်စောင့်စည်းကြပါ

ဤ လယ်ထွန်ယောက်ျားသည် နှုတ်မစောင့်စည်းခြင်းကြောင့် ကာလရှည်စွာ ပြိတ္တာဖြစ်ရသည်ကို ကြားသိရသော သူတော်ကောင်းတို့ သည် နှုတ်မစောင့်စည်းခြင်း၌ အပြစ်ကား ကြီးပါးလေစွ၊ ဤမျှ လောက် ဆင်းရဲခံရသည်မှာ "ကြောက်လန့်ဖွယ်ပါဘကား" ဟု နှလုံး သွင်း၍ နှုတ်ကို စောင့်စည်းကြရာသတည်း။

—

ရဟန်းမဖြစ်စဉ်ဘဝက ရဟန္တာထေရီမတစ်ပါး နှာချေသဖြင့်
စေတီရင်ပြင်ပေါ် အမှတ်တမဲ့ ကျသွားသော
နှာရေပေါက်ကို မြင်လျှင်
"ဘယ်က ပြည်တန်ဆာမ ဒီနေရာ တံတွေးထွေးခဲ့သလဲ"ဟု
ဆဲရေးတိုင်းထွာခဲ့သော ဝစီဘေဒကြောင့်
အမ္ဗပါလီ သူငယ်မ ငရဲ၌ခံရ၍ လူဖြစ်လာသောအခါ
ပြည်တန်ဆာမ ဖြစ်ရ

---

# ဝစီဘေဒထိခဲ့ပုံ

**အမျိုးကောင်းသမီးတစ်ယောက် ရဟန်းပြု**

သိခီဘုရားရှင်လက်ထက်တော်အခါက အမျိုးကောင်းသမီးတစ်ယောက်သည် သာသနာ့ဘောင်ဝင်ရောက်ကာ ရဟန်းပြုလေသည်။

**ရဟန္တာထေရီမကို ပြည်တန်ဆာမနှင့် တိုင်းထွာဆဲရေးခဲ့**

ထိုရဟန်းမသည် တစ်နေ့သ၌ အဖော်ရဟန်းမများနှင့်အတူ စေတီကို ရှိခိုး၍ လက်ယာရစ်လှည့်လည်လျှောက်စဉ် ရှေ့ဆုံးမှ သွားနေသော ရဟန္တာထေရီမတစ်ပါးသည် နှာချေသဖြင့် နှာရေပေါက်သည် စေတီရင်ပြင်တော်၌ အမှတ်တမဲ့ ကျသွားလေသည်။ ထိုနှာရေပေါက်ကို မြင်လျှင် "ဘယ်ကပြည်တန်ဆာမ ဒီနေရာ တံတွေးထွေးခဲ့သလဲ"ဟု ဆဲရေးတိုင်းထွာခဲ့လေသည်။ ။ ဤကား ဝစီဘေဒ ထိခဲ့ပုံတည်း။

## ဇစိဘောဒထိတိုင်းရှုပုံ

ရေဲကျ

ထိုရဟန်းမသည် ထိုဘဝမှသေသော် ငရဲကျလေသည်။ ငရဲ၌ နှစ်ပေါင်းများစွာ ခံရလေသည်။

ဘဝတစ်သောင်း ပြည့်တန်ဆာမဖြစ်ရ

ငရဲမှလွတ်၍ လူပြန်ဖြစ်လာသော် ဘဝပေါင်း 'တစ်သောင်းတိုင် တိုင် ပြည့်တန်ဆာမ ဖြစ်ခဲ့ရလေသည်။

နောက်ဆုံးဘဝ၌ အမ္ဗပါလီ ဖြစ်လာ

နောက်ဆုံးဘဝ၌ ဝေသာလီမြို့ မင်းဉယျာဉ်တွင်းရှိ သရက်ပင် ခြကြား၌ ဥပပါတ်ပဋိသန္ဓေ (ခန္ဓာကိုယ်အထင်အရှား ဘွားနေ ပေါ်လာ ခြင်း)ဖြင့် လူဖြစ်လာလေသည်။

သူမသည် ထိုရဟန်းမဖြစ်စဉ်အခါက အမိဝမ်း၌ ပဋိသန္ဓေနေမှု ကို စက်ဆုပ်၍ ဥပပါတ်ပဋိသန္ဓေနေရန် ဆုတောင်းခဲ့လေသည်။ ထို ဆုတောင်းချက်ကြောင့် ခုလို ဥပပါတ်ပဋိသန္ဓေနေရလေသည်။

''အမ္ဗပါလီ''ဟု နာမည်တွင်ပုံ

သရက်ပင်ခြကြား၌ လူဖြစ်လာသောကြောင့် ''အမ္ဗပါလီ'' ဟု နာမည်တွင်ခဲ့လေသည်။

ရုပ်ရည်အဆင်း အင်ပတန်လှပ

အမ္ဗပါလီသည် မြင်ရသူတို့ ကြည့်ရှု၍ မဝနိုင်လောက်အောင် ကြည့်ပြီးရင်း ကြည့်ချင်ရင်းဖြင့် ကြည့်၍ အဆုံးမသတ်နိုင်လောက် အောင် အလွန်တင့်တယ်လှပလေသည်။

သူမသည် ဖုဿဘုရားရှင်၏ နှမတော်ဘဝတုန်းက အလှူကြီးပေး လှူ၍ ရုပ်အဆင်းအင်္ဂါ လှပချောမောစေရန် ဆုတောင်းခဲ့သောကြောင့် ယခုလို ရုပ်အဆင်းအင်္ဂါ လှပချောမောခြင်းဖြစ်၏။

## အမ္ဗပါလီ ပြည့်တန်ဆာမဖြစ်

"ဘယ်က ပြည့်တန်ဆာမ ဒီနေရာ တဲတွေးထွေးခဲ့သလဲ"ဟု ဆဲရေးတိုင်းထွာခဲ့သော ဝိစိဘေဒကသည် အကျိုးပေးခွင့်ရသော၍ အကျိုးပေးသောမှုကြောင့် မင်းညီမင်းသားများသည် ချစ်ဆသင်း အလွန်လှသဖြင့် "သူယူမည်၊ ငါယူမည်"ဟု ငြင်းခုံကာ ခိုက်ရန် ဖြစ်ပွားတော့ကြလေသည်။

ထိုခိုက်ရန်ငြိမ်းအောင်ရေ "အမ္ဗပါလီသည် မင်းသားအားလုံးနှင့် ဆိုင်စေ"ဟု သဘောတူ အများသို့ ပြုလုပ်ခဲ့လေသည်။ သူမနှင့် တစ်ခါသွားလာ ပျော်ပါးလိုသျှင် အသပြာငွေငါးဆယ်ပေး၍ သွားလာပျော်ပါးရန်ကိုလည်း သဘောတူ သတ်မှတ်ကြလေသည်။ ထိုအခါမှစ၍ အမ္ဗပါလီသည် ပြည့်တန်ဆာမ ဖြစ်ရလေသည်။

## "ပြည့်တန်ဆာမ"ဟု ခေါ်တွင်ခဲ့ပုံ

ထိုအခါမှစ၍ အမ္ဗပါလီကြောင့် ဝေသာလီပြည်သည် တစ်ဖက်တစ်လမ်းမှ စီးပွားရေး ပြီးခဲ့သည်။ တစ်နေ့တစ်ခြား အဝိုင်းတက် အလွန် တင့်တယ်ခဲ့သည်။ အမ္ဗပါလီကြောင့် ဝေသာလီသာပြည် ပိုမို တင့်တယ်ခဲ့သဖြင့် အမ္ဗပါလီသည် ဝေသာလီပြည်၏ တန်ဆာသဖွယ် ဖြစ်လေသည်။ တန်ဆာသဖွယ်ဖြစ်သောကြောင့် အမ္ဗပါလီကို "ပြည့်တန်ဆာမ(ပြည်၏တန်ဆာမ)"ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

## ရဟန်းပြု

သူမသည် နောင်တွင် မိမိညပျော်၍ ကျောင်းဆောက်၍ ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းလေသည်။ လှူဒါန်းပြီးနောက် မိမိ၏သားရနှင့် ရခဲ့သည့် သားတော် အဂ္ဂဝိမလ ကောဏ္ဍညမထေရ်ထံမှ တရားနာရ၍ ရဟန်းပြုလေသည်။

## ဆဋ္ဌဘိညာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်

သူမသည် ဂျီးစဉ်ကဲ မိမိခန္ဓာကိုယ်နှင့် အိုမင်းလာသည့်အခါ မိမိခန္ဓာကိုယ်ကို ယှဉ်ကြည့်၍ ဝိပဿနာပွားရာ ဆဋ္ဌဘိညာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်လေသည်။ အမ္ဗပါလီသည် သာမန်ရဟန္တာမဟုတ်ဘဲ ဆဋ္ဌ-ဘိညာ၊ ပဋိသမ္ဘိဒါပတ္တ ဂုဏ်ထူးများပါသည့် ရဟန္တာဖြစ်လေရာ "အမ္ဗ-ပါလီ၏ ပါရမီမှာ မသေး"ဟု သိရလေသည်။ ။ကျွန်ုပ်ဘား ဝါဘော့ဒ

ထိတိုင်းရှုပုံတည်း။ (အမ္ဗပါလီထေရီဂါထာ၊ ဝိနည်းမဟာဝါ ဇီဝက ဝတ္ထု၊ စသည်။)

## သူ့အကြောင်းနှင့် သူ့အကျိုး

သူမသည် သိဒ္ဓိဘုရားရှင်လက်ထက် ရဟန်းမဖြစ်စဉ်အခါက မိခင့် ဝမ်း၌ ပဋိသန္ဓေနေမှုကို စက်ဆုပ်၍ ဥပပတ်ပဋိသန္ဓေနေရရန် ဆုတောင်း ခဲ့သောကြောင့် ဥပပတ်ပဋိသန္ဓေနေခြင်း ဖြစ်၏။

ဖုဿဘုရားရှင်၏ နှမတော်ဘဝတုန်းက အလှူကြီးပေးလှူ၍ ရုပ် အဆင်းအင်္ဂါ လှပစေရန် ဆုတောင်းခဲ့သောကြောင့် ရုပ်အဆင်းအင်္ဂါ လှပခြင်းဖြစ်၏။

''ဟယ်ကပြည့်တန်ဆာမ ဒိနေရာ ဘဲတွေးထွေးခဲ့သလဲ'' ဟု ဆဲရေးတိုင်းထွာခဲ့သော ဝစီဘေဒကြောင့် ပြည့်တန်ဆာမ ဖြစ်ခဲ့ရ၏။

## စဉ်းစဉ်းစားစား ဆုတောင်း

ဤဝတ္ထု၌ အမ္ဗပါလီ ပြည့်တန်ဆာမဖြစ်ရမှုသည် ရဟန္တာထေရီမ ကို ပြည့်တန်ဆာမစကားလုံးဖြင့် ဆဲရေးတိုင်းထွာခဲ့သော ဝစီဘေဒ မကောင်းမှုက အကျိုးပေးခွင့်ရခြင်းကြောင့် ဖြစ်၏။ ထိုဝစီဘေဒ မကောင်းမှုက အကျိုးပေးခွင့်ရသည်မှာ အမ္ဗပါလီ ရုပ်ရည်အဆင်းလှပမှု ကြောင့် ဖြစ်၏။ ရုပ်ရည်အဆင်းလှပမှုက ရေသာမြောင်းပေးဆိုသလို ထိုဝစီဘေဒမကောင်းမှုက အကျိုးပေးခွင့်ရအောင် ထောက်ပံ့ ကူညီ လေသည်။

အကယ်၍ အမ္ဗပါလီ ရုပ်အဆင်းမလှလျှင် ထိုဝစီဘေဒမကောင်း မှုက အကျိုးပေးခွင့် မရလော့။ ဝစီဘေဒမကောင်းမှုက အကျိုးပေးခွင့် မရလျှင် ပြည့်တန်ဆာမ မဖြစ်လေရာ။ ရုပ်ရည်အဆင်းလှပမှုက ကူညီ ထောက်ပံ့အားပေးမှုကြောင့်သာ ပြည့်တန်ဆာမ ဖြစ်ရလေသော ကြောင့် ထိုရုပ်ရည်အဆင်းလှပအောင် ဆုတောင်းခဲ့မှုသည် မှားချေရောက် လေသည်။

ဆုတောင်းမှု၏ တိုက်ရိုက်အကျိုးသည် ကောင်းသော်လည်း ထို အကျိုးမှ ဘစ်ဆင့်ဆက်သွယ်ဖြစ်ပေါ်လာသည့် အကျိုးမှာမူ ကောင်း ချင်မှ ကောင်းမည် ဖြစ်၏။ ထို့ကြောင့် ဆုတောင်းမမှားအောင် စဉ်း စဉ်းစားစား ဆုတောင်းသင့်၏။

## ကြောက်မက်ဖွယ်ရာ အတိသာ

တစ်ခွန်းတည်းသော ဝစီဘေဒကြောင့် အကြောင်းဝစီဘေဒကိုနှင့် တူစွာ ဘဝပေါင်းတစ်သောင်း ပြည့်တန်ဆာမဖြစ်ခဲ့ရလေသည်။ ထို တစ်ခွန်းတည်းသော ဝစီဘေဒကံသည် ထိုမျှလောက် အကျိုးပေးသော်လည်း အားရကျေနပ်မှုမရှိသေးဘဲ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံမည့် နောက်ဆုံးဘဝတိုင်အောင်ပင် လိုက်၍ ပြည့်တန်ဆာမဖြစ်အောင် ဖန်တီးကာ အကျိုးပေးလေသည်။ ထို့ကြောင့် ဝစီဘေဒသည် ကြောက်မက်ဖွယ်ရာအတိသာ ဖြစ်လေသည်တကား။

ရဟန်းမဖြစ်သည့်ဘဝက ရဟန္တာထေရီမကို
''ပြည့်တန်ဆာမ''ဟု ဆဲရေးခဲ့သော ဝစီဘေဒကြောင့်
သေဌေးသမီး အဖြစ်ကာသီသည် ငရဲ၌ ခံရ၍
လူဖြစ်လာသောအခါ ပြည့်တန်ဆာမ ဖြစ်ရ

——

# ဝစီဘေဒ ထိခဲ့ပုံ

အမျိုးသမီးတစ်ယောက် ရဟန်းပြု

ကဿပဘုရားရှင် လက်ထက်တော်အခါက အမျိုးသမီးတစ်ယောက်သည် သာသနာ့ဘောင်ဝင်ရောက်၍ ရဟန်းပြုလေသည်။ ထိုရဟန်းမသည် ဂုဏ်ကျေးဇူးတို့ကိုလည်း စောင့်စည်း၏၊ သီလအကျင့်နှင့်လည်း ပြည့်စုံ၏၊ ကမ္မဋ္ဌာန်းတရားလည်း အားထုတ်၏။

ရဟန္တာထေရီမကို ''ပြည့်တန်ဆာမ''ဟု ဆဲရေး

တစ်နေ့သ၌ ထိုရဟန်းမသည် အာသဝေါကုန်ပြီးသော ရဟန္တာထေရီမတစ်ဦးကို ''ပြည့်တန်ဆာမ''ဟု ဆဲရေးလေသည်။

ဤကား ဝစီဘေဒထိခဲ့ပုံတည်း။

## ဝိဘောဒထိတိုင်းရှုပုံ

### ငရဲကျ

ထိုဘဝမှ သေသော် "ပြည်တန်ဆာမ" ဟု ဆဲခဲ့သော ထို ဝိဘောဒ မကောင်းမှုကံကြောင့် ငရဲကျလေသည်။

### ဘဝများစွာ ပြည်တန်ဆာမျိုး၌ ဖြစ်

ငရဲမှ လွတ်၍ လူဖြစ်လာသော် ထိုဝိဘောဒအကုသိုလ်ကံ အကြွင်း အကျန်ကြောင့် ဘဝများစွာ ပြည်တန်ဆာမျိုး၌ ဖြစ်ရလေသည်။

### နောက်ဆုံးဘဝ သေဋ္ဌေးသမီး ဖြစ်လာ

ယခုလို သံသရာ၌ ကျင်လည်လျက် ကျွန်ုပ်တို့ဘုရားရှင်လက်ထက် တော်အခါရောက်သော် အကျွမ်းကောင်းလည်း ကောင်းမှုကံကြောင့် ကာသိတိုင်းဝယ် သေဋ္ဌေးမျိုး၌ ဖြစ်လာလေသည်။

### ရုပ်ရည်အဆင်း အလွန်လှ

သေဋ္ဌေးမျိုး၌ ဖြစ်ရသောမက ရုပ်ရည်အဆင်းလည်း နတ်သမီးတမျှ အလွန်လှပသူ ဖြစ်လေသည်။

### သေဋ္ဌေးဘဝမှ လျှောကျ ပြည်တန်ဆာဖြစ်ရ

သေဋ္ဌေးသမီးဖြစ်ရသော်လည်း ရှေးက ပြုခဲ့ရသော ထိုဝိဘောဒ အကုသိုလ်ကံကြောင့် သေဋ္ဌေးဘဝမှ ဆုတ်ယုတ်ပျက်စီး လျှောကျကာ ရာဇဂြိုဟ်မြို့တွင် ပြည်တန်ဆာမ ဖြစ်ရလေသည်။

### "အဍ္ဎကာသီ" ဟု တွင်

ထိုပြည့်တန်ဆာမနှင့် မေ့လျော်ပျော်ပါးလိုသူသည် တစ်ရက်အတွက် ငွေတစ်ထောင်ပေး မေ့လျော်ပျော်ပါးရသည်။ သို့သော် တစ်ထောင်မပေးနိုင်သူသာ များသောကြောင့် တစ်ထောင်မပေးနိုင်သူများသည် နေ့အတွက် တစ်ဝက် (ငါးရာ) ပေး၍ နေ့အခါမှာသာ မေ့လျော်ပျော်ပါးကြလေသည်။ ယခုလို အဖိုးအခ တစ်ဝက် (ငါးရာ)

ပေး၍ မွေ့လျော်ပျော်ပါးရသောကြောင့် ''အစုကာသိ (တစ်ဝက်ငါးရာ)''ဟု တွင်လေသည်။

ရဟန်းပြု

နောင်တွင် အစုကာသိသည် ဘုရားရှင်၏ တရားကို နာရ၍ သံဝေဂရကာ ရဟန်းပြုလေသည်။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်

ရဟန်းပြုပြီးနောက် ကမ္မဋ္ဌာန်းတရား အားထုတ်လေလျှင် အစုကာသိ ရဟန်းမသည် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်လေသည်။

ထေရီမကိုယ်တိုင် မိန့်ချက်

ထိုဝစီဘေဒကြောင့် ငရဲကျရောက်ရကြောင်းနှင့် ပြည့်တန်ဆာမဖြစ်ရကြောင်းကို ထေရီမကိုယ်တိုင် မိန့်မြွက်ခဲ့လေသည်။ ။ဤကား ဝစီဘေဒထိတိုင်းရှပုံတည်း။ (အစုကာသိထေရီဂါထာ၊ ထေရီအပဒါန်)

## ကြောက်မက်ဖွယ် ကောင်းလေစွ

ဤရဟန္တာထေရီမသည် သာမညရဟန္တာမဟုတ်၊ ပဋိသမ္ဘိဒါပတ္တရဟန္တာမပေတည်း။ မိမိပြောဆိုခဲ့သော ဝစီဘေဒမကောင်းမှုက သည်အကျိုးပေး၍ အားရသည်မရှိ၊ ရဟန္တာဖြစ်သည့်အထိ လိုက်၍အကျိုးပေးသောကြောင့် ဝစီဘေဒကား ကြောက်မက်ဖွယ်ကောင်းလေစွတကား။

ပြည့်တန်ဆာမဖြစ်စဉ်ကာလက ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူ
နေသူတို့က အသျှူဆို ပမ်းပြောက်ကို ပြောသောအခါ
''ခေါင်းတုံးရဟန်းတွေအား လှူသဖြင့် ဘာ
အကျိုးရှိမှာလဲ''ဟု ပယ်ပဲ့မြင် ပြောဆိုခဲ့သော
ဝစီဘေဒကြောင့် သေရိဏီပြည့်တန်ဆာမ ပြိတ္တာ
ဖြစ်ကာ ဘာကောင်းကျိုးကိုမျှ မရဘဲရှိရ

——

## ဝစီဘေဒထိခဲ့ပုံ

**ဟတ္ထိနိမြို့နေ ပြည့်တန်ဆာမ**

တစ်ချိန်က ကုရုတိုင်း ဟတ္ထိနိမြို့၌ သေရိဏီအမည်ရှိသော ရုပ်ကို မှီ၍ အသက်မွေးသည့် ပြည့်တန်ဆာမတစ်ယောက် ရှိ၏။

**မြို့သူမြို့သားများ ဆွမ်းဆန်စိမ်းလောင်း**

တစ်နေ့သ၌ ဟတ္ထိနိမြို့ဝယ် ရဟန်းသံဃာများ သာသနာ့ကိစ္စဖြင့် စည်းဝေးကြလေသည်။ မြို့သူမြို့သားများသည် ဆန်, ဆီ, ထောပတ် စသော လှူဖွယ်ဝတ္ထုများကို ယူဆောင်လာ၍ ထိုရဟန်းတို့အား ဆွမ်းဆန်စိမ်း အကြီးအကျယ်လောင်းလှူလေသည်။

ပြည့်တန်ဆာမ မထီပဲ့မြင် ပြော

ထိုအခါ ဆွမ်းဆန်စိမ်းလောင်းလှူနေကြသူများသည် သေရိဏီကို မြင်လျှင် "လာဦး၊ ငါတို့အလှူကို ဝပ်းမြောက်ပါလော့"ဟု တိုက်တွန်းကြလေသည်။ သေရိဏီပြည့်တန်ဆာမသည် သဒ္ဓါတရားမရှိ၊ ရတနာသုံးပါးကို မကြည်ညိုသူ၊ မလှူဒါန်းသူဖြစ်သည်အလျောက် "ခေါင်းတုံးရဟန်းတွေအား လှူသဖြင့် ဘာအကျိုး ရှိမှာလဲ"ဟု မထီမဲ့မြင် ပြောလေသည်။ ။ဤကား ဝစီဘေဒထိခဲ့ပုံတည်း။

ဝစီဘေဒ ထိတိုင်းရှုပုံ

ပြိတ္တာဖြစ်

ထိုပြည့်တန်ဆာမသည် ထိုဘဝမှသေသော် ထို ရဟန်းသံဃာများကို ပြောဆိုခဲ့သော ဝစီဘေဒကြောင့် အစွန်အဖျားမြို့တစ်မြို့အနီးရှိ မြောင်းကြီး၌ ပြိတ္တာမဖြစ်လေသည်။

ဝစီဘေဒနှင့် လိုက်လျောခံရ

ထိုပြိတ္တာမကိုယ်မှာ အဝတ်မရှိ၊ ထိုပြိတ္တာမကိုယ်သည် ပိန်ချုံးလျက် အရိုးအရေမျှသာရှိ၍ အရိုးအကြောပြိုင်းပြိုင်းထကာ စက်ဆုပ်ရွံရှာဖွယ် ရှိလေသည်။

ပြိတ္တာမသည် ရေဆာလှသဖြင့် မြစ်ထဲ ရေဆင်းဆောက်သည့်အခါ အနီးရောက်လျှင် ရေပျောက်သွားလေသည်။ နေပူသဖြင့် အရိပ်ထဲဝင်လျှင် အရိပ်ပျောက်၍ နေပူဖြစ်သွားလေသည်။ ပူအိုက်သဖြင့် လေညှင်းခံလျှင် လေသည် မီးကဲ့သို့ အလွန်ပူသည့် လေပူတိုက်ခတ်လေသည်။

ဤပုံဖြင့် မစားရ မသောက်ရ မနေနိုင် မထိုင်နိုင်ဖြစ်ကာ ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရလေသည်။

"ဘာအကျိုးရှိမှာလဲ"ဟု ပြောခဲ့သည်နှင့် လိုက်လျောညီစွာ ဘာကောင်းကျိုးမျှ မခံစားရဘဲ ဆင်းရဲဒုက္ခပေါင်းစုံနှင့်သာ အချိန်ရှိသရွေ့ ရင်ဆိုင်နေရတော့။ ။ဤကား ဝစီဘေဒထိတိုင်းရှုပုံတည်း။ (သေရိဏီပေတဝတ္ထု)

## ကျားအမြီးဆွဲရမည်ထက် ကြောက်

ယခုလို ပေတဒုက္ခကြီးမားလှပုံကို တွေ့ရှိကြရသော သူတော်ကောင်းအပေါင်းတို့သည် ပေတဒုက္ခမှ ကြောက်လန့်ကြကာ ပေတဒုက္ခနှင့် ရင်ဆိုင်ရဖို့အကြောင်းဖြစ်သော ဝစီဘေဒမကောင်းမှုကံကို ကျားအမြီးဆွဲကိုင်ရမည်ကို ကြောက်လန့်သည်ထက် ကြောက်လန့်ကြရာသတည်း။

——

ရဟန်းများကို ကွဲရှဲစွပ်စွဲဆဲရေး ခြိမ်းခြောက်ခဲ့သော
ဝစိဘေဒကြောင့် နန္ဒိယ၏ဇနီး ရေဝတီ
အရှင်လတ်လတ် ငရဲရောက်ရ

— —

# ၁၀ ဝစိဘေဒထိ ခွဲပုံ

## နန္ဒိယသည် ရေဝတီကို မလိုချင်

တစ်ချိန်က ဗာရာဏသီမြို့၌ သဒ္ဓါတရားနှင့်ပြည့်စုံ၍ ပေးကမ်းလှူဒါန်းလေ့ရှိသည့်ပြင် ရဟန်းသံဃာအား ဆည်းကပ်လုပ်ကျွေးလေ့ရှိသော နန္ဒိယအမည်ရှိသော ဥပါသကာတစ်ယောက် ရှိ၏။

နန္ဒိယ၏မိဘတို့သည် သားကို ဦးရီး၏သမီး ရေဝတီအမည်ရှိသော သူငယ်မနှင့် အိမ်ထောင်ချပေးလိုကြသည်။ သို့သော် ရေဝတီသည် သဒ္ဓါတရားမရှိ၊ ပေးကမ်းလှူဒါန်းလေ့မရှိ၍ နန္ဒိယသည် ရေဝတီကို အလိုမရှိချေ၊

## မိခင်ဖြစ်သူလက်ချက်ကြောင့် လက်ထပ်ခဲ့ရ

တစ်နေ့သော အခါ နန္ဒိယ၏ မိခင်ဖြစ်သူက ရေဝတီကို "သမီး.... သင် ငါတို့အိမ်လာပြီး ရဟန်းသံဃာများနေရာအရပ်ကို သုတ်သင်၍ နေရာခင်းပါ။ ရဟန်းသံဃာများ ကြွလာ၍ သပိတ်တင်ဖို့ သပိတ်ခြေများ ချပါ၊ ရဟန်းတို့ကြွလာသောအခါ ရှိခိုး၍ သပိတ်ယူပြီး 'ထိုင်တော်မူကြပါ ဘုရား' ဟု လျှောက်ပါ၊ ဆွမ်းစားပြီးသောအခါ ရေစစ်ဖြင့် ရေစစ်၍ သောက်ရေကပ်ပါ၊ ခုလိုလုပ်လျှင် ငါ့သား သဘောကျ

ပါလိမ့်မည်''ဟု အကြံပေးလေသည်။ ရေဝတီသည် ခိုင်းသည့်အတိုင်း လုပ်လေသည်။

ထိုအခါ မိခင်ဖြစ်သူက သားကို ''ရေဝတီသည် ကျောဆိုဆုံးမ၍ ရသူဖြစ်ပြီ၊ ရဟန်းသံဃာကို လုပ်ကျွေးပြီ''ဟု သားကိုပြောလျှင် သားက ''ကောင်းပြီ''ဟု ဝန်ခံလေသည်။ မိဘများသည် ရက်သတ်မှတ်၍ သားကို ရေဝတီနှင့် ထိမ်းမြားလက်ထပ်ပေးလေသည်။

## လက်ထပ်ပြီး၀ဟန်ဆောင်ပြုစုလုပ်ကျွေး

ထိမ်းမြားလက်ထပ်ပြီးသော် တစ်နေ့သ၌ နန္ဒိယက ရေဝတီကို ''ရေဝတီ....သင် အကယ်၍ ရဟန်းသံဃာနှင့် မိဘများကို ရိုရိုသေသေ ပြုစုလုပ်ကျွေးလျှင် ဤအိမ်မှာ နေရမည်၊ မနေနှင့်''ဟု ပြောတိပေးလေသည်။ ရေဝတီသည် ''ကောင်းပြီ''ဟု ဝန်ခံ၍ သဒ္ဓါတရားရှိဟန် ဆောင်ကာ ရဟန်းသံဃာနှင့် မိဘများကို ရိုသေ၍ ပြုစုလုပ်ကျွေးပေသည်။ ဟန်ဆောင်ပြုစုလုပ်ကျွေးလျက်ပင် သားနှစ်ယောက် ရရှိလေသည်။ နန္ဒိယ၏မိဘများ သေသော် အိမ်ရှိဥစ္စာအားလုံးကို ရေဝတီသာ စိုးပိုင်ရလေသည်။

## နန္ဒိယ ကျောင်းဆောက်လှူ

နန္ဒိယသည် အလှူကြီးရှင်ဖြစ်ကာ ရဟန်းသံဃာအား ပြုစုလုပ်ကျွေးလေသည်။ ဆင်းရဲသား၊ ခရီးသွား၊ သူတောင်းစား ခယည်ကိုသားလည်း ဝတ်ထား၍ အိမ်တံခါး၌ ချက်ပြုတ်ပေးကမ်းလေသည်။ မိဂဒါဝုန်တော၌ ကျောင်းဆောက်လှူ ဒါန်း၍ ခုတင် စသည်နှင့်တကွ ဘုရားအမှူးရှိသော သံဃာအား ရေစက်သွန်းချ၍ အလှူကြီး ပေးလှူလေသည်။

## ရေစက်ချသည်နှင့် တစ်ပြိုင်နက် နတ်ပြည်၌ ဗိမာန်ပေါက်

အလှူရေစက်ချသည်နှင့် တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်၌ အလျားအနံ (၁၂)ယူဇနာ၊ အစောက် ယူဇနာ(၁၀၀)ရှိသော ရတနာခုနစ်ပါးဖြင့်ပြီးသော နတ်သမီးပေါင်း ကြွေကြော်သံရှိသော ဘုံဗိမာန်ပေါက်လေသည်။

ရေဝတီကို မှာပြီး နန္ဒိယ ခရီးထွက်

တစ်နေ့သော် နန္ဒိယသည် အရပ်တစ်ပါးသို့ အရောင်းအဝယ်ဖြင့် သွားမည်ပြုသော် ရေဝတီကို ''သံဃာတော်များအား လှူမြဲဝတ်၊ ဖုန်းတောင်းယာစကာတို့အား စွန့်မြဲဝတ်ကိုမပျက်စေနှင့်''ဟု မှာခဲ့လေသည်။ ရေဝတီက ''ကောင်းပါပြီ''ဟု ဝန်ခံလေသည်။ နန္ဒိယသည် အိမ်မှာ သာ မဟုတ်ပေ၊ ရောက်လေရာရာ အရပ်မှာလည်း ရဟန်းသံဃာများနှင့် ဆင်းရဲသား စသည်တို့အား လှူဒါန်းပေးကမ်းသည်သာ ဖြစ်၏။

နှစ်ရက်သုံးရက်သာ လှူပြဲလျှု

ရေဝတီသည် နှစ်ရက်သုံးရက်သာ လှူဒါန်းပေးကမ်းမြဲအတိုင်း လှူဒါန်းပေးကမ်းလေသည်။ နှစ်ရက်သုံးရက်ကျော်သော် ဆင်းရဲသား, ခရီးသွား, သူတောင်းစားတို့အား ပေးကမ်းစွန့်ကြဲမြဲဝတ်ကို ဖြတ်လေသည်။ ရဟန်းသံဃာတော်တို့အားလည်း ဆန်ကွဲထမင်း ပုန်းရည်ဟင်းကိုသာ လှူလေသည်။

ရဟန်းများကို လုပ်ကြံစွပ်စွဲ

ရဟန်းသံဃာများ ဆွမ်းအတွက် ကြွလာသည့်အခါမှာလည်း ဆွမ်းစားသည့်နေရာမှာ မိမိစားပြီးကျန်သည့် စားကြွင်းစားကျန် ထမင်းလုံး ငါးဖက်၊ အမဲဖတ်များကို ဖြန့်ကြဲထားပြီးလျှင် အိမ်နီးချင်းများကို ခေါ်ပြ၍ ''ရဟန်းတွေ....လုပ်ထားတာကို ကြည့်ကြပါ၊ သဒ္ဓါ၍ လှူအပ်သော ထမင်းဟင်းများကို ခုလို ဖျက်လို ဖျက်ဆီး လုပ်ကောင်းပါသလား''ဟု လုပ်ကြံပြောဆို စွပ်စွဲလေသည်။

နန္ဒိယ ထိုအကြောင်းကို သိလျှင် ငွေများမအပ်တော့

နန္ဒိယပြန်လာသော် ထိုအကြောင်းကို သိလျှင် ရေဝတီကို အိမ်မှ နှင်ချပြီးလျှင် ရှေးက ပေးကမ်းစွန့်ကြဲ လှူဒါန်းမြဲဝတ်ကို ပြန်လည်ပြုလုပ်လေသည်။

နန္ဒိယသည် အိမ်နီးချင်းများနှင့် မိတ်ဆွေများက တောင်းပန်သဖြင့် ရေဝတီကို အိမ်ပြန်နေခွင့်ပြုလေသည်။ နေခွင့်ပြုသော်လည်း ဥစ္စာအားလုံးကို မအပ်တော့ဘဲ စားလောက်ရုံ သောက်လောက်ရုံသာ ပေးလေသည်။

နန္ဒိယ သေသော် တာဝတိံသာနတ်ပြည်ရောက်

နောင်အခါ နန္ဒိယ သေသော် တာဝတိံသာ နတ်ပြည် ဝယ် အသင့်ဖြစ်နှင့်သော ဗိမာန်၌ ဖြစ်လေသည်။

ရေဝတီသည် အလှူဝတ်ပြတ်ပြီး ရဟန်းများကို ဆဲရေး

ရေဝတီသည် နန္ဒိယသေသော် အလှူဝတ်အားလုံးကို ဖြတ်ပစ်လေသည်။ ''သူတို့ကြောင့် ငါ လာဘ်လာဘနှင့် ဆဲခွဲအရေးများ ဆုံးရှုံးရသည်'' ဟု ပြောဆိုကာ ရဟန်းသံဃာများနှင့် ဆင်းရဲသာ အလှူခံများကို ဆဲရေးလေသည်။

ဤကား ဝစီဘောဒထိတ်ပုံတည်း။

ဝစီဘောဒထိကိုင်းရှုပုံ

''ရေဝတီကို အရှင်လတ်လတ် ငရဲစက်ချမည်'' ဟု ဘီလူးများ ကြွေးကြော်

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးက ဘီလူးနှစ်ယောက်ကို ''မောင်မင်းတို့....ဗိန္ဒေမှ ခုနစ်ရက်မြောက်နေ့၌ ဗာရာဏသီမြို့မှာနေသော ရေဝတီကို အရှင်လတ်လတ် ငရဲစက်ချမည်' ဟု ဗာရာဏသီမြို့သွားရောက်၍ ကြွေးကြော်ကြ'' ဟု ခိုင်းလေသည်။ ဘီလူးနှစ်ယောက်သည် နတ်မင်း စေခိုင်းသည့်အတိုင်း ဗာရာဏသီမြို့သွားရောက် ကြွေးကြော်ကြလေသည်။ ကြွေးကြော်သံကိုကြား၍ မြို့သူမြို့သားများ အလွန်ကြောက်ရွံ့ ထိတ်လန့်ကြလေသည်။

ရေဝတီကို ခေါ်လာပြီး နန္ဒိယဗိမာန်ကို ပြ

ရေဝတီမူကား ပြာသာဒ်ပေါ်တက်ပြီး တံခါးပိတ်နေလေသည်။ ခုလို ဆဲရေးပြီးနောက် ခုနစ်ရက်မြောက်နေ့၌ ဝေဿဝဏ်နတ်မင်းသည် စေခိုင်းအပ်သော အင်မတန်ကြောက်မက်ဖွယ်ကောင်းသော ဘီလူးနှစ်ယောက်လာ၍ ရေဝတီကို ''အလွန်ယုတ်မာသော သဘောရှိသော ရေဝတီ....ထလော့'' ဟု ပြော၍ လက်မောင်းနှစ်ဖက်ကို တစ်ဖက်စီကိုင်လျက် ''လူများမြင်ပါစေ'' ဆိုပြီး တစ်မြို့လုံး တစ်လမ်းဝင် တစ်လမ်း

ထွက်ကာ လှည့်လည်လေသည်။ လှည့်သည်ပြီးသော် တာဝတိံသာနတ်ပြည်ခေါ်လာ၍ နန္ဒိယ၏ ဗိမာန်နှင့်စည်းစိမ်ကို ပြကြလေသည်။

## လင်နှင့်အတူစံလိုကြောင်း ပြော

ရေဝတီမူကား နန္ဒိယ၏ဗိမာန်ကိုမြင်လျှင် ''ဒီဗိမာန် ဘယ်သူ့ဗိမာန်လဲ''ဟု မေးလေသည်။ ''ဗာရာဏသီမြို့မှ နန္ဒိယဥပါသကာ၏ဗိမာန်''ဟု ဘီလူးနှစ်ယောက်က ပြောလျှင် ''ငါဟာ နန္ဒိယ၏မယားဖြစ်၏၊ ငါ့လင်နှင့်အတူ ငါစံပျော်မည်။ သင်တို့ ငါ့ကိုပို့လိုသည့်ငရဲကို ငါ မြင်ရုံပင် မမြင်လို''ဟု ပြောလေသည်။

## ဘီလူးနှစ်ယောက် ပျောက်ကွယ်

ခုလိုပြောစဉ်မှာပင် ဘီလူးနှစ်ယောက်က ''သင်ဟာ...လူဖြစ်စဉ်က အလှူဝန်တို၏၊ ရဟန်းသံဃာများကို အဲရေးကြိမ်းမောင်း၏၊ ထိုမကောင်းမှုကြောင့် သင့်နေရာမှာ နတ်ပြည်မဟုတ်၊ ငရဲသာဖြစ်၏၊ နန္ဒိယနှင့်အတူ စံပျော်ရခြင်း၏အကြောင်း ကောင်းမှုကံ သင့်မှာ မရှိ''ဟု ပြော၍ ဘီလူးနှစ်ယောက် ပျောက်ကွယ်ကြလေသည်။

## ငရဲသားနှစ်ယောက် လာခေါ်ပြီး ငရဲထဲပစ်ချ

ဘီလူးနှစ်ယောက် ပျောက်ကွယ်ပြီးသော် ငရဲထိန်းနှစ်ယောက် ရောက်ရှိလာကြပြီးလျှင် ''သင် မြင်လို ညည်းမိသော၊ မမြင်လိုသည်ဖြစ်စေ ခေါ်ရမည်သာဖြစ်၏''ဟု ပြော၍ ရေဝတီကို ဂူထငရဲ (မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော ကျပ်ကြီးများကို ယိုစီးယွက်စေပြီး ထိုကျင်ကြီးများဖြင့်ပြည့်သည့် မစင်ငရဲ)သို့ ပစ်ချရန် လာခေါ်ကြသည်ကို မြင်လျှင် ရေဝတီက မေး၍ ငရဲထိန်းနှစ်ယောက်က ဖြေကြလေသည်။

(ရေဝတီ) ဒီငရဲ ဘာငရဲလဲ။

(ငရဲထိန်း) ဒီငရဲကား ဂူထငရဲပင်။ အသူတစ်ရာ နက်၏။ သင် ဒီဂူထငရဲမှာ နှစ်ပေါင်းတစ်ထောင်ပတ်လုံး ခံရလိမ့်မည်။

(ရေဝတီ) ဘယ်မကောင်းမှုကံကြောင့်လဲ။

(ငရဲထိန်း) သင် ရာဂ, [illegible], ခိုးသွား, သင်းရဲသား စသည်တို့ကို မကုသိုလ်ပြုခဲ့ [illegible] လွန်စွာများ၍ [illegible]

ကြိမ်မောင်းသည့် ဖရုသဝါစာ မကောင်းမှုကံကြောင့် ဖြစ်၏။ သည်သာမကသေး၊ ဒီမစင်ငရဲမှာ နှစ်ပေါင်းတစ်ထောင်ပတ်လုံး ခံပြီးကာသင် နှုတ်ဖြင့် သူတစ်ပါး၏စိတ်နှလုံးကို ဖျက်ဆီးယိုးဆွဲခဲ့သည်နှင့်တူစွာ လက်ဖြတ်ခြင်း၊ ခြေဖြတ်ခြင်း၊ နှာခေါင်းဖြတ်ခြင်း များကိုလည်း ခံရလိမ့်ဦးမည်။ ထက်စွာသော နှုတ်သီးရှိသော ကျီး, လင်းတ တို့သည် သုံးဂါဝုတ်မျှလောက်ရှိသော သင့်ကိုယ်ကို ထိုးဆိတ်ဆွဲ၍ စားကြလိမ့်မည်။

(ရေဝတီ) ကျွန်မကို လူ့ပြည်ပြန်ပို့ပါ။ လူ့ပြည်ရောက်သောအခါ ကုသိုလ်ကောင်းမှုများစွာ ပြုပါမည်။

(ငရဲထိန်း) ဟယ်....ရေဝတီ.... သင်ဟာ လူ့ပြည်၌ ရခဲလှစွာသော လူ့ဘဝကို ရ၍ ဘုရားပွင့်တော်မူသည့်အခါနှင့် ကြုံကြိုက်သဖြင့် နန္ဒိယသူတော်ကောင်းနှင့် ပေါင်းဆုံမိပါလျက်ပင် မေ့လျော့ကာ ကုသိုလ်ကောင်းမှုကို မပြုရုံသာမက ယုတ်မာကြမ်းကြုတ်သော ဖရုသဝါစာကို များစွာ ပြောခဲ့သေး၏။ ခုမှ ငိုကြွေးမြည်တမ်းဖို့ အချိန်အခါ မဟုတ်တော့ပြီ။

## မစင်ငရဲထဲ ပစ်ချကြ

ငရဲထိန်းနှစ်ယောက်သည် ခုကဲ့ ပြောကြားပြီးသော် ရေဝတီကို ဦးခေါင်းခြေထက်ကိုး ခြေကားကိုးမှောက် ဆွဲ၍(ပစ်ချ) ရေ၌ ပစ်ချကြလေသတဲ့။ ။ဤကား ဝစီဘေဒထိရှခဲ့ပုံဘည်း။ (ရေဝတီ ပေတဝတ္ထု၊ ရေဝတီဝိမာနဝတ္ထု)။

## ထက်မြက်လှ

လူ့ပကတိပင်ဖြစ်သော်လည်း ငရဲ့ ခေါ်ဆောင်၍ ငရဲ၌ ပစ်ချကြသည်ကို တွေ့ရှိရသော သူတော်ကောင်းတို့သည် ဝစီဘေဒ ထက်မြက်လှပုံကို ကြောက်ရွံ့ထိတ်လန့်ကြကာ အရှင်လတ်လတ် ငရဲ၌ ပစ်ချခံရခြင်း၏ အကြောင်းဖြစ်သော ဝစီဘေဒမကောင်းမှုကို ဝေးဝေးကရှောင်ကြရာသတည်း။

သားဖြစ်သူ ဥတ္တရလုလင်ကို "မင်းဟာ ငါ့သဘောမတူဘဲ
ရဟန်းများအား ဆွမ်း စသည်ကို ပေးကမ်းလှူဒါန်းလေ့ရှိသည်။
မင်းလှူဒါန်းသည့် ဆွမ်း စသည့်သည်
တမလွန်ဘဝတွင် မင့်အတွက် သွေးဖြစ်ပါစေ"ဟု
ကျိန်ဆဲခဲ့သော ဝစီဘေဒကြောင့် ဥတ္တရလုလင်၏ မိခင်ဖြစ်သူသည်
ပြိတ္တာဖြစ်ကာ "ရေသောက်မည်"ဟု ရည်၍
ဂင်္ဂါမြစ်ထဲ ဆင်းတိုင်း ဆင်းတိုင်း
ဂင်္ဂါမြစ်ရေ သွေးဖြစ်သွားရ

---

# ဝစီဘေဒ ထိခဲ့ပုံ

အရှင်မဟာကစ္စည်းက ဥတ္တရလုလင်ကို တရားဟော

ကျွန်ုပ်တို့ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ပထမ သင်္ဂါယနာတင်ရန် အချိန်နီးကပ်လတ်သော် အရှင်မဟာကစ္စည်း မထေရ်မြတ်သည် ရဟန်းတစ်ကျိပ်နှစ်ပါးနှင့်အတူ ကောသမ္ဗီမြို့အနီး တောအုပ်တစ်ခု၌ နေတော်မူလေသည်။

တစ်နေ့သ၌ ဥတေနမင်း၏အမတ်ဖြစ်သော ဥတ္တရလုလင်သည် အလုပ်သမားများကို ခေါ်၍ မြို့ပြင်ရန်အတွက် သစ်ခုတ်ယူရန် တောတွင်းဝင်လေသည်။

တောတွင်းရောက်သော် အရှင်မဟာကစ္စည်းမထေရ် ပံသုကူ သင်္ကန်းကို ခြုံလျက် ဆိတ်ဆိတ်နေတော်မူသည်ကို မြင်လျှင် ကြည်ညို၍ ရှိခိုးပြီး ထိုင်နေလေသည်။ ထိုအခါ မထေရ်က တရားဟောတော်မူလေသည်။

## ဥတ္တရလုလင် သရဏဂုံတည်ကာ ဆွမ်းပင့်ကပ်

ဥတ္တရလုလင်သည် အရှင်ပုဏ္ဏ ရစ္စည် မထေရ်၏တရားကို နာရသဖြင့် ရတနာသုံးပါး၌ကြည်ညိုကာ သရဏဂုံဆောက်တည်လေသည်။ ဥတ္တရလုလင်သည် မထေရ်ကို နောက်ပါရဟန်းများနှင့်တကွ အိမ်မနက်ဖြန်ဆွမ်းစားကြွပါရန် ဆွမ်းဘာပင့်ပြီးနောက် အလုပ်သမားများ လုပ်ရမည့်အလုပ်များကို အလုပ်ခိုင်းပြီး [illegible] သည်။

ဥတ္တရလုလင်သည် [illegible] နောက်နေ့ [illegible] ချက်ပြုတ်လေသည်။ အချိန်ကျ၍ နောက်ပါရဟန်းများနှင့်အတူ မထေရ် ကြွလာသော် ဆွမ်းဆက်ကပ်လေသည်။ [illegible] ဒနာတရား နာပြီး နောက် နောက်ပါရဟန်းများနှင့်အတူ [illegible] ကြွတော်မူသော် ဥတ္တရလုလင်သည် သပိတ်ပိုက်ကာ [illegible] အိမ်ကျောင်းသို့လိုက်ပို့ပြီး ပြန်လာသေးသည်။

## ဥတ္တရလုလင် သေ၍ တာဝတိံသာ ဗိမာန်ဖြစ်

မထေရ်သည် မပြောကြားသော်၍ မထေရ်အားပေးလှူသည့်အတိုင်း ပြုလုပ်ကျင့်ကြံလေလျှင် မကြာမီမှာပင် [illegible] ဖြစ်လေသည်။ နေ့ခင်းအခါ ဥတ္တရလုလင်သည် ကျောင်းဆောက်ကို လှူပြီး ဆွမ်းများ [illegible] လည်း သာသနာတော်၌ကြည်ညိုအောင် ပြောဟောခဲ့သည်လေသည်။

## မိခင်က "သေရပြစ်ပါစေ"ဟု ကျိန်ဆဲ

အခြားဆွေမျိုးများကို သာသနာ [illegible] ကြည်ညိုအောင် သိမ်းသွင်း၍ ရသော်လည်း မိခင်ကိုမူ သိမ်းသွင်း၍ မရချေ။ တစ်နေ့သ၌ မိခင်ဖြစ်သူသည် "မင်းဟာ [illegible] သဘောမကျဘဲ ရဟန်းများအား ဆွမ်းစသည်ကို ပေးကမ်းလှူဒါန်းနေ [illegible] သည်။ မင်းလှူဒါန်းသည့် ဆွမ်းစသည်သည် တမလွန်ဘဝတွင် မင်း [illegible] သွေးဖြစ်ပါစေ" ဟု ကျိန်ဆဲလေသည်။ ။ဤကား ဝစီဘေဒ [illegible] သည်း။

## ဝစီဘေဒ ထိတိုင်း ရှုံ

## မိခင်ဖြစ်သူ ပြိတ္တာဖြစ်ကာ ကျိန်ဆဲသည့်အတိုင်း ဂင်္ဂါမြစ်ရေ သွေးဖြစ်

မိခင်ဖြစ်သူသည် သေသော် ပြိတ္တာဖြစ်လေသည်။ သား ဥတ္တရ [illegible] ပြီးစည်းပေးလှူသည်ကို ဝမ်းမြောက်ဝမ်း [illegible] ကာ သဘောတူညီခဲ့

သောကြောင့် ပြိတ္တာမ၏ဆံပင်များသည် ရှည်လျားမည်းနက် သိမ်မွေ့ ပြေပြစ်လျက် အချေားကောင်းကက်လေသည်။ ထိုပြိတ္တာမ "ရေသောက်မည်"ဟု ကြံ၍ ဂင်္ဂါမြစ်သို့ဆင်းသည့်အခါ ဂင်္ဂါမြစ်ရေသည် သွေးများ ဖြစ်လေသည်။ ထိုပြိတ္တာမသည် နှစ်ပေါင်းငါးဆယ်ပတ်လုံး ငတ်မွတ်လျက် လှည့်လည်နေရလေသည်။

အရှင် ကင်္ခါရေဝတက မေးသဖြင့် ပြိတ္တာမက လျှောက်

တစ်နေ့သ၌ အရှင်ကင်္ခါရေဝတမထေရ် ဂင်္ဂါမြစ်အနီး၌ နေသည်ကို ပြိတ္တာမမြင်လျှင် အနီးလာ၍ "အရှင်ဘုရား....တပည့်တော်မသည် နှစ်ပေါင်းငါးဆယ်ပတ်လုံး ထမင်းမစားရပါ၊ ရေမသောက်ရပါ၊ ရေငတ်လှပါသည်၊ ရေပေးပါ"ဟု ရေတောင်းလေသည်။ မထေရ်က "ဤဂင်္ဂါမြစ်ရေကား ဟိမဝန္တာမှ စီးဆင်းလာသည့်ရေဖြစ်၍ အေးလှပါ၏။ ဒီမြစ်မှာ သောက်ရောပေါ့၊ ဘာဖြစ်လို့ ငါ့ကို သောက်ရေတောင်းနေရသလဲ"ဟု မေးလေလျှင် "အရှင်ဘုရား.... တပည့်တော်မ 'ရေသောက်မည်'ဟု ကြံ၍ မြစ်ထဲဆင်းသည့်အခါ ရေအားလုံး သွေးအဖြစ်ပြောက်ပြန်ကာ သွေးဖြစ် ဖြစ်သွား၍ ရေငတ်လှသဖြင့် တောင်းခြင်းဖြစ်ပါသည်"ဟု လျှောက်လေသည်။

မထေရ်က "သင် ဘယ်မကောင်းမှုကို ပြုခဲ့သလဲ"ဟု မေးသော် "အရှင်ဘုရား...တပည့်တော်မ၏သား ဥတ္တရလုလင်သည် ရဟန်းများအား စွန့်ကြဲပေးသည့်ဒါန်းသည်ကို တပည့်တော်မ နှင့်တိုစိတ်ဖြင့် 'မင်း လှူဒါန်းသည့် ဆွမ်းစသည့်သည် တမလွန်ဘဝတွင် မင့်အဘွက် သွေးဖြစ်ပါစေ'ဟု ကျိန်ဆဲမိခဲ့ပါသည်။ ထိုဝစီဘေဒမကောင်းမှုကြောင့် ကျွန်မအဖို့ ဂင်္ဂါမြစ်ရေသည် သွေးဖြစ်ရပါသည်"ဟု လျှောက်လေသတဲ့။ ။ဤကား ဝစီဘေဒယိတိုင်းရှပုံတည်း၊ (ဥတ္တရမာတုပေတဝတ္ထု)

ဘတတ်နိုင်ဆုံး ရှောင်ကြဉ်

ပေတဒုက္ခကား ကြောက်မက်ဖွယ်ဖြစ်၍ ပေတဒုက္ခ၏အကြောင်းဖြစ်သော ကျိန်ဆဲကြမ်းတမ်းနှုတ်သရုပ်းမှုများကို အတတ်နိုင်ဆုံး ဆင်ခြင်ရှောင်ကြဉ်ကြရာသတည်း။

လင်ရက်ကန်းသည်ကို ''ရဟန်းတော်အား နှင်လွှတ်သည် ထမင်းအဖျော်သည်
နှင့်အတွက် နောက်ဘဝ၌ ကျင်ကြီး, ကျင်ငယ်, သွေး ပြည် ဖြစ်ပါစေ။
သက်နဲ့လဲ အချိုပြောင်ပြောင်တောက်သော သပြား
ပြာပါစေ''ဟု ကျိန်ဆဲသည့် ဝစီတောဒကြောင့်
မယားပြစ်သူ ရက်ကန်းသည်မ ပြိတ္တာဖြစ်ကာ
လင်ဟောင်းကပေးသော ထမင်း, အဖျော်, အဝတ်များသည်
ကျင်ကြီး, ကျင်ငယ်, သွေးပြည်, သပြားများ ဖြစ်ရ

——

# ဝစီတောဒထိခဲ့ပုံ

## ရဟန်းများ တောအုပ်မှာ နေ

တစ်ရံရောအခါ ရဟန်းလေးကျိပ်နှစ်ပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် နေဖို့သင့်လျော်လျောက်ပတ်သည့်နေရာကို ရှာကြလေသော် တောအုပ်၏မနီးမဝေးအရပ်မှာ ဆွမ်းခံရွာတစ်ရွာရှိသော အရိပ်, ရေနှင့်ပြည့်စုံ၍ မွေ့လျော်ဖွယ်ကောင်းသော တောအုပ်တစ်ခုကို တွေ့၍ ထိုတောအုပ်၌ နေကြလေသည်။

## ရဟန်းများကို ရက်ကန်းသည်တို့ ဆွမ်းကပ်

နောက်နေ့နံနက်ရောက်သောအခါ ထိုရွာသို့ ဆွမ်းခံဝင်ကြလေသည်။ ထိုရွာသည် လေးကျိပ်နှစ်ယောက်သော ရက်ကန်းသည်တို့ နေသည့်ရွာဖြစ်၏။ ရက်ကန်းသည်တို့သည် ရဟန်းများကို မြင်လျှင် ဝမ်းမြောက် ဝမ်းသာဖြစ်၍ အသီးသီး မိမိတို့အိမ်သို့ပင့်၍ မွန်မွန်မြတ်မြတ် ချက်ပြုတ်၍ ဆွမ်းကပ်ကြလေသည်။

## ရက်ကန်းသည်တို့ရှာ၍ ဝါကပ်

ဆွမ်းစားပြီး ပြန်ကြွကြမည်လုပ်သော် ရက်ကန်းသည်များက "အရှင်ဘုရားတို့... ဘယ်အရပ်ကြွကြမလို့လဲဘုရား"ဟု မေးလျှောက်ကြလေလျှင် "အနေအထိုင်လဲ ချမ်းသာ၊ ဆွမ်းလဲ ရလွယ်သည့်အရပ်သွားကြပါမည်"ဟု မိန့်တော်မူကြလေသည်။ "ဒီလိုဆိုလျှင် တပည့်တော်တို့ရွာမှာ ဝါကပ်တော်မူကြပါ"ဟု ရက်ကန်းသည်များက လျှောက်ကြလေသည်။ ရဟန်းများက သဘောတူလက်ခံကြလေလျှင် ရက်ကန်းသည်များက ကျောင်းဆောက်ပေးကြလေသည်။ ရဟန်းများ ထိုကျောင်း၌ ဝါကပ်ကြလေသည်။

## ရက်ကန်းသည်ကြီးက ရဟန်းနှစ်ပါး တာဝန်ယူ

ရက်ကန်းသည်ကြီးက ရဟန်းနှစ်ပါးကို တာဝန်ယူ၍ ကျန်ရက်ကန်းသည်များက တစ်ပါးစီ တာဝန်ယူကြလေသည်။

## မယားဖြစ်သူ ရဟန်းများကို ပရိုသေသဖြင့် ခယ်မကို အိမ်ပေါ်ခေါ်တင်

ရက်ကန်းသည်ကြီး၏မယားသည် သဒ္ဓါတရားမရှိ၊ ရဟန်းသံဃာများကို မကြည်ညို၊ မိစ္ဆာအယူရှိကာ ဝန်တိုသည်ဖြစ်၍ ရဟန်းများကို ရိုရိုသေသေ မပြုစု၊ မလုပ်ကျွေး။ ရိုရိုသေသေ မပြုစု မလုပ်ကျွေးသဖြင့် ရက်ကန်းသည်ကြီးသည် ခယ်မကို ခေါ်ပြီးလျှင် ပစ္စည်းဥစ္စာအားလုံးကို ပေးအပ်၍ လုပ်ပိုင်ခွင့်ကိုပါ ပေးလေသည်။ ထိုမယားအငယ်သည် သဒ္ဓါတရားလည်းရှိ၊ ကြည်လည်း ကြည်ညိုသည်ဖြစ်၍ ရဟန်းသံဃာများကို ရိုရိုသေသေ ဆက်ကပ်လှူဒါန်းပြုစုလုပ်ကျွေးလေသည်။

## မယားကြီးက ကျိန်ဆဲ

ရက်ကန်းသည်တို့သည် ဝါကျွတ်သော် ရဟန်းများကို ဆွမ်းကပ်၍ သင်္ကန်းတစ်ထည်ကျစီ လှူဒါန်းကြလေသည်။ ထိုအခါ ဝန်တိုသည့် မယားကြီးက လင်ဖြစ်သူ ရက်ကန်းသည်ကြီးကို ပြစ်မှားလိုသည့်စိတ်ဖြင့် "ရဟန်းအား နှင်လှူသော ထမင်း၊ အဖျော်သည် နင့်အတွက် နောက်ဘဝ၌ ကျင်ကြီး၊ ကျင်ငယ်၊ သွေးပြည် ဖြစ်ပါစေ"ဟု ကျိန်ဆဲလေသည်။ ။ဤကား ဝစီဘောဒထိခဲ့ပုံတည်း။

## ဝစိဘောဒထိတိုင်းရှပုံ

### ရက်ကန်းသည်ကြီး ရုက္ခစိုးနတ်ဖြစ်

နေ့ခါအခါ ရက်ကန်းသည်ကြီး သေသော် ဝိဥျာဥ်အမည်ရှိသော တောအုပ်၌ ကန့်ခိုးကြီးသော ရုက္ခစိုးနတ် ဖြစ်လေသည်။

### မယားကြီးဖြစ်သူ ရုက္ခစိုးအနီးမှာ ပြိတ္တာဖြစ်

ဝန်တိုသည့်မယားကြီး သေသော် ထိုရုက္ခစိုးနတ်၏အနီးအပါး တစ်နေရာမှာ ပြိတ္တာမ ဖြစ်လေသည်။

### ရုက္ခစိုးနတ်က အဝတ်, ထမင်း, အဖျော်များကိုပေး

ထိုပြိတ္တာမသည် အဝတ်မပါ၊ ဆာလောင်ငတ်မွတ်လှသဖြင့် တစ်နေ့သ၌ ရုက္ခစိုးနတ်ထံသွား၍ "အရှင်လင်....ငါ အဝတ်မဝတ်ရ၊ သိပ် ဆာလောင်မွတ်သိပ်နေပါ၏။ အဝတ်, ထမင်း, အဖျော်ကို ပေးပါ"ဟု တောင်းလေသည်။ ရုက္ခစိုးနတ်က ထမင်း, အဖျော်, အဝတ် များကို ပေးလေသည်။

### ယူလိုက်လျှင် ကျင်ကြီး, ကျင်ငယ်, သွေးပြည်, သံပြားဖြစ်

ပြိတ္တာမ ယူကာမျှဖြင့်ပင် ထမင်း, အဖျော်သည် ကျင်ကြီး, ကျင်ငယ်, သွေးပြည် ဖြစ်လေသည်။ အဝတ်သည် ဝတ်ကာမျှပင် အလျှံ ပြောင်ပြောင်တောက်သောသံပြား ဖြစ်လေသည်။ ပြိတ္တာမသည် ကြီးစွာ သောဆင်းရဲဒုက္ခကို ခံစားလျက် ထမင်း, အဖျော်, အဝတ်ပုဆိုးကို စွန့်လွှတ်ပြီးလျှင် ငိုကြွေးကာ လှည့်လည်လေသည်။

### ရဟန်းတစ်ပါးကို ရုက္ခစိုးနတ် ဆွမ်းကပ်

ရဟန်းတစ်ပါးသည် ဝါကျွတ်၍ ဘုရားရှင်ကို ဖူးမြင်ရန် သွား သော် လမ်းမှားပြီး ထိုရုက္ခစိုးနတ်နေရာသို့ ရောက်သွားလေသည်။ ထိုအခါ ရုက္ခစိုးနတ်သည် လူယောင်ဖန်ဆင်းပြီး ရဟန်းထံ ချဉ်းကပ်၍ ဗိမာန်တွင်းပင့်ကာ ဆွမ်းစသည်ကို ဆက်ကပ်လှူဒါန်းလေသည်။

ပြိတ္တာကို ပေးသပျှ ကျင်ကြီး, ကျင်ငယ်, သံပြားဖြစ်

ထိုအခါ ပြိတ္တာမလာ၍ ''အရှင်....ကျွန်မအား ထမင်း,အဖျော်, အဝတ်ပေးပါ''ဟု တောင်းလေသည်။ ရက္ခစိုးနတ်က ပေးလေလျှင် ပြိတ္တာမယူကာမျှဖြင့်ပင် ထမင်း, အဖျော်, အဝတ်သည် ကျင်ကြီး, ကျင်ငယ်, သွေးပြည်, အသျှံပြောင်ပြောင်တောက်သော, သံပြား ဖြစ်လေသည်။

ကျိန်ဆဲမှုသည် ကိုယ့်ထိပ်ပေါ် ပြန်ကျ

ရဟန်းသည် ထိုအချင်းအရာကို မြင်၍ ရက္ခစိုးနတ်ကို ''ဒိမိန်းမသည် ကျင်ကြီး, ကျင်ငယ်, သွေးပြည်တို့ကို စားသောက်၏။ အဝတ်လဲ အသျှံပြောင်ပြောင်တောက်လောင်သော သံပြားဖြစ်၏၊ အဘယ် မကောင်းမှုကံ၏အကျိုးလဲ''ဟု မေးလေလျှင် ရက္ခစိုးနတ်က ''ဒိမိန်းမကား ရှေးဘဝက တပည့်တော်၏မယားဖြစ်သည်။ မသဒ္ဓါ၊ မကြည်ညို၊ ဝန်တို မိစ္ဆာကြီး၏။ ရဟန်းတို့အား ပေးလှူသော တပည့်တော်ကို ကျိန်ဆဲ၏။ ထိုထိုကျိန်ဆဲမှုသည် တပည့်တော်ထိပ်ပေါ်မလာ၊ သူ့ထိပ်ပေါ်မှာ ပြန်ကျလေသည်''ဟု လျှောက်လေသတဲ့။ ။ဤကား ဝစီဘေဒထိတိုင်းရှပုံတည်း။(မဟာပေသကာရပေတဝတ္ထု)

သံဝေဂရဖို့ ရှောင်နိုင်ကြ

ဤနှစ်ဆယ့်ငါးနှစ်ပတ်လုံး ထမင်းတစ်လုပ်မျှ မစားရ၊ ရေတစ်မှုတ်မျှ မသောက်ရ၊ အဝတ်တစ်ထွာမျှ မဝတ်ရသော ပြိတ္တာမ၏ ဝတ္ထုသက်သေကို တွေ့ရှိရကြသော စာရှုသူတို့သည် ''ပြိတ္တာဆင်းရဲဒုက္ခကား ကြောက်သန့်ဖွယ်ပါတကား''ဟု သံဝေဂရယူကြရာ၏။

ယခုသို့ သံဝေဂရယူမှုလည်း ပြိတ္တာဒုက္ခ၏ အကြောင်းရင်းဖြစ်သော ဆဲဆိုကြိမ်မောင်းထိပါးပုတ်ခတ်ပြောမှု ဝစီဘေဒကို ရှောင်နိုင်ကြပည်။ ဝစီဘေဒကို ရှောင်နိုင်ကြမှလည်း ဤပြိတ္တာဒုက္ခမျိုးမှ လွတ်မည်၊ ထို့ကြောင့် ဝစီဘေဒကို ရှောင်နိုင်အောင် သံဝေဂရယူကြရာသတည်း။

အလှူခံများကို ''သင်တို့ လာမတောင်းကြနှင့်၊ ကျင်ကြီးကို စားကြ
ကျင်ငယ်ကို သောက်ကြ၊ သွေးပြည်ကို သောက်ကြ၊
သင်တို့မိခင်၏ဦးနှောက်ကို စားကြ''ဟု
ကြမ်းကြမ်းတမ်းတမ်းပြောသော ဝစီဘေဒကြောင့်
ပုဏ္ဏေးမ ပြိတ္တာဖြစ်ရသာ ပြောသည့်အတိုင်း
ကျင်ကြီး, ကျင်ငယ်, သွေးပြည်, ဦးနှောက်ကို စားသောက်ရ

— -

# ဝစီဘေဒထိခဲ့ပုံ

## လင်က ပေးလှူ

တစ်ချိန်က ဗာရာဏသီမြို့၌ ကြွယ်ဝချမ်းသာသော ရဟန်း သူတော်စင်, သူတောင်းစား စသည်တို့၏ ရေတွင်း ရေကန်သဖွယ်ဖြစ်သော ပုဏ္ဏားတစ်ယောက်ရှိ၏။ ထိုပုဏ္ဏားသည် မိမိအိမ် အလှူခံရောက်ရှိလာသော ရဟန်း, သူတော်စင်, သူတောင်းစား, စသည်တို့အား အချိန်အခါအားလျော်စွာ သင့်သလို ဆွမ်း, အဖျော်, အဝတ် သင်္ကန်းစသည်တို့ကို လှူဒါန်းပေးကမ်းစွန့်ကြဲလေသည်။

## ခရီးထွက်ရန် ကြံသော် မယားကို မှာ

တစ်နေ့သ၌ ကိစ္စတစ်ခုဖြင့် ခရီးထွက်ရန်ကြံသော် သူကြွယ်ပုဏ္ဏားသည် မယားဖြစ်သူ ပုဏ္ဏေးမကို ''ရှင်မ... လှူဒါန်းစွန့်ကြဲနေကျ ဒါနဝတ်ကို လှူဒါန်းစွန့်ကြဲနေကျအတိုင်း မလျှော့စေဘဲ ရိုရိုသေသေပြုလုပ်ပါ။ ဖြတ်မပြစ်ပါနှင့်''ဟု မှာလေသည်။ မယားဖြစ်သူက ''ကောင်းပါပြီ''ဟု ဝန်ခံလေသည်။

မယားဖြစ်သူ ဒါနဝတ်ကို ဖြတ်ပစ်

မယားဖြစ်သူသည် လင့်ရှေ့တွင် ဝန်ခံခဲ့သော်လည်း လင်ပုဏ္ဏားခရီးထွက်ကာမျှမှာပင် ပြုနေကျဒါနဝတ်ကို ဖြတ်ပစ်လေသည်။

အလှူခံများကို "ကျင်ကြီးစားကြ" စသည်ဖြင့် ဆဲရေး

ဖြတ်ပစ်ရုံသာမက ခရီးရှည်သွားသူတို့ ထမင်းအဖျော် စသည်ကို အလှူလာခံသော် "သင်တို့ လာမတောင်းကြနှင့်၊ ကျင်ကြီးကို စားကြ၊ ကျင်ငယ်ကို သောက်ကြ၊ သွေးပြည်ကို သောက်ကြ၊ သင်တို့ မိခင်၏ ဦးနှောက်ကို စားကြ" ဟု မစင်မကြယ် ရွံရှာဖွယ် အရာဝတ္ထုများကို ယူ၍ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုဆဲရေး လွှတ်လေသည်။ ဤကား ဝစီဘေဒထိခ့ပုံတည်း။

ဝစီဘေဒ ထိတိုင်းရှုံပုံ

ပြိတ္တာဖြစ်ကာ ပြောသည့်အတိုင်း ကျင်ကြီးစသည်ကို စားသောက်ရ

ထိုမိန်းမသည် ထိုဘဝမှသေသော် ထိုကံ၏ အာနုဘော်သည် ပစ်လွှင့်အပ်သည်ဖြစ်၍ ပြိတ္တာဖြစ်ကာ မိမိ၏ ဝစီဒုစရိုက်အား လျှောက်ပတ်စွာ သူတစ်ပါးတို့ စွန့်အပ်သော ကျင်ကြီး, ကျင်ငယ်, တံတွေး, နှပ်, သလိပ်, မီးသဂြိုဟ်အပ်သော လူသေကောင်တို့၏ အဆီ, သားဖွားသည် မိန်းမတို့၏သွေး, အနာ၏ သွေးပြည်, နှာခေါင်းဖြတ် ဦးခေါင်းဖြတ်သူတို့၏ သွေးများကို ရှာဖွေစားသောက်နေရလေသည်။

အရှင်သာရိပုတ္တရာ၏ မယ်တော်ဟောင်း

ဤပြိတ္တာမသည် လွန်ခဲ့သော ငါးဘဝမြောက်က အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အမိဖြစ်ခဲ့ဖူးသေသတဲ့။ ။ဤကား ဝစီဘေဒ ထိတိုင်းရှုံပုံတည်း။ (သာရိပုတ္တတ္ထေရ မာတုပေတဝတ္ထု)

ပြိတ္တာဆင်းရဲမခံချင် ဆင်းရဲကြောင်းကို ရှောင်ကြဉ်

မကောင်းသည့်ကံကို လုပ်က မကောင်းသည့်အကျိုးကို ခံရမည်မှာ ဓမ္မတာကျေန်သာဖြစ်၏။ အကြောင်းဖြစ်သော မကောင်းသည့်ကံကို မလုပ်မှ မကောင်းသည့်အကျိုးကို မခံစားရမည်ဖြစ်၏။ ထို့ကြောင့်

မကောင်းသည့်အကျိုးဖြစ်သော ပြိတ္တာဆင်းရဲကို ခံရမှာ ကြောက်သူတို့သည် မကောင်းသောအကျိုး၏ အကြောင်းဖြစ်သော ဝစီဘေဒကို ရှောင်ကြရသတည်း။

---

စကားတစ်ရပ် လက်စသပ်

ဤတွင် ထိပါးပြောမှုကြောင့် ထိပါးပြောသည့်အတိုင်း ပြောသူမှာ ဆင်းရဲဒုက္ခ တွေ့ကြုံရမှုနှင့် စပ်ဟိုင်သမျှ ဝတ္ထုသာကစကားရပ်ကို ပြဆိုရာဖြစ်သော ဝစီဘေဒထိတိုင်းရှုအပိုင်း လက်စသပ်သတည်း။

ဝစီဘေဒထိတိုင်းရှုအပိုင်းပြီး၏။

ဝစီဘေဒထိတိုင်းရှုကျမ်းပြီး၏။

# နိဂုံး

## ဤကျမ်းပြုသူ၏ ဇာတိ

ဤကျမ်းပြုသူသည် ပခုက္ကူခရိုင်တွင် ပါဝင်သော ဘောင်သုံးလုံးကို တူးဖို၍ မြို့တည်သည်ကို စွဲ၍ "ကူးခန်း"ဟူ၍ လည်းကောင်း၊ မွေတော်ခေတ်သည် ရွှေသမင်ကဲ့သို့ ပေါ်လွင်ထင်ရှားစေလျက် ကူးသန်းသည်ကို စွဲ၍ "ကူးသန်း"ဟူ၍လည်း ကောင်း၊ နရပတိကြီး တိုက်ခိုက်သိမ်းပိုက်ပြီးသောအဆုံး၌ နံ့နှိုပ်မှည့်သည်ကို စွဲ၍ "ပခန်း" ဟူ၍ လည်းကောင်း အမည်သုံးမျိုးဖြင့် ထင်ရှားသောမြို့၏ အရှေ့ ခရီးနှစ်တိုင်ခန့်အကွာ ရောဝတီ ချင်းတွင်း မြစ်နှစ်စင်းတို့အကြားတွင် ပေါ်ထွန်းသော ကျွန်း၏ အလယ်ဗဟိုတွင် တည်ရှိသော ငတမျော် (ငတရော်) ရွာကြီးတွင် ရှေ့ခေတ် မြေပိုင်ရှင် ဦးမြင့် ဒေါ်ပုတို့မှ ၁၂၉၅–ခု၊ တပေါင်းလဆုတ် ၃-ရက် သောကြာနေ့တွင် ဖွားမြင်သည်။

## ဤကျမ်းပြီးလစ် သင်္ကရာဇ်

"လေးဘွဲ့ရ ဓမ္မာစရိယ ဦးသာဌေးမြင့်"ဟု ခေါ်တွင်သမုတ်အပ်ကျွန်ုပ်သည် (၈)လ တိုင်တိုင် နိကာယ်ငါးရပ် ပိဋကတ်မှ ဖွေရှာထုတ်နုတ် မကျဉ်းမကျယ် အလယ်အလတ် သဘောချေ့စပ် ရေးသားအပ်သော "ဝစီဘေဒထိတိုင်းရှ" ခေါ် လူသားအကျိုးပြု ကျမ်းမြတ်တော်သည် ၁၃၅၄–ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ (၁၆-၅-၉၂)တွင် အဆုံးတိုင်ရောက် ကောင်းမွန်စွာ ပြီးပြောက် အောင်မြင်ခြင်းသို့ ရောက်သတည်း။

## နိဂုံး

### လက်တွေ့ ရုပ်လုံးပေါ်နိုင်ကြပါစေ

လူသားတို့ ကြမ်းတမ်းသော [illegible]း ပြောဆိုမှု ဖရု[illegible]ါစာကို မကြောက်ကြခြင်း၏ အကြောင်းရင်းမှာ "မာန်စိတ်ကား [illegible] မကြောက်" ဆိုသလို အပြစ်မမြင်ခြင်းကြောင့် ဖြစ်သလော ဖရုသဝါစာ၏ [illegible] ပြသော ဤလူသား အကျိုးပြု ကျမ်း [illegible] ကြည့်ရှု လေ့လာရပါက ဖရုသဝါစာ၏ အပြစ် [illegible] ဖရုသဝါစာကို ရှောင်ကြဉ်နိုင်ကြ [illegible]းတရား ခါ.သည်းလှသည့် ဆင်းရဲဒုက္ခများမှ ရှောင်ဆိုင်ရမှုမှ ကင်း[illegible]ကြ မည်။

ဤကျမ်းပြုသူသည် ဖရုသဝါစာ၏ အကျိုးတရား [illegible]း [illegible]ည်း[illegible] သည့် ဆင်းရဲဒုက္ခများနှင့် လူသားတို့ ရင်ဆိုင်ရရေးအတွက် [illegible] တည်းသော ရည်ရွယ်ချက်ဖြင့် ဤကျမ်းကို ရေးသားပြုစုခဲ့သည့် အလျောက် ဤကျမ်းပြုသူ၏ ရည်ရွယ်ချက်ကို [illegible]ရှိမှုဖြင့် [illegible] ကျေနပ်မနေကြဘဲ လက်တွေ့လုပ်ဆောင် ရုပ်လုံးဖော်[illegible] အနေဖြင့် ကြမ်းတမ်းသည့်စကားကို ပြောဆိုမှု ဖရုသဝါစာကို အ[illegible]တ်နိုင်ဆုံး ကြိုးစာ ရှောင်ကြဉ် နိုင်ကြပါစေသတည်း။

နိဂုံးပြီး၏။

ဝိဇ္ဇာဓာဘိဝိုင်းရှုကျမ်း

လေးဘွဲ့ရ ဓမ္မာစရိယ

# ဦးသာဌွေးမြင့်၏

ဘာသာ သာသနာနှင့် လူသားတို့ တိုးတက်ကြီးပွားရေးအတွက်
ရေးသားပြုစုခဲ့ပြီးသော ကျမ်းစာများ

(၁) နည်းပြ ဓမ္မာစရိယကျမ်း (ပ)
(၂) နည်းပြ ဓမ္မာစရိယကျမ်း (ဒု)
(၃) အမြတ်ဆုံး ဇနီး
(၄) ကျေးဇူးကြီးလှ မိနှင့်ဘ
(၅) သဒ္ဓါစွမ်းအား
(၆) သောက မီးငြိမ်းရေး
(၇) ဘဝကူးကောင်းရေး
(၈) မြင်းခြံ အဘိဓဇမဟာရဋ္ဌဂုရုပွတ္တိ
(၉) မြန်မာစကားပုံ ဖြစ်ကြောင်းစုံ (ပ)
(၁၀) မြန်မာစကားပုံ ဖြစ်ကြောင်းစုံ (ဒု)
(၁၁) အခြေခံပဋ္ဌာန်း
(၁၂) ဝိဓေဘာဒ ထိတိုင်းရှ
(၁၃) ဗုဒ္ဓဘာသာ့ ကိုယ်ကျင့်သီလ
(၁၄) လူကဲခတ်နည်း
(၁၅) အိပ်မက်စစ်တမ်း
(၁၆) ဘေးကင်းသမ္ဗာဂါထာမန္တန်တော်

## ဝစီဘေဒထိတိုင်းရှ

- အခြားဘုရားအလောင်းတော်တို့မှာ အချို့(၆)ရက်၊အချို့(၇)ရက်၊အချို့(၁၅)ရက်၊ အချို့(၁)လ စသည်ဖြင့် အများဆုံး (၁၀)လ ဒုက္ကရစရိယာကို ကျင့်တော်မူကြရပါလျက်ကျွန်ုပ်တို့ဘုရားအလောင်းတော်မှာမူဘယ်အတွက်ကြောင့် (၆) နှစ် ကြာအောင် ဒုက္ကရစရိယာကိုကျင့်တော်မူရပါသနည်း။

- အရှင်ဒဗ္ဗသည်(၇)နှစ်အရွယ်ငယ်စဉ်ထဲကပင်ရဟန္တာဖြစ်ရုံသာမက ပဋိသမ္ဘိဒါလေးပါး၊အဘိညာဏ်ခြောက်ပါး၊ဝိဇ္ဇာသုံးပါးနှင့်တေဒဂ်ဘွဲ့ထူးများကိုရရှိသည့်ပုဂ္ဂိုလ်ထူးဖြစ်ပါလျက်ဘယ်အတွက်ကြောင့်မေတ္တိယာရဟန်းမ၏ လုပ်ကြံစွပ်စွဲမှုကို ခံရပါသနည်း။

- ဥဂ္ဂသေနသူငယ်သည် သေဌေးသားဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ဘားလွှမ်းကခြေသည်မကို မြင်ရသည့်အခါ မရလျှင်သေရမည့်အခြေအနေရောက်ရှိ၍ ဘားလွှမ်းကခြေသည်မနှင့် အကြောင်းပါကာ ဘားလွှမ်းကခြေသည်ဖြစ်ရသနည်း။

- အမ္ဗပါလီသူငယ်မသည်ဘယ်အတွက်ကြောင့်မြင်ရသူတို့ရှု၍မဝနိုင်လောက်အောင်အင်မတန်ချောလှရသနည်း။ ဘယ်အတွက်ကြောင့်ပြည့်တန်ဆာမဖြစ်ရသနည်း။

- လင်ဖြစ်သူ နန္ဒိယ မသေခင်ထဲက သူ့အတွက် နတ်ပြည်၌ ဘုံဗိမာန်ပေါက်နှင့်ကာနတ်ပြည်ရောက်ရပါလျက်ဘယ်အတွက်ကြောင့်မယားဖြစ်သူရေဝတီ အရှင်လတ်လတ် ငရဲရောက်ရသနည်း။

- ဤသို့စသည်ဖြင့်မေးခွန်းများထုတ်သင့်သည့် သည်းထိတ်ရင်ဖိုဖွယ်ဖြစ်ရပ်ဆန်းများနှင့်ဖန်တည်းလိုက်သည့်အကြောင်းကံလက်သည်များကိုဤကျမ်း၌ တအံ့တသြ ရှုမမောအောင် တွေ့ကြရမည်။ ဤကျမ်းသည် စာရှုသူ၏ အကျိုးပြုမိတ်ဆွေကောင်း၊သို့မဟုတ် ဆရာတစ်ဦးဖြစ်၏။